
www.burmeseclassic.com

လုံးချင်းဝတ္ထုသစ်

ဆေးတက္ကသိုလ်

# လွမ်းရက်ဆက်



ပန်းချီသိန်းရွှေကြည်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၁၄၂၃/၂၀၀၃ (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၂၆၁/၂၀၀၃ (၁၁)

ပုံနှိပ်ခြင်း
၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ။

အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ိ/-

ပုံနှိပ်သူ
ဦးမြင့်သန်း (မြဲ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်။

ထုတ်ဝေသူ
ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
ယာယီမှတ်ပုံတင်အမှတ် ၇၂၂
အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်။
ရန်ကုန်မြို့။

# လွမ်းရက်ဆက်

စိုးမိုး
စာပေ

မိုမို၊ဆေးတက္ကသိုလ်၊



www.burmeseclassic.com

www.burmeseclassic.com

အုတ်ခုံဖြူဖြူ နှစ်ခုရှိသော သံတံခါးစိမ်းစိမ်း ရှေ့တွင် ကားရပ်လိုက်သည်နှင့် မေဦးမိုး သွက်လက်စွာဆင်းလိုက်သည်။

“မေမေတို့ အပြန် ဝင်ခဲ့မယ်လို့ ပြောလိုက်နော် သမီး”

မေမေ့ စကားကို ခေါင်းညိတ်၍ လက်ပြနှုတ်ဆက်လိုက်ပြီး တံခါးမှကျော်၍ လူရိပ်လူယောင် အကဲခတ်လိုက်သည်။ ခြံထဲတွင်ရော အိမ်ထဲ၌ပါ ပကတိ တိတ်ဆိတ်နေတာမို့ လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။

“မေလေးပါလား၊ တံခါးဖွင့်လိုက်လေ သမီး၊ သော့ခတ်မထားဘူး”

တရုတ်ကပ်မှန်တစ်ချပ် အနည်းငယ် ဟလာပြီး မမမြတ်မျက်နှာ ပေါ်လာကာ အံ့သြသွားဟန်နှင့် လှမ်းပြောသည်။ သံတံခါးကို လက်လျှို၍ ဆွဲဖွင့်ပြီး မေဦးမိုး ဝင်လာခဲ့တော့ မမမြတ်က လှေကားရင်းအထိ ဆင်းကြိုနေသည်။

“မေလေး တစ်ယောက်တည်းလား၊ ဘာနဲ့လာတာလဲ”

“မေမေတို့နဲ့လာတာ မမမြတ်၊ မေမေတို့က အသိ

www.burmeseclassic.com

www.burmeseclassic.com



အိမ်တစ်အိမ် ခဏသွားတယ်၊ အပြန်ဝင်လာမယ်တဲ့၊ သမီးက ရန်နဲ့စကားပြောရအောင် နေခဲ့တာ''

မမြင့်လှသော လှေကားနှစ်ဆစ်ချိုးအဆုံးတွင် တံခါးဝသို့ ရောက်လာသည်။ ပေါ်လစ်ရောင် တောက်နေသော ကြမ်းပေါ်သို့ လှမ်းတက်လိုက်ပြီး....

''ရန်ရော မမြတ်''

''ရှိတယ်သမီး၊ ထိုင်ဦးလေ''

ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်ပြီး ဧည့်ခန်းပြင်ဆင်ထားပုံကို နှစ်သက်သဘောကျစွာ ဝေ့ဝဲကြည့်နေလိုက်မိသည်။ မမြတ်က ''ရန်လေးရေ'' ဟုခေါ်ရင်း နောက်ဖေးဘက် ဝင်သွားသည်။ မစိမ်းလှသော ဧည့်ခန်းထဲတွင် မေဦးမိုး သက်တောင့်သက်သာ ထိုင်ရင်းရန် ထွက်လာမည့် အနောက်ဘက်ကို မျှော်ကြည့်နေလိုက်မိသည်။ ရန်တို့အိမ်က မူလက ခြေတံရှည်သစ်သားအိမ်ဖြစ်ပြီး အောက်ထပ်တွင် ကားဂိုဒေါင်ကို အုတ်နှင့် အခိုင်အခံ့ လုပ်ထားသည်။ နောက်ပိုင်းတွင် အိမ်ကို ပြန်ပြုပြင်ရင်း အနောက်ဘက်ကို ချဲ့ကာ နှစ်ထပ်ဆောက်ထား လိုက် ခြင်းဖြစ်ပြီး ရန်က အပေါ်ထပ်တွင် နေရာယူထားသည်။

''ဂျူတီလား မမြတ်''

အပြင်သွားမည့် ပုံစံနှင့် ပြန်ထွက်လာသော မမြတ်ကို မေးလိုက်မိသည်။ မမြတ်က ဟောက်စ်ဆင်းနေရပြီး မမြတ် အထက် မမကြီးကတော့ အိုကိုတွင် ဆရာမပေါက်စဖြစ်ကာ ရန်က အငယ်ဆုံးဖြစ်သည်။



ရန်တို့မိသားစုနှင့် မေဦးမိုးတို့က ခင်မင်ရင်းနှီးပြီးသား မိတ်ဆွေတွေမို့ ရန်နှင့်မေဦးမိုးလည်း သူငယ်ချင်းတွေ ဖြစ်လာရတာ မဆန်းပါ။ မေဦးမိုးကလည်း တစ်ဦးတည်းသော သမီး၊ ရန်ကလည်း အငယ်ဆုံးဖြစ်သော်လည်း မေဦးမိုးက အနိုင်မယူသလို ရန်ကလည်းအလျှော့ပေးတတ်တာမို့ သာမန်သူငယ်ချင်းတွေထက်တော့ ခင်မင်မှု သံယောဇဉ် ပိုမိုနက်ရှိုင်းကြသည်။

''ရန်လေး လာလိမ့်မယ် သမီး''

မမြတ်က အပြုံးဖြင့် ခေါင်းညိတ်ပြရင်း သတင်းပေးကာ ဆင်းသွားသည်။ မမကြီး ခင်စိုးမိုးရော၊ မမြတ်စိုးမိုးပါ ကိုယ့်ထက်အသက်ကြီးတာမို့ တရင်းတနှီးကြီးဖြစ်မနေသော်လည်း နှစ်ယောက်စလုံးကိုချစ်သည်။ သူတို့နှစ်ယောက်ကလည်း ရန်ကို ချစ်သလို မေဦးမိုးကိုလည်း ချစ်ကြသည်။

''ငါ ရေချိုးနေလို့ဟ''

ဆံပင်ထဲသို့ လက်နှစ်ဘက်သွင်းကာ ခါထုတ်ရင်း မေဦးမိုး စောင့်နေရသည်ကို အားနာဟန်ဖြင့် ပြောလာသော ရန့်ကို ခပ်ပြုံးပြုံးကြည့်နေမိသည်။ ရေချိုးပြီးစ အသားအရေက မနာလိုစရာကောင်းလောက် အောင်ဖြူဝင်းသန့်နေကာ ရေစိုဆံပင် ရှည်နက်နက်ကြားမှ မျက်နှာက ကလေးဆန်ဆန် နုဖတ်ချောမောနေသည်။ ရှပ်အင်္ကျီကို ကြယ်သီးမတပ်ဘဲ ဝတ်ကာ အရောင်ဖျော့ဖျော့ ဂျင်းဘောင်းဘီနှင့် ကမန်းကတမ်း ထွက်လာရဟန်ရှိသော ရန့်ပုံစံက မြင့်မြင့်မားမားနှင့်အချိုးကျ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကောင်းနေမြဲပင်။

"ငါက နင်အိမ်မှာ ရှိပါ့မလားလို့"

"ရှိပါတယ်မေလေးရာ၊ နင်ကလဲ ပိုပြီ"

ရန်စိုးမိုးကို သူ့အိမ်က ရန်လေးဟု ခေါ်ကြတာမို့မေဦးမိုးတို့က ရန်ဟုပင် ခေါ်ဖြစ်သလို မေလေးဟု အိမ်သားတွေ ခေါ်သလို ရန်တို့တစ်အိမ်သားလုံး နှုတ်ကျိုးနေကြသည်။

"မပြောနိုင်ဘူး၊ နင်က လူမှုရေးတာဝန်တွေ ခပ်များများ"

ရင်က ရှပ်ချောသလို သဘောကောင်းသူမို့ အပေါင်းအသင်းများကာ သူများကိစ္စတွေနှင့် အလုပ်ကလည်းရှုပ်နေတတ်သည်။

"ဒါကတော့ဟာ အားကိုးတဲ့လူတွေ ရှိတော့လဲ ကူညီရတာပေါ့"

ရန်က ကလေးတစ်ယောက်လို ဟန်မဆောင်တမ်းရယ်မောရင်းပြောသည်။

"အဲဒါ ပြောတာပေါ့၊ နင်က တည်တည်တံ့တံ့မှ မနေဘဲ ..."

"ဘာလဲ နင်က တည်တည်တံ့တံ့နေမှ ကြိုက်မှာလား"

"တော်ပြီရန်၊ ငါပြောစရာရှိလို့"

စကားတွေ လမ်းချော်ကုန်တော့မှာမို့ မေဦးမိုး စကားလမ်းကြောင်းပြောင်းလိုက်ရသည်။



"ပြောလေဟာ"

"ငါ မန္တလေး သွားမလို့၊ ဖေဖေ့ အစ်မဝမ်းကွဲ ကမင်းကွန်းဖက်မှာ အလှူလုပ်တယ်လေ၊ အဲဒါလာဖို့ အတင်းခေါ်နေလို့ဟာ၊ ဖေဖေတို့ကလဲ မတွေ့တာကြာလို့ ခပ်စိမ်းစိမ်းဖြစ်နေတာနဲ့ တွေ့လဲတွေ့ဖြစ်အောင်ဆိုပြီး သွားမှာ၊ ဖေဖေကလဲ ရှားရှားပါးပါးလေး ခွင့်ရတုန်းပေါ့ ဟာ၊ ငါကလဲ ရောက်ဖူးချင်တယ် မဟုတ်လား"

မေဦးမိုးက ရှည်ရှည်ဝေးဝေး ရှင်းပြနေသည်ကို ရန်က ခပ်ငေးငေးနားထောင်နေပြီး မရွှင်မပျဖြစ်သော ရန့်ပုံစံကို သတိထားမိလာသည်။

"နင် ဘာဖြစ်နေတာလဲ"

"ဘယ်လောက် ကြာမှာလဲ"

ရန် ထပ်မံ မေးခွန်းထုတ်လာတာမို့ မျက်ခုံးလေး ရှုံ့လိုက်မိပြီး ...

"ခဏလေးပဲပေါ့၊ လမ်းမှာကြာမှာနဲ့မှ အလွန်ဆုံးတစ်ပတ်ပေါ့၊ ဘာဖြစ်လို့"

"မြန်မြန်ပြန်ခဲ့ဟာ၊ ခြေလဲ ရှည်မနေနဲ့"

မေးခွန်းတွေကို တစ်ခုမှ မဖြေဘဲ သူပြောချင်တာ ပြောနေသော ရန့်ကို စူးစိုက်ကြည့်နေမိရင်းက ရန့်သဘောထားကို နားလည်သွားရသည်။ သူ့ကို တွယ်တာမှုနှင့် ရန်မပျော်ရွှင်နိုင်ရခြင်းဘဲပေါ့။

"ငါက ဒီထက် ခြေရှည်ချင်တာ၊ ဖေဖေ ခွင့်မရလို့"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ နင်ပျော်ဖို့ အရေးကြီးပါတယ်"

စူပုပ်ပုပ်မျက်နှာနှင့် ရန့်ကိုကြည့်၍ ရယ်မောနေမိရင်း အိမ်ရှေ့မှ ကားသံကြောင့် ထကြည့်လိုက်မိသည်။

"ဖေဖေတို့ လာပြီဟ"

"ခဏလေး၊ ငါ့အမေကိုသွားပြောလိုက်ဦးမယ်"

ရန်နှင့် ရန့်မေမေတို့ ပြန်ထွက်လာချိန်တွင် ဖေဖေတို့ အိမ်ပေါ်ရောက်လာကြသည်။ လူကြီးတွေ စကားပြောမှာမို့ တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်ကာ အိမ်ပေါ်မှဆင်းလာခဲ့ကြသည်။ ရန့်တို့အိမ်ရှေ့မြေ ကွက်လပ်လေးတွင် ပန်းမျိုးစုံအောင်စိုက်ပျိုးထားပြီး ခြံထောင့်တွင် အုတ်ရေကန်လေးရှိသည်။ မေဦးမိုးတို့နှစ် ယောက်ခြံရှေ့အုတ်ခုံတွင် ထိုင်မိကြသည်။ မှောင်စပျိုးပြီမို့ မြေနီလမ်းကလေးကလည်း တိတ်ဆိတ်ငြိမ်သက်စွာ လဲလျောင်းနေပြီး အိပ်တန်းပြန်သော ငှက်တို့၏အသံက လွှမ်းမိုးနေသည်။

ရန်က အုတ်တိုင်ကိုမှီကာ ခြေတင်၍ ထိုင်နေပြီး မေဦးမိုးက အုတ်ခုံ တစ်ဘက်စွန်းတွင် ခြေတွဲလောင်းချကာ ထိုင်တာမို့ ရန်နှင့် ဒေါင်းတိုက်အနေအထား ဖြစ်နေသည်။

"နင် ဘယ်နေ့ သွားမှာလဲ"

"သန်ဘက်ခါလေ၊ နင် ဘာမှာဦးမလဲ"

ရန့်ကို ငုံ့ကြည့်ရင်း မေးမိတော့ ရန်က ခေါင်းခါပြသည်။ အမှောင်ရိပ်တို့ စွန်းထင်လာပြီမို့ ရန့် မျက်နှာကို ထင်ရှားစွာ မမြင်နိုင်ဘဲ ဖြစ်နေသည်။

"မမှာတော့ပါဘူး"



မေဦးမိုးတို့ မိဘတွေနှင့် ရန့် မိဘတွေက ဟိုးအရင်ကတည်းက ရင်းနှီးခဲ့ကြသော်လည်း အလုပ်တာဝန် ကိုယ်စီနှင့် အပြောင်းအရွှေ့များကြောင့် အနေတော့ မနီးခဲ့။ အထူးသဖြင့် ရန့်တို့ ဖေဖေက နယ်တွင်အနေများခဲ့သည်။ ရန့်တို့ မိသားစု ရန်ကုန်ပြန်ရောက်လာမှ အနေနီးကာ လူငယ်ချင်းလည်း ရင်းနှီးခဲ့ကြသည်။ ငယ်ငယ်ကတည်းက သူငယ်ချင်းမဟုတ်ခဲ့သော်လည်း စိတ်သဘောကောင်းသော၊ အနစ်နာခံတတ်သော ရန့်ကို မေဦးမိုး အခင်ဆုံးဖြစ်ခဲ့သည်။

တစ်ဦးတည်းသော သမီးလည်းဖြစ်၊ ကျန်းမာရေးလည်းချူချာသဖြင့် အိမ်က ဂရုစိုက်လွန်း၍လားမသိ၊ မေဦးမိုး ကိုယ်တိုင်ကလည်း ရန့်လို အပေါင်းအသင်း မဆန့်တာမို့ ရန်တစ်ယောက်သာ အရင်နှီးဆုံး အပေါင်းအဖြစ်ရှိခဲ့သည်။

ဒါကြောင့်လည်း ရန့်အပေါ် သာမန်ထက် ပိုနက်ရှိုင်းသော သံယောဇဉ် တွယ်ငြိခဲ့ခြင်းပဲ ဖြစ်မည်ပေါ့။ ရန်ကတော့ မေဦးမိုးထက် ပိုမည်လားမသိ။ ရန့်မှာ ယောကျ်ားလေး၊ မိန်းကလေး သူငယ်ချင်းအများအပြား ရှိသော်လည်း မေဦးမိုးကို ဂရုတစိုက် အရှိဆုံးဆိုတာတော့ အားလုံးသိကြသည်လေ။

"နင်မရှိရင် ငါတော့ ပျင်းနေတော့မှာပဲ"

ရန့်ထံမှ ပျံ့လွင့်လာသော ညည်းညူသံကြောင့် တိတ်တဆိတ် ပြုံးနေလိုက်မိသည်။ တစ်ပတ်လျှင် အနည်းဆုံး နှစ်ရက်တော့ ရောက်လာတတ်သည်မို့ ရန် ပိုပြောခြင်းတော့ မဟုတ်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



''မနက်ဖြန်တော့ နင်လဲ အလုပ်ရှုပ်နေမှာဆိုတော့ ငါမလာတော့ဘူး၊ သန်ဘက်ခါကျမှ ငါ ဘူတာလိုက်ပို့မယ်လေ''

''ပို့ပေါ့''

ရန် ဘူတာ လိုက်ပို့ခြင်းကို မည်သူမျှ ကန့်ကွက်မည်မဟုတ်တာ အသေအချာမို့ မေဦးမိုး ပေါ့ပေါ့ပါးပါးပင် ပြောလိုက်သည်။ ဖေဖေတို့ ပြန်ထွက်လာသည်အထိ မေဦးမိုးတို့ အတွေးကိုယ်စီနှင့် ငြိမ်သက်နေမိကြသည်။

''သား လိုက်ချင်ရင် လိုက်ခဲ့ပါလား၊ သမီးနဲ့ အဖော်ရတာပေါ့''

''မလိုက်တော့ပါဘူး အန်တီ၊ ကျွန်တော် ရောက်ဖူးတာပဲ''

မေမေက ခေါ်သော်လည်း ရန်က အလိုက်သိစွာပင် ငြင်းဆိုလိုက်သည်။ ဘယ်လောက်ပဲခင်မင်ရင်းနှီးသည်ဖြစ်စေ မသင့်တော်မှန်းတော့ ရန် တွေးမိမည်ပင်။ ရန့်ကို နှုတ်ဆက်၍ ကားပေါ်တက်ပြီး ကားထွက်အထိ ရပ်ကြည့်နေဆဲဖြစ်သော ရန့်ကို လက်ပြလိုက်သည်။ ရန်က ပြန်လက်ပြတာမို့ ချစ်ခင်ဖွယ်ကောင်းသော သူငယ်ချင်းအတွက် ကြည်ကြည်နူးနူး ပြုံးနေလိုက်မိသည်။

ရုပ်အင်္ကျီကြယ်သီးများ ပြီးစလွယ်တပ်၍ လေယာဉ်ကားပေါ်မှ ဆင်းလာရင်း မေလေးဆီ သွားဖို့ မသွားဖို့ စဉ်းစားနေမိသည်။ သွားချင်တာကတော့ အရမ်းကြီးကို သွားချင်နေသော်လည်း မေလေးအလုပ်ရှုပ်နေလျှင် သူ့အတွက်အနှောင့်အယှက်ဖြစ်မှာစိုးသည်။ ပြီးတော့ မလာတော့ဘူးဟု ပြောထားမိပြီးသားမို့ သွားရမှာ နည်းနည်းတော့ ရှက်သည်လေ။

ယောင်ချာချာနှင့် ထမင်းစားပွဲမှာ ဝင်ထိုက်မိတော့ ညနေစာအတွက် ပြင်ဆင်နေသော မမကြီးက လှမ်းကြည့်သည်။

''ဗိုက်ဆာပြီလား ရန်လေး''

''မဆာပါဘူး''

ထမင်းစားပွဲ ထ၍ လေကားသုံးထစ်ကို နင်းတက်၍ ဧည့်ခန်းဘက်သို့ ထွက်လာခဲ့သည်။ ခန်းဆီးစဖြူဖြူများ တလှုလှုလွင့်နေသော ပြတင်းပေါက်တွင် ရပ်၍ ငေးမောနေမိပြန်သည်။ ဧည့်ခန်းထောင့်မှ ဖုန်းကို အမှတ်တမဲ့ မြင်လိုက်သည့် ခဏတွင် မေလေးဆီဖုန်းဆက်ဖို့ သတိရလာသည်။ ဖုန်းရှိရာသို့ သွက်လက်စွာအသွားတွင် ခြံထဲမှ ဝင်လာသော မေမေက သူ့ကို မျက်မှောင်ကုတ်ကြည့်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"သားလေးက နေ့တိုင်း ခေါင်းလျှော်ပြီး ဘယ်တော့မှာလဲ ရေစင်အောင်မသုတ်ဘူး"

ကလေးတစ်ယောက်လို ဂရုစိုက်နေသော မေမေနှင့် အစ်မများကြောင့် တစ်ခါတလေတော့လည်း စိတ်ညစ်ရသည်။ မေမေ့ကို ရယ်ပြလိုက်ပြီး ဖုန်းဘေးတွင် အကျအန ဝင်ထိုင်ကာ ဖုန်းခွက်ကို လက်အလှမ်းမှာပဲ တိုက်ဆိုင်စွာ မြည်လာသော ဖုန်းကြောင့် စိတ်တွေ လေသွားရသည်။

"ဟုတ်ကဲ့"

ထူးလိုက်သံက ခါတိုင်းထက် ဟိုဆတ် မာပြတ်သွားကာ တစ်ဘက်မှာ ရုတ်တရက် အသံပင်ထွက်မလာ။ အတန်ကြာမှ ...

"ရန်စိုးမိုး ရှိပါသလားရှင်"

"ပြောနေပါတယ်"

ကျက်မိနေသော သူငယ်ချင်းမ၏ အသံကြောင့် ရယ်ချင်သွားရရင်း အသံကို တစ်ထစ်လျှော့ပြောလိုက်သည်။ သည်တော့မှ တစ်ဖက်က နင့်အသံ ဘယ်လိုဖြစ်နေတာလဲဟု ရန်ထောင်တော့သည်။ သူငယ်ချင်းမက သူ့ရည်းစားနှင့် မကျေလည်မှုတွေကို သူ့ဆီမှာ လာရင်ဖွင့်နေသည်။ နှစ်ယောက်စလုံးက သူငယ်ချင်းတွေ ဖြစ်နေတော့လည်း ကြားထဲမှ သူနားပူရသည်လေ။ ကိုယ်ချင်းစာစိတ်နဲ့ အတတ်နိုင်ဆုံး ပြေလည်အောင် ဖြေရှင်းပေးမိတော့ တစ်ခုခုပြဿနာဖြစ်တိုင်း သူပဲနားပူခံရတော့သည်။

"အေးပါဟာ၊ ငါပြောပေးပါ့မယ်၊ နင်ကလည်း



အဖြစ်သည်းတယ်"

မေလေးဆီ ဖုန်းဆက်စရာရှိတာမို့ ခါတိုင်းလို စိတ်မရှည်နိုင်ဘဲ ဖြစ်နေရသည်။

"နင်ကလဲ ကိုယ်ချင်းစာမှာပေါ့"

"စာပါတယ်ဗျာ၊ ကိုယ်ချင်းစာလို့ပဲ ပြောနေတာပေါ့"

သူငယ်ချင်းတွေက အခုချိန်ထိခပ်သန့်သန့်နေတယ်ဟုထင်မှတ်ရသော သူ့ကို့အခွင့်ကြုံလျှင်ကြုံသလို ထိုးနှက်တတ်ကြမြဲပင်။ သူ့ရင်မှာ အခိုင်အမာရှိနှင့်ပြီးသား အချစ်တို့ကို သူတို့မသိ၍ ပြောခြင်းမို့ သူငြိမ်နေလိုက်သည်ပင်။

ပြောလို့အားရ၍ဖုန်းချသွားတော့မှ မေလေးဆီ ဖုန်းဆက်ဖို့ ပြင်ရသည်။ တစ်ဖက်မှ ဖုန်းခေါ်သံကို နားစွင့်နေရင်းမေလေးအသံကို ကြားလိုက်ရသည်နှင့် မရိုးနိုင်စွာ ရင်ခုန်လာရသည်။

"မေလေးလား၊ ငါပါ"

"သြော် ...ရန်၊ ပြော"

ဖုန်းထဲမှာပင် ရင်းနှီးနွေးထွေးနေတတ်သော မေလေးကို သူ မြတ်နိုးတွယ်တာခြင်းတွေ တိုးရစ်နှောင်ဖွဲ့နေမိသည်။

"အလုပ်ရှုပ်နေလား"

"မရှုပ်ပါဘူး၊ အင်္ကျီတွေထည့်ပြီးပြီလေ၊ ငါက ခရီးတစ်ခါမှ မထွက်ဖူးတော့ နည်းနည်းတော့ ပျာနေတာ"

ရယ်ရွှင်မြူးရိပ် သန်းနေသော အသံကြောင့်၊ မေလေးဆီ လာချင်စိတ်ကို ကားမရအောင် ဖြစ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာခဏ နေထိုင်မကောင်း ဖြစ်တတ်သူမို့ ခရီးသွားရင်း ဖျားနာနေမှာလည်း တွေးပူမိပြန်သည်။

“ဆေးတွေရော ပါရဲ့လား”

“ဖေဖေတစ်ယောက်လုံး ပါတာပဲ ရန်ရဲ့”

သူမဖေဖေ ဆရာဝန် တစ်ယောက်လုံး လိုက်ပါမည်ကို မေ့လျော့ကာ စိုးရိမ်ပိုကဲသွားမိသည့် ကိုယ့်အဖြစ်ကိုယ် ပြန်ရယ်ချင်သွားသည်။

“ငါလဲပျင်းတာနဲ့ မေလေးဆီလာမလားလို့”

“လာခဲ့လေရန်၊ ငါအားပါတယ်”

“အိုကေ၊ ဒါဆို ဒါပဲနော်”

ဖုန်းချလိုက်ပြီး အပြင်ထွက်ဖို့ သွက်သွက်လက်လက် လှုပ်ရှားလိုက်သည်။ အခန်းသို့ ပြန်တက်၍ ပိုက်ဆံအိတ်ယူပြီး ဘောင်းဘီအိတ်ထဲ ထိုးထည့်လိုက်ကာ ရှပ်အင်္ကျီကြယ်သီးများကို ပြည့်စုံအောင်တပ်ပြီးသည်နှင့် အသင့်ဖြစ်သွားတော့သည်။

“ဒါကဘယ်လဲ ရန်လေး”

အိမ်ပေါ်မှ အဆင်းတွင် မေမေကလှမ်းမေးသည်။ ‘လက်ဖက်ရည်ဆိုင် ခဏ မေမေ’ ဟု အသိပေးအော်ဟစ်ပြီး အမြန်ဆုံး ထွက်ခဲ့တော့သည်။ ဘတ်စ်ကားပေါ်တွင် လိုက်လာရင်း မေလေးအကြောင်း စဉ်းစားလာခဲ့မိသည်။ မေလေးကို ဘယ်အချိန်တုန်းက စချစ်မိခြင်းလဲဟူ၍တော့ မပြောပြတတ်။ တစ်စထက်တစ်စ ရစ်ပတ်နှောင်ဖွဲ့လာသော သံယောဇဉ်များက သိပ်ကိုခိုင်မာဘာတော့သေချာသည်။ မေလေးတစ်ယောက်



တည်းနှင့်သာ ရင်းနှီးခင်မင်ခွင့် ရခြင်းမဟုတ်သောကြောင့် တခြား မိန်းကလေးများကို ကျော်လွန်ကာ မေလေးကိုမှ ချစ်ခဲ့မိခြင်းက အနေနီးခြင်းကြောင့် မဟုတ်တာတော့ သေချာသည်။

အခုချိန်အထိ မပြောဖြစ်ခြင်းကလည်း သူ့အပေါ် မေလေး အထင်လွဲမှားမှာ စိုးရိမ်၍ပဲဖြစ်သည်။ ဘတ်စ်ကားပေါ်မှ ဆင်းပြီး မှတ်တိုင်နှင့်မဝေးလှသော မေလေးတို့အိမ်သို့ စိတ်လက်ပေါ့ပါးစွာ လျှောက်လာခဲ့မိသည်။ မေလေးတို့အိမ်က လမ်းမကြီးပေါ်မှာပဲ ရှိပြီး မကျဉ်းမကျယ် ခြံလေးလည်းရှိ၍ အိမ်မှာပင်ဆေးခန်းဖွင့်သော သူမဖေဖေအတွက် အဆင်ပြေသည်။ ဖွင့်ထားသော တံခါးမှတစ်ဆင့် တန်းစီထိုင်နေသော လူနာများကို တစ်ချက်လှမ်းကြည့်ပြီး လူဝင်ပေါက် တံခါးအသေးမှ ဝင်လိုက် သည်။ အိမ်ဘေးဘက်သို့ ပတ်လျှောက်ခဲ့တော့ ဝရန်တာလေးတွင် ထိုင်နေသော မေလေးကို တွေ့လိုက်ရသည်။

“ဝင်ခဲ့လေ ရန်”

တံခါးကို တွန်းဖွင့်ဝင်ခဲ့ပြီး ဧည့်ခန်းမှတစ်ဆင့် အပြင်ထုတ်ထားသော ဝရန်တာလေးသို့ သွားလိုက်သည်။ လက်ရန်းကို မှီ၍ရပ်လိုက်ပြီး ကြိမ်ခုံပိုင်းတွင် ထိုင်နေသည့် မေလေးမျက်နှာကို အပေါ်စီးက ငေးကြည့်နေမိသည်။ ကျောလယ်မရောက်တရောက် ရှိသည့် ဆံနွယ်ထူနက်နက်များက အရိုင်းဆန်ဆန်ဖြာကျနေကြပြီး သွယ်လျလှပသော မျက်နှာကို ဘောင်ခတ်ထားသည်။ ဆံနုလေးများ ဝဲကျနေသော နဖူးရှင်းရှင်းလေးနှင့် ထူမည်းသော မျက်ခုံးကွေးကွေးလေးက လိုက်

www.burmeseclassic.com

www.burmeseclassic.com



ဖက်ပန်ရလွန်းသည်။ မျက်ဝန်းအိမ် ရှည်ရှည်ကျယ်ကျယ်တွင် ထူမည်းနေသော မျက်တောင်တိုစိပ်စိပ်များ ဝန်းရံထားသည့် မျက်ဝန်းကတော့ မေလေးမျက်နှာတွင် အလှဆုံး အဆွဲဆောင်နိုင်ဆုံးပင်။ သွယ်ဆင်းသော နှာတံနှင့် နှုတ်ခမ်းပါးလေးကလည်း သူမအလှကို ပိုမိုပြည့်ဝသည်။

"နင် ဘာနဲ့လာတာလဲ ရန်"

မေလေးအသံကြားမှ အကြည့်ကို အပြင်ဘက်သို့ ရွှေ့ကာ သက်ပြင်းတစ်ချက် ခိုးချမိရင်း …

"ဘတ်စ်ကားနဲ့"

"ထမင်းရောစားပြီးပြီလား"

"မစားခဲ့သေးဘူး"

"ဒါဆို အိမ်မှာစားသွားလေ၊ ငါလဲ မစားရသေးဘူး ရန့်ရဲ့"

သူမအိမ်သို့ ရောက်တိုင်း ထမင်းစားချိန်နှင့်ကြုံလျှင် အတင်းကျွေးတာမို့ သူလည်းစားနေကျ ဖြစ်လာရသော်လည်း ဒီတစ်ခါတော့ သူငြင်းလိုက်မိသည်။

"အိမ်မှာ ထမင်းစား စောင့်နေကြမှာဟ၊ ငါမစားတော့ဘူး"

ခြံထဲတွင်စုံစုံညီညီ ပွင့်နေကြသော မေလေးလက်ရာ ပန်းပင်များကို လှမ်းကြည့်နေမိရင်း အေးချမ်းလှပသော သူမဘဝလေးကို တွေးကြည့်နေမိသည်။ လူနာများသော သူမဖေဖေ၏ ဆေးခန်းကိစ္စများကို သူမမေမေနှင့် အန်တီကြီးပါ ကူညီဆောင်ရွက်ပေးရသော်လည်း သူမကတော့ ခပ်ဝေးဝေး



နေသည်။ မေလေး ဖေဖေကလည်း ရောဂါထူသော သမီးဖြစ်သူကို ဒီအတိုင်းပဲနေစေသည်။ ညနေမှညဦးပိုင်းအထိ ဆေးခန်းတွင် အလုပ်ရှုပ်နေကြသည့်အခါ မေလေးတစ်ယောက်တည်း အိမ်ဘေးဘက်တွင် အချိန်ဖြုန်းနေတတ်သည်။

ပန်းအိုးများကြားတွင် နေချင်နေ၊ ဝါသနာပါသည့်စာအုပ်ဖတ်ချင်ဖတ်၊ ဒါမှမဟုတ်သီချင်းနားထောင်၊ အိမ်ခန်းကို အလှဆင် စသည့်ဖြင့် မေလေးဘဝက ငြိမ်းချမ်းလှသည်။ သည်လို ငြိမ်းချမ်းအောင်လည်း သူမ မိဘများက ရှားရှားပါးပါး ရထားသော တစ်ဦးတည်းသော သမီးလေးကို ဖြည့်ဆည်းပေးထားကြခြင်းဖြစ်သည်။ အပြင်လောကနှင့် အဆက်အသွယ်မရှိလှသော မေလေးအတွက် ရန်ကအားကိုးစရာ လူတစ်ယောက် ဖြစ်နေမိသည်ပေါ့။

တစ်သက်လုံး အားကိုးစေချင်ပါရဲ့ဟု ရန့်စိတ်ထဲမှ ညည်းညူ ပြောဆိုနေမိသည်။

"နင့်အဖေမရှိတော့ ဆေးခန်းပိတ်ထားခဲ့မှာလား"

"ဖေဖေ့တူဝမ်းကွဲတစ်ယောက် ခဏလာကူညီမယ်တဲ့၊ ဖေဖေကတော့ သူ့ဆေးခန်းကို သံယောဇဉ်ပြတ်တာ မဟုတ်ဘူး"

"ကောင်းပါတယ်ဟာ၊တစ်ခါတလေ ခရီးထွက်တော့အနားရတာပေါ့"

'ငါတော့ နင့်ကိုလွမ်းနေမှာ' ဟု နောက်ဆက်တွဲ စကားလုံးများကို မျိုသိပ်ထားလိုက်ရသည်။ ဘယ်အချိန်အသိ

www.burmeseclassic.com

www.burmeseclassic.com



ငါမျှသိပ်ထားနိုင်မှာလဲ မေလေးရယ်။

"နင့်ဖို့ မုန့်တွေ အများကြီးဝယ်လာမယ်"

မျက်ဝန်းလေးများကြည်လဲ့ တောက်ပနေသည်ကို ကြည့်ကာ မေလေးပျော်နေမှာပဲဟု တွေးနေမိသည်။

"ခဏနော် ...နင့်ဖို့ ငါကော်ဖီ သွားဖျော်လိုက်ဦးမယ်"

မေလေးထတော့ ရန်က လက်ကာပြလိုက်သည်။ မေလေး ဖျော်သည့်ကော်ဖီကို နှစ်ခြိုက်စွဲမက်စွာ သောက်နေကျဖြစ်သော်လည်း အခုအချိန်မှာတော့ မသောက်ချင်။ ခရီးလေးခဏသွားမှာကိုတောင် မခွဲနိုင်လောက်အောင် ငါဘာတွေဖြစ်နေပြီလဲ မေလေးရယ် ...နင်သိမလား။

"နင်ပိန်သွားသလိုပဲ၊ နေရောကောင်းရဲ့လား"

"ငါ ဘယ်တုန်းက ဝ,လို့လဲဟာ"

သွယ်လျသော မေလေးခန္ဓာကိုယ်လေးကို ခါတိုင်းထက် ပိုမိုသွယ်လျနေသည်ဟု ထင်မှတ်မိ၍ပြောတော့ မေလေးက ရယ်ရယ်မောမောနှင့် တုံ့ပြန်သည်။ တစ်ခါနေမကောင်းဖြစ်လျှင် တစ်ခါ ပိန်ပိန်သွားတတ်၍ သူမ ဘယ်တုန်းကမှ မဝ,ခဲ့တာအမှန်။

"မနက်ဖြန် နင်တို့ကို ဘယ်သူကားမောင်းပို့မှာလဲ။ လူမရှိရင် ငါပို့ပေးမယ်လေ"

မေလေးကို ဟန်မဆောင်ဘဲ သွက်လက်စွာပြောသည်။ သူမတို့အိမ်မှာ ဒရိုင်ဘာ သီးသန့်မရှိတာမို့ သူ သတိတရမေးဖြစ်ခြင်းပါ။



"အိုကေ ...ဒါဆို မနက်ဖြန် ငါလာခဲ့မယ်"

အမှောင်ရိပ်များ ကြီးစိုးစပြုလာပြီမို့ မေလေးကို နှုတ်ဆက်၍ သူပြန်ဖို့ပြင်သည်။ ခြံတံခါးဝအထိ လိုက်ပို့သော မေလေးကို ပြောမထွက်သည့်စကားများကိုယ်စား အပြုံးဖြင့် နှုတ်ဆက်ရင်း ပြန်လာခဲ့ရသည်။ ကြာရှည်တော့ သူဟန်ဆောင်ကောင်းနိုင်လိမ့်မည် မထင်။

မေလေးတို့ခြံရှေ့အရောက်တွင် ကားကို အရှိန်လျှော့၍ကွေ့ဖို့ အချက်ပြရင်း ဟွန်းကို နှစ်ချက်ဆင့်တီး လိုက်သည်။ မေလေးတို့အိမ်မှ ကောင်မလေးပြေးထွက်လာပြီး တံခါးလာဖွင့်ပေး၍ ခြံထဲသို့ကွေ့ဝင်လိုက်ရင်း သူလာတာ သိပ်များစောနေလားဟု တွေးမိလာသည်။ လက်မှနာရီကိုကြည့်တော့ သုံးနာရီခွဲမို့ သိပ်တော့မစောပါဘူးဟု ကိုယ့်ကိုယ်ကိုအားပေးရင်း မေလေးမျက်နှာကို ကြာကြာကြည့်နေချင်၍ စောစောလာဖြစ်သည့်အဖြစ်ကို ဆင်ခြေပေးလိုက်သည်။

ကြိုးအပြည့်တပ်မထားသည့် ဖိနပ်ကို လွယ်လွယ်

www.burmeseclassic.com

www.burmeseclassic.com



ကူကူချွတ်ပြီး အိမ်ထဲသို့ လှမ်းဝင်လိုက်တော့ အသင့်ချထားသော အထုပ်အပိုးများကိုသာတွေ့ရပြီး ဧည့်ခန်းထဲတွင် လူရှင်းနေသည်။ ထိုင်ခုံတစ်လုံးတွင် အသာအယာဝင်ထိုင်ပြီး မေလေး ထွက်အလာကို ငြိမ်သက်စွာ စောင့်စားနေခိုက်မှာပဲ မှတ်မိနေသော ခြေသံဖွဖွကို ကြားလိုက်ရသည်။

ရုတ်တရက် မော့မကြည့်ဖြစ်သေးဘဲ မြင်ကွင်းထဲသို့ ဝင်ရောက်လာသော ခြေအစုံ၏ ရွေ့လျားရာကို လိုက်ပါငေးမောနေမိသည်။ ခြေသည်းဆိုးလေ့မရှိသော ခြေချောင်းလေးများက သဘာဝအရောင်နှင့် သန့်ရှင်းလှပနေတတ်မြဲပင်။

"ကားသံကြားလို့ ထွက်လာတာ၊ ရန်ကလည်း အသံတောင်မပေးဘူး"

ညို့ခါတ်တစ်မျိုးပါနေသော သူမအသံကြောင့် ငုံ့ချထားသော ခေါင်းကို မော့စေမိသည်။ အဖြူနှင့်အပြာစင်းစပ်ထားသော ရှပ်အင်္ကျီဖားဖားနှင့် သူမပုံစံလေးက အရင်အတိုင်း ချစ်စဖွယ်ကောင်းနေမြဲပင်။

"အဆင်သင့်ဖြစ်ပြီလား"

"ပြီးပါပြီ၊ မေမေတို့တော့ နောက်ဖေးမှာ ဘာတွေလုပ်နေလဲမသိဘူး"

"အနွေးထည်ရော ပါရဲ့လား"

မိုးအကုန် ဆောင်းအကူးမို့ အအေးဓါတ်ပိုမိုလာမည်ကို သတိတရနှင့်မေးမိသည်။

"ပါပါတယ်ရန်ရဲ့"

ရယ်သံစွက်၍ ခေါင်းလေးငဲ့ကာ ပြောဟန်ကို



မြတ်နိုးစွာငေးမောရင်း သက်ပြင်းငွေ့ငွေ့ချမိသည်။ ပြာလဲ့လဲ့သန်းနေသော မျက်ဝန်းအစစ်လေးနှင့် ဖြူတူတူ နှုတ်ခမ်းဆိုးဆေးတင်ထားသော နှုတ်ခမ်းလေးမှအပ အခြယ်အသကင်းသော မျက်နှာလေးကို ပိုင်ပိုင်နိုင်နိုင် စူးစိုက်ကြည့်နေခွင့်မရှိသည်မို့ မျက်နှာလွှဲလိုက်ရသည်။ ရုတ်တရက် ငြိမ်သက်သွားမိသော စိတ်အာရုံတွင် ဆုံးဖြတ်ချက်တစ်ခုကို အလိုအလျောက်ချမိသားဖြစ်သွားသည်။

"ဟော ...ရန်တောင်ရောက်နေပြီပဲ"

မေလေး မေမေထွက်လာကာ သူ့ကိုမြင်တော့ နှုတ်ဆက်စကားဆိုသည်။ ပစ္စည်းများကို ဂရုတစိုက်ထည့်သိုနေရင်း မန္တလေးမှာ တည်းခိုမည့်အိမ်အကြောင်းပြောနေ၍ အလိုက်သင့် နားထောင်နေဖြစ်သည်။ မေလေးမေမေက ယောကျ်ားနှင့်တန်းတူလိုက်နိုင်သည့်ထက် ထက်မြက်ရှိသော အမျိုးသမီးတစ်ယောက်ဖြစ်သလို မေလေးအပေါ်၌လည်း မေတ္တာတွေစုပုံထားသူဖြစ်သည်။ အမေတစ်ယောက်လုံး ပါရှိမည်မှန်းသိပါလျက် စိတ်မချနိုင်ခြင်းက သူပိုလွန်း၍ပဲဖြစ်လိမ့်မည်။

"ကဲ ...သွားကြမလား"

မေလေး ဖေဖေ ဒေါက်တာနိုင်မိုး ထွက်လာပြီး အားလုံးကိုခြုံ၍ မေးလာသည်။ အားလုံးက ခေါင်းညိတ်ကာမို့ ပစ္စည်းတွေသယ်ဖို့ပြင်သည်။ ပစ္စည်းတွေသယ်ပြီး၍ မေလေးက အန်တီကြီးကို နှုတ်ဆက် နောက်ပြေးပြီး ကားပေါ်ရောက်လာသည်။ ဘုတာကြီးသို့ [illegible]တည်မောင်း

www.burmeseclassic.com

www.burmeseclassic.com



နင်လာသော လမ်းတစ်လျှောက်တွင် နောက်ကြည့်မှန်မှ တစ်ဆင့် မေလေးမျက်နှာကို မသိမသာ ငေးလာခဲ့မိသည်။

"အန်တီတို့ အိပ်စင်တွေပဲ မဟုတ်လား"

"ဟုတ်တယ် ...မင်းအန်ကယ်က တခြားတစ်ယောက်နဲ့ တစ်ခန်းပေါ့၊ အန်တီနဲ့သမီးက တစ်ခန်းလေ"

ဘူတာကြီးရှေ့တွင် ကားခဏရပ်၍ ပစ္စည်းများ ကူချပေးလိုက်သည်။

"ကျွန်တော် ကားသွားထိုးလိုက်ဦးမယ်နော်"

ကားရပ်သည့်နေရာတွင် သွားရပ်ပြီး မေလေးတို့စောင့်နေရာသို့ ပြန်လျှောက်လာခဲ့သည်။ မေလေးဆွဲထားသည့်အိတ်ကို လက်ပြောင်းယူလိုက်ပြီး အတွင်းသို့ ဝင်ခဲ့ကြသည်။ အချိန်စောနေသေးတာမို့ ခုံတန်းတစ်ခုတွင် နေရာယူမိကြပြီး အေးအေးဆေးဆေး စကားထိုင်ပြောနေ ဖြစ်ကြသည်။ မေလေးကို ပြောမည်ဟုဆုံးဖြတ်ထားသော စကားတို့ကိုပြောနိုင်မည့် အခွင့်အရေးကိုရှာဖွေရင်း ရင်မောနေမိသည်။

"ရထားထိုးပြီ"

လူတွေ လှုပ်လှုပ်ရှားရှားဖြစ်ပြီး ရထားပေါ်တက်ဖို့ ပြင်ကြတာမို့ မေလေးတို့လည်း အထုပ်အပိုးတွေပြင်ကြသည်။ မေလေးတို့အပေါက်မှဝင်သွားသည်ကို သံဆန်ခါတစ်ဖက်မှ ရပ်တန့်ငေးမောနေဖြစ်သည်။

ခဏနေတော့ မေလေးတစ်ယောက်တည်း ရထားပေါ်မှ ပြန်ဆင်းလာပြီး မေလေးမေမေက ပြတင်းပေါက်မှ



ရပ်ကြည့်နေတာတွေ့ရသည်။

"နင် ပြန်ချင်ပြန်တော့လေ ရန်၊ လိုက်ပို့ပေးတာ အရမ်းကျေးဇူးတင်တယ်ဟာ"

"ရပါတယ် ...ငါရထားထွက်မှ ပြန်မယ်"

သံဆန်ခါကြားမှ မြင်နေရသော မေလေးမျက်နှာကို ခပ်ကြာကြာကြည့်နေမိရင်း ခွဲခွာရမည့် ချစ်သူတစ်ယောက်လို ရင်မှာ လွမ်းမောစွာ ခံစားလာရသည်။ တကယ်ဆို နင်နဲ့ငါနဲ့က သူငယ်ချင်းပဲလေ။ ဆင်ခြင်သင့်တာပေါ့ ဟူသော အတွေးကြောင့် အကြည့်လွှဲမိရင်း တစ်ယောက်တည်းလာနေရသည့် မေလေးကို အားနာလာသည်။

"နင် ရထားပေါ် ပြန်တက်တော့လေ၊ ငါ ဒီမှာပဲနေမယ်"

"အဲဒါဆို ငါသွားမယ်နော်"

မေလေး ကိုယ်အလှည့်တွင် ပြင်းထန်လာသော ခံစားချက်တို့ကို မထိန်းချုပ်နိုင်စွာ သူ ခေါ်လိုက်မိသည်။

"ဘာလဲရန်"

"နင်ပြန်လာရင် ငါ ပြောစရာရှိတယ်၊ နင် နားထောင်မှာလား"

မေလေးမျက်ဝန်းထဲသို့ စူးနစ်စွာကြည့်ရင်း အရိပ်အမြွက်စကားကို ပြောဖြစ်သည်။ မေလေး မျက်ဝန်းလေးတွေ အရောင်ပြောင်းသွားကြပြီး ညင်ညင်သာသာချသွားသော မျက်လွှာလေးကြောင့် သူ့ စကားကို မေလေးလည်း သိနေမှာပါဟု ယုံကြည်ထားလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပင့်လာသည့် မျက်ဝန်းလေးတွေကိုတော့ သူ အမိပ္ပါယ်မဖော်တတ်။ ခေါင်းညိတ်ပြပြီး မေလေး တွဲပေါ် ပြန်တက်သွားသည်ကို ရင်မောစွာ စောင့်ကြည့်နေမိသည်။ အချိန်စေ့၍ အချက်ပေးခေါင်းလောင်းသံများ ကြားရပြီး ငါးမိနစ်အကြာတွင် ရထားကြီးက ဥသြသံနှင့်အတူ ဘူတာမှ ခွာသည်။

စကြံပြတင်းပေါက်မှထွက် လက်ပြသော မေလေးကို ပြန်လက်မြှောက်ပြလိုက်ရင်း ဝေးကွာသွားသော ရထားကြီး နှင့်အတူ ရင်မှာ ဟာကျန်နေခဲ့ရသည်။ နင်ပြန်လာရင် ဘယ်လို ဖြေမလဲ သိချင်တယ် မေလေးရယ်။ ဒီရထားကြီးသာ မန္တလေး က ပြန်လာတဲ့ရထား ဖြစ်လိုက်ပါတော့။

စကြံပြတင်းပေါက်မှ ခွာ၍ အိပ်ခန်းတွင်းသို့ လှမ်း ဝင်လိုက်စဉ် ပစ္စည်းများကို နေရာချနေသော မေမေက ခပ်ပြုံး ပြုံးလှည့်ကြည့်လာသည်။

"သမီးမရှိတော့ ရန် တစ်ယောက် ပျင်းကျန်ခဲ့မယ် ထင်တယ်"

မေမေ့ကို တုံ့ပြန်စကားမဆိုဘဲ ပြုံးရုံသာ ပြုံးနေမိ



လိုက်ပြီး ပြတင်းပေါက်ဘေးတွင် ဝင်ထိုင်ဖြစ်သည်။ ဘူတာ ငယ်များကို ဖြတ်သန်းသွားနေသော ရထားကြီးနှင့် ဆန့်ကျင် စွာ ကျန်ရစ်ခဲ့သည့် ရန့်ထံသို့ အတွေးများပြေးလွှားပျံ့လွင့်နေ ကြသည်။

စိတ်ထားကောင်းပြီး ကြင်နာတတ်သော ရန့်ကို နှစ်သက်သဘောကျတာတော့ မေလေးဝန်ခံရဲသည်။ ခင်မင် ရင်းနှီးခဲ့ကြသော သံယောဇဉ်လည်းရှိသည်။ ပြီးတော့ ရန့်က မေလေးအတွက် အားကိုးရသော ဝါသနာတူ သူငယ်ချင်းလဲ ဖြစ်သေးသည်။

စာအုပ်ကောင်းတွေရှာပေးတတ်ပြီး တစ်ယောက်နှင့် တစ်ယောက် စာအုပ်အကြောင်း ပြောဖြစ်သည့်အခါ သီချင်း များကို ခံစားဖြစ်သည့်အခါ ပန်းချီကားများကို ကြည့်နူးမိ သည့်အခါများတွင် ပျော်ရွှင်ကျေနပ်ခဲ့ရသည်။

ဒီလိုအကြောင်းတွေကြောင့် ရန့်ကို လက်ခံရမည်လား ဟု စဉ်းစားမိတော့လည်း မေလေး တွေဝေနေမိပြန်သည်။

နှစ်သက်သဘောကျမှုနှင့်အတူ ကျေနပ်ကြည်နူး ခြင်းတွေရှိနေခဲ့သော်လည်း ရန့်အပေါ်မှာ ရင်ခုန်မိန်းမူးခြင်း မရှိခဲ့တာကြောင့် အလွယ်တကူနှင့်တော့ မေလေး ခေါင်း မညိတ်ချင်။ ခင်မင်မှု သံယောဇဉ်ကို မငြင်းလိုက်သော်လည်း စူးနစ်စွာချစ်မိခြင်း မရှိတာတော့ သေချာသည်လေ။

အရှိန်ပြင်းပြင်း ခုတ်မောင်းနေသော ရထားကြီး၏ လှုပ်ရှားမှုကို သိတစ်ချက် မသိတစ်ချက်နှင့် ခဏတော့အိပ် ပျော်သွားခဲ့သည်။ မနက်စောစီးစွာ နိုးလာပြီး မျက်နှာသစ်

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားလဲကာ ပြတင်းပေါက်မှ ငေးမောလိုက်ပါလာမိသည်။ နေ့အလင်းရောင်က ကျယ်ပြန့်စွာ နေရာယူလာပြီး နေ့သစ်တစ်နေ့ ကူးပြောင်းလာသည်ကို ကြည်နူးစွာ စောင့်ကြည့်နေမိသည်။

ဖေဖေပါ နိုးလာပြီး မေလေးတို့ဆီ ကူးလာကာ လမ်းဘေးမှ ရှုခင်းများကိုကြည့်ရင်း စကားတပြောပြောနှင့် လိုက်ပါလာခဲ့ကြသည်။

"ပစ္စည်းတွေသိမ်း သမီးရေ၊ မန္တလေးဝင်တော့မယ်"

ဖေဖေ နိုးဆော်သံကြောင့် မေလေး ပစ္စည်းတွေစုစည်းပေးရင်း မန္တလေးမြို့ကြီးကို ခြေချရမည့်အရေး အတွက် ရင်ခုန်ပျော်ရွှင်နေမိသည်။ .

"အန်တီမူမူတို့ လာကြိုမှာလားဖေဖေ"

"ကြိုမှာပေါ့ ...ဖေဖေ ဖုန်းဆက်ထားသားပဲ"

ဖေဖေ့ အစ်မဝမ်းကွဲက မန္တလေးမြို့တွင် အခြေချကာ ကြီးပွားချမ်းသာနေသူဖြစ်ပြီး ကိုယ်မအား၊ သူမအားနှင့်မို့ အဆက်အသွယ်ပြတ်ကာ ခပ်စိမ်းစိမ်းဖြစ်နေခဲ့ကြသည်။ အခုတော့ ဖေဖေခွင့်ရသည့်အခိုက်နှင့် ကြုံတာမို့ အန်တီမူမူအလျှုကို ရောက်ဖြစ်ကြခြင်းဖြစ်သည်။

မန္တလေးဘူတာသို့ ရထားဝင်ပြီး အထုပ်အပိုးများချ၍ ဘူတာထဲမှအထွက်တွင် အန်တီမူမူကိုယ်တိုင် လာကြိုနေတာတွေ့ရသည်။ မတွေ့တာကြာပြီမို့ လူကြီးချင်း ရွှန်းရွှန်းဝေအောင် ပြောနေသမျှ မေဦးမိုးကတော့ ခပ်ငြိမ်ငြိမ်လေးရပ်ကာ



ပတ်ဝန်းကျင်ကို ငေးမောနေမိသည်။

"ဘယ်လိုဖြစ်တာလဲကွာ ...ဗြုန်းစားကြီး"

"ဘယ်လိုမှ မဖြစ်ဘူး၊ ဟိုမှာ မနေချင်လို့"

မေလေးဘေးမှဖြတ်သွားသော လူငယ်နှစ်ယောက်ပြောသွားသည့်စကားသံကြောင့် ဘာရယ်မ [illegible]တ်ဘဲ [illegible]စ်ချက်ငဲ့ကြည့်လိုက်မိသည်။ အထူးသဖြင့် ပြန်ဖြေလိုက်သူ၏ အသံက တိုဆတ်မာပြတ်လွန်းနေတာကြောင့် အံ့သြသွားမိသလိုလဲရှိ၍ ဖြစ်သည်။

ရှေ့မှသွားနေသော တစ်ယောက်က သာမန်ထက်ပိုထူးခြားမနေဘဲ နောက်မှတစ်ယောက်ကတော့ မေလေး၏အာရုံကိုဖမ်းစားသွားသည်။ ရှပ်အင်္ကျီပြာဖျော့ဖျော့၊ ဂျင်းပင်န်ပြာဖျော့ဖျော့နှင့် အရောင်မှိန်မှိန်များကြားမှ သူ့ မျက်နှာကထူးခြားတောက်ပလွန်းနေသည်။ မျက်မှောင်ကုတ်ထားသောမျက်နှာတင်းတင်း၌ စွမ်းအားတစ်မျိုး ရှိနေသလိုပင်။ ကျောပိုးအိတ်ကို ဖြစ်သလိုလွယ်ပြီး ခြေလှမ်းခပ်ကျဲကျဲနှင့် တစ်လှမ်းချင်းလျှောက်သွားနေပုံက မိမိကိုယ်ကို ယုံကြည်ချက်အပြည့်နှင့် အေးစက်တည်ငြိမ် လွန်းလှသည်။

"သွားကြမယ်လေ သမီး၊ ဘာငေးနေတာလဲ"

ဖေဖေ့ ခေါ်သံကြားမှ မေလေးမျက်နှာလွှဲကာ မေမေတို့နောက်သို့ ခပ်သွက်သွက်လိုက်ရသည်။ သာမန် စိတ်ဝင်စားမှုမျိုးနှင့် စောင်းငဲ့ကြည့်လိုက်မိခြင်း ဖြစ်သော်လည်း မမျှော်လင့်ဘဲ ထိုသူ့ထံတွင် ထူးဆန်းစွာ အာရုံဝင်စားသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



အန်တီမူလာကြိုသော ဆလွန်းကားနောက်ခန်းတွင် ဝင်ထိုင်လိုက်ပြီး ကားမှန်ချရင်း အပြင်ဘက်သို့ လှမ်းကြည့်မိလိုက်စဉ် စူးရှရှမျက်ဝန်းအစုံနှင့် ရင်ဆိုင်တိုးတာမို့ မေလေးရင်တွေ လှုပ်ရှားသွားရသည်။ မေလေးကိုယ်တိုင် စိတ်ဝင်တစားကြည့်ခဲ့မိသော်လည်း သူ့အကြည့်ကိုတော့ မေလေး မခံနိုင်။ မပြုံးမရယ် မျက်နှာနှင့်စူးစိုက်ကြည့်နေပြီး ဘာမှမဖြစ်သလို ပြန်လှည့်သွားသော သူ့ကိုအံ့သြစွာ ကြည့်နေမိသည့်အခိုက်မှာပဲ ကားလေးက ဘူတာရုံမှထွက်ခွာလာသည်။

လမ်းတစ်လျှောက်လုံး ပတ်ဝန်းကျင်ကို သတိမထားနိုင်ဘဲ နားလည်ရခက်ခဲဟန်ရှိသော စူးရှရှမျက်ဝန်းအစုံအကြောင်းကို တွေးတောနေမိသည်။ သူလဲ မေလေးတို့လို ခရီးသွားတစ်ယောက်ပဲမို့ အမှတ်တမဲ့ကြုံဆုံရခြင်းက ဘာမှမထူးဆန်းသော်လည်း မေလေး စိတ်အာရုံအတွင်းမှ အလွယ်တကူ ဖျောက်ဖျက်မရတာတော့ အံ့သြစရာပင်။

အန်တီမူမူတို့အိမ်ရောက်မှ မေလေး လှုပ်လှုပ်ရှားရှားပြန်ဖြစ်လာသည်။ အန်တီမူမူက မေလေးနှင့်အဖော်ရအောင် သမီးဖြစ်သူ မချိုနှင့်မိတ်ဆက်ပေးသည်။

"ဒါ သမီးရဲ့အစ်မတော်တယ်၊ မချိုကလဲ သမီးကိုတွေ့ချင်လို့ မျှော်နေတာ"

သဘောကောင်းပုံရသော မချိုကိုမြင်မြင်ချင်း ခင်မင်နှစ်သက်သွားမိပြီး မေလေး လိုက်လိုက်လှဲလှဲ ရယ်ပြလိုက်မိသည်။

"အဲဒါကြောင့်ပြောတာပေါ့ ကိုမိုးရယ်၊ ကိုယ့်အမျိုး



တွေနဲ့လဲ အဆက်မပြတ်ပါစေနဲ့လို့၊ အခုတော့ သူစိမ်းတွေလို မိတ်ဆက်ပေးနေရတယ်"

အန်တီမူမူက ရယ်ရယ်မောမောနှင့် ဖေဖေ့ကို ပြောတော့ ဖေဖေက ခေါင်းညိတ်သည်။ နာမည်သာကြားဖူးပြီး အခုမှ လူချင်းဆုံခွင့်ရတာမို့ မေလေးကတော့ ပျော်ရွှင်နေမိသည်။

"အန်ကယ်တို့အတွက် အခန်းပြင်ထားတယ်၊ ညီမလေးကတော့ မချိုအခန်းမှာနေနော်"

မချိုစကားကို သဘောကျစွာ လက်ခံလိုက်ပြီး နားလဲနားချင်ပြီမို့ မချိုခေါ်ဆောင်ရာသို့ လိုက်သွားလိုက်တော့သည်။

ကြီးမားသော သံတံခါးရှေ့တွင် ဆိုင်ကယ်ကိုရပ်၍ ဟွန်းဆင့်တီးလိုက်ပြီး ကိုဇော်မျက်နှာ သူ့ဖက်ကို လှည့်လာသည်။

"ဘယ်လိုလဲဗိုလ် မင်း ငါ့အခန်းမှာပဲ နေမယ်မဟုတ်လား"

ကိုဇော်ကို ခေါင်းခါပြလိုက်ပြီး ဦးထုပ်ကိုချွတ်ချွတ်ပစ်လိုက်ရင်း ဖွာလန်သွားသော ဆံပင်တို့ကို လက်နှင့် သပ်နေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ကိုဇော့် မျက်နှာရှုံ့မဲ့သွားပြီး တစ်စုံတစ်ခုပြောရန် ပါးစပ်အဟာတွင် ပဲခါးပွင့်သွားတာမို့ မပြောတော့ဘဲ ဆိုင်ကယ်ကို မောင်းဝင်လိုက်သည်။

"နေပါဦး၊ ခုန ခေါင်းခါတာ ဘာသဘောလဲ"

ဆိုင်ကယ်ပေါ်မှဆင်း၍ သူ့လက်ဆွဲအိတ်ကိုယူရင်း ကိုဇော်က စကားဆက်သည်။ ဗိုလ် ခပ်ယဲ့ယဲ့ပြုံးနေလိုက်ရင်း

"တည်းခိုခန်းမှာပဲ တည်းမယ် ကိုဇော်၊ အခန်းရှိတယ် မဟုတ်လား"

"မင်းကလဲ အမိပွါယ်မရှိတာကွာ၊ ငါ့ဆီလာတာ ငါ့ဆီမှာပဲတည်းပေါ့။ ဘာအားနာစရာရှိလို့လဲ"

ကိုဇော်က သူ့ပုံစံအတိုင်း အော်ကြီးဟစ်ကျယ်နှင့် ပြောနေသည်ကို နှုတ်ခမ်းတင်းတင်းစေ့၍ တိတ်ဆိတ်နေလိုက်သည်။ ဗိုလ်နှင့်ကိုဇော် တွဲမိတာလည်း အံ့သြစရာပင်။ ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်း ပြောတတ်ဆိုတတ်သော ကိုဇော်နှင့်ခံစားချက်ကို လျှို့ဝှက်ထားသူ ဗိုလ်တို့နှစ်ယောက် မလိုက်ဘက်သော်လည်း ညီအစ်ကို လိုချစ်ကြတာတော့ အမှန်ပင်။

"အေးလေ…ငါဒီမှာပဲတည်းတာပဲ၊ ငါ နားချင်ပြီကွာ၊ အခန်းအားလား မေးပေးစမ်းပါဦး"

ပြောပြောဆိုဆို နောက်ဖေးတံခါးကိုတွန်းဖွင့်၍ တည်းခိုခန်းထဲဝင်သွားလိုက်တော့ ကိုဇော်လည်းနောက်မှ ပါလာသည်။

"ဟော့ကောင်၊ ငါ့အိမ်နဲ့ တည်းခိုခန်းက တွဲနေတာ



ကွ၊ မင်းက ဘာစိတ်ကူးပေါက်တာလဲ"

ကိုဇော်တို့က အိမ်နှင့်တွဲလျက် တည်းခိုခန်းဖွင့်ထားတာမို့ ဘယ်မှာတည်းတည်း မထူးတာတော့အမှန်ပင်။ သို့ပေမယ့် ဗိုလ်က တစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေချင်သည်လေ။

"ကိုမော်ကြီး အခန်းအားတယ်မဟုတ်လား"

"ဟာ …မင်း ဘယ်တုန်းက ရောက်လဲ"

စင်္ကြံအဆုံးတွင် ဧည့်ခန်းသို့ရောက်သွားပြီး ကောင်တာတွင်ထိုင်နေသော ကိုဇော်ဦးလေး မန်နေဂျာ ကိုမော်ကို လှမ်းနှုတ်ဆက်လိုက်သည်။ ဗိုလ်က ဒီကို မကြာခဏ ရောက်ဖူးတာမို့ ကိုမော်ကြီးနှင့်ရော ကောင်တာထိုင်သည့် ကိုဇော့်ညီဝမ်းကွဲ မောင်မောင်နှင့်ရော အလုပ်သမားများနှင့်ပါ ရင်းနှီးနေသည်။ အခုလည်း ပျော်ပျော်နေတတ်ပြီး လူငယ်တွေနှင့် အဖွဲ့ကျသည့် ကိုမော်ကြီးက လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်သည်။

"အခုပဲ …ဘယ်လိုလဲ၊ အခန်းရမယ်မဟုတ်လား"

"ဟာ …မင့်း ဘာကြောင်တာလဲ၊ ကိုဇော်မင်းဗိုလ်ကို မခေါ်ဘူးလား"

"ပြောမနေနဲ့၊ ကျွန်တော့်အခန်းမှာ မနေဘူးတဲ့"

ကိုဇော်က ရေခဲသေတ္တာထဲမှ ရေသွားထုတ်သောက်ရင်း စိတ်ပျက်လက်ပျက်ပြောသည်။

"အခန်းမရှိလို့လား ကိုမော်"

"ရှိပါတယ်ကွာ၊ မင်းသဘောပဲ၊ ခဏနော် ငါ

www.burmeseclassic.com

အခန်းရှင်းခိုင်းလိုက်ဦးမယ်''

ကိုဇော်ကြီးက ဗိုလ်မျက်နှာကို အကဲခတ်သလို ကြည့်ကာ လိုက်လိုက်လျောလျော ပြောသည်။ ဆိုဖာတစ်လုံးတွင် ဝင်ထိုင်ချလိုက်ပြီး ရုပ်အင်္ကျီကြယ်သီးတချို့ကိုဖြုတ်ထားလိုက်သည်။ အပြင်ဘက်တွင် ပူပြင်းနေသော်လည်း အဲကွန်းတပ်ထားသော အခန်းထဲမှာမို့ အေးမြနေသည်။

''အလည်လားဗိုလ်၊ ဘယ်လောက်ကြာမလဲ''

''မပြောတတ်သေးဘူး ကိုမော်''

ကိုဇော်က သူ့ဘေးတွင် လာထိုင်ပြီး ...

''မနေ့ကမှ ဖုန်းလှမ်းဆက်လို့ ကျွန်တော်သွားကြိုလာတာ ကိုမော်ရ၊ ကျွန်တော်လဲ ဘာမှမသိဘူး''

''အခန်းရပြီကိုမော်''

ကိုရာဂျူးလာပြော၍ ဗိုလ်ထ,လိုက်သွားလိုက်သည်။ သူရသည့် တစ်ယောက်ခန်းထဲသို့ဝင်၍ ခုတင်ပေါ်တွင် ပစ်လှဲကာ မျက်လုံးများမှိတ်ထားလိုက်သည်။ ခုတင်၏လှုပ်ရှားမှုကြောင့် ကိုဇော် ထိုင်ချလိုက်မှန်း သတိထားလိုက်မိသည်။

''မင်း ဘာဖြစ်လာတာလဲ''

''ဘာဖြစ်လို့လဲ''

''လုပ်ပြီ၊ မင်းကတော့ ထားလိုက်ပါတော့ကွာ၊ မင်းငါနဲ့မနေတာတော့ အလုပ်မဟုတ်ဘူး''

''ငါတစ်ယောက်တည်း နေချင်လို့ပါ ကိုဇော်ရာ၊ မင်းအိမ်မှာ လူများတော့ ငါမနေတတ်လို့ပါ''

ကိုဇော့်ကို အားနာစရာမလိုတာမို့ အမှန်အတိုင်း



ပြောပြလိုက်သည်။ ကိုဇော့်တို့အိမ်က ကျယ်သလို လူဝင်လူထွက်လည်းများတာမို့ ဗိုလ်နှင့်မကိုက်။ လူများများနှင့် မနေတတ်သော ဗိုလ့်အကြောင်း သိနေတာမို့ ကိုဇော် ဘာမှထပ်မပြောတော့။ အရင်ကတော့ သကြံန်တွေဘာတွေ လာလည်ခြင်းဖြစ်၍ သူငယ်ချင်းအုပ်စုနှင့်မို့ မသိသာလှပေ။

''အိုကေလေ၊ နှစ်ယောက်ခန်းအားရင် မင်းရယ် ငါရယ်ပြောင်းနေမယ်။ အခု မင်းနားလိုက်ဦး၊ တော်ကြာမှ ထမင်းစားဖို့လာခေါ်မယ်''

''အေးကွာ ...ကျေးဇူးပဲ''

ကိုဇော်က အခန်းတံခါးကို ဆွဲပိတ်ပေးသွားသည်။ ရုပ်အင်္ကျီကိုချွတ်ပြီး မျက်လုံးများကိုမှိတ်ထားလိုက်ကာ တင်းနေသော အာရုံကြောများ လျော့ကျသွားသည်အထိ ငြိမ်သက်နေလိုက်မိသည်။ အခန်းအပြင်ဘက် စင်္ကြံမှလူသွားလူလာသံများ ကြားနေရ၍ တိတ်ဆိတ်အေးချမ်းလှသော အိမ်ကိုလွမ်းဆွတ်ခြင်း မဟုတ်သော်လည်း သတိတော့ရလိုက်မိသည်။

အိမ်မှာ အမေတစ်ယောက်တည်း ဖြစ်နေမလားဟု ဖျတ်ခနဲတွေးမိပြီး မျက်နှာတစ်ခုကို မြင်ယောင်လာမိ၍ အံကိုတင်းခနဲ ကြိတ်လိုက်မိသည်။ သူမရှိလျှင် အမေ သတိရနိုင်သော်လည်း အားတော့ငယ်မည်မဟုတ်ဟု ယူဆလိုက်မိသည်။ အမေ့မှာ သားထက်အားကိုးရမယ့်သူ ရှိတာပဲလေ။

သူ့ရင်ထဲမှ ခံစားချက်များကို ဖွင့်မပြောဖြစ်ဘဲ ရုတ်တရက် ခရီးထွက်ခြင်းကို အမေ့အား[illegible] သေချာ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း တားတော့ မတားမြစ်။ သူက လုပ်ချင်တာကိုမဖြစ်ဖြစ်အောင် လုပ်တတ်မှန်း အမေသိသည်ပဲ။ အမေနဲ့သား နှစ်ယောက်တည်းရှိသော ဘဝတွင် တစ်ယောက်အကြောင်း တစ်ယောက်အသိဆုံးဟု ယုံကြည်ထားခဲ့သမျှ အကြီးအကျယ် မှားယွင်းနေမှန်း သူသိရှိလာရတာ မကြာလှသေးပါ။ အမေ့ကို နားမလည်ခြင်းများအတွက် မေးခွန်းတွေ မထုတ်မိခဲ့အောင်နေခဲ့သည်။ အမေစိတ် ဆင်းရဲမှာ စိုးရိမ်သလို သူပေါက်ကွဲမိမှာလည်း စိုးသည်။ သူ့ခံစားချက်ကို အမေ မသိခဲ့၍လည်း အခုလို ဝေးလာခဲ့ ရခြင်းလား။

တစ်အိမ်တည်းနေပြီး စကားများများ မပြောဖြစ်သော သူတို့နှစ်ယောက်ကြားမှာ တိတ်ဆိတ်ခြင်းတွေ သည်းမခံနိုင်လောက်အောင် ကြီးစိုးလာတာမို့ သူစိတ်အပြောင်းအလဲဖြစ်အောင် ခရီးထွက်လာခဲ့ခြင်း ဖြစ်သည်။ အရင်ကလည်း သူငယ်ချင်းတွေနှင့် သွားလာနေကျမို့ အမေ မတားခဲ့သော်လည်း မျက်နှာတော့မကောင်း။

အရင်ကတော့ ယောကျ်ားလေး သဘာဝအတိုင်း လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နေလာခဲ့ပြီး အိမ်တွင်းရေးကို သိပ်စိတ်မဝင်စားခဲ့မိ။

စိတ်ဝင်စားအောင်လည်း အမေက လုံးဝအသိမပေးခဲ့။ သူတို့နှစ်ယောက် ဘဝတွင် အဆင်ပြေနေသည်ဟုသာ သူနားလည်ခဲ့ပြီး အမေအလိုလိုက်သမျှ သူလည်းဆိုးခဲ့သည်။ အခုလိုကျောင်းတွေ ပိတ်ထားသည့်အခိုက်တွင် သူငယ်ချင်းတွေနှင့်အတူ စီးပွားရေးလုပ်ရန် ကြံစည်စိတ်ကူး



မိမှ အိမ်တွင်းရေးကို သူစိတ်ဝင်စားဖြစ်သည်။ သည်တော့မှပဲ ရင်နာစရာတွေ ကြုံတွေ့လာရတော့သည်လေ။

အပြင်ဘက်မှ ဆူဆူညံညံအသံများကြောင့် ဗိုလ်,အတွေးများရပ်တန့်သွားရပြီး အားလုံးကို ခေါင်းထဲမှ ခဏထုတ်ပစ်လိုက်ကာ ရေချိုးဖို့ပြင်သည်။ ဆပ်ပြာခွက်နှင့် သွားပွတ်တံကိုထုတ်ရင်း အမေထည့်ပေးလိုက်ခြင်းဟု သတိရမိပြန်သည်။

မျက်နှာသုတ်ပဝါကို ပခုံးပေါ်တင်ပြီး ရေချိုးခန်းသို့ထွက်ခဲ့သည်။ အားနေသော အခန်းသို့ဝင်၍ ခေါင်းမှလောင်းချိုးပစ်လိုက်ရင်း သီချင်းတစ်ပိုင်းတစ်စများကို ခပ်တိုးတိုး ညည်းနေလိုက်မိသည်။

"သူ့ရဲ့မျက်ဝန်းနက်မှာ …တို့ဘာတွေကို မြင်လိုက်သလဲ …ရန်းထွက်ဖယ်လို့ မရတယ် …နှုန်း အသက်ရှူလဲမှားခဲ့ နှုတ်ခမ်းပါးမျက်လုံးအပြုံး ပါးချိုင့်ပိုင်ရှင် …မျက်ဝန်းနက်ကကြင်နာမယောင်နဲ့"

မျက်နှာလေးတစ်ခုကို မြင်ယောင်လာမိသည့် အခိုက်တွင် လှုပ်ရှားမှုအားလုံး ရပ်တန့်သွားကာ စိတ်အာရုံက ကိုယ်ခန္ဓာမှ တစ်ခဏလောက် ကင်းကွာသွားရသည်။ ဘူတာမှာတွေ့ခဲ့သည့် သူမလေးကိုဘာကြောင့်များ သတိတရ ဖြစ်သွားရသည်မသိ။ ကိုဇော် ဆိုင်ကယ်ပေါ်တက်ကာနီးဘေးမှ သူ့အားကို အမှတ်မထင် ငဲ့ကြည့်မိရင်း သူမကိုတွေ့ခဲ့ခြင်းပါ။ သာမန်ထက်ပို၍ ခပ်ကြာကြာကြည့် ဖြစ်သွားခြင်းက ရင်းနှီးကျွမ်းဝင်နေဟန်ရှိသော သူမ မျက်ဝန်းနက်နက်တွေကြောင့်ပဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မည်ထင်သည်။

သူမလေးကိုအခုမှ ပထမဆုံးအကြိမ် တွေ့ဖူးခြင်းဟု သေချာသော်လည်း အခြားသော မိန်းကလေးများနှင့် ထူးခြားကာ ရင်ထဲအထိ ဝင်လာခဲ့သည်။ ဆံနွယ်လေးများ ကျနေသော နဖူးပြင်ပေါ်မှ ကျစ်ဆံမြီးသေးသေးလေးကို သတိရမိတော့ သဘောကျစွာ ပြုံးလိုက်မိသည်။

ရေခွက်ကြီးကိုင်ပြီး စဉ်းစားနေမိသော ကိုယ့်အဖြစ်ကို သတိထားမိမှ ခေါင်းတစ်ချက် ခါထုတ်လိုက်ပြီး ခေါင်းမှ ရေလောင်းချလိုက်မိသည်။ ဘာပဲဖြစ်ဖြစ် သူမလေးကို ပြန်တော့ ဆုံချင်သေးသည်လေ။

ခပ်ဖြည်းဖြည်း မောင်းနေသော ကားပေါ်မှ မန္တလေးတက္ကသိုလ်၏ အလှကို မေလေးငေးမောလိုက်ပါလာခဲ့သည်။

"ဒါ မာရှူးပေါ့၊ ခဏလျှောက်ကြည့်ကြရအောင်နော်"

မချိုက ကားကိုရပ်နိုင်းပြီး ပြောလိုက်တာမို့ မေလေးသွက်လက်စွာပင်ဆင်းဖြစ်သည်။ တွေ့တာ ဘာမှမကြာသေးသော်လည်း မချိုနှင့်မေလေးက အရမ်းကိုတွဲနေမိတာ။ အဖော်မရှိလှသော မေလေးအတွက် မချိုက အထူးခင်မင်တွယ်တာစရာ ကောင်းနေသည်။ ဖေဖေနှင့်မေမေ ကားနှင့်မလှမ်းမကမ်းမှာနေခဲ့ပြီး မေလေးတို့နှစ်ယောက်သာ လှည့်ပတ်ကြည့်ဖြစ်ကြသည်။

"နေမြင့်သွားဦးမယ် မေလေးရေ၊ ရွှေကျောင်းဆောင် ဆက်သွားရအောင်"



မချိုက ဆော်ဩတာမို့ မာရှူးထဲမှထွက်ကာ ရွှေကျောင်းဆောင်သို့ ဆက်ခဲ့ကြသည်။ ရွှေကျောင်းဆောင်ရောက်တော့ မေမေတို့က မလိုက်တော့ဟုပြော၍ မေလေးတို့နှစ်ယောက်သာ ဝင်ဖြစ်သည်။ မြန်မာ့ရှေးအနုပညာလက်ရာကို တအံ့တဩငေးမောရင်း လှည့်ပတ်ကြည့်ရှုနေမိသည်။

အပေါက်တစ်ပေါက်မှ အထွက်တွင် မေလေးနှင့်ဘေးတိုက်အနေအထားအတိုင်း ရပ်နေသော လူတစ်ယောက်ကို တွေ့လိုက်ရတာမို့ မေလေး ခြေလှမ်းများ ရပ်တန့်သွားရသည်။ ချက်ချင်းလိုလိုပင် အလွယ်တကူ မှတ်မိသွားရပြီး ထူးဆန်းစွာပင် စိတ်တွေလှုပ်ရှားလာရသည်။

ရှပ်အင်္ကျီနုံ့သာရောင်ဖျော့ဖျော့နှင့် ဂျင်းဘောင်းဘီအနက်ကို ဝတ်ဆင်၍ ခပ်မတ်မတ်ရပ်၍ ရှေ့တည့်တည့်ကြည့်နေသော မျက်နှာက သာမန်ထက် ပိုတင်းနေသယောင်ရှိသည်။ သူ့ မျက်နှာထားတှင်းတင်းကို ဘူတာတွင် တစ်ခဏတွေ့ဖူးရုံမျှနှင့် အလွယ်တကူမှတ်မိနေတာ အံ့ဩဖို့တော့ကောင်းသည်။

"မချို"

မချိုကို တစ်စုံတစ်ယောက်က နှုတ်ဆက်လိုက်သံကြောင့် မေလေးပါ လှည့်ကြည့်လိုက်မိသည်။ ဒါ ဘူတာမှ သူ့ကိုလာကြိုသွားတဲ့ တစ်ယောက်ပဲဟု မှတ်မိလိုက်သည်။

"ကိုဇော်ပါလား၊ ဘာလာလုပ်တာလဲ"

"ကျွန်တော့် သူငယ်ချင်းကို လိုက်ဖို့ပါလေ။ မချို

www.burmeseclassic.com

www.burmeseclassic.com



ရော''

မချိုနှင့် ကိုဇော်ဆိုသူက တရင်းတနှီး နှုတ်ဆက်နေကြတာမို့ မေလေး အသာငြိမ်ကြည့်နေလိုက်သည်။

''ရန်ကုန်က ညီမဝမ်းကွဲရောက်နေလို့ လိုက်ပို့နေတာ ဒီမှာလေ။ မေဦးမိုးတဲ့''

မချိုက မိတ်ဆက်ပေးနေတာမို့ မေလေး အသာအယာပြုံးပြလိုက်သည်။

''ဒါက ကိုဇော်တဲ့၊ မချိုတို့နဲ့ မောင်နှမတွေလိုနေတာ''

မချိုမိတ်ဆက်ပေးနေမှုကို အလိုက်သင့်ပြုံးပြ၊ ခေါင်းညိတ်နေရသော်လည်း မေလေးတို့ဆီဦးတည် လျှောက်လာနေပြီဖြစ်သော တစ်ယောက်ကိုသာ စိတ်ဝင်စားနေမိသည်။

''ဗိုလ် ...လာလေကွာ''

မေလေးနှင့် မလှမ်းမကမ်းတွင် ရပ်လိုက်သော ခြေထောက်အစုံကို စတင်သတိထားမိပြီး ပုံမှန်မဟုတ်သော ရင်ခုန်ခြင်းများနှင့် သူ့ မျက်နှာကို လှမ်းကြည့်လိုက်မိသည်။ မေလေးကို တွေ့လိုက်ရ၍ သူ့မျက်နှာထား ပြောင်းလဲမသွားသော်လည်း မျက်လုံးများကတော့ မှတ်မိသည့်အရိပ်အယောင်နှင့် အနည်းငယ် နူးညံ့သွားသလို ရှိသည်။ အနီးကပ်မြင်ရသော သူ့မျက်နှာကို မေလေး မသိမသာ ငေးမောနေမိသည်။ ခပ်တိုတိုညှပ်ထားသော ဆံပင်စိုစိုနက်နက်များအလယ်တွင်အဖုလေးရှိသော နှာတံနှင့် ပိပိရိရိစေ့ထားသော နှုတ်ခမ်းတို့နှင့် သူ့မျက်နှာက ထူးခြားမှုရှိနေသည်။



အရပ်က ရန့် လောက်မြင့်မားခြင်း မရှိသော်လည်း သူ့ ကိုယ်ခန္ဓာနှင့်တော့ လိုက်ဖက်မှုရှိသည်။ ညိုသော်လည်း စိုပြည်သော အသားအရေကိုလည်း သတိထားမိသည်။

''ဒါ ...ကျွန်တော့် သူငယ်ချင်းဗိုလ်တဲ့''

ဗိုလ်ဟူသောအမည်ကို စိတ်ထဲမှ လိုက်ရွတ်ကြည့်မိရင်း သူနှင့်လိုက်သည်ဟု မှတ်ချက်ချမိသည်။

''ဒါ ကိုမော့် မချိုလေကွာ၊ မင်းကြားဖူးပါတယ်၊ ဟောဒါက မချိုညီမဝမ်းကွဲ မေဦးမိုးတဲ့၊ မင်းလိုပဲ လာလည်တာ''

မချိုကို အစွမ်းကုန်ပြုံး၍ ခေါင်းညိတ်ပြနေသော ဗိုလ်ကိုကြည့်ကာ မေလေးအပေါ် ကျရောက်လာမည့် မျက်ဝန်းအစုံအတွက် တုန်လှုပ်နေမိသည်။ မေလေးမျက်နှာပေါ် ကျရောက်လာသည့် မျက်ဝန်းများက တင်းမာမှု လျော့ပါးကာ မချိုတုန်းကထက် အပြုံးများလျော့ရဲသွားသော်လည်း ပိုမိုနွေးထွေးသည်ဟု မေလေး ခံစားမိသည်။

''မချိုတို့သွားတော့မယ် ကိုဇော်၊ မေလေးအဖေနဲ့အမေလဲပါတယ်''

''သွားမယ်နော်''

နှစ်ယောက်စလုံးကိုခွဲ၍ နှုတ်ဆက်လိုက်တော့ ကိုဇော်က လှိုက်လှိုက်လှဲလှဲရယ်ပြသော်လည်း ဗိုလ်ကတော့ မပြုံးမရယ်နှင့် ခေါင်းညိတ်ရုံလေးညိတ်ပြသည်။

''ဩော် ...မေ့လို့ကိုဇော်ရေ၊ မနက်ဖြန် ...ကွန်းကအလှူ ဖိတ်ထားပြီးသားနော်၊ ကိုမော့်ကို ...သတိပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ဦး ကိုဇော်ရော ဗိုလ်ပါ လာခဲ့ကြနော်''

''ဟုတ်ကဲ့မချို။ လာခဲ့မယ်''

ကားရှိရာသို့ ပြန်လျှောက်လာရင်း မချိုပြောသော စကားများကို အာရုံမရောက်နိုင်ဘဲ ဗိုလ်ဆံ၌သာ ပျံ့လွင့်ကျန်နေခဲ့သည်။ ဘာကြောင့်များ တွေ့စကတည်းက စိတ်တွေလှုပ်ရှားခဲ့ပါသလဲ။ တစ်မျိုးပါပဲဗိုလ်။

''တောင်သမန်အင်း ဝင်မယ်၊ ဦးပိန်တံတားလေ။ အဲဒီမှာ မေလေးဓါတ်ပုံရိုက်ပေါ့''

တောင်သမန်အင်းသို့ရောက်၍ မယ်ဇယ်ပင်များ အောက်တွင် ကားရပ်မိသည်နှင့် မေလေးစိတ်တွေ ချမ်းမြေ့ရွှန်းသည်။ ရေလှိုင်းများလှုပ်ခတ်နေသော ရေပြင်ကို ငေးမောရင်း ရင်မှာ ငြိမ်းချမ်းသွားရသည်။ မယ်ဇယ်ပင်များအောက်ရှိ အကြော်ဆိုင်တွင် ခဏထိုင်ကြပြီး ဦးပိန်တံတားသို့ လျှောက်ခဲ့ကြသည်။

ညနေခင်းလေညှင်းခံသူများ၊ လမ်းလျှောက်ထွက်သူများနှင့် ဦးပိန်တံတားတွင် လမ်းလျှောက်ထွက်သူများနှင့် စည်ကားနေသည်။ တံတားတိုင်လုံးကိုမှီ၍ ဓါတ်ပုံအရိုက်ခံရင်း မေလေးပျော်ရွှင်နေမိသည်။

''အရမ်းလှတာပဲ မချိုရယ်''

ဦးပိန်တံတားပေါ်မှ ငေးမျှော်ကြည့်ရင်း မေလေးလှိုက်လှိုက်လှဲလှဲ ပြောမိသည်။ တံတားပေါ်တွင် လမ်းလျှောက်ရခြင်းကို အကျင့်ရနေသူများက စက်ဘီးပင်စီးသွားနိုင်သော်လည်း မေလေးကတော့ အသည်းအေးနေမိသည်။



''မချိုတို့နှစ်ယောက် အမှတ်တရ ဓာတ်ပုံရိုက်ရအောင် ဘယ်သူ့ကိုရိုက်ခိုင်းရမလဲ မသိဘူး''

မချိုက ဟိုသည်မျက်လုံးကစားရင်း ခပ်ညည်းညည်းရေရွတ်နေရာမှ ဝမ်းသာအားရပြုံးလိုက်တာမို့ မေလေးလှည့်ကြည့်လိုက်မိသည်။ တံတားပေါ်တွင် လျှောက်လာကြသော ကိုဇော်နှင့်ဗိုလ့်ကို တွေ့လိုက်ရတာမို့ မေလေးအံ့ဩခြင်းနှင့်အတူ ရင်ထဲလှုပ်ခနဲ ခါသွားရသည်။

ကိုဇော်က မေလေးတို့ကို ပြုံးရယ်နှုတ်ဆက်သော်လည်း ဗိုလ်ကတော့ မမြင်ဟန်နှင့်အဝေးသို့ ငေးမောရင်း တစ်လှမ်းချင်း လျှောက်လာနေသည်။

''အတော်ပဲကိုဇော်၊ မချိုတို့ နှစ်ယောက်ကို ဓာတ်ပုံရိုက်ပေးပါဦး''

ကိုဇော်က သဘောကောင်းစွာ ဓာတ်ပုံရိုက်ပေးနေစဉ် ဗိုလ်က တိုင်တစ်တိုင်တွင် တစ်ချက်တစ်ချက် လှမ်းကြည့်နေသည်။ ဓာတ်ပုံရိုက်အပြီးတွင် မချိုက အသိများနှင့်တွေ့ကာ ရပ်စကားပြောနေတာမို့ ဗိုလ်ရပ်နေရာသို့ မေလေးလျှောက်သွားလိုက်မိသည်။ သာမန်ထက် ပိုတူးခြားနေသော ဗိုလ့်အကြောင်း မေလေးသိချင်သလို သာမန်ထက် ပိုစိတ်ဝင်စားနေမိသော ကိုယ့်အကြောင်းလည်းကိုယ် သိချင်နေပါသည်။

''ဗိုလ်ရော ဓာတ်ပုံမရိုက်ဘူးလား''

ဗိုလ်က မေလေးစကားပြောလာသည်ကို မျှော်လင့်မထားဟန်နှင့် ခဏကြောင်ပြီးမှ ခေါင်း... ခပ်တိုး

www.burmeseclassic.com

www.burmeseclassic.com



တိုးရယ်နေပြီး ...

"ဝါသနာမပါဘူး"

တုံးတိတိနိုင်လွန်းသော စကားကြောင့် မေလေး ဘာဆက်ပြောရမှန်း မသိအောင် ဖြစ်သွားရသည်။ ဗိုလ်က ကြမ်းခင်းပေါ်တွင် ခြေတွဲလောင်းချ ထိုင်လိုက်တာမို့ မေလေး အသည်းယားစွာဖြင့် တိုင်ကိုမှီ၍ ငေးကြည့်နေမိသည်။

"ဒီမှာကြာဦးမလား"

မေလေးကို တည့်တည့်မကြည့်ဘဲ နာမည်မပါ ဘာမပါနှင့် ပြောလိုက်ခြင်းကြောင့် မေလေး ရုတ်တရက်မဖြေနိုင်။

"မကြာဘူး၊ မေ့ဖေက ခွင့်မရဘူးလေ"

သတိဝင်လာမှ ခပ်သွက်သွက်ပြန်ဖြေဖြစ်သည်။ သည်လိုတော့လည်း စကားပြောဖော်ရသားပဲဟု ကျေနပ်သွားရသည်။

"ဗိုလ်ရော ...ကြာမှာလား"

"မပြောတတ်သေးဘူး"

ပျော့ပျောင်းခြင်း ကင်းသော အသံက ပြောနေကျ အသံဟုပင် မေလေး ယူဆလိုက်ရသည်။ သာမန်ယောကျ်ားလေးတစ်ယောက်ထက် ပိုမိုစကားနည်းသော်လည်း သည်လို ခပ်တည်တည်နေခြင်းကိုပဲ မေလေးနှစ်သက်နေမိသည်။

"ပြန်ကြရအောင်မေလေးရေ၊ အန်တီတို့စောင့်နေတော့မယ်"

မေလေးတို့အနားသို့ ပြန်ရောက်လာသော မချိုက ပြောတာမို့ မှီရပ်နေသောတိုင်ကို ခွာဖြစ်သည်။



"မေလေး ပြန်မယ်နော်"

ဗိုလ် ကိုနှုတ်ဆက်တော့ မျက်နှာကိုစောင်း၍ မော့ကြည့်ပြီးခေါင်းညိတ်ပြသည်။ ဗိုလ့် မျက်လုံးများ အကဲခတ်ရခက်လွန်းသည်ဟု မေလေးထင်မိသည်။

ဦးပိန်တံတားမှ ပြန်ထွက်လာကြစဉ် မေလေး လှမ်းကြည့်မိတော့ တံတားပေါ်တွင်ရပ်နေသော ဗိုလ့်ကို ကွဲပြားစွာ မြင်တွေ့ရသည်။ လူတွေအများကြီးရှိသော်လည်း ဗိုလ့်ကို လူမမှားနိုင်ပါ။

ညက စောစောအိပ်ရာဝင်ဖြစ်သော်လည်း ညဉ့်နက်သည်အထိ အိပ်မပျော်နိုင်ဘဲရှိခဲ့သည်။ မနက်ငါးနာရီ အိပ်ရာမှထတော့ အိပ်ရေးမဝသော်လည်း မေလေး လန်းဆန်းတက်ကြွနေသည်။ အိမ်မှ မနက်ခြောက်နာရီခွဲ ခန့်ထွက်၍ မုန့်တီသွားစားကြပြီး မင်းကွန်းကူးရန် သင်္ဘောဆိပ်သို့ဆင်းကြသည်။

အလှူအတွက် အန်တီမူမူက အကုန်လုံးစီစဉ်ပြီးသားမို့ မေလေးတို့က ကူးသွားရုံသာရှိသည်။ သင်္ဘောထွက်ဖို့ စောနေသေးတာမို့ မေလေးတို့ကမ်းနားတွင် ထိုင်နေဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မေလေးကတော့ ဗိုလ်တို့လာမလားဟု တိတ်တခိုးမျှော်လင့်နေမိသည်လေ။

သဘော်ာဆိပ်ကို ငေးမောနေမိရင်းက ကိုယ့်ကို တစ်စုံတစ်ယောက်က စိုက်ကြည့်နေသလို ခံစားရတာမို့ မေလေးဘေးပတ်ဝန်းကျင်ကို လိုက်ကြည့်မိသည်။ မေလေးနှင့် မလှမ်းမကမ်းတွင် ဘေးတိုက်အနေအထားအတိုင်း ထိုင်နေသော ဗိုလ့်ကို တွေ့ရှိလိုက်ရတာမို့ မေလေး နှုတ်ခမ်းလေးတွေ နူးညံ့စွာပြုံးမိသွားရသည်။ လက်နှစ်ဘက်ကို ဒူးပေါ်ဆန့်တင်ပြီး ရှုတည်တည်မျက်နှာထားနှင့် ရှေ့တည့်တည့်သို့ကြည့်နေရာမှ မေလေးဘက်သို့ လှည့်လာတော့ မေလေးပြုံးပြလိုက်မိသည်။ ရုတ်တရက် တုံ့ပြန်မပြုံးဘဲ ခပ်တည်တည်ဆက်ကြည့်နေသော ဗိုလ့်ကြောင့် မေလေးအံ့သြခြင်းတစ်ဝက် ရင်ခုန်ခြင်းတစ်ဝက်နှင့် မျက်နှာလွှဲဖို့ မေ့လျော့နေမိသည်။ မျက်လုံးများမှစ၍ နှုတ်ခမ်းများထိ တဖြည်းဖြည်း ကျယ်ပြန့်လာသော ဗိုလ့်အပြုံးကို မယုံကြည်နိုင်စွာ ငေးမောနေမိသည်။

မင်းဟာ ငါမျှော်လင့်တာတွေဘဲ လုပ်တတ်ပါလား ကွယ်။ မင်းအပြုံးကို ငါဘယ်တော့မှ မေ့တော့မှာ မဟုတ်ဘူးဟု ရင်တွင်းမှ အသံမဲ့စွာရေရွတ်နေမိသည်။

"ကိုမော်တို့က အခုမှလာတယ်၊ ချိုက မလာတော့ဘူးလားလို့"

မချိုထံမှလည်း ဝေဝေဆာဆာ စကားလေးတွေ ပျံ့လွင့်လို့လာသည်။ ကိုဇော့် ဦးလေး ကိုမော်ဆိုသူနှင့်လည်း မေလေးကို မိတ်ဆက်ပေးလာသည်။ ယွားထွားမြင့်မြင့်နှင့်



သဘောကောင်းပုံရသော ကိုမော့်ကို မြင်မြင်ချင်းပင် ခင်မင်နှစ်လိုသွားမိသည်။

"သဘော်ာပေါ်တက်ကြမယ်လေ"

မချို ဦးဆောင်မှုနှင့် မေလေးတို့အုပ်စု သဘော်ာပေါ်ရောက်သွားကြသည်။ လူကြီးများထိုင်နေသည့်နေရာကို ကျော်ကာ ဦးပိုင်းတွင် ဖတ်တပ်ရပ်လိုက်ဖြစ်ကြသည်။ မချိုနှင့် ကိုမော်က တရားဝင်စေ့စပ်ထားခြင်းမဟုတ်သော်လည်း နှစ်ဘက်လူကြီးများ သိရှိလက်ခံထားသော တရားဝင်ချစ်သူများဖြစ်ကြောင်း မချိုပြောပြချက်အရ မေလေး သိထားရသည်။

"နေမပူဘူးလား"

မနက်နေရောင်ခြည်အောက်တွင် ရပ်တန့်ပြီး မင်းကွန်းဘက်ကမ်းသို့ ငေးမောနေမိသော မေလေးနားထဲသို့ ဆွဲငင်အားရှိသော ခပ်တောင့်တောင့်လေသံက ဝင်ရောက်လို့လာသည်။

"ရပါတယ်"

"ဒီဘက်ကိုလာလေ"

မေလေးစကားကို အလေးထားဟန်မရှိဘဲ သူနှင့်နေရာချင်းလဲပေးသည်။ နေရောက်လက်လက်က သူ့ဆံပင်ပေါ်သို့ ထိုးကျနေတာမို့ နဂိုရှိရင်းစွဲထက် ပိုမိုနက်စိုနေသည်။ ပြတ်သားခိုင်ခံမည့်ပုံပေါ်သော မျက်နှာကိုမသိမသာကြည့်မိရင်း ထိုသူ့ထံမှာ ထူးထူးခြားခြား ငြိတွယ်ချင်နေသော စိတ်ကြောင့်လည်း ရှက်ရွံ့ကြည်နူးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သဘော်နှင့်တစ်နာရီခန့်စီးရပြီး မင်းကွန်းဘက်သို့ ရောက်လာသည်။ အသင့်စောင့်နေသော နွားလှည်းများနှင့် အလှူရှိသည့်မဂ္ဂင်ချောင်သို့ သွားရမှာမို့ အတွေ့အကြုံသစ်အတွက် မေလေးစိတ်တွေ လှုပ်ရှားနေမိသည်။

နွားလှည်းများအပေါ် ကိုယ့်အုပ်စုနှင့်ကိုယ်တက်ကြ၍ မေလေးတို့ငါးယောက်က နွားလှည်းတစ်စီးနှင့် အတူသွားဖြစ်ကြသည်။ မေလေးက ခြေတွဲလောင်းချ ထိုင်ချင်တာမို့ ဗိုလ်နှင့်နှစ်ယောက်သား နောက်ပြန်ထိုင် လိုက်လာခဲ့ကြသည်။

"ပျော်စရာကြီးနော်"

မေလေးစကားကို ဗိုလ်က ပြုံးရုံမျှသာပြုံးပြီး ...

"အောက်က ဆူးပင်တွေနဲ့ ခြေထောက်ခြစ်မိနေဦးမယ်"

မချိုသာသော်လည်း ဂရုစိုက်သောစကားဟု မေလေးကျေနပ်ပျော်ရွှင်သွားရသည်။ လမ်းကကြမ်းတာမို့ နွားများပင်ပန်းစွာ ရုန်းနေရသည်ကို ကရုဏာသက်စွာ ငေးကြည့်နေမိသည်။ ကုန်းအတက်တစ်ခုတွင် နွားနှစ်ကောင်က ဆက်မတက်နိုင်တော့ဘဲ ရပ်နေ၍ နွားလှည်းမောင်းသည့် ဦးလေးကြီးက မျိုးစုံရေရွတ်မြည် တမ်းနေသည်။

"မေလေးတို့ ဆင်းလျှောက်ပေးမယ်"

ဆင်းရ တက်ရ အလွယ်ဆုံးနေရာတွင် ထိုင်နေကြသော မေလေးတို့ပဲ ဆင်းလျှောက်ပေးဖို့ စိတ်ကူးကာ ဗိုလ့်ကိုလှမ်းကြည့်ပြီး ဆင်းဟန်ပြင်လိုက်သည်။

"မဆင်းပါနဲ့"



မေလေးကို လက်ကာပြပြီး သွက်လက်စွာခုန်ဆင်းလိုက်သော ဗိုလ့်ကိုအံ့သြစွာ ကြည့်နေမိသည်။ တားမြစ်ဟန့်တားလိုက်သံက အမိန့်ဆန်လွန်းလှပြီး ဒီအမိန့်ကိုပဲ ငြင်းပယ်ဖို့ခက်ခဲစွာ လှုပ်ရှားမှုအားလုံး ရပ်ဆိုင်းသွားရသည်။ ရှေ့မှထိုင်လိုက်လာသော ကိုဇော်ဆင်းလိုက် တာမို့ နွားလှည်းဆရာကြီးက နွားတွေကိုချော့မော့မောင်း သွားသည်။ ကိုဇော်နှင့်နှစ်ယောက် လမ်းလျှောက်လာနေသော ဗိုလ့်ကို လှည်းပေါ်မှ မျက်တောင်မခတ် ငေးမော လိုက်ပါလာမိသည်။

မျက်နှာထားတင်းတင်းကို အမြဲတပ်ဆင်ထားတာမို့ ဗိုလ့် ခံစားချက်ကို ခန့်မှန်းရခက်လွန်းသည်။ ဒါကြောင့်ပဲ ဗိုလ့် အပြုအမူတိုင်းမှာ မေလေး ငေးမောအံ့သြနေခဲ့ရခြင်းဖြစ်မည်။ ကိုယ့်ကိုယ်ကို ယုံကြည်လွန်းသော ခြေလှမ်းများနှင့် တစ်လှမ်းချင်း ငြိမ်သက်စွာ လှမ်းတတ်သော ဗိုလ့်လမ်းလျှောက်ပုံကို ဘယ်နေရာမျိုးမှာပဲဖြစ်ဖြစ် ခွဲခြားမှတ်မိနေမည်ဟု ယုံကြည်နေမိသည်။

အလှူလုပ်သည့် ဘုန်းကြီးကျောင်းသို့ရောက်တော့ ဗိုလ်နှင့်လူချင်းခဏကွဲသွားကြသည်။ ရေစက်ချ တရားနာအပြီး ဘုန်းကြီးဆွမ်းကပ်တော့မှ မေလေး ကျောင်းအောက်ဆင်းသည့် လှေကားနားတွင် ထိုင်စကားပြောနေကြသော ဗိုလ်နှင့်ကိုဇော့်ကို တွေ့လိုက်ရတာမို့ မေလေးအနားသို့ လျှောက်သွားလိုက်သည်။

"ပျင်းနေကြပြီလား"

"မပျင်းပါဘူး၊ ဗိုက်တော့နည်းနည်းဆာပြီ"

www.burmeseclassic.com

www.burmeseclassic.com



သွက်သွက်လက်လက်ရှိသော ကိုဇော်ကရယ်ရယ်မောမောနှင့် ပြောတတ်သော်လည်း ဗိုလ်ကတော့ အေးတိအေးစက်ပုံစံနှင့် နေမြဲအတိုင်းပင်။

"မချို့နဲ့ ခင်လာတာကြာပါပြီ၊ မချိုမှာ ညီမဝမ်းကွဲရှိတယ်လို့ မကြားမိဘူး၊ မချိုက လျှို့ထားတာထင်တယ်"

"မဟုတ်ပါဘူး၊ မချိုတို့နဲ့က အဆက်အသွယ်ပြတ်နေလို့ပါ"

ကိုဇော်နှင့်စကားပြောနေရသော်လည်း မေလေးစိတ်က တိတ်ဆိတ်နေသော ဗိုလ့်ထံသို့သာ ရောက်နေသည်။ ကိုဇော့် မျက်နှာမှာ မည်သည့်အမူအရာမှ မရှိဘဲ ပကတိကြည်လင်နေသော်လည်း ဗိုလ်မျက်နှာပေါ်မှာတော့ ခံစားချက်တစ်ရပ် စွန်းထင်းနေသလို ခံစားရ၏။

ဗိုလ်က ခံစားချက်ကို အလွယ်တကူမဖော်ပြတတ်၍ပဲလားမသိ။ သူ့မျက်လုံးများ၊ အကြည့်များ နှုတ်ခမ်းပေါ်မှာ အမိပ္ပါယ်တစ်ခုခု ထင်ဟပ်နေတတ်သည်။

ကိုဇော်က စကားတွေ ဝေဆာနေတာမို့ မေလေးလည်းအလိုက်သင့် ပြန်ဖြေရင်း တစ်ယောက်အကြောင်းတစ်ယောက် တော်တော်များများ သိခွင့်ရလာသည်။ ကိုဇော်ပြောပြ၍ပင် ဗိုလ်တို့မှာ သားအမိနှစ်ယောက်တည်းရှိကြောင်း အလုံမှာနေကြောင်း မေလေးသိရသည်။

"ဟော့ကောင် ဗိုလ်၊ အိပ်ပြီလား"

အခန်းတံခါးဝမှာ လာအော်သော ကိုဇော့်ကို မျက်လုံးဖွင့်ကြည့်လိုက်တော့ ကိုဇော်က ဘီယာတစ်ဘူး ပစ်ပေးပြီးအခန်းထဲ ဝင်လာသည်။ ဘီယာဘူးကို ဖောက်၍ အေးစက်ခါးသက်သော အရည်တို့ကို မော့ချရင်း ကိုယ်ကို အနည်းငယ်မတ်၍ ခေါင်းအုံးခုကာ မှီထိုင်လိုက်သည်။

"ကိုမော်ကြီး သွားပြီလား"

"သွားပြီလေ၊ ဘာလဲ အခုမှလိုက်ချင်နေပြီလား"

လှုပ်ရှားသွားသောစိတ်ကို ဟန်ဆောင်တင်းမာစေလိုက်ရင်း …

"မလိုက်ချင်ပါဘူးကွာ"

"မင်းကို ငါတော်တော်အံ့သြတယ်"

ကိုဇော်က တစ်ဖက်ခုတင်ပေါ် ပစ်လှဲလိုက်ပြီး တအံ့တသြ ရေရွတ်တာမို့ ဗိုလ်နှစ်နှစ်ခြိုက်ခြိုက် ရယ်မောလိုက်မိသည်။ လူအားနေသော သုံးယောက်ခန်းကြီးကို သူတို့ယူထားတာမို့ နေရထိုင်ရတာ ပိုအဆင်ပြေ လွတ်လပ်နေသည်။

"ဘာကိုလဲ"

"မေဦးမိုးနဲ့ ပတ်သက်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာအံ့သြစရာရှိလဲကွာ၊ ငါနဲ့သူနဲ့ ဘာမှမပတ်သက်တာပဲ"

သူမအကြောင်းပြောဖြစ်တော့ စိတ်အစဉ်က ပိုမိုနွမ်းလျသွားရသည်။ မထင်မှတ်ဘဲ ကြုံဆုံလာရသည့် သူမလေးနှင့် ပတ်သက်ပြီး သူ့ စိတ်တွေ အထိန်းအကွပ်မဲ့ နေကြသည်။ တစ်မျိုးပါပဲ သူ့စိတ်ကို ထိန်းချုပ်နိုင်စွမ်းရှိသော မိန်းကလေးတစ်ယောက် သူ့ဘဝထဲသို့ ရောက်လာလိမ့်မည်ဟု ဒီအချိန်မှာတော့ မမျှော်လင့်ထားတာ အမှန်ပဲဖြစ်သည်။

"မင်းစိတ်ထဲမှာ အဲဒီအတိုင်း ခံယူထားလို့လား"

တစ်ယောက် တစ်ခုတင်ဆီလှဲနေရင်း တစ်ယောက်နှင့်တစ်ယောက် မကြည့်ဘဲ အကြောင်းအရာတစ်ခုကို ဦးတည်ပြောဆိုနေမိကြသည်။ လက်ထဲမှ ဘီယာဘူးကို လှည့်ပတ်ကြည့်နေမိရင်း ..

"လောလောဆယ် အခြေအနေအထိ ငါတို့ဘာပတ်သက်လို့လဲကွာ။ ပတ်သက်ချင်ရင် ငါ့ဘက်က စ,ပတ်သက်မှရမှာ"

"မင်းက မပတ်သက်ချင်လို့လား"

ကိုဇော့် အမေးကို တစ်စုံတစ်ရာ မဖြေဖြစ်ဘဲ နှုတ်ဆိတ်နေလိုက်မိသည်။ အမေ့ထံမှ အလိုလိုက် ချစ်ခင်ခြင်းကို အပြည့်အဝရယူကာ ပြိုင်ဘက်မရှိ အနိုင်ရလာခဲ့သူမို့ အရာရာမှာ အရှုံးပေးချင်လိုစိတ် မရှိတာ အမှန်ပါပဲဖြစ်သည်။ ကိုယ့်ဘက်က သိပ်မျှော်လင့်ပြီးကာမှ ဖြစ်မလာမည့် အရှုံးမျိုးနှင့် သူ ရင်မဆိုင်ချင်။



သူမလေးထံမှာ လုံးဝ ကြွေဆင်းနစ်မြုပ်နေပြီဟုလည်း သူ ဝန်မခံချင်သေးပါ။ သူမလေးအပေါ် လေးနက်မှုအတိုင်းအတာကို အချိန်က အဆုံးအဖြတ်ပေးသွားလိမ့်မည်လေ။

"ဒီလိုကိစ္စမျိုးတွေ မင်းနဲ့ငါ မဆွေးနွေးဖူးဘူးနော်၊ မင်းကိုလည်း ဘယ်သူနဲ့မှငါ မတိုက်တွန်းဖူးဘူး၊ ဒါပေမယ့် ဒီတစ်ခါတော့ တိုက်တွန်းချင်တယ်၊ မေဦးမိုးကို ငါသဘောကျတယ်"

"သဘောကျရင် မင်းကြိုက်လိုက်ပါလား"

နောက်ပြောင်လိုက်ခြင်း သက်သက်ဖြစ်သော်လည်း နှမြောတွန့်တိုစိတ်က အလိုလိုကပ်ပါသွားရကာ ကိုယ်တိုင်ပဲသိသည်။

"မင်းနဲ့သဘောတူတာ၊ မေဦးမိုးက ဖြူစင်တယ်ကွ"

ကိုဇော့်စကားကို နှုတ်မှ ဖွင့်ဟမပြောဖြစ်သော်လည်း ရင်ထဲမှ ကျိတ်ထောက်ခံလိုက်မိသည်။ မင်းဟာ တကယ်ပဲ ဖြူစင်သူလေးပါ မေဦးမိုးရယ်။ အဲဒီအတွက် ငါနဲ့ပတ်သက်ဖို့ အခွင့်အရေးရှိနိုင်ပါ့မလားလို့ သံသယဖြစ်မိနေတာပါပဲ။

"သူက နူးညံ့လှပလွန်းပါတယ်ကွာ"

ရယ်ရယ်မောမောနှင့် ပြောဖြစ်သော်လည်း သူ့ရင်ထဲက စကားပဲဖြစ်သည်။ အပြစ်ကင်းကင်းနှင့် ညှို့လှပသော မျက်ဝန်းနက်နက်တို့ကို သတိတရ ရှိလိုက်မိရင်း သက်ပြင်းတစ်ချက် ခိုးချလိုက်မိသည်။ သူ့ကိုတအံ့တသြ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်တတ်သော မျက်ဝန်းလေးများက ပကတိဖြူစင်သော်လည်း သူ့ရင်ကို လှုပ်ရှားစေနိုင်စွမ်းရှိသည်။

"သူ့ကို လျှော့တွက်တာမဟုတ်ဘူးနော်၊ ဒါပေမယ့် သူ့မှာ မင်းနဲ့ပတ်သက်တဲ့ ခံစားချက်ရှိနေတယ်လို့ ငါထင်တယ်"

"မင်း အထင်ကြီးတာပါကွာ၊ ခဏတဖြုတ်တွေ့ကြတာပဲ။ ပြီးတော့လဲ မေ့သွားမှာပါ"

"မပြီးအောင်လုပ်ရင် မပြီးတော့ဘူးပေါ့ကွ"

ကိုဇော်က စိတ်မရှည်တော့ဟန်နှင့် သူ့ခုတင်ဘက်ကူးလာပြီး အားတက်သရောပြောသည်။ သူခေါင်းတစ်ချက်ခါလိုက်မိပြီး ...

"ဒါတွေ ငါမစဉ်းစားချင်ပါဘူးကွာ၊ လောလောဆယ် စိတ်ညစ်ရတဲ့အထဲ"

"အေး၊ မင်းကို ငါမေးမလို့ဘဲ၊ မင်းအိမ်နဲ့ဘာဖြစ်လာတာလဲ၊ အိမ်ဆိုရအောင်လည်း မင်းအိမ်မှာ မင်းနဲ့ မင်းအမေပဲရှိတာ၊ မင်းအမေနဲ့ ကွိုင်လာတာလား"

ကိုဇော့်မျက်နှာက ပိုမိုလေးနက်သွားပြီး ဂရုတစိုက်မေးလာတော့ သူ့မျက်နှာပေါ်မှ အကြောများတင်းမာ သွားရသည်။ တစ်ယောက်တည်း ကျန်ခဲ့သည့်အမေ့ကို သတိရမိသော်လည်း တစ်စုံတစ်ရာအကြောင်းကြား မဆက်သွယ်ဖြစ်။ အမေ အဆင်ပြေနေမှာပါဟု နာနာကြည်းကြည်းတွေးဖြစ်သည်။

"မင်းအမေဆီ ဖုန်းလေးဘာလေး ဆက်ပါလား၊



စိတ်ပူနေဦးမယ်"

အိမ်မှာ ဖုန်းမရှိသော်လည်း အိမ်ရှေ့အိမ်ကို ခေါ်ခိုင်းလျှင်ရတာမို့ သူဆက်ချင်သည့်ဆန္ဒရှိလျှင်တော့ ဆက်၍ရသည်။ အိမ်မှာ အမေတစ်ယောက်တည်းဆိုသော်လည်း ရပ်ဆွေရပ်မျိုးလိုဖြစ်နေသော အိမ်နီးချင်းတွေရှိ၍ စိတ်ပူစရာတော့မရှိပါ။ ပြီးတော့ အမေ့မှာ အားကိုးရှိတာပဲ တစ်ဆက်တည်း တွေးမိရင်း ခေါင်းကိုခပ်ကြမ်းကြမ်း ခါပစ်လိုက်မိသည်။

"အမေနဲ့ဘာပြဿနာမှ ဖြစ်မလာဘူး ကိုဇော်၊ ငါ့စိတ်ထဲမှာပဲ ဖြစ်လာတာ"

အခင်မင်အရင်းနှီးဆုံး သူငယ်ချင်းဖြစ်သည့် ကိုဇော်တော့ သူ့စိတ်ထဲမှာ ရှိနေတာတွေပြောပြဖြစ်သည်။

စီးပွားရေးလုပ်ချင်သည်ဟု စ,ပြောသည့်နေ့မှာပဲ ပြဿနာကမထင်မှတ်ဘဲ စတင်လာခဲ့သည်လေ။ အရင်ကတော့ အမေ့မိတ်ဆွေ ဦးတင်ထွန်းနှင့်ပတ်သက်၍ သူ စိတ်ဝင်စားမှု တစ်စုံတစ်ရာမရှိခဲ့။ အမေက "ဒီကိစ္စကို ကိုတင်ထွန်းနဲ့တိုင်ပင်ကြည့်ဦးမယ်လေ"ဟု ပြောလိုက်သည့် အချိန်မှာပဲ သူတို့မိသားစုတွင် ဦးတင်ထွန်းက အရေးပါအရာရောက်မှန်း သူသိရှိရတော့သည်။

"မင်း အဲဒီလူကြီးကို မြင်ဖူးတယ်မဟုတ်လား ကိုဇော်"

ကိုဇော့်ကို အစပျိုးပြောပြနေရင်း မေးဖြစ်တော့ ကိုဇော်က ခေါင်းညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့အိမ် လာလည်တုန်းက မြင်ဖူးတယ်လေ။ မင်းအမေက သူ့လုပ်ငန်းမှာရှယ်ယာ ထည့်ထားတာမဟုတ်လား"

"အေး …အစကတော့ ငါဒီလိုပဲ ထင်ခဲ့တာပဲ"

"အခု ဘာဖြစ်နေလို့လဲ"

"ငါလဲ မပြောတတ်ဘူး၊ ငါ့စိတ်ထဲမှာ မရှင်းတာတွေကိုထုတ်လဲ မမေးချင်ဘူး၊ ရင်နာရမှာ ကြောက်တယ်"

ကိုဇော်က သူ့ကိုနားလည်စွာကြည့်ပြီး …

"မင်းက ဘယ်လိုထင်နေလို့လဲ"

"အမေက ရှယ်ယာဝင်ထားရုံပဲဆိုတော့ အမေ့ကို ကူညီထားတဲ့ သူ့ ကျေးဇူးရှိတာ ဟုတ်ပါတယ်၊ ဒါပေမယ့် အမေ့ပိုက်ဆံလောက်ကို ဂရုစိုက်စရာမရှိတဲ့ သူ့အနေနဲ့ ဘာဖြစ်လို့ သက်သက်ကူညီနေရတာလဲ၊ ပြီးတော့ အမေက အစစအရာရာ သူနဲ့တိုင်ပင်နေရတယ်၊ အမေ့မှာ အားကိုးမရှိလို့ ဆိုပေမယ့် အကြောင်းမဲ့ပါဝင် ပတ်သက်လွန်းနေတာကိုတော့ ငါသဘောမကျဘူး၊ ပြီးတော့ သူ့မှာလဲ အိမ်ထောင်နဲ့ပဲ"

သူ့စကားတွေ ရုတ်တရက် ရပ်သွားရပြီး ဘီယာဘူးခွံကို အခန်းထောင့်သို့ ပစ်ပေါက်လိုက်မိသည်။

"တကယ်ဆို အမေငါ့ကို နားလည်အောင်ပြောပြခဲ့ဖို့ကောင်းတာပေါ့၊ အမေ့မှာ အားကိုးတိုင်ပင်စရာ သားတစ်ယောက်လုံးရှိတာပဲ"

"မင်းအမေက မင်းကို သိပ်ချစ်တာကိုး၊ မင်းသောကအပူတွေနဲ့ ကင်းစေချင်လို့ဖြစ်မှာပေါ့"



ကိုဇော့် တည်ငြိမ်မှုကိုကြည့်ပြီး သူလည်းပြန်လည် တည်ငြိမ်စ ပြုလာသည်။ ရင်ထဲမှာ ခံစားနေရသော တချို့တစ်ဝက်ကို ထုတ်ပြောလိုက်ရ၍ နည်းနည်းတော့ ပေါ့သွားတာအမှန်ပင်။

"ငါ့ကို အမေက လုံးဝမချုပ်ချယ်ဘဲ ထားခဲ့တာ သိပ်မကြာသေးတဲ့ အချိန်အထိ အိမ်ကိစ္စတွေ ငါ့ခေါင်းထဲမှာ ဘာမှမရှိဘူး၊ အမေ့အတွက် ငါဟာ လိမ္မာတဲ့သား မဟုတ်ခဲ့ဘူးလေ"

"ငါတို့လဲ ဒီလိုပါပဲကွာ"

ကိုဇော်က ခပ်သဲ့သဲ့ရယ်မောရင်း နှစ်သိမ့်သလို ပြောလိုက်သည်။ အပြင်ဘက်တွင် မိုးစက်ကျသံများ ကြားရတာမို့ ပြတင်းပေါက်နားသို့ ထသွားကာ အပြင်ဘက်ကို စူးစမ်းကြည့်လိုက်မိသည်။ မိုးရွာနေတာပဲ။ မေလေးတို့ ပြင်ဦးလွင် အသွားလမ်းမှာလည်း မိုးရွာမလားဟု သတိတရတွေးမိပြန်သည်။

"ခဏနေဦးကွာ"

အပြင်ဘက်မှ ဆူဆူညံညံအသံများကြောင့် ကိုဇော် ခဏထွက်သွားသည်။ မိုးစက်များကို ငေးကြည့်ရင်း သတိရစိတ်က သူမလေးထံလွင့်ပျံ့သွားကြသည်။ မိန်းကလေး တစ်ယောက်ကို မြင်ယောင်တမ်းတဖူးခြင်း အရင်က မရှိခဲ့တာမို့ သူမလေးက သူ့ အတွက်ထူးခြားသော ခံစားမှုတစ်မျိုးကို ဖန်တီးပေးတာတော့ သူဝန်ခံရမည်ဖြစ်သည်။ တိုတောင်းသော အချိန်ကာလလေး အတွင်းမှာ သူမကို ရင်းနှီးကျွမ်းဝင်သလို

www.burmeseclassic.com

www.burmeseclassic.com



ခံစားနေမိခြင်းက ဘာကြောင့်ပါလဲ။

အတန်ကြာအောင် ရပ်ငေးနေမိပြီးမှ ဆုံးဖြတ်ချက်တစ်ခုချကာ ကျောပိုးအိတ်ထဲသို့ အင်္ကျီတွေကောက်ထည့်နေလိုက်သည်။

"ဟော့ကောင် …ဒါဘယ်လဲ"

အခန်းထဲသို့ ပြန်ဝင်လာသော ကိုဇော်က မျက်လုံးပြူးမျက်ဆံပြူးနှင့်မေး၍ သူ အေးစက်စက်ပြုံးပြလိုက်ပြီး

"မင်းနဲ့ငါ ပြင်ဦးလွင် တက်ရအောင်ကွာ"

"ဟ …ဘယ်လိုဖြစ်တာလဲ၊ ခေါ်တုန်းကတော့ အိုက်တင်ခံနေပြီး"

"အခုသွားချင်လို့ပေါ့ကွ၊ လုပ်ကွာ မြန်မြန်လုပ်"

"မင်းတော့ သွားပြီ"

အခန်းထဲမှ ထွက်ခဲ့တော့ ကိုဇော့် အော်ဟစ်ညည်းညူသံက နောက်တွင် ပျံ့လွင့်ကျန်ခဲ့သည်။ ဧည့်ခန်းထဲတွင်ရပ်၍ မီးမွှန်တို့နှင့် ဝေဝါးနေသော အပြင်ဘက်ကို မှန်ချပ်များမှတစ်ဆင့် ဖြတ်သန်းငေးမောရင်း ခပ်ဖျော့ဖျော့ပြုံးနေလိုက်မိသည်။

ဘောင်းဘီခါးပတ်ကို အပြီးသတ်ပတ်၍ အဖြူခံတွင် ပန်းရောင်နှင့်အပြာစပ်ထားသော ဂျာကင်ကို လက်မှဆွဲကာ အိပ်ခန်းထဲမှတစ်ဆင့် ဧည့်ခန်းကိုဖြတ်၍ အခန်းအပြင်ဘက်သို့ ထွက်ခဲ့သည်။ မေမေနှင့်မချိုတို့က ပြင်ဆင်မပြီးသေးတာမို့ အဆောင်အပြင်ဘက်ကို လမ်းလျှောက်ကြည့်ချင်စိတ်နှင့် မေလေးတစ်ယောက်တည်း ထွက်ခဲ့ခြင်းပါ။



ပြင်ဦးလွင် နန်းမြိုင်ဟိုတယ်က နံနက်ခင်း၏အလှတရားကို အပြည့်အဝဖော်ကျူးထားသည်။

အပြင်ဘက်တွင် စိမ့်အေးနေ၍ ကိုယ်ကျပ်အင်္ကျီလက်ပြတ်အနက်ပေါ်မှ ဂျာကင်ကို ထပ်စွပ်ဖြစ်သည်။ အဆောင်ရှေ့တွင် ခေတ္တရပ်၍ ငေးမောနေမိရာမှ ဖြည်းဖြည်းဆက်လျှောက်လာခဲ့သည်။ နှင်းစက်တို့ စိုနေသော သစ်ပင်သစ်ရွက်တို့က နံနက်ခင်း၏ နေခြည်နုနုအောက်တွင် စိုလက်တောက်ပနေကြသည်။

ညဘက် မြို့ထဲတွင် ထမင်းထွက်စားပြီး မြင်းလှည်းနှင့်ပြန်လာစဉ်က ဟိုတယ်ဝင်းထဲလမ်းလျှောက်ဖို့ စိတ်ကူးရှိသော်လည်း မိုးချုပ်သွား၍ မလျှောက်ဖြစ်လိုက်။ ရထားလုံးပေါ်တွင် ငေးမောလိုက်ပါလာရင်း ဗိုလ့်ကို တိတ်ဆိတ်စွာ သတိရနေခဲ့မိသည်။ ဗိုလ်မပါသော ခရီးကို အဓိပ္ပါယ်မဲ့သလိုခံစားနေရသည်လေ။

လမ်းကလေးများအတိုင်း လျှောက်လာရင်း စိမ်းစိုသော မြက်ခင်းပြင်အလယ်တွင် အုပ်မိုးထားသော အပင်ကြီးကို နှစ်သက်လွန်းစွာ ရပ်ကြည့်မိသည်။ အဝါရောင်၊ ပန်းခက်များ ထိုးထောင်ထွက်နေပုံက ထူးခြားလှပလွန်းသည်။ ဂျပန်ပိတောက်တွေဟု မနေ့ကတည်းက မချိုပြောပြထား၍ မေလေးသိရှိထားရသည်။ ဂျပန်ပိတောက်ပင်အောက်ရှိ ခုံတန်းလေးတွင် သွားထိုင်နေလိုက်ပြီး ပတ်ဝန်းကျင်ကို စိတ်လက်အေးချမ်းစွာ ငေးမောနေမိသည်။

"မေလေးရေ …"

www.burmeseclassic.com

www.burmeseclassic.com



မြက်ခင်းအစပ်မှ လက်လှမ်းပြနေသော မချိုကို တွေ့လိုက်ရတာမို့ မေလေး လျှောက်သွားလိုက်သည်။

"မနက်စာသွားစားဖို့ ခေါ်နေပြီ"

မချိုနှင့်နှစ်ယောက်သား အဆောင်သို့ပြန်လာခဲ့ကြပြီး ပင်မဆောင်တွင် မနက်စာ သွားစားကြသည်။ မနက်စာစားပြီး ထွက်လည်ဖို့ စီစဉ်ကြတော့ ကိုမော်က ရေတံခွန်သို့အရင်ဆုံး ပို့ပေးမည်ဟုပြော၍ ရေတံခွန်သို့ ကားဖြင့်ထွက်ခဲ့ကြသည်။

"ဒီမြို့ကို မေလေး အရမ်းသဘောကျတာပဲ"

ကုန်း အနိမ့်အမြင့်လေးများနှင့် အေးချမ်းတိတ်ဆိတ်သော လမ်းအတိုင်း ငေးမောလိုက်ပါလာရင်းက မချိုကို လှည့်ပြောမိသည်။

"သမီးက ဒီတစ်ခါတော့ ခံနိုင်ရည်ရှိနေပါလား"

ရှေ့ခန်းတွင် ထိုင်လိုက်လာသော ဖေဖေက နေမကောင်းမဖြစ်သေးသော သမီးကိုလှည့်ချီးကျူးသည်။

"မန္တလေးနဲ့တည့်တယ်ထင်တယ်၊ မချိုတို့ဆီမှာ နေခဲ့ပါလား"

မချိုက ဆွဲဆောင်နေတာမို့ မေလေး ရယ်နေလိုက်မိသည်။ မေမေက မေလေးကို ခဏတဖြုတ်ပင် ထားခဲ့မည် မဟုတ်တာ မေလေး ကြိုသိနေသည်ပဲ။

ရေတံခွန်ရောက်တော့ ကားရပ်သည်နှင့် မေလေး ရှေ့ဆုံးမှဆင်းဖြစ်သည်။ ဖေဖေနှင့်မေမေနောက်မှ အေးအေး ဆေးဆေး လိုက်ခဲ့မည်ဟုပြော၍ မေလေးတို့သုံးယောက် ရှေ့မှထွက်လာခဲ့ကြသည်။



"ရေနဲ့နီးလို့ အေးနေတာပဲနော်"

ရေတံခွန်ကို မမြင်သေးသော်လည်း ရေကျသံနှင့်အတူ ရေငွေ့ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး အေးစိမ့်နေသည်။

"ဒါ စွယ်တော်တွေမဟုတ်လား၊ ပန်းရောင်လေးတွေနော်"

ကုန်းအတက် လမ်းလေးတွင် အုပ်အုပ်ဆိုင်းဆိုင်း ပေါက်နေကြသော ပန်းရောင်စွယ်တော်ပွင့်များကို ကြည့်ကာ မေလေး အံ့သြနှစ်ခြိုက်နေရသည်။

"မေလေး ခဏနော်"

ကိုမော်နှင့် မချိုက အသိများနှင့်တွေ့၍ စကား ခဏသွားပြောနေသည်ကို စောင့်ရင်း စွယ်တော်ပွင့်လေးများကို ငေးမောနေမိသည်။ မေလေးနှင့် မမှီတမှီတွင်ပွင့်နေသော စွယ်တော်ပွင့်လေးကို ခူးရန်ကြိုးစားနေစဉ် တစ်စုံတစ်ယောက်က ခူးလိုက်တာမို့ မေလေး ဆတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

ပန်းလေးကို လက်ထဲတွင်ကိုင်ကာ ဆော့ကစားရင်း မျက်နှာလွှဲထားသော ဗိုလ်ကို တွေ့လိုက်ရတာမို့ အံ့သြခြင်း၊ ဝမ်းသာပျော်ရွှင်ခြင်းများနှင့် မေလေး ရင်ခုန်သံတွေ ဝုန်းဒိုင်းကြဲသွားရသည်။

"ဗိုလ်"

ပြောစရာစကားတွေအားလုံး မေ့လျော့ကုန်ကာ နာမည်ကိုသာ တိုးဖျော့စွာ ရွေ့ရွတ်လိုက်မိသည်။ မေလေး

www.burmeseclassic.com

www.burmeseclassic.com



ကို လှမ်းကြည့်လာသော ဗိုလ့်မျက်လုံးများက ရယ်ရွှင်ရိပ်သန်းနေကြပြီး စွယ်တော်ပွင့်လေး ကမ်းပေးတာမို့ မေလေး အမှတ်မထင်ယူထားလိုက်မိသည်။

"ဟဲ့ ကိုဇော်တို့ ဘယ်တုန်းကရောက်နေတာလဲ"

မချို တအံ့တသြမေးသံကြားမှ မလှမ်းမကမ်းတွင် ကိုဇော်ပါ ပါလာမှန်း သတိထားမိတော့သည်။

"မနေ့ကပဲ၊ ဒီကောင်လဲ ပျင်းတာနဲ့ တက်လာကြတာ"

"အံ့ရော၊ ငါတို့နဲ့တော့ အတူတူမတက်ဘဲနဲ့"

ကိုဇော်နှင့် မချိုပြောဆိုနေသမျှကို ဗိုလ်က နှုတ်ဆိတ်နေပြီး မေလေးကတော့ တအံ့တသြနားထောင်နေ ဖြစ်သည်။

"ဒီကောင်တွေပါတော့ ပိုစည်သွားတာပေါ့"

ကိုမော်က အားရပါးရ အော်ဟစ်ပြောဆိုပြီး မေလေးတို့အားလုံး ဆက်လျှောက်လာခဲ့ကြသည်။

"ဟယ် …လှလိုက်တာ"

ရေမှုန်ဖွေးဖွေးတို့ တဝေါဝေါစီးကျနေသော ရေတံခွန်ကိုကြည့်ကာ မေလေး တအံ့တသြ ရေရွတ်လိုက်မိသည်။ ရေစပ်ရှိ သစ်သားတန်းလေးတွေဆီသွား၍ ဓာတ်ပုံရိုက်ပြီး ရေဆော့နေမိတော့ ဗိုလ်က ခပ်လှမ်းလှမ်းမှ စောင့်ကြည့်နေသည်။

နေရာအနှံ့လျှောက်သွားရင်း ဗိုလ်ရှိနေသည်ဟူသော အသိကြောင့် အရင်ကထက် ပိုမိုပျော်ရွှင်နေမိသည်။ ကြိုး



တံတားပေါ်မှအဖြတ် မေလေး ကြောက်နေသည်ကိုကြည့်ပြီး ဗိုလ်က ရယ်ချင်ဟန်နှင့် နှုတ်ခမ်းစေ့ပြုံးကာနေသည်။

ကြိုးတံတားထိပ်ရှိ သစ်သားဆောင်လေးတွင် ခဏထိုင်ကြရင်း မေလေးနှင့် မလှမ်းမကမ်းတွင် ထိုင်နေသော ဗိုလ်ကို မသိမသာ ခိုးကြည့်မိသည်။ အိတ်တွင် အပြာနုစ်လိုင်းပါသော ရှပ်အင်္ကျီဖြူဆွတ်ဆွတ်နှင့် ဂျင်းပင်န်နက်ပြာကို တွဲဖက်ဝတ်ဆင်ထားသော ဗိုလ်ပုံစံက သန့်နေသည်။ ဂျင်းပင်န်များနှင့် ရယ်ဒီမိတ်ရှပ်အင်္ကျီများသာ စွဲစွဲမြဲမြဲဝတ်တတ်တာ ဗိုလ့်စတိုင်လ်ပဲဟု မေလေး သတိထားမိသည်။

တံတားပေါ်တွင် မချိုကို ကိုမော်က ဓာတ်ပုံရိုက်ပေးနေပြီး ကိုဇော်ကလည်း လှေကားမှ ဆင်းသွားနှင့်တာမို့ အဆောင်ပေါ်တွင် မေလေးတို့နှစ်ယောက်သာ ကျန်ခဲ့သည်။

"ဗိုလ်က ဒီကို ခဏခဏရောက်ဖူးမှာပေါ့နော်"

မေလေးစကားကို ဗိုလ်က ခေါင်းညိတ်ပြပြီး မေလေးလက်ထဲမှ စွယ်တော်ပွင့်လေးကို စိုက်ကြည့်နေသည်။

"ကျေးဇူးပဲနော် ဗိုလ်"

စွယ်တော်ပွင့်လေးကို မြှောက်ပြလိုက်ပြီး ပြောဖို့မေ့နေခဲ့သော စကားကို အခုမှ ပြောဖြစ်သည်။ ဗိုလ်က မေလေးမျက်နှာကို ပြုံးကြည့်ကာ …

"နွမ်းသွားမှာနော်"

"နွမ်းလဲ သိမ်းထားမှာပေါ့"

အရောင်တစ်မျိုးလက်သွားသော ဗိုလ့်မျက်ဝန်းတို့တွင် မေလေး တစ်ကိုယ်လုံး အရည်ပျော်ဝင်သွား [illegible]ခံစား

www.burmeseclassic.com

www.burmeseclassic.com





လိုက်မိသည်။

ရေတံခွန်မှ ရက္ခဇေဒဥယျာဉ်သို့ ဆက်ထွက်ခဲ့ကြတော့ ဗိုလ်တို့ဆိုင်ကယ်လည်း ပါလာကြောင်းတွေ့ရသည်။ ကိုမော်တို့နှင့် အော်ဟာစ်နှုတ်ဆက်တော့ မေမေက မချိုကို မေးမြန်းနေသံကြားသော်လည်း မေလေး သတိမထားမိလိုက်။

ရက္ခဇေဒဥယျာဉ်သို့ လျှောက်ကြည့်ကြရင်း မနီးမဝေးတွင်ရှိနေသော ဗိုလ့်ကြောင့် စိတ်ထဲတွင် ချမ်းမြေ့ကြည်နူးရလွန်းသည်။ အပင်အမည်များ ပေးထားသောလမ်းများအတိုင်း တမေ့တမောလျှောက်ဖြစ်ကြသည်။

ပန်းရောင်စုံများနှင့် အေးချမ်းသာယာသော ဥယျာဉ်အတွင်း ခြေညောင်းလောက်အောင် လျှောက်ပြီးမှ ရေကန်အစပ်ရှိ အုတ်တံတားခုံပေါ်တွင် ထိုင်ဖြစ်ကြသည်။ လူကြီးနှစ်ယောက်ကတော့ အေးအေးဆေးဆေးမို့ နောက်မှာကျန်နေခဲ့သည်။

"မေလေးပြန်သွားရင် မချိုတော့ပျင်းကျန်ခဲ့မှာပဲ"

မချိုစကားကြောင့် မေလေးစိတ်တွေ နွမ်းလျသွားရပြီး တစ်ဖက်အုတ်ခုံထောင့်စွန်းမှ ဗိုလ်ထိုင်နေရာသို့ လှမ်းကြည့်လိုက်မိသည်။ မေလေးနှင့် အကြည့်ချင်းဆုံပြီး တစ်ဖက်သို့ မျက်နှာလွှဲသွားသော ဗိုလ့်အရိပ်အကဲကို မေလေးမသိရှိနိုင်သော်လည်း မေလေးကတော့ ပြန်ရမည့် စကားကို ကြားရုံနှင့် ရင်ထဲမှာ ဟာလာရသည်။

မေလေး မျက်နှာမကောင်းမှန်း ရိပ်မိသွား၍ မချိုက စကားလမ်းကြောင်းပြောင်းသွားသည်။ အခုထိ တယုတယ



ကိုင်ထားမိဆဲဖြစ်သော စွယ်တော်ပွင့်လေးကို ငေးရိုက်ကြည့်နေမိရင်း မေလေးရင်မှာ ဝမ်းနည်းလာရသည်။ အတွယ်အတာတွေ ပိုလွန်းနေမိသလားပဲ ဗိုလ်။

"ကဲ ...သွားကြမယ်"

ကိုမော်က ဦးဆောင်လာဆော်တာမို့ မေလေးတို့လည်းထဖြစ်ကြသည်။ ရက္ခဇေဒဥယျာဉ်မှပြန်လာခဲ့ပြီး ဘုံကျောင်းသို့ ခဏဝင်ကြည့်ကြသည်။ မေမေတို့က သစ်သီးယိုစုံများ စိတ်ဝင်တစားဝယ်ကြသော်လည်း မေလေး ငြိမ်နေမိသည်။

"အန်ကယ်က ပြောတယ်၊ ဒီနေ့ နေ့လယ်စာစားပြီးရင် ပြန်ဆင်းမယ်တဲ့"

ကိုမော်က မေလေးတို့ လူငယ်အုပ်စုကို လာပြောပြသည်။

"ဗိုလ်တို့ရော ပြန်မှာလား"

ဗိုလ့်ကို မေးကြည့်လိုက်တော့ ဗိုလ်က ခေါင်းညိတ်ပြတာမို့ မေလေး ကျေနပ်သွားရသည်။ ဟိုတယ်သို့ တန်းပြန်၍ ပစ္စည်းများသိမ်းကာ အခန်းပြန်အပ်ခဲ့ပြီး နေ့လယ်စာအဖြစ် ရှမ်းခေါက်ဆွဲဝင်စားကြသည်။ ဗိုလ်တို့နှင့် လမ်းခွဲလိုက်ပြီမို့ အပြန်လမ်းတစ်လျှောက်လုံး မေလေး ငြိမ်သက်စွာလိုက်ပါလာမိသည်။ ဂငယ်ကွေ့လမ်းများကြောင့် ဗိုလ်တို့အတွက် စိုးရိမ်ပူပန်နေမိသေးသည်။ ကိုမော့်ထံမှ ကိုဇော်လာနေကျလမ်းဖြစ်ကြောင်း သိရမှ စိတ်အေးမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ့်တစ်မိုင်စခန်းတွင် ကားခဏရပ်ပြီး လက်ဆောင်ပစ္စည်းများ ဝယ်ကြသည်။ မေလေးတို့ကား ပြန်ထွက်ခါနီးတွင် ဗိုလ်တို့ဆိုင်ကယ် ဝင်လာတာတွေ့ရတာမို့ မေလေးလက်ဝှေ့ယမ်း နှုတ်ဆက်လိုက်မိသည်။ ဖျူးဗိုင့်တွင် ခဏရပ်၍ ရှုခင်းများကြည့်ပြီးနောက် မန္တလေးသို့ တန်းဆင်းလာခဲ့ကြသည်။

မန္တလေးရောက်၍ ရေမိုးချိုးပြီး အနားယူတော့မှ တရိတသေသိမ်းဆည်းလာခဲ့သော စွယ်တော်ပွင့်လေးကို ဒိုင်ယာရီလေးထဲ ညှပ်ထားလိုက်သည်။ ပန်းတွေဘာတွေ သိမ်းဆည်းလေ့မရှိသော မေလေးအတွက်တော့ အထူးဆန်းဆုံးကိစ္စပဲဖြစ်သည်။ နွမ်းသွားရင်လဲ ပန်းခြောက်ကလေးအဖြစ်နဲ့ သိမ်းဆည်းထားချင်တယ်။ အမှတ်တရပေါ့ဗိုလ်။

"သမီး ဘာဝယ်ဦးမလဲ"

မေမေက ဂရုတစိုက်မေးသော်လည်း မေလေးပေါက်ကြွမှုကင်းမဲ့စွာ ခေါင်းခါပြလိုက်မိသည်။ ဈေးချိုတစ်ခုလုံးမှာ မေလေးလိုချင်တပ်မက်သည့်အရာ တစ်ခုမှမရှိဘဲ ဖြစ်နေရတာ အံ့သြစရာတော့ကောင်းသည်။ ဒီနေ့ညရထား



နဲ့ပြန်မယ်ဟု သိရှိလိုက်ရပြီးကတည်းက မေလေး ဘယ်အရာကိုမှ စိတ်ဝင်စား၍ မရတော့ခြင်းဘဲဖြစ်သည်။ နောက်ပိုင်းဈေးချိုထဲသွားရန် မေမေတို့ခေါ်ရာသို့လိုက်လာရသော်လည်း မေလေးစိတ်တွေက ခွဲခွာရခြင်းအတွက် နှုတ်မဆက်ခင်ကြိုတင် ကြေကွဲနေမိသည်လေ။ ပြန်ချိန်တန်ပြီမှန်း စိတ်ကသိနေရက်နှင့် လက်ရှိအခိုက်အတန့်ခဏလေးကိုပဲ ပွေ့ယ်တာလွန်းနေမိတာ။ တကယ်ဆို ယုံကြည်နိုင်စရာပင်မရှိ။

မန္တလေးအပြန် လက်ဆောင်အဖြစ် ထိုးမုန့်၊ လမုန့်များဝယ်ရန် ကိုမော်က ဆိုင်လိုက်ပြပေးသည်။ အာလူးဆာနွှင်းမကင်းတွေ မြည်းခိုင်းတော့ ကိုမော်က ဆိုင်ရှင်နှင့်ရင်းနှီးသူမို့ အားရပါးရစားရင်း မေလေးကိုလည်း လာမြည်းခိုင်းနေသည်။

"ဟင့်အင်း ...မစားချင်ဘူး ကိုမော်"

ကိုမော်က နားမလည်သလို ကြည့်သော်လည်း မေလေးအာရုံထဲမှာ ဤအရာတွေလုံးဝမရှိတာအမှန်။ မေမေတို့က မျိုးစုံအောင်ဝယ်နေတာမို့ မုန့်ဘူးတွေအထပ် လိုက်ဖြစ်နေရသည်။ မေမေတို့ကို ရပ်စောင့်ရင်း ဘာကိုမှ စိတ်မရှည်နိုင်အောင် ဖြစ်နေရသည်။

"ရန့်ဖို့ ဝယ်ဦးသမီး"

မေမေ သတိပေးမှ ရန့်ဖို့မုန့်ဝယ်ရန် သတိရလာပြီး ရန့်ကို လုံးဝမေ့လျော့ထားမိသည့်အတွက် ကိုယ့်ကိုယ်ကို အံ့သြခြင်းကြီးစွာ ဖြစ်မိသည်။ ရန့်အတွက်မုန့်ကိုတော့ မေမေက ဂရုတစိုက်ဝယ်ပြီဖြစ်သည်။ ဈေးချိုမှအပြန် ချိတ်လုံချည်များရက်သည့် ရက်ကန်းစင်တစ်ခုကို မေမေတို့

www.burmeseclassic.com

www.burmeseclassic.com



ဝင်ကြည့်နေသေးတာမို့ မေလေး စောင့်နေရသေးသည်။

အိမ်ပြန်ရောက်ပြီး ပစ္စည်းများသိမ်းရင်း မေလေး မျက်နှာမကောင်းနိုင်သည်ကို မချို ရိပ်စားနားလည်ဟန်နှင့်တစ်စုံတစ်ရာမမေးဘဲ တိတ်ဆိတ်နေသည်။

"ခဏနေရင် အိမ်ကထွက်တော့မှာ၊ ကိုမော် အခုပဲ လာခဲ့ပါ"

မေလေးအနီးတွင် ဖုန်းပြောနေသော မချိုစကားသံကို အမှတ်တမဲ့ကြားလိုက်ရ၍ မေလေး စိတ်ဝင်စားသွားရသည်။

မချိုနှင့် ကိုမော်ပြောနေတာမို့ ကိုမော့်အနားမှ ဗိုလ်ရှိနေနိုင်သည်ပဲ။ နောက်ဆုံးအနေနဲ့ မင်းဆီက တစ်ခုခုတော့ ကြားချင်တယ်ဗိုလ်။

"မချို ··သမီး ဗိုလ်တို့နဲ့ ခဏပြောချင်လို့"

မချိုက မေလေးကို နားလည်စွာကြည့်ပြီး ကိုမော့်ကို ပြောပေးကာ မေလေးလက်ထဲသို့ ဖုန်းထည့်ပေးခဲ့သည်။ ဖုန်းခွက်လေးကို တင်းကျပ်စွာဆုပ်ကိုင်ထားရင်း တစ်ဖက်ထွက်ပေါ်လာမည့် အသံကို တုန်လှုပ်စွာ နားထောင်နေမိသည်။

ဖုန်းခွက်ကို မ,ယူလိုက်သည့်အသံကြားရုံနှင့် ရင်ခုန်နှုန်းတွေမြင့်တက်လာရသည်။

"ဟလို"

အလွယ်တကူ မှတ်မိနေနိုင်သည့်အသံမှာ တောင့်တောင့်က နားထဲသို့ တိုးဝင်လာသည်။ ဗိုလ့်အသံက ခန္ဓာကိုယ်မှ အင်အားမှန်သမျှကို ကုန်ခမ်းသွားစေကာ ရင်ခုန်ခြင်းများစွာ မောပန်းလို့လာသည်။



"ဗိုလ်လား"

"ဟုတ်တယ်"

အနည်းငယ် နူးညံ့သွားသော ဗိုလ့်အသံတွင် တုန်ခါခြင်းတစ်မျိုး ပါနေသည်ဟု ထင်မိရင်း မေလေးကို ပြန်လည်မေးခွန်းမထုတ်သည်ကို သတိထားလိုက်မိသည်။

"အခု ဘာလုပ်နေလဲဟင်"

ဗိုလ့် ပုံစံကို မှန်းဆမြင်ယောင်လိုက်ရင်း မရည်ရွယ်ဘဲ မေးဖြစ်သွားရသည်။

"ဂစ်တာတီးနေတယ်"

"ဘာသီချင်းလဲ"

"ခိုင်ထူးသီချင်း"

ရည်ရွယ်ချက်မရှိ ပြောဖြစ်သော်လည်း နှစ်ဦးစလုံးအတွက် ပေါ့ပါးမနေ။ မေလေး မေးသမျှ ဂရုတစိုက်ဖြေနေသော်လည်း ဗိုလ်ကတော့ တစ်ခွန်းမှ တုံ့ပြန်မမေး။ စိတ်ဝင်စားမှုမရှိခြင်းထက် တစ်ခုခုပြောလိုက်ဖို့ နှစ်ယောက်စလုံး ဝန်လေးနေကြခြင်းပဲဖြစ်သည်။

"ဗိုလ့်ကို မေလေးနှုတ်ဆက်တာပါ"

သက်ပြင်းတစ်ချက်ရှိုက်ရင်း မပြောချင်ဆုံးစကားကိုတိုးတိတ်စွာ ပြောဖြစ်သည်။ ဗိုလ့်ထံမှ တိတ်ဆိတ်စွာအသိအမှတ်ပြုခြင်းကိုပဲ ပြန်လည်ရရှိလိုက်သည်။

"မေလေးတို့ ဒီညရထားနဲ့ပြန်မယ်"

"ကိုမော် ပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းထဲမှပင် ဗိုလ့် အသက်ရှူသံပြင်းပြင်းကို ကြား နေရသည်။ မင်းသိပ်နေနိုင်တာပဲဗိုလ်ရယ်။

“ဗိုလ်ရော ဘယ်တော့ပြန်မလဲ”

“မပြောတတ်သေးဘူး”

ဖုန်းခွက်ကို လက်ညှိုးနှင့်မသိမသာ ပွတ်တိုက်နေ မိရင်း တိတ်ဆိတ်စွာ ဝမ်းနည်းနေမိသည်။ ဒီထက်ပိုပြီး ဘာများပြောနိုင်ဦးမှာတဲ့လဲ။ မေလေးနဲ့ဆက်သွယ်နိုင်တဲ့ လိပ်စာကို ကိုမော့်ဆီကတစ်ဆင့် စုံစမ်းနိုင်ပေမယ့် မေလေး ဆီက မတောင်းယူတာ ဆန္ဒမရှိလို့ဘဲလား။

“ဒါပဲနော် ကိုမော့်ကိုလည်း နှုတ်ဆက်တယ်လို့ ပြော ပေးပါ”

ပြန်ချလိုက်သော ဖုန်းခွက်နှင့်အတူ မျှော်လင့်ချက် အင်အားတွေလဲ ဆုံးရှုံးသွားရသည်။ ငိုချလိုက်ချင်သောစိတ် ကို ကြိုးစားထိန်းချုပ်ရင်း အသက်မဲ့စွာလှုပ်ရှားနေဖြစ်၏။ အားလုံးကို နှုတ်ဆက်၍ အိမ်မှအထွက်တွင် သောကအပူ တို့က ရင်ကိုသိသာစွာ ရိုက်ခတ်လာသည်။

သံယောဇဉ်မီးတစ်စနဲ့ ငါ့ရင်ထဲမှာ လောင်ကျွမ်းနေရ ပြီဗိုလ်။ ဒီမီးတွေ ဘယ်တော့ငြိမ်းမလဲဆိုတာတော့ ငါကိုယ် တိုင်လဲ မသိနိုင်သေးဘူးလေ။



ညစာကို အန်တီမူမူတို့ မိသားစု၊ ကားလိုက် မောင်းပေးသည့် ကိုမော်နှင့်အတူတူစားဖြစ်ပြီး ဘူတာရုံသို့ တန်းလာခဲ့ကြသည်။ အထုပ်အပိုးတွေ တစ်ယောက်တစ် လက်ဆွဲရင်း ဘူတာရုံထဲသို့ လှမ်းဝင်လိုက်သည့်အချိန်တွင် မေလေး ခြေလှမ်းတွေလေးလံလွန်းလှသည်။

လျှပ်စစ်မီးရောင်အောက်တွင် ငြိမ်သက်စွာ ရပ်နားနေ သော ရထားကြီးကိုမြင်တော့ မေလေးချောက်ချောက်ချား ချားဖြစ်လာသည်။ မချိုနှင့်ကိုမော်တို့က တွဲပေါ်အထိ ပစ္စည်း တွေလိုက်နေရာချပေးပြီး ရထားထွက်ရန် အချိန်လိုသေးတာမို့ တွဲအောက်ပြန်ဆင်းပြီး စကားပြောနေကြသည်။ စကားပြော ချင်စိတ်မရှိတာမို့ ပစ္စည်းတွေ စောင့်ရင်း မေလေးတွဲပေါ်မှာပဲ နေခဲ့သည်။

အမှောင်ရိပ်တို့ ကြီးစိုးနေသည့် ပတ်ဝန်းကျင်ကို ရထားပြတင်းပေါက်မှ ငေးမောရင်း မန္တလေးမြို့တစ်နေရာ တွင်ရှိနေမည့် ဗိုလ့်ကို သတိရနေမိသည်။ မင်းကိုဘယ်လို နားလည်ရမလဲဗိုလ်။ မင်းမျက်ဝန်းတွေကို ယုံချင်နေပေ မယ့်လည်း ဗိုလ်ရယ်။

မမျှော်လင့်ဘဲ တွေ့ဆုံခဲ့ရတဲ့လူစိမ်းတစ်ယောက်ကို ထူးထူးခြားခြား ငြိတွယ်ခဲ့ရတဲ့ငါ့မှာ အသိရခက်လွန်းတဲ့ ဒီလူစိမ်းကြောင့် မပျော်ရွှင်နိုင်ပြန်ဘူးကွယ်။ မင်းဟာ ဘယ်လို လူလဲလို့ တွေးနေမိပါရဲ့။ ငါတွေ့ရှိထားတဲ့ မင်း မျက်ဝန်း တွေဟာ အကြင်နာတရားကင်းလိမ့်မယ်လို့ မထင်ပါဘူးလေ။

သက်ပြင်းတစ်ချက်ကို လေးလံစွာချမိရင်း တွဲတွင်းသို့

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြန့်လှည့်လိုက်စဉ် တွဲ၀တွင်ရပ်နေသော လူရိပ်တစ်ခုကြောင့် အံ့သြမှင်သက်သွားရသည်။ အမှောင်ရိပ်ကျသောနေရာတွင် ရပ်နေသောကြောင့် မျက်နှာကို ထင်ရှားစွာမမြင်သာသော်လည်း လူအရိပ်ကလေးကို ကြည့်ရုံနှင့် မေလေး အလိုလို ခံစားသိရှိလာရသည်။ ဒါဟာ အိပ်မက်များလားဗိုလ်။

ဖြည်းညင်းစွာထရပ်မိပြီး ဗိုလ်ရှိရာသို့ စူးစိုက်ကြည့်နေမိရင်း နှလုံးတွေပေါက်ထွက်မတတ် ခုန်လာကြသည်။ ဗိုလ်က မေလေးရှိရာသို့ တစ်လှမ်းချင်းလျှောက်လာနေပြီး ကိုဇော်ကနောက်မှလိုက်လာသည်။ မေလေးရှေ့တွင် ခြေစုံရပ်ကာကြည့်လာသော ဗိုလ့်မျက်ဝန်းများက စကားများစွာဆိုနေကြတာမို့ မေလေးရင်မှာ ကြေကွဲလာရသည်။

ရထားမီးရောင်မှိန်မှိန်အောက်တွင် ခံစားမှုနှင့် တင်းမာနေသော ဗိုလ့်မျက်နှာက မေ့ရက်နိုင်စရာမရှိ။ မေလေးကို စူးစိုက်ကြည့်နေရင်းက ပျော့တော့သောအပြုံးကို ဗိုလ်ဖန်တီးသည်။ မေလေးကတော့ ဟန်ဆောင်နိုင်စွမ်းမရှိပြီမို့ အပြုံးပင် မပီပြင်နိုင်တော့။ ရင်ထဲမှာဆို့နင့်လာမှုကို ကိုယ်တိုင်လည်း မထိန်းချုပ်နိုင်။ မင်းကို ခွဲခွာရမယ်ဆိုတဲ့ အသိနဲ့ငါ အရမ်းခံစားနေရပြီ ဗိုလ်ရေ။ မင်းသိရဲ့လား။

လွတ်လပ်စွာငိုကြွေးပစ်လိုက်ဖို့လည်း ငါတို့တွေကချစ်သူတွေမှမဟုတ်တာဗိုလ်ရယ်။ ဒါပေမယ့် ငါငိုချင်နေတာလဲ အမှန်ပါပဲ။ အဲဒါဘာကြောင့်များလဲ။

"ဒီကောင်က ချက်ချင်းကြီးသွားမယ်လုပ်လို့ ထ



လာရတာ၊ မှီတောင် မှီပါ့မလားလို့"

ကိုဇော်က ငြိမ်သက်နေသည့် သူ့သူငယ်ချင်းကို အားမရဟန်နှင့် ဝင်ပြောတာမို့ မေလေး ဘာမှမပြောတတ်ဘဲ ခေါင်းညိတ်၍ပြုံးနေလိုက်မိသည်။ မေလေးဆီကို ဗိုလ်လာနှုတ်ဆက်တာပေါ့နော်။ မေလေးထင်သလောက်လည်း ဗိုလ် သံယောဇဉ်မကင်းနိုင်ဘူးပေါ့။

ကိုဇော်က မလှမ်းမကမ်းသို့ ပြန်လှည့်သွားပြီး ရပ်စောင့်နေ၍ ဗိုလ်နှင့်မေလေးတို့နှစ်ယောက်သာ မျက်နှာချင်းဆိုင်ရပ်ကျန်ခဲ့သည်။ ဗိုလ်က ဆံပင်တို့ကို သပ်လှန်နေရင်း မေလေးမျက်နှာကို စိုက်ကြည့်လာတာမို့ ရှက်ရွံ့ကြည်နူးစွာနှင့် ဗိုလ်ဝတ်ထားသော လယ်သာဂျာကင်နက်နက်ပေါ်သို့ အကြည့်ရွှေ့ပြောင်းလိုက်မိသည်။

"မေလေး"

ပထမဆုံးအဖြစ် နာမည်ခေါ်လိုက်သော ဗိုလ်အသံက မေလေးနှလုံးသားကို ဖမ်းစားညှို့ငင်လိုက်တာမို့ ဗိုလ် မျက်ဝန်းများကို အလန့်တကြားလှမ်းကြည့်လိုက်မိသည်။

"ရန်ကုန်ရောက်ရင် မေ့သွားမှာလား"

မေလေးကြားဖူးသမျှထဲမှာ အနူးညွတ်ဆုံးသောစကားသံမို့ အံ့သြခြင်းနှင့်အတူ ရင်ခုန်လှိုက်မောလာရသည်။ အဆင့်တွေအားလုံးကိုကျော်ပြီး ဗိုလ် ဘယ်လိုအဓိပ္ပါယ်နဲ့ပြောလာတာလဲ။ ဘာမှမစဉ်းစားချင်တော့ဘူးကွယ်။ ရင်ထဲမှာရှိတဲ့အတိုင်းပဲ ပြောပါရစေတော့။

"မေလေး မမေ့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"တို့လည်း ဘယ်တော့မှ မမေ့ဘူး"

တိုးတိတ်ညင်သာသသော်လည်း နိုင်မာလေးနက်မှုရှိသော ဗိုလ့်စကားသံက နှလုံးသားအထိ ရိုက်ခတ်သွားသည်။ နှုတ်ဆက်စကားမဆိုဘဲ ဗိုလ်တွက်သွားတာမို့ မေလေးကြောင်ငေးနေဆဲ တွဲပေါ်သို့ မေမေတို့ပြန်ရောက်လာကြသည်။ ရထားထွက်ချိန် နီးကပ်နေပြီဟူသောအသိကြောင့် ရင်ထဲမှာ ဆို့နင့်လာကာ အလိုလိုငိုချင်လာရသည်။

မချိုတို့ကို ပြတင်းပေါက်မှထွက်၍နှုတ်ဆက်နေဆဲ အချက်ပေးခေါင်းလောင်းသံကြောင့် မချိုတို့အပြင်ဘက်ထွက်သွားကြသည်။ သံဆန်ခါတစ်ဘက်မှ လူများကြားတွင် ဗိုလ့်ကိုရှာရင်း မေလေးမျက်ရည်တွေ ရစ်ဝဲလာရသည်။ အေးစက်တုန်ရီနေသော လက်ချောင်းများနှင့် ရထားပြတင်းပေါက်ဘောင်ကို တင်းကျပ်စွာဆုပ်ကိုင်ထားရင်း ဗိုလ့်မျက်နှာကိုမျှော်လင့်ခြင်းကြီးစွာ ရှာဖွေနေမိသည်။

ခပ်စောင်းစောင်းအနေအထားနှင့် ရပ်ရင်း မေလေးကို ခပ်ငေးငေးကြည့်နေသော ဗိုလ့်ကို မြင်လိုက်ရသည့်အခိုက်တွင် ရင်ထဲ၌ ဟာလှပ်လှပ်ခါကာ နှုတ်ခမ်းသားကို ဖိကိုက်ထားလိုက်မိသည်။ ဥသြသံနှင့်အတူ ရထား၏လှုပ်ရှားမှုကို သတိထားမိသည့်အခိုက် နှလုံးသားအစုံတွင် လွတ်ဟာသွားရတော့သည်။ တဖြည်းဖြည်း ဝေးကွာကျန်ခဲ့သော ဗိုလ့်ပုံရိပ်ကလေးကို မျက်တောင်မခတ် ငေးကြည့်နေမိရင်း ပြင်းပြင်းထန်ထန် ကြေကွဲနေမိသည်။

မရေရာတဲ့ မျှော်လင့်ချက်တစ်ခုနဲ့ မင်းကိုခွဲခဲ့ရပြီ



ဗိုလ်ရယ်။ အသေအချာယုံကြည်မိတဲ့ မင်းမျက်ဝန်းကစကားတွေနဲ့အတူ ငါ့ရင်ထဲမှာ အလွမ်းတွေရှိနေမယ်။ ယှဉ်နိုင်စရာမရှိလောက်အောင်ဘဲ လူစိမ်းတစ်ယောက်ကို ငါသိပ်တွယ်တာသွားမိတာ။ ဒီလူစိမ်းနဲ့ပတ်သက်သမျှကိုပဲ ငါ ရှုံးရှူးမူးမူးစွဲလမ်းနေမိတာ။ မထင်မှတ်ဘဲ ငါ့ရင်ထဲကို အခိုင်အမာ ရောက်ရှိလာတဲ့ အချစ်တရားကြောင့်ပါပဲလေ။

ဘာအကြောင်းပြချက်မှ မရှိဘဲနဲ့မင်းကို ချစ်တယ်ဗိုလ်၊ ဒီအဖြစ်ကိုလည်း မင်းကိုခွဲရတော့မှပဲ ငါကိုယ်တိုင်တအံ့တသြသိရှိခဲ့ရတာ။

မင်းဟာ ဗိုလ်ဆိုတဲ့နာမည်နဲ့လိုက်အောင် ငါ့ဘဝကို စိုးမိုးဗိုလ်လုပ်အုပ်ချုပ်တော့မယ့်သူပါပဲ။ ငါ့နှလုံးသားမှာလဲ မင်းဟာ ပြိုင်ဘက်မရှိဗိုလ်ပါပဲ။

အပြင်ဘက်သို့ လှည့်ထားမိသော မျက်နှာပြင် တစ်ခုလုံးအေးစက်လာသည်ကို သတိပြုမိ၍ ပါးပြင်ကို လက်ချောင်းများဖြင့် တို့ထိမိစဉ် ပူနွေးသော အထိအတွေ့ကို ခံစားလိုက်ရသည်။ ဘဝမှာပထမဆုံး သူစိမ်းယောကျ်ားလေးတစ်ယောက်အတွက် ကျတဲ့မျက်ရည်ပါ ဗိုလ်။

www.burmeseclassic.com

www.burmeseclassic.com

အပြင်ဘက်မှ တံခါးခေါက်သံကြောင့် ဒိုင်ယာရီထဲမှ စွယ်တော်ပွင့်ခြောက်လေးကို တရိုတသေ ပြန်ညှပ်လိုက်ပြီး …

"ဘယ်သူလဲ"

"ရန်လေးရောက်နေတယ်သမီး"

အန်တီကြီးအသံကြောင့် စိတ်တို့မှုန်းကျပ်ရှုပ်ထွေးသွားရရင်း သက်ပြင်းမောတစ်ခု ချဖြစ်သည်။

"သမီးလာခဲ့မယ် အန်တီကြီး"

အန်တီကြီးပြန်ထွက်သွားမှ ဒိုင်ယာရီလေးကို နေသားတကျ ပြန်ထားလိုက်ပြီး လေးတွဲ့စွာ ထရပ်ဖြစ်သည်။ ရန်ရောက်နေပြီတဲ့လေ။ ရန့်ကို မျက်နှာချင်းဆိုင်ဖို့၊ ရန့်စကားတွေကို နားထောင်ဖို့ မေလေးသိပ်ကို ဝန်လေးနေမိသည်။

မေလေး ပြန်ရောက်ရောက်ချင်းညက ရန်နှင့် ဖုန်းပြောဖြစ်သည့် စကားများကို ပြန်သတိရနေမိသည်။ ပြန်ရောက်ရောက်ချင်း ရန် ဖုန်းဆက်တော့ မေလေး အိပ်ပျော်နေတာမို့ ညရောက်မှ ရန် ထပ်ဆက်ခြင်းဖြစ်သည်။

"မေလေး ပျော်ခဲ့လား"

ရန့် အသံကြားမှ အိပ်မက်မှ လန့်နိုးလာသူတစ်



ယောက်လို မေလေး ခံစားလာရသည်။ မန္တလေးမှာ ဖြတ်သန်းခဲ့တာတွေဟာ အိပ်မက်တစ်ခုဆိုရင်လည်း အကောင်းဆုံးပေါ့ကွယ်။ ဒါပေမယ့် မေလေးအိပ်မက်က မဆုံးတော့မက်နေမယ့် အိပ်မက်မျိုး။

"ပျော်ပါတယ်"

ခပ်ဖွဖွ ပြန်ဖြေလိုက်သည့်အသံတွင် သို့ဝှက်ခြင်းတို့ပါဝင်နေရပြီမို့ မေလေး စိတ်မကောင်းနိုင်။ နင်နဲ့ ငါနဲ့ကြားမှာ နားမလည်နိုင်ခြင်းတွေနဲ့ နံရံခြားသွားမှာကိုတော့ မလိုလားနိုင်ပါဘူး ရန်ရယ်။

မေလေး အသံတစ်မျိုးဖြစ်နေသည်ကို ရန် ရိပ်စားမိဟန်နှင့် စိုးရိမ်မကင်းမေးလာတော့ မေလေး ရုတ်တရက်မဖြေနိုင်။ ထာဝစဉ်ရင်းနှီးပွင့်လင်းစွာ အားကိုးတိုင်ပင်ခဲ့သူမို့ ရန့်အပေါ် ဟန်ဆောင်ဖုံးကွယ်နေရမှုအပေါ် စိတ်ကျဉ်းကျပ်လွန်းလှသည်။

"ဘာမှမဖြစ်ပါဘူး ရန်ရဲ့"

"ခာတ်ပုံတွေရော ရိုက်လာရဲ့လား"

"နည်းနည်းပါးပါးတော့ ရိုက်ဖြစ်ပါတယ်"

ရန့်ဘက်မှ တိတ်ဆိတ်သွားခိုက် မေလေး သက်ပြင်းတစ်ချက် ခိုးချလိုက်မိသည်။ ငါ့ရင်ထဲမှာ ထူးဆန်းစွာခံစားနေရတာတွေကို ရင်ဖွင့်ပြချင်လိုက်တာ။

"မေလေးမရှိတော့ အရမ်းသတိရတာပဲ"

ရက်ရွံ့ခြင်းတို့ရောစွက်နေသည့် ရန့် အသံကို ကြားလိုက်ရ၍ ရင်ဆိုင်ဖြေရှင်းရမည့် ပြဿနာတစ်ခုကို မေလေး

www.burmeseclassic.com

www.burmeseclassic.com



သတိရလိုက်မိသည်။

"ပြန်လာရင် ပြောစရာရှိတယ်လို့ ပြောထားတာ မေလေး မှတ်မိလား"

"မှတ်မိပါတယ်"

ရင်မောစွာပြောလိုက်မိရင်း ရန့် ပြောလာမည့် စကားကို မကြားရဲသလို ဖြစ်နေသည်။ ငါ့ဆီက မင်း တစ်ခုခု တောင်းဆိုလာတဲ့အခါ ငါ တုံ့ပြန်မပေးအပ်နိုင်မှာကို ကြိုလို့ ရင်မောနေရတယ် ရန့်။

"မေလေးနဲ့တွေ့မှ ပြောချင်တယ်၊ ငါဘယ်တော့ လာခဲ့ရမလဲ"

"ရန်သဘောလေ၊ မေလေး အိမ်မှာရှိပါတယ်"

ရှောင်လွှဲလို့လည်း မရနိုင်တာမို့ မေလေး မငြင်း လိုက်မိ။ အရင်ကဆိုလျှင်တော့ ရန့်ကို ပြန်မချစ်နိုင်တောင်မှ သံယောဇဉ်ဖြင့် နွေးထွေးသော အချစ်တို့ကို ကြည်နူးရင်ခုန် မိဦးမှာ သေချာသည်။

"ဒါဆို မနက်ဖြန်လာခဲ့မယ်နော်၊ ဂွတ်နိုက်"

"ဂွတ်နိုက်"

ရန် ဖုန်းချသွားသည်အထိ ဖုန်းခွက်ကို ပခုံးပေါ် တင်ရင်း တွေဝေငေးမောနေခဲ့မိသည်။ မျှော်လင့်ချက်ဖြင့် တက်ကြွနေမည့် ရန့်ကို နာကျင်ထိခိုက်စေလိုသော ဆန္ဒ တစ်စုံတစ်ရာမရှိတာတော့ ရန် ယုံစေချင်သည်။ ပြီးတော့ မေလေး ခံစားချက်ကို နားမလည်နိုင်မှာလဲ အစိုးရိမ်ဆုံးပဲ ဖြစ်သည်လေ။



စိတ်ကိုတင်းလိုက်ရင်း အခန်းတံခါးကိုဖွင့်ကာ ရန့် စောင့်နေသည့် ဧည့်ခန်းသို့ ခပ်မှန်မှန် ထွက်လာခဲ့သည်။ ရုပ်အင်္ကျီဖြူဆွတ်ဆွတ်၊ ယောပုဆိုးရှားရောင်နှင့် ငြိမ်သက်စွာ ထိုင်နေသော ရန့်ကို မြင်တော့ စိတ်တွေလှုပ်ရှားလာရသည်။

ရန်က မေလေးကိုမြင်တော့ လန်းဆန်းတက်ကြွစွာ ပြုံးပြလာသည်။ ဆံပင်ရှည်တို့ကို သပ်ရပ်စွာဖြီးထားသော ရန့် မျက်နှာက ခါတိုင်းလိုပင် ကလေးဆန်ဆန် ချောမော နေမြဲ။

ရန်နှင့် မျက်စောင်းထိုးတွင် ဝင်ထိုင်လိုက်ပြီး ရန့်ထံမှ ထွက်ပေါ်လာမည့် စကားတို့ကို ရင်မောစွာ စောင့်မျှော်နေ မိသည်။

"နင်သွားတာ ခဏလေးပေမယ့် အကြာကြီးလို ပဲဟာ"

အဲဒီခဏလေးအတွင်းမှာလဲ ငါ ပြောင်းလဲသွား ခဲ့တယ်ဆိုရင် ဘယ်လို ခံစားရမလဲဟု စိတ်ထဲမှ ရေရွတ် ညည်းညူနေမိသည်။

"နင့်ကို ငါ အရမ်းလွမ်းတာပဲ"

ရန့် မျက်ဝန်းတွေက အံ့သြစရာကောင်းလောက် အောင် ရွှန်းစိုတောက်ပနေတာမို့ မေလေးရင်မှာ မကောင်း တော့။ ရန့်ကို စူးစိုက်ကြည့်ရင်း ...

"နင် ပြောစရာရှိတယ်ဆို"

"ငါ ဘာပြောမယ်ဆိုတာ နင် မသိဘူးလား"

ရန့်ထံမှ အကြည့်လွှဲကာ ခေါင်းကို ငုံ့လိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



ရင်း ...

"ငါ သိတယ်ဆိုရင် နင်မပြောဘဲနေမှာလား ရန်"

ရန့်မျက်နှာတွင် အံ့သြရပ်တို့ ထင်ဟပ်လာကြပြီး

"ဘာဖြစ်လို့လဲ မေလေး"

"ဖြစ်နိုင်ရင် မပြောပါနဲ့ ရန်ရယ်"

မေလေးကို အံ့သြစွာကြည့်နေသော မျက်ဝန်းများတွင် စိုးရိမ်မှုများ ရောယှက်လာကာ ရန့်မျက်နှာ သိသိသာသာနွမ်းသွားတာမို့ မေလေးရင်မှာ ထိခိုက်လာသည်။

"ဘာဖြစ်လို့လဲ မေလေး"

"လာဟာ ...ဝရန်တာမှာ အေးအေးဆေးဆေး သွားပြောရအောင်"

ကြိမ်ခုံပုလေးတွင် ထိုင်မိတော့ ရန်က ဝရန်တာ လက်ရမ်းကို မှီရပ်ကာ မေလေးမျက်နှာကို မလွှဲတမ်းစိုက်ကြည့်နေသည်။

"ဘာဖြစ်လို့ မပြောစေချင်တာလဲဆိုတော့ မဖြစ်နိုင်လို့ပေါ့ရန်"

"ဒီစကားကို ပြောမယ်ဆိုကတည်းက အဖြေနှစ်ခုရှိမယ်ဆိုတာ ငါနားလည်ပြီးသားပါ မေလေး၊ ရင်ထဲက ဆန္ဒနဲ့မျှော်လင့်နေပေမယ့်လဲ ငါဖြစ်ချင်သလို ဖြစ်လာလိမ့်မယ်လို့တော့ ငါအပိုင်တွက်မထားပါဘူး၊ နင်ကြိုက်သလို ဆုံးဖြတ်နိုင်တာပဲ။ ဒါပေမယ့် နင်အခုလို ပြောတာကိုတော့ ငါ အံ့သြမိတာအမှန်ပဲ"

စိတ်လှုပ်ရှားမှုကို ထိန်းချုပ်နိုင်ပြီး အေးဆေးစွာ



ပြောပြနိုင်သော ရန်ကို မေလေး ချီးကျူးလိုက်မိသည်။

"ဘာကို အံ့သြတာလဲ"

"နင့်မှာ အဖြေရှိနှင့်တာကိုပါ"

ရန် တကယ့်ကို တုန်လှုပ်အံ့သြနေမှန်း မေလေး သိမြင်နေရသည်။

"နင့်ကို ငါဘယ်လို ပြောပြရမလဲ"

"အရင်လိုပဲပြောပေါ့ မေလေးရယ်"

ရန့် စကားကြောင့် မေလေးရင်မှာ အနည်းငယ် ပေါ့ပါးသွားကာ ရန့်ကို ကျေးဇူးတင်စွာ ပြုံးပြလိုက်မိ သည်။

"နင့်ကို ငါသံယောဇဉ်အရှိဆုံးဆိုတာ ယုံပါ ရန် အဲဒါ နှစ်သိမ့်တဲ့စကား မဟုတ်ဘူးနော်၊ အရင်အတိုင်းပဲ"

ရန်က ဖျော့တော့စွာပြုံး၍ ညင်သာစွာခေါင်းညိတ်ပြသည်။ နှစ်ယောက်စလုံး အတန်ကြာ တိတ်ဆိတ်နေမိရာမှ ရန်က မေလေးနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်သည်။

"နင်က မပြောပါနဲ့ရှိုးပြောပေမယ့် ငါ့ကို ပြောခွင့်ပြုပါ မေလေး၊ နင့်ကို ငါချစ်တယ်၊ ဘယ်အချိန်က စ,ချစ်မိလဲလို့ မပြောတတ်ပေမယ့် လေးလေးနက်နက် ချစ်နေမိတာတော့ အမှန်ပဲ၊ အဲဒီအချစ်အတွက် ငါ အစွမ်းကုန်မျှော်လင့်ပေမယ့် နင်ကြိုက်သလို ဖြေနိုင်ပါတယ်။ ငါ့ကို အားမနာနဲ့နော်၊ နင့်ရင်ထဲကစကားဆို ငါ ဘာကိုမှမငြင်းဘူး"

ဆက်တိုက် ပြောချလာသော ရန့်စကားတို့အတွက် မေလေး ဝမ်းနည်းစိတ်တို့ ခိုဝင်လာရသည်။

"ငါ ငိုချင်လိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



ရန့်ကို အမှန်အတိုင်းပြောမိတော့ ရန်က မေလေးကို ခပ်ငေးငေးကြည့်နေသည်။ အတန်ကြာမှ ဟက်ခနဲ တစ်ချက်ရယ်ပြီး မေလေး နဖူးဆံစလေးများကို မထိတထိ လှမ်းဆွဲကာ …

“စိတ်မကောင်းမဖြစ်ပါနဲ့ သူငယ်ချင်းရယ်၊ နင့်ကို ငါ နားလည်ပါတယ်”

“တကယ်လား ရန်”

“တကယ်ပေါ့၊ ဒါပေမယ့် သိခွင့်ရမယ်ဆိုရင်တော့ ငါသိချင်တာရှိတယ်”

ရန့်က မေလေးကို မကြည့်ဘဲ မျက်နှာ ခပ်လွှဲလွှဲ ထားပြီးပြောသည်။

“ပြောလေဟာ၊ ဘာသိချင်တာလဲ”

“နင့်ရင်ထဲမှာ ရှိနေတဲ့အကြောင်းကိုပေါ့”

ရန့် မျက်ဝန်းထဲသို့ စူးစိုက်ကြည့်နေမိရင်း သက် ပြင်းမောတစ်ချက် ချဖြစ်သည်။

“နင် ဘယ်လိုလုပ်သိတာလဲ ရန်”

“နင့်စိတ်ကို ငါနားလည်နေသလိုပဲ၊ နင်က ဟန်မဆောင်တတ်ဘူးလေ၊ နင့်စိတ်ထဲမှာ တစ်ခုခုရှိနေရင် ငါသိတယ်”

ရန့်ရယ်ဟု အသံမဲ့စွာ ညည်းညူလိုက်မိရင်း အရင်က လို ဘာမဆို ရင်ဖွင့်ပြောနေကျဖြစ်သည့် ရန့်အပေါ် ပြန်လည် ရဲရင့်လာရသည်။

“ငါမှာ ပြောပြစရာလူဆိုလို့ နင်တစ်ယောက်ပဲ



ရှိတာပါ။ နင် နားလည်ပေးနိုင်မှာလား”

“နင် ယုံရင်ပေါ့ဟာ”

တိုတုတ်စွာ ပြောသော်လည်း ရန့်အဖြေက လေး နက်ခိုင်မာတာမို့ မေလေး အပေါ် သံယောဇဉ်ကြီးလွန်းသည့် ရန့်ကို ပေါ့ပါးစွာ ပြုံးပြလိုက်မိသည်။

နင် သိပ်ပြတ်သားနိုင်တာပဲ မေလေးရယ်။ နင့်ကို စိတ်အနှောင့်အယှက် မဖြစ်စေချင်တဲ့ဆန္ဒနဲ့ ငါ တိတ်ဆိတ်နေ ခဲ့ပေမယ့် ငါ့ရင်ထဲမှာတော့ နင့်ကို မျှော်လင့်နေချင်တုန်းပဲ။ နင့်ကို ငါ မနာကြည်းနိုင်ဘဲ သိပ်ချစ်နေတုန်းပါပဲ။

သူကိုယ်တိုင်ပဲ ဖွင့်မေးခဲ့ပြီး မေလေးပြောပြခဲ့သော ရင်နာစရာ စကားတို့ကို စိတ်မှာ ပြန်သတိရလာမိသည်။ မေလေးထံမှ အချစ်ကို သံယောဇဉ်အားကိုးနှင့် ရင်ခုန်စွာ မျှော်လင့်နေခဲ့မိသည့် နေ့ရက်များ ကျော်လွန်ကာ အဆုံးအဖြတ် ကို သိရှိခွင့်ရခဲ့သောအခါ သူ မပျော်ရွှင်နိုင်တော့။ ဆုံးရှုံးလိုက် ရခြင်းအတွက် သူ ခံစားရတာ ရင်နင့်အမျှ။ ဒီလိုဖြစ်လာ လိမ့်မည်ဟု မမျှော်လင့်ခဲ့တာမို့ သူ အလူးအလဲ ခံစားလိုက်ရ သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မေလေးထံမှာ လျှို့ဝှက်စွာ ရှိနေသော အကြောင်းအရာများကို သိရှိခွင့်ရသောအခါ ထူးပြီးမခံစားရတော့သော်လည်း အံ့သြမိတာတော့ အမှန်ပင်။

"ငါ နင့်ကိုမချစ်နိုင်တာ ခွင့်လွှတ်ပါ ရန်"

မခို့တရို့ပြုံး၍ ခေါင်းညိတ်ပြလိုက်တော့ မေလေး မျက်ဝန်းများ တောက်ပသွားကြသည်။ ပြီးတော့ မေလေး မျက်ဝန်းများထဲတွင် ထူးဆန်းသည့် အရိပ်အယောင်တချို့ကို တွေ့ရှိလိုက်သည်။

"ငါ့မှာ နင့်ကိုပဲ ရင်ဖွင့်စရာရှိတယ် ရန်၊ ငါ လူတစ်ယောက်ကို ချစ်နေတယ်"

"ဗြော်" ဟုတိုးညှင်းစွာ ရေရွတ်လိုက်မိရုံမှအပ သူ ဘာတစ်ခွန်းမှ ပြောမထွက်ခဲ့။

"အဲဒီလူက ငါ့ကိုချစ်ချင်မှချစ်မယ်၊ သူနဲ့ ငါနဲ့ ဆုံချင်မှ ဆုံမယ်၊ ဒါပေမယ့် ငါ သူ့ကိုချစ်တယ်"

အားမာန်တစ်မျိုးဖြင့် ရှန်းလဲ့တောက်ပခဲ့သော မေလေး မျက်ဝန်းများကို နားမလည်နိုင်စွာ ငေးမောရင်း ရပ်ထဲမှာ တဆစ်ဆစ်နာနေခဲ့ရသည်။ ဒီလို နူးညံ့လှပတဲ့ မိန်းကလေးတစ်ယောက်ဆီမှာ ရဲရင့်ပြတ်သားသော အချစ်များ ရှိနေခဲ့လိမ့်မည်ဟု သူ မထင်မှတ်မိ။ ဒီအချစ်တွေက သူ့အတွက် မဟုတ်တာကိုတော့ ကြေကွဲရသည်လေ။

"အဲဒါ ဘယ်သူလဲ၊ ငါသိခွင့်ရှိမလား"

မေလေးအချစ်ကို ကံကောင်းစွာ ရရှိနိုင်ခဲ့သည့် ပုဂ္ဂိုလ်ကို သူ လွန်မင်းစွာ သိချင်နေမိသည်။



"သူ့ နာမည်က ဗိုလ်တဲ့"

"ဗိုလ်" ဆိုသော အမည်ကို တုန်လှုပ်ချောက်ချားစွာ ရေရွတ်လိုက်မိသည်။ မင်းဟာ ဘယ်လိုလူလဲ ငါမသိပေမယ့် မေလေး နှလုံးသားမှာတော့ မင်းဟာ နာမည်နဲ့လိုက်အောင် ဗိုလ်ပါပဲဟု စိတ်ထဲမှ ရေရွတ်နေ ခဲ့မိသည်။

"သူ ငါ့ကို ဘာမှ ပွင့်ပွင့်လင်းလင်း မပြောသေးပါဘူး၊ ရှေ့ဆက် ဘာတွေဖြစ်လာလိမ့်မယ်လို့လဲ ငါ ရေရေရာရာ မသိဘူး၊ ဒါပေမယ့် သူ့ကို ငါချစ်တာတော့ ဟန်ဆောင်မထားချင်ဘူးဟာ"

မျက်ရည်လေးတွေ ရစ်ဝဲကာ လှိုက်လှိုက်လှဲလှဲ ပြောနေသော မေလေးကိုကြည့်ကာ သူ့ရင်မှာ အပြင်းအထန်နာကျင်လာရသည်။ မင်းဟာငါ့အတွက် ဘာလို့မဖြစ်ခဲ့တာလဲ မေလေးရယ်။

"နင် သူ့ကို မန္တလေးမှာ တွေ့လာတာပေါ့"

မေးသာ မေးလိုက်ရသော်လည်း သူခန့်မှန်းသိရှိပြီးသားပဲ ဖြစ်သည်။ ဆန်းကြယ်လွန်းသည့် အချစ်၏သဘောကိုလည်း နာကျင်ခံစားရသည့်ကြားမှ အံ့သြနေမိသည်။

"ဟုတ်တယ် ရန်"

"ရန်"

နှစ်ယောက်စလုံး ငြိမ်သက်နေမိရာမှ မေလေးက တိုးတိတ်စွာခေါ်လိုက်တာမို့ ရန် လှမ်းကြည့်လိုက်မိသည်။ တောင်းပန်နေဟန်ရှိသော မျက်ဝန်းလေးများက စကားမဲ့စွာ ဆိုရင်း ...

www.burmeseclassic.com

www.burmeseclassic.com



""နင် ငါ့ကိုနားလည်ပေးနိုင်ရဲ့လားဟင်""

""ဆိုပါတော့ဟာ""

မေလေးထံမှ အကြည့်လွှဲကာ ပေါက်ကွဲချင်နေသည့် စိတ်ကို ကြိုးစားထိန်းချုပ်ရင်း ရင်မှာ မောပန်းနွမ်းလျလာရသည်။ ယောက်ျားတစ်ယောက်မို့ မာန်တင်းနေနိုင်သော်လည်း ရင်မှာ တောက်လောင်နေသော မီးတို့က အရှိန်အဟုန်ပြင်းလွန်းလှသည်။

တန်ဖိုးထား အမြတ်နိုးဆုံးအရာကို ဆုံးရှုံးလိုက်ရခြင်းမို့ ခံစားလိုက်ရတာ အလူးအလဲပင်။ မျှော်လင့်ချက်တို့ဖြင့် တောက်ပနွေးထွေးခဲ့မှုများ ရုတ်တရက် အေးစက်သွားကာ သွေးပျက်မတက် ငုန့်လှုပ်ချောက်ချားသွားရသည်။ ရှင်သန်နေထိုင်ရန် အဓိပ္ပါယ်များ မဲ့သွားသလိုနှင့် ဘာကိုမှ ထပ်မံမမျှော်လင့်ချင်တော့။

အံ့သြစရာကောင်းသည်ကတော့ မေလေးအပေါ်ထားရှိသည့် အချစ်တို့ လျော့ပါးမသွားခြင်းနှင့် အပြစ်ယူနာကြည်းလိုစိတ် စိုးစဉ်းမျှမရှိခြင်းဘဲဖြစ်သည်။ နားလည်ခြင်းနှင့် မေလေးအပေါ် ပေးဆပ်နိုင်အောင် သူကြိုးစားမည်ဟု ဆုံးဖြတ်ချက်ချထားခဲ့သည်။

မေလေးဆီမှ ပြန်လာခဲ့ပြီး အခြေအနေမှန်ကို လက်ခံနိုင်အောင် သူကြိုးစားနေခြင်းပါ။ ဘာတစ်ခုမှ ပြောင်းလဲဖြစ်ပေါ်လာနိုင်တော့မည် မဟုတ်မှန်းသိရက်နှင့် အိပ်မက်မက်ချင်နေသေးတာတော့ သူ အရူးအမူးချစ်ခဲ့မိ၍ပဲဖြစ်မည်ပေါ့။

မေလေးအပေါ် ထားရှိသော သံယောဇဉ်တရား



ကတော့ ဘယ်သောအခါမှ ပျောက်ပျက်သွားလိမ့်မည် မဟုတ်ဟု သူ ယုံကြည်ထားသည်။

မေလေးအပေါ် ဖြူစင်စွာပဲ သံယောဇဉ်ထားနိုင်အောင် ကြိုးစားဖို့ သူ ဆုံးဖြတ်ချက်ချထားသည်။ နင့်ရဲ့သံယောဇဉ်အရှိဆုံး လူသားတစ်ယောက်အဖြစ်ပဲ နေထိုင်ပျော်ရွှင်နိုင်အောင် ကြိုးစားရဦးမှာပေါ့ မေလေးရယ်။ နင်ပျော်ရွှင်မယ်ဆိုရင် ငါ ဖြူစင်စွာ ကျေနပ်နေနိုင်ရမှာပေါ့။

ပိုင်ရှင်မဲ့သွားသော အချစ်တို့ကိုတော့ နှမြောမိတာအမှန်။ နောက်ထပ် အချစ်သစ်မွေးဖွားလာဖို့ ဆိုတာကလည်း မသေချာလှတော့ပါ။ မေလေးအတွက် ခံစားခဲ့ရသော ဝေဒနာတို့က ဘယ်သောအခါမှ ပျောက်ကင်းသက်သာနိုင်လိမ့်မည် မသိနိုင်သေး။

""တီတီ""

ကားဟွန်းသံကြောင့် လွင့်မျောနေသော အာရုံကိုပြန်လည်စုစည်းမိသည်။ မေလေးတို့ကားကိုမြင်တော့ ဖျော့တော့စွာပြုံးနေလိုက်မိသည်။

""ရန် ဘာလုပ်နေတာလဲ""

ကားပေါ်မှ ဆင်းလာသော မေလေးက အုတ်ခုံပေါ်ကျွင် ဝင်ထိုင်ကာ စောင်းငဲ့ကြည့်ပြီး မေးလာသည်။

အမှောင်ရိပ်တို့ စွန်းထင်းနေသော မေလေးမျက်နှာကို ကြေကွဲစွာ ငေးမောရင်း …

""ထိုင်နေတာပေါ့""

မေလေး မေမေက သူတို့ကိုနှုတ်ဆက်ပြီး အိမ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



တက်သွားသည်။ ဝမ်းနည်းစိတ်နှင့် လှုပ်ခါလာသော ရင်ကို ထိန်းချုပ်ရင်း ပြောစရာစကားတို့ စုစည်းနေမိသည်။

"မေလေး"

"ဘာလဲရန့်"

သက်ပြင်းတစ်ချက်ကို ခိုးချမိရင်း သူ့မျက်ဝန်းတို့ကို အကာအကွယ်ပေးထားသည့် အမှောင်ရိပ်တို့ကို ကျေးဇူးတင်လိုက်မိသည်။

"နင့်ကိုငါ အမြဲတမ်း နားလည်အောင်ကြိုးစားမယ် မေလေး၊ ပြီးတော့ သံယောဇဉ်သန့်သန့်နဲ့ နင်လိုအပ်သမျှ အကူအညီတွေ ငါပေးမယ်၊ နင့်အတွက် ငါဟာ အမြဲတမ်း သူငယ်ချင်းကောင်းဖြစ်စေရမယ် သိလား"

မန္တလေးမသွားခင် လာနှုတ်ဆက်သည့် ညနေလေးကို သူသတိရလာမိသည်။ ဖြစ်ပျက်ခဲ့သမျှတွေကို မေ့ပျောက်ထားလိုက်မယ်ဆိုရင် ငါတို့ဟာ သူငယ်ချင်းပဲပေါ့ မေလေးရယ်။

"ငါပြောတာ နင်ယုံရဲ့လား"

မေလေး ခေါင်းညိတ်လိုက်သည်ကိုမြင်လိုက်ရသည့် အခိုက်တွင် သူအနည်းငယ်တော့ စိတ်ချမ်းသာသွားရပြီ၊ နာကျင်မှု ရှိနေသေးသော်လည်း အသက်ရှုလိုက်တိုင်း မောပန်းမွန်းကျပ်မှုတွေတော့ သက်သာသွားရသည်ဟု ထင် လိုက်မိသည်။

---

ပုံမှန် ရေးလေ့ရေးထ မရှိလှသော ဒိုင်ယာရီလေးကို လှန်လှောကြည့်နေမိရင်း အမြတ်တနိုး သိမ်းထားဖြစ်သော စွယ်တော်ပွင့်လေးကို ထုတ်ကြည့်မိပြန်သည်။ စွယ်တော်ပွင့်လေးကို စူးစိုက်ကြည့်မိသည့်ခဏတွင် ကမ်းပေးလာသော လက်ချောင်းများနှင့် ရယ်ရွှင်ရိပ်သန်းနေသော မျက်ဝန်းအစုံတို့ကို အာရုံတွင် ဖျတ်ခနဲမြင်ယောင်လာမိသည်။

သက်ပြင်း တစ်ချက်နှင့်အတူ ခေါင်းလေးမသိမသာ ခါယမ်းမိရင်း ပွင့်ခြောက်ကလေးကို ပြန်ညှပ်ထားလိုက်မိသည်။

မေလေးပြန်ရောက်သည့် နေ့မှ စတင်ရေတွက်လိုက်တော့ တစ်ပတ်ပင် ရှိသွားပြီမှန်း သိရှိလိုက်ရတာမို့ ဝမ်းနည်းချင်လာသည်။ မေလေးကတော့ ရန့်နှင့် ပွင့်ပွင့်လင်းလင်း ပြောဆိုကာ မျှော်လင့်ကြီးစွာ စောင့်မျှော်နေမိသော်လည်း ဗိုလ့်ထံမှ အဆက်အသွယ်ရောက်မလာ။

နားလည်ရခက်သော ဗိုလ့်ကြောင့် စိတ်မောရသော်လည်း ဗိုလ်နှင့်ပတ်သက်ပြီး မေလေးနောင်တမရပါ။ ဗိုလ့်အပေါ် အလွယ်တကူနှင့် စိတ်ပျက်ကုန်ခမ်းသွားလိမ့်မည်မဟုတ်ဟု မေလေး ကိုယ့်ကိုယ်ကိုယုံသည်။

ဗိုလ့်ကိုတော့ မေလေး ဘယ်လိုမှ မ[illegible]မှန်းတတ်။ အနည်းဆုံးမေလေးဆီ ဖုန်းဆက်ဖို့တော့ကောင်းသည်ဟု ထင်မိ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ဗိုလ်မဆက်တာကို ဘာကြောင့်မှန်းမသိ။ မေလေး ဖုန်းနံပါတ်ကတော့ မချိုထံမှတစ်ဆင့် အလွယ်တကူရနိုင်သည်ပဲ။

ဗိုလ် မေ့သွားလို့လားဟု အားငယ်စွာ တွေးတော မိသော်လည်း 'တို့လည်း ဘယ်တော့မှမမေ့ဘူး' ဟူသော ခိုင်မာလေးနက်မှုနှင့် တိုးတိတ်ညင်သာစွာ ပြောသွားသည့် အသံကို ပြန်ကြားယောင်တတ်စမြဲ။

ယုံချင်နေတဲ့စိတ်ကို ဘယ်လိုချေဖျက်ပစ်ရမလဲ ဗိုလ်။ မင်းစကားတစ်ခွန်းတည်းနဲ့ အရာရာကို ယုံကြည်ပစ်လိုက်မိတာ။ မင်းဘယ်လို အင်အားတွေနဲ့ ဖမ်းစားဆွဲဆောင်နိုင်ခဲ့တာလဲ ဗိုလ်ရယ်။

ကလပ်စစ် (classic) ဒိုင်ယာရီလေးကိုလှန်ရင်း ဒီနေ့ဒိတ်ထိုးကာ စာတစ်ကြောင်း ချရေးလိုက်မိသည်။

'မင်းသိပ်နေနိုင်တာပဲဗိုလ်' ဟုတစ်ကြောင်း ဒီတစ်ကြောင်း ရေးထားဖြစ်သော စာကြောင်းလေးများကို လှျောက်ဖတ်နေမိသည်။ ပြန်ရောက်ပြီး နောက်တစ်နေ့မှစ၍ ဗိုလ်ထံမှ ဖုန်းကိုမျှော်လင့်ရင်း မချင့်မရဲနှင့် ရေးထားဖြစ်သော စာကြောင်းများပါ။

မမေ့ပေမယ့် သတိတရ ရှိမနေလို့လားဟု ဝမ်းနည်းစွာတွေးမိပြန်သည်။ ဗိုလ် မျက်နှာထားတည်တည်ကို သတိရရင်း ဗိုလ်နှလုံးသားမှာ မေလေးအတွက် အကြင်နာတွေ ရှားပါးနေမှာ စိုးရိမ်မိနေပြန်သည်။

မေလေး အဖြစ်ချင်ဆုံးက ဗိုလ်သိပ်ချစ်သည့် မိန်းက



လေးပါပဲ။ ဗိုလ် သိပ်ချစ်တဲ့ မိန်းကလေးမဖြစ်မှာကိုပဲ စိုးရိမ်နေမိတာ။ ဗိုလ် သိရင် မေလေးကို နားလည်နိုင်ပါ့မလား။

ဗိုလ် အကြောင်းတွေးရင်း ရင်မောသော်လည်း မတွေးဘဲ မနေနိုင်လောက်အောင် အချိန်ပြည့် သတိရနေတတ်သည်လေ။ ဘယ်အရာကို မှန်းဆလွမ်းရမှန်း မသိသလို ဖြစ်နေသော်လည်း လွမ်းနေမိတာတော့ အမှန်ပင်။ ဖုန်းသံကြားတိုင်း ဗိုလ်ထံမှလားဟု သံသယဖြင့် မေလေး စိတ်မဖြောင့်နိုင်။ တစ်ရက်ပြီးတစ်ရက် ရက်တွေကြာလာတော့ မေလေးရင်မှာ သောကတို့ခိုဝင်လာရသည်။

ဗိုလ် ရှိနေသော ကိုဇော်တို့တည်းခိုခန်းကို မချိုထံမှတစ်ဆင့် မေးမြန်းဆက်သွယ်၍ ရနိုင်သော်လည်း မိန်းကလေးတစ်ယောက်အနေနှင့် မေလေး မဆက်ချင်။ မန္တလေးမှာရှိနေဆဲလား၊ ရန်ကုန်ပြန်ရောက်လာပြီလားဟုလည်း ဗိုလ့်အကြောင်း လုံးဝမသိနိုင်။ ဘယ်လိုပဲဖြစ်ဖြစ် ဗိုလ်အပေါ် အပြစ်ယူချင်စိတ်ထက် ဝမ်းနည်းအားငယ်စိတ်ကသာ ပိုသည်။

ဗိုလ်ရယ်၊ မင်းကိုသိပ်ချစ်မိတဲ့ မိန်းကလေးတစ်ယောက်ကို မင်း ပစ်မထားသင့်ပါဘူး။

''မမလေး ဖုန်းလာတယ်တဲ့''

အခန်းအပြင်ဘက်မှ ထွေးလေးအသံကြောင့် မေလေး ရင်တွေ ဝရုန်းသုန်းကား ခုန်လာရသည်။ ရန့်ဆီကဖုန်းလည်းမဖြစ်နိုင်။ ရန်ဆိုလျှင် အိမ်ကသိနေသည်ပဲ။ ဗိုလ်ကိုတော့ တထစ်ချ မပြောနိုင်သော်လည်း မေလေး မျှော်လင့်မိတာတော့ အမှန်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှ ကမန်းကတန်းထွက်ပြီး ဖုန်းရှိရာသို့ အပြေးအလွှားလာခဲ့၍ ဖုန်းခွက်ကိုအမတွင် မေလေး အသက်ရှူနှုန်းတွေ မြန်ဆန်နေရသည်။

"ဟဲလို ..."

"မေလေးလား၊ မချိုပါ၊ မန္တလေးကဆက်တာ"

မချိုအသံကြောင့် မျှော်လင့်ချက်တို့ ပျက်စီးသွားသော်လည်း မေလေးစိတ်မပျက်မိပါ။

"ဟုတ်ကဲ့ မချို"

"ဒီမှာ ရိုက်ထားတဲ့ဓာတ်ပုံတွေ ရပြီလေ၊ အဲဒါတွေ တိုင်ကြည့်ရင်း ဆက်လိုက်တာ"

အလျှိုမှာ ရိုက်ထားသည့်ပုံများကို မချို ရည်ရွယ်၍ပြောခြင်း ဖြစ်မည်ဟု မေလေး နားလည်လိုက်တာမို့ ...

"ဘယ်လိုနေလဲ မချို၊ ရယ်စရာကောင်းတယ် မဟုတ်လား"

"ကောင်းပါတယ် မေလေးရဲ့၊ မချို လူကြုံနဲ့ ပို့ပေးလိုက်ဦးမယ်နော်"

မချိုနှင့် စကားပြောနေရင်း ဗိုလ့်အကြောင်း မေးချင်စိတ်တွေ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်လာရသည်။ ဗိုလ်ရှိနေသေးလားဟု သိချင်လွန်းသော်လည်း ဘယ်လိုမေးရမှန်းမသိ။

"မေလေး ပြန်သွားတော့ မချိုလဲ ပျင်းကျန်ခဲ့တာပဲ"

"ကိုမော် ရှိသားပဲ မချိုရဲ့"

"အမလေး ...ကိုမော်က အားမှမအားတာ၊ ကိုဇော်ကလဲ ဗိုလ်နဲ့လျှောက်သွားနေတော့ သူ့မှာ ခဏတဖြုတ်



တောင် လစ်လို့မရဘူး"

မချို စကားထဲမှာ ဗိုလ့်အကြောင်းပါလာတာမို့ မေလေး စိတ်လှုပ်ရှားသွားရသည်။ မချိုစကားအရဆိုလျှင်တော့ မန္တလေးမှာ ဗိုလ်ရှိနေသေးသည်ပဲ။

"မေလေး ဓာတ်ပုံတွေရော ရပြီလား၊ မန္တလေးကို တစ်ပုံလောက်ပို့လိုက်ဦးလေ"

"ဟုတ်ကဲ့"

မချိုနှင့်ပြောရင်းက မေလေးစိတ်တွေ လွင့်ချင်နေသည်။ မချို ဖုန်းချသွားတော့မှ အားလျော့သော ခြေလှမ်းများနှင့် အခန်းထဲသို့ ပြန်လျှောက်လာခဲ့ပြီး မေလေး ရိုက်လာသောဓာတ်ပုံများကို ပြန်ကြည့်နေမိသည်။ မေလေး ဓာတ်ပုံရိုက်နေစဉ် ဗိုလ် ဘယ်နေရာမှာ ရှိနေမည်လဲဟု ပြန်စဉ်းစားရင်း ရင်မှာ ကြည်နူးလာ ရသည်။

ဓာတ်ပုံအယ်လ်ဘမ်လေးကို အသာအယာ ပိတ်လိုက်ကာ မျက်ဝန်းထဲမှာ မြင်ယောင်လာသော ဗိုလ့်ကိုတိုင်တည်ကာ နှလုံးသားမှ စကားသစ္စာတို့ဆိုမိသည်။

မမျှော်လင့်ဘဲ ရင်ထဲဝင်ရောက်လာခဲ့တဲ့ မင်းကိုအလွယ်တကူနဲ့တော့ မေ့ဖျောက်ပစ်နိုင်မှာ မဟုတ်တာ သိပ်ကိုသေချာပါတယ် ဗိုလ်။ ရေရာခိုင်မာတဲ့ မျှော်လင့်ချက်မရှိလဲ ရင်ထဲကအချစ်တွေအားကိုးနဲ့ မင်းအသံ တင်ဖန်ကြားရမယ့်နေ့ကို ငါစောင့်စားနေမိဦးမှာပါပဲ။ မင်းငါ့ဆီကို အရောက်လာပိမ့်မယ်လို့ မင်းမျက်ဝန်းက စကားတွေကိုယုံကြည်နေပေါ့။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၂)

"လာပြန်ပြီကွာ"

အခွေ စ,ကြည့်နေကတည်းက တစ်ချိန်လုံး မြည်နေသည့်ဖုန်းသံကို စိတ်တိုစွာ အော်ဟစ်ညည်းညူလိုက်မိသည်။ ဒီနေ့အိမ်မှာ မေမေမရှိကာမှ မေမေ့ဖုန်းတွေ ချည်း မေလေးဒိုင်ခံဖြေပေးနေရသည်။ ဗွီဒီပိုအခွေ ကြည့်နေတာ အရသာပျက်တာမို့ ဖုန်းကို အနားသို့ပင် ရွှေ့ထားရသည်အထိ။

အခုလည်း ဆက်တိုက် အော်မြည်နေသော ဖုန်းကို စိတ်တိုစွာမဲ့ပြလိုက်ရင်း မလွှဲမရှောင်သာ၍ ကောက်ကိုင်လိုက်ရသည်။

"ဟဲလို"

ခါတိုင်းလို ချိုချိုသာသာ မထူးဖြစ်ဘဲ အသံက အနည်းငယ် တိုဆတ်သွားရသည်။

"ဟဲလို"

တစ်ဘက်မှ ရုတ်တရက် ဘာသံမှမကြားရတာမို့ စိတ်က ပိုလို့ တိုတက်သွားရပြီး ခပ်ဆောင့်ဆောင့်ဆော လိုက်မိသည်။ အနားမှာ အန်တီကြီးသာရှိလျှင်တော့မျက်မှောင် ကုတ်မှာ အသေအချာ။ ခရီးထွက်ပြီးကတည်းက မေလေး ပိုစိတ်တိုလာသည်ဟု အန်တီကြီးက မှတ်ချက်ချတော့

www.burmeseclassic.com

www.burmeseclassic.com



မေလေး မချိတရိ ပြုံးမိသည်။ စိတ်အလိုမကျမှုတွေ မေလေး မှာ ရှိနေတာ အန်တီကြီး ဘယ်လိုသိနိုင်ပါ့မလဲ။

"မေဦးမိုးနဲ့ ပြောချင်လို့ပါ"

"ဟုတ်ကဲ့ ...ပြောနေပါတယ်"

လေသံမာမာနှင့် အသံက နားထဲသို့ ခပ်စိမ်းစိမ်းဝင် လာပြီး မေလေးရင်ကို သွက်သွက်ခါအောင် လှုပ်ရှားသွားစေ ကာ တုန်ယင်တိုးဖျော့စွာ ပြန်ပြောမိသည်။ နားကြားများ လွဲရော့သလားကွယ်။ တစ်ဘက်မှ နောက်ထပ် အသံထွက် မလာတာမို့ မေလေး စိတ်ကိုမထိန်းချုပ်နိုင်တော့ဘဲ ...

"ဗိုလ်"

"ဟုတ်တယ် မေလေး"

ဗိုလ့် အသံ ပီပီသသကြားလိုက်ရသည့် အချိန်တွင် မေလေးတစ်ကိုယ်လုံး လွင့်မျောသွားမတတ် ခံစားလိုက်ရ သည်။ ငါ အမျှော်လင့်ဆုံးက မင်းပါပဲ ဗိုလ်။

တုန်ယင်အေးစက်သော လက်များနှင့် ဖုန်းခွက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားရင်း ဗိုလ်ရှိနေသည်ဟူသော အသိမှ တပါး အရာအားလုံးကို မေ့လျော့သွားသည်။

"ဘယ်ကဆက်တာလဲဟင်၊ မန္တလေးကလား"

"မဟုတ်ဘူး၊ ရန်ကုန်က"

"ဘယ်တုန်းက ပြန်ရောက်တာလဲ"

"မနေ့က"

ရန်ကုန်ရောက်ရောက်ချင်း ဖုန်းဆက်တာကြောင့် ကျေနပ်ပျော်ရွှင်မိသော်လည်း မန္တလေးမှာ ရှိနေစဉ် မဆက်ဘဲ



နေနိုင်သည်ကို သတိရကာ ဝမ်းနည်းချင်သည်။

"မေလေး ပြန်ရောက်ကတည်းက ဖုန်းမျှော်နေတာ၊ ဘာလို့ မဆက်တာလဲ"

"မန္တလေးမှာတုန်းက တည်းခိုခန်းကမို့ မဆက် ချင်လို့ပါ။ လူစုံတော့ တစ်ယောက်ယောက် သိသွားရင် မကောင်းဘူးလေ"

ဗိုလ့်အသံက မပျော့ပျောင်းလှသော်လည်း ကြည်နူး ခြင်းတို့ ပျော်ဝင်နေသည်ဟု မေလေး ခံစားမိသည်။ ဗိုလ် စကားကို အလွယ်တကူ ယုံကြည်လက်ခံလိုက်ပြီး ကိုယ့်ချစ် သူတစ်ယောက်လို ရင်းရင်းနှီးနှီးပြော ဆိုနေမိသည့် အဖြစ်ကို သတိရလိုက်၍ ရှက်ရွံ့စွာ တိတ်ဆိတ်နေလိုက်မိသည်။

"ဒါပေမယ့် သတိရပါတယ်"

အနည်းငယ် တိတ်ဆိတ်နေပြီးမှ ခပ်ဆိုင်းဆိုင်း ပြော လာသော ဗိုလ့် စကားကြောင့် မေလေး အရမ်းပဲ ပြုံးနေမိ သည်။ သတိရပါတယ်လို့ ပြောဖို့တောင် တုံ့ဆိုင်းနေရသတဲ့ လား ဗိုလ်ရယ်။

"တော်သေးတာပေါ့"

မျှော်လင့်စိတ်မောခဲ့ရသမျှတို့ ဗိုလ့် အသံကြားရုံနှင့် ပြေပျောက်ရပြီမို့ မေလေး သက်ပြင်းတစ်ချက်နှင့် အမှတ် တမဲ့ရေရွတ်လိုက်မိသည်။

"ဘာလဲ၊ ဘာလဲ"

ဗိုလ့်ထံမှ ရယ်ရွှင်ရိပ်သန်းသော အမေးကြောင့် မေလေး ခပ်တိုးတိုး ရယ်မောနေလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတာလဲ၊ တော်သေးတာပေါ့ဆိုတာ"

ဗိုလ်က မရမကမေးနေသော်လည်း ရယ်ရယ်မောမောနှင့်မို့ မေလေးလည်း ဆက်ရယ်နေမိသည်။

"တို့ပြောတာ မယုံလို့လား"

ဗိုလ်က အလေးအနက်လေသံနှင့် မေးလာတော့ မေလေးမနေသာ။

"ယုံပါတယ်"

မင်း စကားတစ်ခွန်းကို ဖယ်ရှားပစ်ဖို့ မဝံ့မရဲအောင် မင်း ဘယ်လို စိုးမိုးထားတာလဲ ဗိုလ်ရယ်။

နှစ်ယောက်စလုံး ဘာပြောရမှန်းမသိသလို တိတ်ဆိတ်သွားကြပြီး ဖုန်းထဲမှ ကြားနေရသော ဗိုလ့် အသက်ရှူသံပြင်းပြင်းကို နားထောင်ရင်း မေလေးရင်မှာလည်း အလိုလို မောပန်းလာရသည်။

မေလေးတို့ နှစ်ယောက်အနေအထားက ဘာမှ ပိုင်ပိုင်နိုင်နိုင် မဟုတ်သေးတာမို့ ရင်ထဲရှိသမျှ ဖွင့်ပြောဖို့လည်း မေလေး ဝန်လေးနေမိသည်။ တစ်ယောက်နှင့်တစ်ယောက် နားလည်နေကြသော်လည်း ဗိုလ့် ဘက်က ဖွင့်မပြောသေးတာမို့ ဟန်မဆောင်နိုင်အောင် များပြား နေသော မေလေးအချစ်တို့ကို ဗိုလ် ရိပ်မိနေလျှင်ပဲ မေလေးအတွက် လျှံလှပြီဖြစ်သည်။

မမျှော်လင့်ထားတာတွေချည်း ပြုမူပြောဆိုတတ်သော ဗိုလ့်အကြောင်းကို စဉ်းစားရင်း မေလေး သက်ပြင်း တစ်ချက် ခိုးချလိုက်မိသည်။ မင်းရင်ထဲမှာ ဘာတွေ ရှိနေလဲလို့ သိချင်လိုက်တာ ဗိုလ်ရယ်။



"ဘာတွေ သက်ပြင်းချနေတာလဲ"

ဗိုလ်က နားပါးစွာ မေးလာတော့ ဘယ်လိုဖြေရမှန်း မသိတတ်စွာပဲ ပြုံးနေလိုက်မိသည်။

"မန္တလေးမှာ ဘာတွေလုပ်နေလဲဟင်"

မေလေး ပြန်လာပြီးသည်အထိ ကျန်နေခဲ့သော ဗိုလ့် အကြောင်းကို သိချင်တာမို့ မေးလိုက်မိသည်။

"ဘာဖြစ်လို့လဲ"

"ဪ ...အကြာကြီးနေနေလို့ပါ"

ဗိုလ်က ဟက်ခနဲ တစ်ချက်ရယ်ပြီး ...

"အစက ဒီထက် အကြာကြီးတောင် နေဦးမလို့"

"ဘာလုပ်ဖို့လဲ"

"ရန်ကုန်မှာ မနေချင်လို့ပေါ့"

ဗိုလ့်အသံက အနည်းငယ် ပိုမာသွားတာမို့ မေလေး မျက်မှောင်ကုတ်လိုက်မိသည်။ ရန်ကုန်မှာ ဘာကြောင့် မနေချင်သည်လဲဟု သိချင်သော်လည်း မမေး လိုက်တော့။ ဗိုလ်ကလည်း ပြောချင်၊ မပြောချင် မသိနိုင် ဘူးလေ။

"အခု ဘာဖြစ်လို့ အကြာကြီး မနေတော့တာလဲဟင်"

"မပျော်တော့လို့ပေါ့"

မေလေးမေးသမျှကို ကပ်စီးနဲ့စွာ တစ်ခွန်းစီ ဖြေနေသော ဗိုလ်ကို မေလေး စိတ်မရှည်ချင်တော့။

"ဘာလို့မပျော်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



မေလေးအသံက စိတ်မရှည်ပုံ ပေါက်သွား၍ ဗိုလ်က သဘောကျဟန်နှင့် ခပ်သဲ့သဲ့ရယ်နေသည်။

"ဒီလိုပဲပေါ့"

"ဘာဒီလိုပဲလဲ"

ဗိုလ့်အပေါ်တွင် ရင်းနှီးကျွမ်းဝင်စွာ ချွဲနွဲ့မေးမိတော့ ဗိုလ်က ...

"မေလေး မရှိတော့လို့ပေါ့"

"ဘာဆိုင်လို့လဲ"

မေလေး ရှက်ရှက်ရွံ့ရွံ့နှင့် ပြောလိုက်မိရင်း ဘယ်တုန်းကမှ မခံစားဘူးသော ကြည်နူးခြင်းတစ်မျိုးနှင့် ရင်မှာ ပြည့်လျှံလာရသည်။

"မဆိုင်ဘူးလား"

လှောင်ပြောင်လိုရိပ် လုံးဝမပါသော်လည်း ကလေးတစ်ယောက်ကို ချစ်စနိုးစဟန်နှင့်ဗိုလ်က မေလေး စကားကို ကတ်မေးနေပြန်သည်။

မေလေးဘက်မှ ငြိမ်သက်နေတော့ ဗိုလ်,အရယ်ရပ်သွားပြီး ...

"တကယ်ပြောတာပါ၊ မေလေးမရှိတော့ ဘယ်နေရာသွားသွား မပျော်တော့ဘူး"

အဲဒါဘာဖြစ်လို့လဲဟု စိတ်ထဲမှသာမေးဖြစ်ပြီး မေလေးနှုတ်ဖျားမှ ထွက်ပေါ်မလာခဲ့။ မင်းပြောပြမှပဲ သိခွင့်ရှိမယ့်သူပါ ဗိုလ်။

"ဒါတောင် ဟိုမှာ အကြာကြီးနေသေးတယ်နော်"



မျှော်လင့်ခဲ့ရသော နေ့ရက်တို့ကို အောက်မေ့စွာနှင့်ခပ်ညည်းညည်းလေး ပြောမိသည်။

"မဟုတ်ပါဘူး၊ ကိုမော်ကြီးက ရန်ကုန်ကို ငွေလွှဲရာရှိတာ သယ်သွားပေးပါဆိုလို့ စောင့်ယူနေရလို့ ကြာသွားတာ"

ဗိုလ်က ဖြေရှင်းတော့လည်း မေလေး လက်ခံရသည်ပင်။ ဗိုလ် ပြောသမျှအမှန်တွေပဲလို့ ယုံကြည်မိနေတာ မေလေးရူးလို့များလားကွယ်။

"အဲဒါဆိုဒါပဲနော်၊ နောက်နေ့မှဆက်မယ်"

ဗိုလ့် စကားကြားမှ မေလေး အသိဝင်လာကာ ဝမ်းနည်းစိတ်က ချက်ချင်း ဝင်ရောက်လာသည်။

ဗိုလ်က နောက်နေ့ဆက်မည်ဟု ပြောသော်လည်း မေလေးကတော့ ရင်မောတတ်သူမို့ စိတ်မချနိုင်အောင်ဖြစ်နေမိသည်။

"အင်းလေ"

ဗိုလ့်ကို တစ်စုံတစ်ရာတောင်းဆို မှာကြားလိုစိတ်လည်းမရှိ၍ မေလေး အလိုက်သင့်ပင် ဖုန်းချဖြစ်သည်။

ဖုန်းဘေးမှအကြည့်ကို ရုတ်တရက်မခွာမိဘဲ ဗိုလ်နှင့် စကားပြောခဲ့ရသည်ကို မယုံနိုင်သလို ပြန်လည်တွေးရင်း ရှက်ရွံ့ကြည်နူးနေမိသည်။

အနောက်ဘက်မှ ခြေသံကြား၍ လှည့်ကြည့်မိတော့ မေ့တီကြီးက မေလေးကို ရူးစမ်းသလို ကြည့်နေတာမို့ ရင်ထိတ်သွားရပြီး ဟန်မပျက် တီဗွီဖန်သားပြင်သို့ အာရုံစိုက်

www.burmeseclassic.com

www.burmeseclassic.com



နေလိုက်ရသော်လည်း လှုပ်ရှားနေသော ရုပ်ပုံများက မေလေး အာရုံကို ထိုးဖောက်မလာနိုင်တော့။

မေလေးအာရုံထဲမှာ လောလောဆယ်တော့ ဗိုလ် တစ်ယောက်သာ စိုးမိုးအုပ်ချုပ်နေသညလေ။

ဝရန်တာလက်ရမ်းတွင် မှီရပ်ကာ ငေးမောရင်း ဖုန်းမြည်လာမည့်အသံကိုသာ စက္ကန့်မလပ် မျှော်လင့်စောင့်စား နေမိသည်။ ဗိုလ်က ဘယ်အချိန်ဆက်မည်ဟု ပြောမထားတာမို့ မနက်မိုးလင်းကတည်းကပဲ မေလေး မျှော်လင့်ရင်မောနေခဲ့ရ သည်။

အခု ညနေစောင်းလာသည်အထိ ဗိုလ့်ထံမှ ဖုန်း မလာသေးတာမို့ အလိုမကျစွာ စိတ်တွေ လှုပ်ရှားနေရသည်။

မေမေကလည်း ဂနာမငြိမ်ဖြစ်နေသော မေလေးကို သတိထားမိဟန်နှင့် အကဲခတ်နေတာမို့ တစ်နေ့လုံးလည်းစိတ် တွေ ကျဉ်းကြပ်နေရသည်။ ဖုန်းနားမှာ စာအုပ်တစ်အုပ် ဖတ်ရင်း မသိမသာ စောင့်ကာ ဖုန်းလာတိုင်းလည်း ကိုယ့်ဖုန်း မဟုတ်တာမို့ မေလေးစိတ်တွေ တိုလာရသည်။ ဗိုလ်နှင့် ပတ်သက်မှပဲ မေလေး ရင်မောရဖူးပြီလေ။



ဗိုလ် ဆက်လာမည့်ဖုန်းကို မေမေနှင့်တိုးမှာ စိုးရိမ်ရ တာလည်း မေလေးအတွက် သောကတစ်ခုပင်။ မေလေးဆီကို ဖုန်းဆက်တတ်တာ ရန်တစ်ယောက်သာ ရှိသည်ဟု သိထား သော မေမေက အသံစိမ်းကို အနည်းဆုံးတော့ စူးစမ်းမေးမြန်း မှာ သေချာသည်။ မေလေးကလည်း အမှန်အတိုင်းပြောဖို့ မဝံ့ရဲကာ လှည့်ပတ်လည်း မပြောတတ်တာမို့ ရုပ်ပျက်ဆင်း ပျက် ဖြစ်ကုန်မှာ တွေးပြီးပူနေမိသည်။

အခုမေမေက ဆေးခန်းမှာထိုင်နေဖြစ်၍ အိပ်ခန်း တန်းရှင်းဆွဲထားသော ဖုန်းက မေမေ့စားပွဲပေါ်မှာရှိနေ ည်။

သို့ပေမယ့် မေမေက ဖုန်းကိုင်လေ့မရှိတာမို့ စိတ် တော့ သက်သာရာရသည်။ အခုထိ ဖုန်းမဆက်သေးသော ဗိုလ့်ကို စိတ်တိုကာ ဗိုလ်ကတော့ မေလေးအဖြစ်ကို သိမှာ မဟုတ်ဘူးဟု တွေးရင်း ဝမ်းနည်းချင်လာ သည်။

"မမလေး ...ဖုန်းလာတယ်"

ထွေးလေးလာရှပြောတော့ မေလေးမျက်နှာ ရွှန်းပ သွားရကာ အိမ်ထဲသို့ အပြေးအလွှားပြန်ဝင်လာခဲ့သည်။

"ဟဲလို"

ဖုန်းခွက်ကို ကောက်ကိုင်ကာ အမောတကော ထူးလိုက်မိသည်။

"မေလေးလား၊ ငါပါ"

ပုံမှန်ကြားနေကျ ရန့်အသံကို ကြားရတိုင်းမှာ ရင့်ပါး ပျော်ရွှင်သွားလေ့ရှိသော်လည်း ဒီတစ်ခါတော့ မေလေး စိတ်ဓါတ်တွေကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ ရန့်"

"မေလေး ဘာလုပ်နေလဲ"

"ဒီလိုပါပဲ၊ ဟိုငေး ဒီငေးပေါ့"

မေလေးအသံက အားမရှိစွာ ဖျော့ဖျော့တော့တော့ ဖြစ်နေရသည်။ ရန့်ကို မနှစ်သက်ခြင်းမဟုတ်သော်လည်း ဒီအချိန်မှာတော့ ဗိုလ်ကလွဲပြီး မည်သူနှင့်မျှ စကားမပြောချင်။

"မေလေးနေကောင်းရဲ့လားလို့ပါ၊ မလာဖြစ်တာ ကြာလို့"

"ကောင်းပါတယ်၊ အားရင် ရန့် လာခဲ့ဦးလေ"

မလာတာကြာပြီဖြစ်သော ရန့်ကို သတိထားမိသွား၍ မေလေး စိတ်မကောင်းစွာ ပြောမိသည်။ ရန့်ကို မချစ်သည်ကလွဲ၍ အရင်ကလို ခင်မင်တွယ်တာမြဲပါ။

"လာခဲ့မယ်လေ၊ ဒါပဲနော်"

"ကောင်းပြီ ရန့်"

ရန့်က ဘာမှ ရှည်ရှည်ဝေးဝေးမပြောတော့ဘဲ ဖုန်းချသွားတော့လည်း မေလေး ရင်မှာမကောင်း။ စိတ်ပျက်လက်ပျက်နှင့် ပါကေးခင်းထားသော ကြမ်းပေါ်တွင် ထိုင်ချလိုက်မိသည်။ ထိုစဉ်မှာပဲ ထပ်မံမြည်လာသော ဖုန်းကို ထိုင်ရာမထပင် ခပ်ကြမ်းကြမ်း လှမ်းကိုင်လိုက်ပြီး ...

"ဟုတ်ကဲ့ ပြောပါ"

"မေလေးလား"

တောင့်တနေမိသော ဗိုလ့်အသံကို ကြားရပြန်တော့ မေလေး ရင်မောခဲ့ရသမျှတို့ ပြေပျောက်ရပြန်သည်။ မင်းဟာ



တန်ခိုးရှင်ပါပဲ ဗိုလ်။

"ဟုတ်တယ်၊ မေလေးဖုန်းစောင့်နေတာ ကြာလှပြီ။ ဘာဖြစ်လို့ အခုမှ ဆက်တာလဲ"

ဗိုလ့်ကို ဝမ်းပမ်းတနည်းပြောမိတော့ ဗိုလ်က သက်ပြင်းချသည်။

"အိမ်မှာ ဖုန်းရှိတာမှမဟုတ်တာ၊ လျှောက်သွားနေရင်း ကြုံသလိုဆက်ရတာကွ"

ဗိုလ့်စကားကြောင့် မေလေး စိတ်မကောင်းဖြစ်သွားမိရင်း ဗိုလ့်အကြောင်း မေလေးဘာမှ မသိသေးပါလားဟု တွေးမိလာသည်။ မင်း ပွင့်ပွင့်လင်းလင်းပြောပြရင် သိပ်ကောင်းမှာပဲ ဗိုလ်ရယ်။

"ဗိုလ်က ဘယ်တွေ လျှောက်သွားနေတာလဲ"

"ဒီလိုပဲပေါ့"

ဗိုလ့်စကားကြောင့် မေလေး စိတ်မောသွားရပြီး ဗိုလ့်ကို ဘာတစ်ခုမှ ထိန်းချုပ်ထားမြစ်ပိုင်ခွင့် မရှိသည့်အတွက်လည်း ဝမ်းနည်းရသည်။

"အလကားပါကွာ၊ ဘယ်ရယ်လို့ အတည်တကျ ဘယ်ရှိပါ့မလဲ"

ဗိုလ်က မေလေး ငြိမ်သွားသည်ကို ရိပ်မိဟန်နှင့် ဖြေရှင်းသလို ပြောနေသည်။ မေလေး စိတ်မကောင်းသော်လည်း ဘာမှတော့ မပြောမိ။

"ဗိုလ်က ဘာဖြစ်လို့ လျှောက်သွားနေတာလဲဟင်"

"အိမ်မှာ မနေချင်လို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်က ပေါ့ပါးစွာ ပြောတော့လည်း မေလေး ဘာပြောရမှန်းမသိပြန်။

"မေလေးရော ဘာတွေလုပ်နေလဲ"

"မေလေးလား အိမ်မှာပဲပေါ့"

မေလေး စကားကို သဘောကျသွားဟန်နှင့် ဗိုလ်က ရယ်မောနေသော်လည်း မေလေးကတော့ မရယ်နိုင်။

"ဗိုလ် အခု အိမ်ပြန်တော့မှာလား"

"ဟင့်အင်း၊ အခု သူငယ်ချင်းအိမ်က ဆက်တာ၊ ပြီးရင် သူတို့နဲ့အပြင်သွားမှာ"

"မှောင်နေပြီ ဗိုလ်ရယ်"

တိုးညှင်းစွာ ညည်းညူလိုက်မိရင်း မသွားပါနဲ့တော့လားဟု စိတ်ထဲမှ တားမြစ်နေမိသည်။

ဗိုလ်, အသက်ရှူသံမှတစ်ပါး ဗိုလ့်ဘက်မှလည်း တိတ်နေသည်။

အတန်ကြာမှ. . . .

"တို့အတွက် စိတ်မပူပါနဲ့ကွာ"

စိတ်မပူပါနဲ့ဟုပြောသော်လည်း စိတ်ပူနေမိတာ အမှန်ပဲမို့ မေလေး ခေါင်းခါနေမိသည်။

"အခုတောင် မသွားခင် ဆက်လို့ရတာ ကံကောင်းသွားတယ်၊ ပြန်လာမှဆိုရင် ဆက်ဖြစ်တော့မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

ဗိုလ့် စကားကို နားမလည်တာမို့ မေလေး မေးလိုက်မိသည်။



"သူငယ်ချင်းမွေးနေ့မို့ သွားစားကြမှာလေ"

မျက်မှောင်လေးကုတ်၍ စဉ်းစားနေမိရင်းမှ အရက်တွေဘာတွေ သောက်ဖြစ်မှာလားဟု တွေးမိကာ စိတ်ညစ်ညူး သွားရသည်။ ဘယ်လိုလဲ ဗိုလ်ရယ်။

"ဘာဖြစ်လို့ တိတ်သွားတာလဲ"

"ဘာမှမဖြစ်ပါဘူး"

မေလေးတိတ်သွား၍ ဗိုလ်မေးလာတော့ ကမန်းကတန်းဖြေလိုက်မိသည်။ မေလေး ဘာမှ မပြောတတ်တော့ပါဘူး ဗိုလ်။

"မေလေး"

"ပြောလေ"

"တွေ့ချင်တယ်"

တိုးဖျော့ပြတ်သားသော အသံက နားထဲသို့ ကျယ်လောင်စွာ တိုးဝင်လာသည်။ ဗိုလ်ပြောလိုက်သည်ကို ရုတ်တရက် နားမလည်သလို ဖြစ်နေပြီး နားလည်လိုက်တော့လည်း မေလေးမှာ အဖြေမရှိ။ ဗိုလ့်ကို စူးနစ်စွာချစ်နေမိသည် မှန်သော်လည်း ဗိုလ်နှင့်တွေ့ရမှာတော့ မေလေး ကြောက်မိသလိုပင်။

"မေလေး မပြောတတ်ဘူး"

စိတ်လှုပ်ရှားစွာနှင့် ပြောလိုက်မိသော မေလေး၏ စကားကို ဗိုလ်က ဘယ်လို အဓိပ္ပါယ်ကောက်သည်မသိ။

"ရပါတယ်၊ မေလေး ဆန္ဒပါပဲ"

"မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်စိတ်ဆိုးသွားတာလားဟုတွေးရင်း မေလေး ငြင်းလိုက်မိပြီး ဘာဆက်ပြောရမှန်း မသိတော့ဘဲ ငိုချင်လာရသည်။ မေလေးကို နားလည်ဖို့ မကြိုးစားတော့ဘူးလား ဗိုလ်ရယ်။

"ဗိုလ်က တစ်မျိုးပဲ"

ဗိုလ့်အပေါ် နားမလည်နိုင်သည့်အခါတိုင်း ချမိသည့်မှတ်ချက်ကို ပြောမိတော့ ဗိုလ်က ခပ်တိုးတိုးရယ်မောနေသည်။

"ဟုတ်တယ်၊ တို့က လူတစ်မျိုး၊ မေလေးနားလည်နိုင်ပါ့မလား"

ဗိုလ်က လေးလေးနက်နက် မေးလာတာမို့ မေလေး ရုတ်တရက် မဖြေတတ်။ ဗိုလ့်ကို နားလည်နိုင်ဖို့ မသေချာသော်လည်း သေချာတာတစ်ခုကတော့ ဗိုလ့်အပေါ် စိတ်ပျက်ကုန်ခမ်းသွားလိမ့်မည် မဟုတ်တာပါပဲ။

"နားလည်နိုင်ဖို့ မေလေး ကြိုးစားမှာပါ"

ရင်ထဲရှိတာရိုးသားစွာပြောမိရင်း ဗိုလ်ဘယ်လိုပဲ ထင်ထင် ဂရုမစိုက်ချင်တော့။ မေလေးက ဟန်မဆောင်တတ်ဘူးကွယ်။

"မေလေးကို အရမ်းတွေ့ချင်တာပဲကွာ"

မချင့်မရဲရေရွတ်လိုက်သံကြောင့် မျက်ရည်ဝဲမတတ် ရှက်ရွံ့ကြည်နူးမှုနှင့် တုံ့ပြန်စကားဆိုရန် ခက်ခဲနေမိသည်။

"ဒါပဲနော်၊ သူငယ်ချင်းတွေ ခေါ်နေပြီ"

အနောက်ဘက်မှ စကားသံများနှင့်အတူ ဗိုလ် ခပ်



လောလော နှုတ်ဆက်ကာ ဖုန်းချသွားတော့ မေလေး ရင်မောစွာကျန်ခဲ့ရသည်။ မင်းဟာ နားလည်ဖို့ ခက်ခဲတဲ့ လူတစ်မျိုးပါပဲ ဗိုလ်။ ဒါပေမယ့် မင်းအပေါ်ထားရှိတဲ့ ချစ်ခြင်းနဲ့အရာရာကို နားလည်နိုင်လိမ့်မယ်လို့ ငါ ယုံကြည်နေပါရဲ့။

တစ်ယောက်ယောက်က ပခုံးကို လာလှုပ်နိုးနေသည့်ဟူသော အသိနှင့် ဗိုလ် ဖျတ်ခနဲ လန့်နိုးလာသည်။ မျက်လုံးအစုံကို ရုတ်တရက် မဖွင့်သေးဘဲ ပက်လက်လှန်လိုက်စဉ် ရင်းနှီးနေသော အသံက နားထဲသို့ ခပ်ကြမ်းကြမ်းတိုးဝင်လာသည်။

"ဟေ့ကောင် ဗိုလ်"

မျက်လုံးဖွင့်ကြည့်လိုက်တော့ ရှုံ့မဲ့နေသော ကိုဇော်မျက်နှာကိုမြင်ရတာမို့ ဗိုလ်ဝမ်းသာ အံ့ဩစွာ ထထိုင်လိုက်မိသည်။

"ဟာ ကိုဇော်၊ ဘယ်တုန်းက ရောက်တာလဲ"

"အခုပဲဟေ့၊ ရောက်ရောက်ချင်း မင်းဆီတန်းလာတာ"

ကိုဇော်ကိုတွေ့လိုက်ရ၍ ဘယ်တုန်းကမှ ဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းမသာဘူးပါ။ မေလေးနှင့်ပတ်သက်ပြီး ရင်ဖွင့်တိုင်ပင်ချင်နေခိုက် ကိုဇော် ရောက်လာတာမို့ အတော်ပဲ ဖြစ်သွားရသည်။ ရန်ကုန်က သူငယ်ချင်းတွေကို ဒီကိစ္စ အသိပေးမထားသလို ဖွင့်ဟပြောချင်စိတ်လည်း မရှိ။

"ဒီအချိန်ကြီး အိပ်နေရတယ်လို့ကွာ"

ကိုဇော်က ပစ္စည်းများကိုချရင်း ရှုံ့ရှုံ့မဲ့မဲ့နှင့် ညည်းညူနေ၍ သူသဘောကျစွာ အော်ရယ်ပစ်လိုက်မိသည်။ အိပ်ရာမှ ထထိုင်လိုက်ပြီး ...

"ထိုင်ပါဦးကွာ၊ မင်းကိုတွေ့ရတာ ဝမ်းသာလွန်းလို့"

"ဘာဖြစ်လို့လဲဟ"

ကိုဇော်က ခုတင်ခြေရင်းတွင် ဝင်ထိုင်ပြီး တအံ့တသြမေးသည်။

"မင်းနဲ့ စကားပြောချင်လို့ပါကွာ"

"သိနေတယ်လေ"

ကိုဇော် အသံပြဲကြီးနှင့်အော်ဟစ်နေဆဲ ဗိုလ် အိပ်ရာမှထကာ အောက်ဆင်းဖို့ပြင်သည်။

"ဘယ်လဲကွ"

"မျက်နှာသွားသစ်မလို့လေ၊ ငါလဲ ဟိုတွေးဒီတွေးနဲ့ ခဏအိပ်ပျော်သွားတာ"

"ငါလဲ လိုက်မှာပေါ့"

ဗိုလ်ပိုင်ဆိုင်သည့် အထပ်ခိုးပေါ်မှ ဆင်းခဲ့ကြပြီး ဗိုလ်က မျက်နှာသစ်ဆဲ ကိုဇော်ကို တတွတ်တွတ် ပြောပြနေ



သည်။

"ကိုမော်က ငါ့ကို အလုပ်ကိစ္စတစ်ခုနဲ့လွှတ်လိုက်တာကွ၊ အလုပ်ကိစ္စကလည်း ကြီးကြီးကျယ်ကျယ်ပဲ။ ကားဝယ်ဖို့တဲ့"

"မင်းနဲ့ဖြစ်ပါ့မလား"

"ဘာလို့ မဖြစ်ရမှာလဲ၊ ငါတို့ဦးလေးဝမ်းကွဲတော်တဲ့ ပွဲစားကရှာပေးမှာ၊ ငါက ကိုမော့်ကို ဒီကနေ ဖုန်းနဲ့အစီရင်ခံပြီး သူပတ်စ်ပေးရင် ငွေချေလိုက်ရုံပဲ"

"ကောင်းသားပဲ"

ထမင်းစားခန်းထဲသို့ ဝင်လာသော အမေက သူ့ကို တစ်ချက်လှမ်းကြည့်ပြီးမှ ကိုဇော့်ကို ချိုသာစွာ ပြုံးကြည့်ရင်း

"ဒီမှာ အန်တီ ထမင်းပွဲပြင်ထားခဲ့တယ်နော်၊ သားတို့နှစ်ယောက် စားလိုက်ကြ၊ အန်တီ အပြင်ခဏထွက်စရာရှိလို့ အိမ်တော့ စောင့်ကြနော်"

"ဟုတ်ကဲ့ အန်တီ၊ စိတ်ချပါ၊ ကျွန်တော်တို့ ဘယ်မှ မသွားပါဘူး"

အမေ ပြန်ထွက်သွားသည်ကိုကြည့်ရင်း အမေနှင့် ရင်းနှီးနွေးထွေးစွာ မနေဖြစ်သည့်ရက်တွေ ကြာပြီပဲဟု တွေးမိကာ စိတ်မှာထိခိုက်ရသည်။

"မင်းရော မင်းအမေနဲ့ အဆင်ပြေရဲ့လား"

ကိုဇော်က အမေထွက်သွားသည့်ခြေသံကို နားစွင့်ပြီး သူ့ကို လှမ်းမေးလာသည်။ မျက်နှာသုတ်ပဝါကို ထိုင်းမှ ယူသုတ်ရင်း "ဒီလိုပါပဲ" ဟု ဗိုးတိုးဝါးတား ဖြေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



''ငါ ကိုမော့်ကို ပြောခဲ့တယ်ဗိုလ်၊ ကျွန်တော် ကားဝယ်ပြီး စိတ်ကြိုက်လျှောက်လိမ့်ပြီးမှ ပြန်ခဲ့မယ်လို့''

''ကိုမော်ကြီးတော့ မျက်ခုံးလှုပ်လိမ့်မယ်''

''လာကွာ၊ ထမင်းစားရအောင်''

အမေပြင်ပေးခဲ့သော ထမင်းဝိုင်းမှာထိုင်ရင်း အမေနှင့် ထမင်းအတူတူ စားခဲ့သော ရက်များကို သတိရနေမိသည်။ နောက်ပိုင်းတော့ ' သူတစ်ယောက်တည်းပဲ တိတ်ဆိတ်စွာ စားဖြစ်ခဲ့သည်။

ထမင်းစားပွဲတွင် ကိုဇော်က စကားဖောင်ဖွဲ့နေသော်လည်း ဗိုလ်ကတော့ နားထောင်သမားပင်။ တိတ်တိတ်ဆိတ်ဆိတ် နေတတ်သော ဗိုလ့်အကြောင်းကိုလည်း ကိုဇော်အသိပဲဖြစ်သည်။

''ဆိုပါဦး၊ မင်းကောင်မလေးနဲ့ အခြေအနေ''

ထမင်းစားခန်းမှ အမေ့အိပ်ခန်းကိုဖြတ်၍ ဧည့်ခန်းတွင်ထိုင်မိကြတော့ ကိုဇော်က စကားစ,သည်။

''ငါ့ကောင်မလေး မဟုတ်ပါဘူးကွာ''

''ဟုတ်ပါပြီ၊ မေဦးမိုးကို ပြောတာပါ''

သူမအမည်လေးကိုအကြားမှာ ကြည်နူးခြင်းကို မထိန်းသိမ်းနိုင်စွာ ပြုံးနေလိုက်မိသည်။

''သူ့ဆီ ဖုန်းဆက်တယ်''

''ဘာပြောလဲ''

''ဘာပြောရမှာလဲ၊ ဒီလိုပဲပေါ့ကွ''

ကိုဇော်က သူ့ကို စိတ်ပျက်လက်ပျက် ကြည့်နေ



တာမို့ ဗိုလ်ရယ်မောနေမိသည်။

''မည့်စမ်းပါနဲ့ ဗိုလ်ရာ၊ မေဦးမိုးကို လျှော့တွက်တာမဟုတ်ပါဘူး၊ ဒါပေမယ့် မင်းကို သံယောဇဉ်ကြီးပုံရတယ်နော်၊ ငါကတော့ အရမ်းအားပေးတယ်''

ကိုဇော့်စကားကို ခေါင်းညိတ်လိုက်ရင်း သူမလေးကို သတိရစိတ်နှင့် ရင်မှာဆွတ်ပျံ့ကြည်နူးလာရသည်။ ရင်ခွင်ကို အချိန်ပြည့် စိုးမိုးထားနိုင်စွမ်းရှိတာ မင်းလေးတစ်ယောက်ပါပဲကွယ်။

''ဖုန်းဆက်တော့ ဘာပြောဖြစ်လဲ''

''ဘာမှ မပြောရသေးဘူးကွ၊ ဟိုပြောဒီပြောပဲ''

ကိုဇော့်ထံမှ မီးခြစ်ယူ၍ စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်မိရင်း ...

''အရမ်းထူးဆန်းတယ်ကွာ၊ သူနဲ့ငါကြားမှာ ဘာမှ ပြောစရာမလိုဘဲ အလိုလိုနားလည်နေသလိုပဲ''

''အဲဒါ ရေစက်ဖြစ်မယ်''

ကိုဇော်က ပြုံးစိစိနှင့်အားပေးနေတာမို့ တက်ကြွလွန်းနေသော ကိုဇော့်ကို သူ ပြန်ရယ်ချင်နေမိသည်။

''ငါ့ဘဝမှာ ဘယ်မိန်းကလေးကိုမှ စွဲစွဲလမ်းလမ်း မဖြစ်ဘူးတာ မင်းသိပါတယ်။ငယ်ငယ်တုန်းက ဘာညာကွိကွတွေ မပါဘူးနော်။ သူ့ကိုတော့ ငါအရမ်းတန်ဖိုးထားတယ်''

''မင်း သူ့ကိုချစ်တယ်မဟုတ်လား''

ကိုဇော့်ကို ရူးစိုက်ကြည့်လိုက်မိရာမှ သူအပြင်း တစ်ချက်ရှိုက်သွင်းကာ ခေါင်းကို နောက်လှန်ချလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ကိုဇော်၊ သူ့ကိုငါချစ်တယ်၊ အဲဒါကြောင့်ပဲ ခက်နေတာ"

"ဘာလဲကွ၊ မင်းဟာက"

"ငါ သိပ်ချစ်သွားမိမှတော့ သူ့ကို မဆုံးရှုံးချင်တော့ဘူးကွာ။ ဘယ်လိုနည်းနဲ့မှ သူ့ကို အဆုံးရှုံးမခံနိုင်ဘူး။ သူ့အတွက် ငါ မခံစားချင်ဘူး"

ပွင့်ပွင့်လင်းလင်းပြောခဲ့သော ဗိုလ့်ထံမှ ထူးထူးဆန်းဆန်းစကားတွေ ကြားနေရ၍ ကိုဇော် တအံ့တသြနားထောင်နေမိသည်။

"ပြီးတော့ ငါ့ကိုချစ်မိလို့ သူ စိတ်ညစ်မှာစိုးတယ်"

ပြောပြီးမှ အနည်းငယ်ရှက်ရွံ့စွာ ကိုဇော့်မျက်နှာကိုကြည့်၍ အရက်ပြေရယ်မောလိုက်မိသည်။

"မင်းကတော့လေ ကြည့်တော့ မဟုတ်သလိုနဲ့ တကယ်တော့ မေဦးမိုးကို မင်းအရမ်းချစ်တာပဲကိုး"

"သူနဲ့ပတ်သက်ပြီး အလေးအနက် ခံစားနေရပါလားဆိုတာ သူပြန်တော့မယ်လို့ ငါ့ဆီဖုန်းဆက်မှ ငါ့ရင်ထဲမှာ အရမ်းလှုပ်ရှားပြီး သိလိုက်ရတာ၊ အဲဒီတုန်းကတော့ ဘာမှပြောမထွက်ခဲ့ဘူး"

"မင်းက ငါ့တပည့်မှ မပီသတာ"

အရေးထဲ ကိုဇော်က ပဏာဝင်ယူနေသေးတာကို အသံမထွက်ဘဲ ဆဲလိုက်မိသည်။ မေလေးအကြောင်း ပြောတိုင်း ရင်ထဲမှာ အပျော်လေးတွေ ရှိနေတတ်တာမို့ သူ့မျက်နှာပေါ်မှာ အပျော်ရိပ်တွေ စွန်းထင်းနေမှာ သေချာသည်။



"မင်း ဖွင့်ပြောလိုက်တော့လေကွာ"

ကိုဇော့် စကားကို ခေါင်းမညိတ်ဖြစ်ဘဲ တွေဝေငေးမောနေမိ၍ ကိုဇော်က စိတ်မရှည်ဟန်ဖြင့် မျက်မှောင်ကုတ်ကြည့်သည်။

"ဘာတွေ စဉ်းစားနေတာလဲကွ"

"ငါ့ကို ချစ်ရင် သူစိတ်ညစ်မှာ၊ ငါက မိန်းကလေးတွေအကြိုက်လည်း ပြောတတ်တာမဟုတ်ဘူး၊ နေလည်းမနေတတ်ဘူး၊ သူ့ကို ချစ်ရုံပဲချစ်တတ်တာ၊ ငါ့ကိုချစ်ပြီးမှ သူစိတ်ပျက်သွားမှာတော့ စိုးရိမ်တယ်"

"အမယ်လေးကွာ၊ မင်းဖွင့်ပြောလို့ သူကပဲ မင်းကိုပြန်ချစ်ပါစေဦး"

ကိုဇော် သူ့ကို အမြင်ကပ်၍ တမင်ပြောမှန်းသိသော်လည်း ရင်ထဲမှာ တုန်တုန်လှုပ်လှုပ်ဖြစ်သွားရသည်။ မေလေးမချစ်မှာကိုတော့ အရမ်းပဲကြောက်နေမိပြီ မေလေးရယ်။

"ဘာမှ တွေးမနေစမ်းပါနဲ့ကွာ၊ မင်းအချစ်နဲ့ အရာရာပြည့်စုံသွားလိမ့်မယ်"

ကိုဇော့် စကားကို သဘောကျစွာ ပြုံးနေလိုက်ရင်း ငြိမ်သက်စွာ စဉ်းစားနေမိသည်။ ဒီလိုမတင်မကျ အခြေအနေမျိုးကြီးနှင့် ကြာကြာမနေချင်တာတော့လည်း အမှန်။

"ဘယ်လိုလဲဗိုလ်"

"ပြောလိုက်တော့မယ်"

စိတ်ဆုံးဖြတ်ကာ အပြတ်အသားပြောလိုက်တော့ ကိုဇော်က ခေါင်းတညိတ်ညိတ်လုပ်နေသည်။ သူ့နှာမည်ကို

www.burmeseclassic.com

www.burmeseclassic.com



တိုးဖျော့စွာခေါ်လိုက်သော သူမအသံလေးကို ကြားယော
လာကာ သတ္တိစိတ်နှင့်ယှဉ်သော အလွမ်းတို့က ရင်ထဲ
ရောက်လာသည်။ မင်းဟာ ကိုယ့်တစ်ယောက်တည်းအတွ
လား မေလေးရယ်။

ရုပ်ရှင်ရုံထဲမှ လူအများနှင့် ရောနှောထွက်လာရင်
နားရွက်အထိ အတိုညှပ်၍ အောက်ပိုင်းကို ပါးပါးရိပ်ထာ
သော ဆံပင်တို့ကို လက်နှင့်သပ်လှန်ကာ စိတ်အိုက်မှုကို
ဖျောက်နေမိသည်။ ကိုဇော်က ရုပ်ရှင်ကြည့်ချင်သည်ဟု
ဆို၍သာ ဗိုလ်လိုက်ကြည့်ပေးရခြင်း ဖြစ်သော်လည်း ဗိုလ်
တော့လုံးဝ ဝါသနာမပါ။ ရုပ်ရှင်ရုံထဲထိုင် နေရသည်ကို
စိတ်ကျဉ်းကြပ်၍မဆုံး။ သို့ပေမယ့် ရုပ်ရှင်ဝါသနာအိုး ကိုဇေ
အတွက်ကတော့ အဖော်လိုက်ပေးနေကျဖြစ်သည်။

"ပူလိုက်တာကွာ"

ကိုဇော်က ပလက်ဖောင်းပေါ်တွင် ခဏရပ်ရင်
တီရှပ်လည်ပင်းကို ဆွဲ,ဟကာ ညည်းသည်။ ပူပြင်းသော
နေရောင်အောက်တွင် သွားလာလှုပ်ရှားသော လူအများနှ
မြို့လယ်မြင်ကွင်းက မပြောင်းမလဲပင်။



"ကဲ …ဘယ်ကို ယွန်းမှာလဲ"

"ဗိုလ်ချုပ်ဈေးထဲ ခဏသွားမယ်ကွာ၊ သူငယ်
ချင်းတစ်ယောက်ဆိုင် ဝင်စရာရှိလို့"

ကိုဇော့် ဆန္ဒအတိုင်း ဈေးဘက်သို့ ပြန်လျှောက်
ကြသည်။ ကိုဇော်က ရန်ကုန်တွင် ကျောင်းလာတက်သူ
ဖြစ်ပြီး ကျောင်းပိတ်ထားသည့် အခိုက်တွင်လည်း မန္တလေး
နှင့်ရန်ကုန် ကူးသန်းနေတာမို့ ရန်ကုန်မြို့အနံ့ ရင်းနှီးကျွမ်း
ဝင်ပြီး ဗိုလ့်ထက်လည်း အပေါင်းအသင်း ပိုဆန့်သည်။

"ခဏနေဦးကွာ၊ သီချင်းစာအုပ်လေး ဘာလေး
မှုမလို့"

လမ်းဘေး သီချင်းစာအုပ်ဆိုင်တွင် စာအုပ်တွေ
ကြည့်ရင်း သုံးလေးအုပ်ဝယ်ဖြစ်ပြန်သည်။ ဖြစ်ဖြစ်မြောက်
မြောက် မဟုတ်သော်လည်း ဂစ်တာတီးခြင်းကို နှစ်ယောက်
လုံး ဝါသနာပါသည်။ တံတားပေါ်မှဖြတ် လျှောက်လာခဲ့ပြီး
ဗိုလ်ချုပ်ဈေးထဲသို့ ဝင်ခဲ့ကြသည်။ ပန်းချီကားအရောင်းပြ
ခန်းဘေးမှ ဖြတ်အလျှောက်တွင် ရိုပ်ခနဲမြင်လိုက်ရသော
ပုံရိပ်လေးတစ်ခုကြောင့် ဗိုလ့် ခြေလှမ်းများ ရပ်တန့်သွားကာ
ရင်ခုန်နှုန်းတွေ ဖရိုဖရဲ ဖြစ်သွားရသည်။

"ဟော့ကောင်၊ ဘာလဲကွ"

ကိုဇော်က နားမလည်ဟန်နှင့် မေးသော်လည်း
ရတ်တရက်မဖြေနိုင်သေးဘဲ သူ့ကိုကျော်ပေး၍ ပန်းချီကာ
တစ်ချပ်ကို စိတ်ပါဝင်စားစွာ ကြည့်နေသော မိန်းကလေး
တစ်ယောက်ကို စူးစိုက်ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင် မများလှသောအခန်းတွင်းမှ ပုံရိပ်ကလေးကိုပင် သူ့ နှလုံးသားက မလွဲမှားနိုင်ပါ။ ပခုံးပေါ်ဝဲကျနေသော ဆံနွယ်လေးများ၊ ကြိုးလေးများ တွဲလောင်းကျနေသော ဖြူဆွတ်ဆွတ်အင်္ကျီလေးအောက်မှ သွယ်လျသောခန္ဓာကိုယ်လေးနှင့် မျက်နှာလေးအငဲ့တွင် လှပသောမျက်နှာလေးကို ရိပ်ခနဲ မြင်လိုက်ရသည်။

မေလေးရယ်။

စိတ်ထဲမှ ကြည်ကြည်နူးနူး ရေရွတ်လိုက်မိရင်း ပူလောင်မောပန်းခြင်းများအားလုံးကို မေ့လျော့ကာ ရင်မှာအေးချမ်းသွားရသည်။

“ဘယ်သူလဲ”

ကိုဇော်က ဗိုလ်ကြည့်နေရာကို ပြူးပြဲလိုက်ကြည့်ရင်း အရေးတကြီး မေးနေသည်။ ဗိုလ် ပထမဆုံးအကြိမ်အဖြစ် လှိုက်လှိုက်လှဲလှဲ ပြုံးလိုက်မိရင်း ...

“မေလေးလေ”

“ဟာ ...ဟုတ်သားပဲ၊ ဘယ်သူပါသေးလဲ မသိဘူး”

ကိုဇော်ပြောမှ ပတ်ဝန်းကျင်ကို မသိမသာဝေ့ကြည့်မိသည်။ သူတို့တွေ့သလောက်တော့ ဘယ်သူ တစ်ဦးတစ်ယောက်မှ မေလေးနှင့် သက်ဆိုင်ပုံမရ။

“သွားလေကွာ၊ တစ်ခါတည်း ဖွင့်ပြောလိုက်တော့”

ကိုဇော်က အပြတ်တွန်းအားပေးနေ၍ လက်ကာပြလိုက်ပြီး ...



“မင်းသွားနှင့်တော့၊ ငါပြီးမှ လိုက်ခဲ့မယ်”

“အိုကေ၊ သွားမယ်”

ကိုဇော် ထွက်သွားမှ ပန်းချီပြခန်းထဲသို့ တိတ်တိတ်ဆိတ်ဆိတ် လှမ်းဝင်လာခဲ့သည်။ မေလေးအနောက်ဘက်တွင် ရပ်ရင်း သူ့နှုတ်ခမ်းတွေ နူးညံ့စွာပြုံးမိပြီး ဖြစ်နေသည်။

“ဟေ့”

မေလေးပခုံးမှာ တွဲလောင်းကျနေသော အင်္ကျီမှ ကြိုးလေးကိုဆွဲ၍ ခပ်အုပ်အုပ်ခေါ်လိုက်မိသည်။

အလန့်တကြား လှည့်ကြည့်လာသော မျက်နှာက ကလေးတစ်ယောက်လို အပြစ်ကင်းလွန်းလှသည်။

“ဗိုလ်”

သူ့ကိုမြင်တော့ မျက်လုံးလေးတွေ တောက်ပသွားရပြီး အံ့ဩဝမ်းသာဟန်နှင့် သူ့အမည်ကို တိုးတိုး ဖျော့ဖျော့လေးရေရွတ်သည်။ မင်းသိပ်ချစ်ဖို့ကောင်းတာပဲ မေလေးရယ်။

“မေလေး တစ်ယောက်တည်းလား”

“ဟင့်အင်း၊ မေမေပါတယ်၊ မေလေးက ပန်းချီကားတွေကြည့်ချင်လို့ ခဏဝင်နေခဲ့တာ”

နဖူးပေါ်ကျနေသော ကျစ်ဆံမြီးလေးကို မသိမသာဆွဲချရင်း သူ့ကို မကြည့်ဘဲပြောနေသော မေလေးကို ဘောင်းဘီနောက်အိတ်ထဲ လက်နှိုက်ရင်း စူးစိုက်ကြည့်နေမိသည်။

“ဗိုလ်ရော တစ်ယောက်တည်းလား”

www.burmeseclassic.com

www.burmeseclassic.com



"ကိုဇော်ပါတယ်၊ သူ ကိစ္စတစ်ခုရှိလို့လာတာ"

"ကိုဇော် ရောက်နေတယ်ဟုတ်လား၊ ဘယ်တုန်းကရောက်လဲ"

"မကြာသေးပါဘူး၊ အိမ်မှာပဲ နေတယ်လေ"

မေလေးနှင့် စကားပြောနေရင်း ပြောချင်လွန်းသည့်စကားတစ်ခွန်းကို ဘယ်လိုပြောရမှန်းမသိအောင်ဖြစ်နေမိသည်။ လူတစ်ယောက်စ နှစ်ယောက်စသာ ရှိသောပန်းချီအရောင်းပြခန်းထဲသို့ မသိမသာ ဝေ့ကြည့်မိရင်း ပန်းချီကားတွေအပေါ် မေလေး တော်တော်စိတ်ဝင်စားမှန်း သတိပြုမိတော့သည်။

"မေလေး ပန်းချီဆွဲတာ ဝါသနာပါလား"

"ဟင့်အင်း၊ ကြည့်ပြီး ခံစားရတာပဲ ဝါသနာပါတယ်"

မေလေးက ရယ်ရယ်မောမောနှင့် ပြောတာမို့ သဘောကျစွာ ပြုံးကြည့်နေလိုက်မိသည်။ မေလေးရှေ့ရောက်မှ သူ့နှုတ်ခမ်းတွေ ပြုံးဖြစ်နေရသည်လေ။

မေလေးနှင့်အတူ ပန်းချီကားတစ်ခုပြီးတစ်ခု ရွှေ့ပြောင်းကြည့်ဖြစ်ရင်း မေလေးက သူ့ကို လှမ်းကြည့်လာပြီး ...

"ဗိုလ်ရော ပန်းချီကားတွေကို ဝါသနာပါလားဟင်"

ရှေ့ဆံပင်တို့ကို လက်ဖနှောင့်နှင့် တွန်းလှန်မိရင်း ဟက်ခနဲ တစ်ချက်ရယ်လိုက်မိသည်။



"တကူးတက မကြည့်ဖြစ်တာတော့ အမှန်ပဲ"

မေလေးနှင့်ဖုန်းပြောစဉ် နွေးထွေးမှုရှိသလို အပြင်မှာလည်း သူနှင့် မေလေးကြားမှာ စိမ်းစိမ်းကား ကားကြီးဖြစ်မနေ။ ဒီလိုနေရသော အခြေအနေလေးကိုပဲ ဗိုလ်နှစ်ခြိုက်နေမိသည်။

"မေလေး ပန်းချီကားတွေကြည့်နေတော့ ဗိုလ်ပျင်းနေမလား မသိဘူး"

မေလေး မျက်နှာမှာ စိုးရိမ်ပူပန်လေးပေါ်နေတာနဲ့ သူ့ကို ရှိမနေစေချင်၍ ပြောခြင်းမဟုတ်ဟု နားလည်လိုက်သည်။

"မေလေးကို ကြည့်နေမှာပေါ့"

လွှတ်ခနဲပြောလိုက်မိတော့ မေလေးမျက်နှာလေးနီရွေးသွားပြီး ချိတ်ဆွဲထားသော ပန်းချီကားတွေဘက်ပြန်လှည့်သွားသည်။ ခပ်စောင်းစောင်းအနေအထားမှမေလေးမျက်နှာလေးကို မလွဲတမ်းစိုက်ကြည့်နေမိသည်။ မျက်နှာနုနုလေအပေါ် ဝဲကျနေသော ဆံနွယ်လေးများကိုလည်း ချစ်သည်။ ထူထူမည်းမည်း မျက်ခုံးလေးနှင့်သူ့ ရင်ကိုလှုပ်ခတ်နိုင်စွမ်းသော မျက်ဝန်းနက်နက်လေးတွေ ကိုလည်းချစ်သည်။ အရာရာပါပဲလေ။ မေလေးနှင့် ပတ်သက်သမျှအရာရာကို မြတ်နိုးနေမိသည်ပဲ။

"မေလေးကို ချစ်တယ်"

ရင်ထဲမှ စကားများ ဖိတ်အံ့ကျလာသလို လွှတ်ခနဲထွက်သွားမိသည့် စကားကို သူ မရုတ်သိမ်းလိုက်နိုင်

www.burmeseclassic.com

www.burmeseclassic.com



တော့။ တအံ့တသြ လှည့်ကြည့်လာသော မေလေးမျက်ဝန်းများကို ရင်မဆိုင်နိုင်စွာ မျက်နှာလွှဲ၍ အရှက်ပြေ ရယ်မောနေလိုက်မိသည်။ တကယ့်ကို မရည်ရွယ်ပါဘဲ ပြောဖြစ်သွားခြင်းမို့ မေလေးကတော့ ဘယ်လိုထင်မည် မသိ။ ဘယ်လိုပုံစံမျိုးနဲ့ပဲပြောပြော ဆိုလိုရင်းကတော့ မေလေးကို ဗိုလ်ချစ်တာပါပဲလေ။

"မနောက်နဲ့"

မေလေးကို ပြန်ကြည့်မိတော့ အံ့သြရိပ်မပြယ်သေးသော မျက်နှာလေးနှင့် ခပ်တိုးတိုးပြောကာ ပြန်လှည့်သွားတာမို့ သူ စိတ်မကောင်းဖြစ်သွားရသည်။ ကိုယ်ရယ်လိုက်မိတာ ပေါ့တန်သွားသလား မေလေး။

"ဘာဖြစ်လို့နောက်ရမှာလဲ၊ တကယ်ပြောတာ"

မေလေးမျက်နှာကို ငုံ့ကြည့်ပြီး ပြောမိတော့ ဘာပြောရမှန်းမသိပာန်နှင့် သူ့ကို ခပ်ငေးငေးပြန်ကြည့်နေရှာသည်။ တမင် ရှက်ရွံ့ဟန်ဆောင်ထားခြင်း မရှိသော်လည်း မေလေးမျက်နှာမှာ ရှက်ရိပ်ကလေးတွေရှိနေသည်။ မင်းဟာ ငါ့ချစ်သူလေးပဲ ဖြစ်လိုက်ပါ မေလေးရယ်။

"မယုံလို့လား"

အသည်းအသန်မေးလိုက်မိသော်လည်း မေလေးက မယုံဟုဆိုလျှင် ဘယ်လိုသက်သေပြရမှန်း သူမသိ။ တကယ်တော့ မေလေးအတွက် သူဟာ လူစိမ်းတစ်ယောက်ပဲ ဖြစ်နေသေးသည်လေ။

"မဟုတ်ပါဘူး"



ခေါင်းလေးခါလိုက်တာကို မြင်ကတည်းက သူ အနည်းငယ်တော့ စိတ်ချမ်းသာသွားရသည်။ ရင်ထဲမှာရှိတဲ့ အချစ်တွေကို ထုတ်လည်းမပြတတ်ဘူး မေလေးရယ်။ နားလည်တတ်မယ်ဆိုရင်တော့ မေလေး ခံစားသိနိုင်မှာပါ။

"မေလေးသွားရတော့မယ်၊ အသီဆိုင်မှာ မေမေ စောင့်နေလိမ့်မယ်"

မေလေးပြောတော့ သူ ခေါင်းတစ်ချက်ညိတ်လိုက်ပြီး အခန်းတွင်းမှ မေလေးနှင့်အတူ ပြန်ထွက်လာခဲ့သည်။ လမ်းမခွဲမီ မျက်နှာချင်းဆိုင်ရပ်ဖြစ်ကြရင်း ...

"တို့ လိုက်ပို့ရဦးမလား"

"ရပါတယ်၊ မေလေးဘာသာပဲ သွားလိုက်မယ်"

"ဒါဆို တို့သွားမယ်နော်၊ ဖုန်းဆက်လိုက်မယ်"

သူပြောခဲ့သည့် စကားတို့အတွက် တုံ့ပြန်မှုကို သိနိုင်ရန် ဖုန်းဆက်မည်ဟု ပြောခဲ့သည်။ ခေါင်းညိတ်ပြုံးပြသော မေလေးမျက်နှာကို ခပ်ကြာကြာရှုစိုက်ကြည့်မိရင်း လှည့်ထွက်လာခဲ့မိသည်။ မေလေးအနားမှာ မခွာချင်လှသော အင်အားမရှိသည့် ခြေလှမ်းများနှင့် သက်ပြင်းမောတစ်ချက်ချလိုက်မိသည်။ ကိုယ့်ရှေ့ကနေ မင်း အရင်ခွဲခွာသွားမှာကိုတောင် ရင်မဆိုင်ရဲတဲ့အထိ ကိုယ်ကြောက်နေမိပြီ မေလေးရေ။ မင်းလေးအားပေးမှပဲ။

www.burmeseclassic.com

www.burmeseclassic.com

လှည်းတန်းလမ်းမပေါ်တွင် ကားရပ်၍ မေမေ ဈေးဆင်းဝယ်နေသည်ကို မေလေး ကားပေါ်မှထိုင်စောင့်နေရင်း ဖြတ်သန်းသွားလာနေသော လူအများကို ဘာရယ်မဟုတ် ငေးမောနေမိသည်။ လူတွေကြားထဲမှာ ဗိုလ့် ပုံရိပ်များ တွေ့ရမလားဟု မျှော်လင့်မိသော်လည်း အားတော့မရှိလှ။ သုံးရက်ခန့်ပျောက်နေသော ဗိုလ့်ကို မေလေး ဘယ်လိုရှာဖွေရမှန်းမသိ။ ဗိုလ်ချုပ်ဈေးမှာ ဗိုလ်နှင့်တွေ့ပြီးကတည်းက ဗိုလ့်ထံမှ ဘာမှ မကြားရတော့ခြင်းဖြစ်သည်။

ဗိုလ် ဖုန်းဆက်လိုက်မည်ပြော၍ အိမ်ပြန်ရောက်ကတည်းက မေလေး ရင်ခုန်မောဖွာ မျှော်လင့်ခဲ့ရသော်လည်း ဗိုလ်ကမဆက်။ နောက်နေ့တွေမှာလည်း မျှော်လင့်ထားသလို ဗိုလ့်အသံမကြားရပြန်တာမို့ ဝမ်းနည်းစိတ်နှင့် ရင်မောရသည်။ ချစ်တယ်ပြောပြီးမှ မင်း ပုန်းကွယ်နေတာ။ မင်းဆိုးတယ် ဗိုလ်ရယ်။

မျှော်လင့်မထားသော ပုံစံမျိုးနှင့် ဗိုလ့်ထံမှ ချစ်စကားကြားလိုက်ရတော့ ဟန်ဆောင်ဖုံးကွယ်ဖို့ မေ့လျော့စွာ မေလေး အံ့သြကြောင်ငေးကြည့်နေခဲ့မိသည်ပဲ။ မင်း လုပ်လိုက်ရင် အထူးအဆန်းတွေချည်းပါပဲ ဗိုလ်ရယ်ဟု စိတ်ထဲမှ



ညည်းညူရေရွတ်လိုက်မိသည်။

တိတ်ဆိတ်နေသော ပန်းချီအရောင်းဆိုင်ထဲသို့ မထင်မှတ်ဘဲ ဗိုလ်ဝင်ရောက်လာခဲ့တာ၊ ဘယ်လိုမှ မမျှော်လင့်တဲ့ အပြုအမူမျိုးနဲ့ ဗိုလ့်အသံပြုခဲ့တာ၊ ပြီးတော့ အရိုးသားဆုံးစကာတစ်ခွန်းကိုပဲ အဆန်းပြားဆုံးပုံစံနဲ့ မင်းပြောခဲ့တာ။

ထိုနေ့က မေမေနှင့် ဈေးကဲလျှောက်သွားနေရသော်လည်း မေလေးဘာကိုမှ စိတ်မဝင်စားတော့။ နားထဲမှာ "မေလေးကိုချစ်တယ်"ဟူသော အသံနှင့် ရှက်ရွံ့ဟန်နှင့် မျက်နှာလွှဲကာ အစွမ်းကုန်ပြုံးနေခဲ့သော ဗိုလ်မျက်နှာကို မြင်ယောင်နေမိသည်။ မျှော်လင့်သိရှိပြီးသား စကားတစ်ခွန်းဖြစ်သော်လည်း ကြားလိုက်ရသည့် ခဏမှာတော့ ရင်ထဲတသိမ့်သိမ့်ကြည်နူးသွားခဲ့ရသည်။ မေလေးရင်ထဲမှာလည်း အချစ်တွေ အခိုင်အမာရှိနှင့်ပြီးသားဆိုတာ ဗိုလ့်ကို ဘယ်လိုပြောပြရမလဲ။ ဗိုလ့်အချစ်ကို ယုံကြည်ကိုးစားမှုအပြည့်နဲ့ လက်ခံခဲ့သလို မေလေးအချစ်ကိုရော ဗိုလ်ယုံကြည်ပါ့မလား၊ တန်ဖိုးမထားမှာတော့ စိုးပါတယ်ဗိုလ်။

သက်ပြင်းတစ်ချက်ရှိုက်မိရင်း မျက်လုံးအစုံကို မှိတ်ကာ ခေါင်းကို နောက်သို့မှီထားလိုက်မိသည်။

"မေလေး"

အနီးကပ်ကြားလိုက်ရသော ဗိုလ့်အသံကြောင့် မေလေး ကိုယ်လေးတုန်တက်သွားကာ အလန့်တကြား မျက်လုံးဖွင့်ကြည့်လိုက်မိသည်။ ပလက်ဖောင်းပေါ်မှာ ရပ်၍ ကားတံခါးဘောင်ကို လက်ထောက်ကာ စိုက်ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



သော ဗိုလ်ကို မြင်လိုက်ရတာမို့ အုံ့ညြခြင်းတစ်ဝက် ပျော်ရွှင်ခြင်းတစ်ဝက်နှင့် မယုံနိုင်သလို ကြည့်နေမိသည်။

“ဗိုလ် ဘယ်ကရောက်လာတာလဲ”

“လက်ဖက်ရည်ဆိုင်က လှမ်းမြင်လို့ ထလာတာ”

ဗိုလ်က အေးအေးဆေးဆေး ရှိနေသော်လည်း မေလေးကတော့ စိတ်တွေ လှုပ်ရှားနေရသည်။ ဗိုလ့်ကိုတွေ့ရ၍ ဝမ်းသာသော်လည်း အေးအေးဆေးဆေး မရှိတာမို့ ဘာပြောရမှန်းမသိအောင် ဖြစ်နေရသည်။

“စိတ်ဆိုးနေလား”

ဗိုလ်က နှုတ်ခမ်းစေ့ပြုံး၍ ကြည့်နေရာမှ မေးလာသည်။ ဗိုလ့်ကို မြင်သာစေရန် မေလေးကိုယ်ကို မောင်းသူထိုင်ခုံသို့ တိုးရွှေ့၍မော့ကြည့်နေရသည်။

“ဆိုးတာပေါ့”

ဗိုလ့်ကို မကြည့်ဘဲ ခပ်တိုးတိုး ပြောမိတော့ ဗိုလ်က သဘောကျဟန်နှင့်ပြုံးနေသည်။

“ကိုဇော် အလုပ်အတွက် လိုက်ပေးနေရလို့ပါ၊ လုံးဝ မအားဘူး၊ အဲဒါကြောင့် ဖုန်းမဆက်ဖြစ်တာ”

ဗိုလ့်ကို ဒီထက်ပို၍လည်း ဘာမှအပြစ်တင်လိုစိတ် မရှိတာမို့ မေလေး ငြိမ်သက်၍သာ နားထောင်နေလိုက်မိသည်။

“မေလေးကိုတွေ့ရတာ အရမ်းဝမ်းသာတာပဲ။ အရမ်းတွေ့ချင်နေတာ”

ခပ်တည်တည်မျက်နှာထားနှင့် ရှုးစိုက်ကြည့်ရင်း



ပြောလာတော့ ဗိုလ်မျက်ဝန်းတောက်တောက်တွေကို ပြန်လည်ငေးစိုက်ကြည့်မိရင်း ဗိုလ့်ထံမှ ဘယ်လိုမှခွဲခွာသွားနိုင်တော့မည်မဟုတ်ကြောင်း နားလည်လာရသည်။ မင်း ကိုငါ သိပ်ချစ်နေမိပြီပဲ ဗိုလ်ရယ်။

“မေလေး ဘယ်သူနဲ့လာတာလဲ၊ အချိန်ရမလား”

ဗိုလ့်စကားကြားမှ မေမေ အချိန်မရွေးမြင်တွေ့သွားနိုင်သည်ကို သတိရလာကာ မေလေးလှုပ်လှုပ်ရှားရှားဖြစ်သွားရသည်။ မေမေက ဝယ်စရာ တော်တော်များများရှိသော်လည်း ဈေးထဲဝင်မှာမဟုတ်၍ ချက်ချင်းပြန်ရောက်လာနိုင်သည်ပဲ။

“မေမေနဲ့လာတာ၊ အချိန်မရဘူး”

အနည်းငယ် ကြောက်လန့်သွားပုံပေါ်သော မေလေးမျက်နှာကို ဗိုလ်သတိထားမိသွားဟန်နှင့် ဟိုဟိုသည်သည် လှမ်းကြည့်ပြီး …

“မလာသေးပါဘူး၊ ခဏလေး ပြောစရာရှိလို့”

“ပြောစရာရှိရင် ဖုန်းဆက်လိုက်လေ”

မေမေမြင်သွားမှာ စိုးရိမ်စိတ်နှင့် မေလေးပြောနေသော်လည်း ဗိုလ်က မတုန်မလှုပ်ပင်။

“အခုပဲပြောကွာ”

“ဘာပြောရမှာလဲ”

“မေလေးတို့ကို ချစ်တယ်၊ မချစ်ဘူးဆိုတာပေါ့”

ဗိုလ်ပုံစံက ချက်ချင်းကြီးပြောရမည့်ပုံမို့ မေလေးစိတ်ညစ်သွားရသည်။ ရင်ထဲမှ အဖြေရှိပြီးသားဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



လည်း ပါးစပ်က ဖွင့်ပြောပြလိုက်ရမှာတော့ မေလေး ရှက်သည်လေ။

"နောက်မှ ပြောမယ်ကွာ၊ နောက်မှ"

"မရဘူး၊ အခုပဲကြားချင်တာ"

ဗိုလ်ပုံစံက ဇွတ်တရွတ်မို့ မေလေး ဘာပြောရမှန်း မသိတော့။

"အဲလို မညစ်နဲ့ကွာ"

"ဘာညစ်လို့လဲ၊ သိချင်လို့မေးတာပဲဟာ"

ဗိုလ်က အစွမ်းကုန် ပြုံးနေသော်လည်း မေလေး ကတော့ မပြုံးနိုင်။ ကားနောက်ဘက်သို့ လှည့်ကြည့်မိစဉ် လူတွေကြားထဲမှ မေမေ့ကိုရိပ်ခနဲမြင်လိုက်တာမို့ မေလေး ထိတ်လန့်သွားရသည်။

"ဟိုမှာ မေမေလာနေပြီ၊ ဗိုလ်သွားတော့နော်"

ဗိုလ်က တစ်ခုခုပြောမည့်ဟန်ပြင်ပြီးမှ တုန်တုန် လှုပ်လှုပ်ဖြစ်နေသည့် မေလေးမျက်နှာကို ကြည့်ကာ ဘာမှ မပြောတော့ဘဲ ထောက်ထားသည့်လက်ကိုရုတ်ကာ ကိုယ်ကို မတ်သည်။ မေလေးတို့ကားကို ပတ်လျှောက်၍ တစ်ဖက်သို့ ကားလမ်းပြန်ကူးရန်ပြင်နေသော ဗိုလ့်ကို မေလေး ငေးကြည့် နေမိသည်။

ဗိုလ် စိတ်ညစ်သွားပြီလားဟု တွေးရင်း စိတ်မော နေဆဲ ဗိုလ်က ပြန်လှည့်ကြည့်လာပြီး ...

"ခဏနေရင် ဖုန်းဆက်မယ်"

မေလေးခေါင်းအညိတ်မှာပဲ ဗိုလ်က ကားလမ်းကို



ခပ်မှန်မှန်ဖြတ်ကူးသွားပြီး လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ဝင်ထိုင်လိုက်သည်။ ဒီတော့မှပဲ ကိုဇော်ကိုမြင်ကာ မေလေး ဆက်ကြည့်နေသော်လည်း ဗိုလ်က ကျောပေးနေရာမှ ပြန်မ လှည့်တော့တာမို့. သက်ပြင်းတစ်ချက်ချကာ မျက်နှာပြန် လှည့်လိုက်မိသည်။

"သမီးရော ဘာဝယ်ဦးမလဲ"

မေမေရောက်လာ၍ မေမေ့ထံမှ ပစ္စည်းများကို လက် ပြောင်းယူ၍ နေရာချရင်း ခေါင်းကို သွက်သွက်ခါပြလိုက် သည်။ မေမေက ကားကို ယာဉ်ကြောအတိုင်း မောင်းဝင် လိုက်ပြီး အသိအိမ်တစ်အိမ်ဝင်ရန် ပြောနေသည်ကို မေလေး အပြင်းအထန် ကန့်ကွက်လိုက်မိသည်။

ဇည့်သည်မလုပ်ချင်သော မေလေးအကြောင်းသိ နေ၍ မေမေကမအံ့သြသော်လည်း မေလေးကတော့ ဗိုလ် ဖုန်းဆက်မည့်အချိန် ပြန်မရောက်မှာဘဲ စိုးရိမ်နေမိသည်။

ခြံထဲသို့ကားကွေ့ဝင်ပြီး ရပ်လိုက်လိုက်သည်နှင့် တပြိုင်နက် မေလေး သွက်လက်စွာဆင်းကာ ပစ္စည်းတွေ ကိုနိုင်သလောက် သယ်သွားလိုက်သည်။ ထမင်းစားခန်း တွင်းဝင်၍ ပစ္စည်းတွေကိုစားပွဲပေါ်ချပေးပြီး ထွေးလေးကို မေမေ့ဆီလွှတ်လိုက်ကာ ဖုန်းရှိရာသို့ ကမန်းကတန်း လျှောက်လာခဲ့မိသည်။ ဖုန်းရှေ့တွင်ရပ်၍ အသက်ကို ပြင်းပြင်း ရှူမိဆဲ မေလေး ရှေ့မှ ဖုန်းကအော်မြည်လာ သည်။

"ဟဲလို"

ရင်ခုန်မောစွာ ထူးလိုက်မိရင်း ဗိုလ့်ကို ပြောရမည်

www.burmeseclassic.com

www.burmeseclassic.com



စကားအတွက် နှုတ်ခမ်းတွေလှုပ်ရှားမရချင်သလို ဖြစ်နေ သည်။

“ပြောတော့လေ”

ဗိုလ်က တုံးတိစွာမေးလာတော့ မေလေး ရ တရက်မဖြေနိုင်ဘဲ ခပ်တိုးတိုး ရယ်နေလိုက်မိရင်း …

“အခုလေးတင် ပြန်ရောက်တာ၊ ပစ္စည်းတွေချ ဖုန်းဆီရောက်တာနဲ့ မြည်လာတာပဲ။ မောလိုက်တာ”

“တို့ အရမ်းကြားချင်နေပြီကွာ၊ မနေနိုင်တော့ဘူး”

မေလေးစကားကို ခဏငြိမ်၍ နားထောင်နေပြီး ဗိုလ်က တိုးတိတ် ပြတ်သားစွာပြောလာတာမို့ မေလေး ရင် လှပ်ခနဲ ခါသွားရသည်။

“ဗိုလ်ရယ်”

မပီမသ တိုးတိုးညည်းညူလိုက်မိရင်း ဗိုလ့်မျက် ကို ကြည်နူးစွာ မြင်ယောင်လာမိသည်။

“ပြောပါကွာ”

ညို့ငင်ဖမ်းစားနိုင်စွမ်းသော ဗိုလ့်အသံက နှ သားကို လှုပ်ခါသွားစေကာ မမြင်နိုင်သော အင်အား မျိုးဖြင့် ရဲရင့်လာရသည်။ မင်းနှလုံးသားမှာ နား ငါ့နှလုံးသားထဲက စကားတွေကို မင်းကြားမှာပါဗိုလ်။

“ဗိုလ့်ကိုချစ်တယ်၊ ဗိုလ်သိပါတယ်”

“တစ်သက်လုံးအတွက်လား”

ခံစားချက်နှင့် တုန်ခါနေသော ဗိုလ့်အသံ နားထောင်ရင်း မျက်ရည်အဝဲသားနှင့် ပြုံးလိုက်မိသည်။



“ဒါပေါ့ ဗိုလ်ရယ်”

“တို့ရင်ထဲမှာ အမြဲတမ်း သိမ်းထားမယ်”

ဗိုလ် တန်ဖိုးထား သိမ်းဆည်းထားမည့် စကား လေးအတွက် ကျေနပ်ပျော်ရွှင်စွာ မေလေး ပြုံးနေလိုက် မိသည်။

“မင်းကို အရမ်းချစ်တာပဲ မေလေးရယ်”

သက်ပြင်းတစ်ရှိုက်နှင့်အတူ လှိုက်လှိုက်လှဲလှဲ ပြောလာသော ဗိုလ့်စကားကို ရင်ခုန်မိန်းမူးသွားရစဉ်မှာပဲ ဗိုလ်က ဖုန်းချသွားသည်။ ဖုန်းခွက်ကလေးကို ရင်ခွင်မှာ ထိကပ်ထားမိရင်း အချစ်စိတ်ဖြင့် ရဲရင့်စွာ ရင်ခုန်နေမိ သည်။

တို့တွေဟာ တရားဝင်ချစ်သူတွေ ဖြစ်သွားကြပြီ ပဲ။ မပြယ်သောချစ်ခြင်းနဲ့ မင်းအပေါ် ချစ်သွားမယ်ဆိုတာ ယုံကြည်နေပါကွယ်။

“ရှေ့ကအိမ်ထင်တယ်ကွ”

ကိုဇော်က လမ်းဘေးဝဲယာ ပြူးပြဲကြည့်လာရင်း သတိပေးသလို ပြောလာတာမို့ ကားကိုအရှိန်လျှော့ချလိုက်ပြီး အကဲခတ်ကြည့်လိုက်မိသည်။ မေလေးပြောထားသည့် အိမ်

www.burmeseclassic.com

www.burmeseclassic.com



နံပါတ်မှန်နေ၍ ကားကိုအိမ်ရှေ့ မကျတကျတွင် လမ်းဘေး
ကာ ရပ်ပစ်လိုက်သည်။

အနည်းငယ် အိုက်စပ်စပ်ဖြစ်လာ၍ လက်ကို
ပဝါနှင့်မျက်နှာကို ခပ်ကြမ်းကြမ်းပွတ်တိုက်ပစ်လိုက်ရ
လှုပ်ရှားနေသော စိတ်ကို ဖုံးကွယ်ရန် မျက်မှောင်ကုတ်ထ
လိုက်မိသည်။

"မင်းကလည်းကွာ၊ ကိုယ့်ရည်းစားဆီလာ
လူသတ်မယ့် မျက်နှာနဲ့"

"ဒါတွေမလိုပါဘူး"

စပ်ဖြဲဖြဲနှင့်လာနောက်နေသော ကိုဇော်ကို
တည်တည်နှင့် ပြန်ပြောမိရင်းက မထိန်းနိုင်ဘဲ ဟက်
ရယ်လိုက်မိသည်။

"မင်း ပျော်နေပါတယ်"

"မနာလိုမရှိနဲ့"

ကိုဇော်နှင့် နောက်ပြောင်ပြောဆိုနေရင်းက မေ
အရိပ်အယောင်ကို မျှော်ကြည့်လိုက်မိသည်။ တစ်ခါ
မလှုပ်ရှားဘူးသော အတွေ့အကြုံမို့ စိတ်လှုပ်ရှားခြင်းနှင့်
ပျော်ရွှင်နေမိတာလဲ အမှန်။ မေလေးကို တွေ့ချင်သည်ဟု
တော့ ချစ်သူလေးက လိုက်လျော ရှာသည်။

မေလေးပြောထားသည့်နေရာသို့သွားရန် သူ
ယောက်တည်း ဒိုင်လျှိုပြင်ဆင်နေသည်ကို ကိုဇော်က သူ
အတင်းယူသွားခိုင်းကာ သူလည်း လိုက်လာခြင်း ဖြစ်သ
ဗိုလ့် ဆိုင်ကယ်နှင့်ဆိုလျှင်လည်း မေလေးစီးရဲဖို့ မသေ



ကမို့ ကိုဇော့် အစီအစဉ်အတိုင်းပဲ လာဖြစ်သည်။

စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိဖွာရှိုက်လိုက်
ရင်း လက်မှနာရီကို မြှောက်ကြည့်လိုက်မိသည်။ မေလေး
ပြောထားသည့်အချိန်ကို အနည်းငယ်ပင် ကျော်လွန်နေပြီမို့
စိတ်မောလာရသည်။

"မေလေး"

စိတ်ထဲမှ ရေရွတ်လိုက်မိရင်း ခြံတံခါးဝမှ ခပ်သွက်
သွက်လျှောက်လာနေသော မေလေးကို ကြည်နူးစွာ
ငေးစိုက်ကြည့်နေလိုက်မိသည်။ ပန်းရင့်ရောင် ကိုယ်ကျပ်
အင်္ကျီလက်ရှည်နှင့် လုံချည်နက်စိုစိုလေးကို တွဲဖက်ဝတ်ဆင်
ထား၍ ချစ်သူလေးက လှပလွန်းနေသည်။

"သြော် ...ကိုဇော်လဲပါလာတာကိုး"

ကိုဇော်က မေလေးထိုင်ရန် ကားတံခါးဖွင့်ဆင်း ပေး
လိုက်တာမို့ မေလေး တအံ့တသြ ဖြစ်သွားဟန်နှင့် ပြောသည်။

"ထိုင်ပါ"

ကိုဇော်က မေလေး ရှက်နေမှန်းရိပ်မိတာမို့ပေါ့
ပေါ့ပါးပါး ရယ်မောရင်း ရှေ့ခန်းမှာ ဝင်ထိုင်ခိုင်းသည်။
မေလေးကားပေါ်ရောက်မှ တံခါးပြန်ပိတ်ပေးပြီး နောက်
ခန်းပေါ်ကျော်တက်ထိုင်ကာ မောင်းဖို့အချက်ပြသည်။ ကားကို
လမ်းမပေါ် မောင်းတက်လိုက်ရင်း သူ့နံဘေးမှာ ငြိမ်ငြိမ်
သက်သက်လေး ထိုင်နေသော ချစ်သူလေးကို စောင်းငဲ့လိုက်
မိသည်။

ရှက်ရိပ်ပြေးနေသော နှုတ်ခမ်းလေးက နူးညံ့စွာ

www.burmeseclassic.com

www.burmeseclassic.com



ပြုံးနေတာမို့ ရင်ထဲမှာ နွေးခနဲ ခံစားလိုက်ရသည်။ ကိုဇော်ကို မှာထားသည့်နေရာတွင် ချပေးသည်အထိ သူတို့စကားတစ်ခွန်းမှ မပြောဖြစ်ကြ။ ကိုဇော် ဆင်းကျန်ခဲ့ပြီး ကားပြန်ထွက်မှ မေလေးက စကားစလာသည်။

"ကိုဇော့်ကို အားနာစရာကြီး"

"ရပါတယ်၊ ကိုယ့်ဘာသာကိုယ် သွားမယ်ဆိုတာ သူ့ကားနဲ့ အတင်းသွားခိုင်းတာ။ ဒီလောက်တော့ ဒုက္ခခံရမှာပေါ့"

ပြုံးနေသော သူမမျက်နှာလေးကို မကြာခဏ ခိုးကြည့်မိရင်း ရင်ထဲမှာ အပျော်စိတ်နှင့် လှုပ်ရှားနေရသည်။

"ဗိုလ် ဘယ်သွားမလို့လဲ"

မေလေး မေးလာမှ ဘယ်ကိုဦးတည်မောင်းရမှန်း မသိသေးသည့်အဖြစ်ကို သတိရလာမိသည်။

"မေလေး ဘယ်သွားချင်လဲ"

"ဘယ်သိမလဲ"

မျက်နှာလေးငုံ့လွှဲကာ ခပ်တိုးတိုးဖြေတော့ မေလေးကို နားလည်စွာ စိတ်အိုက်သွားမိသည်။ ရည်ရွယ်ချက်မရှိ ကားလျှောက်မောင်းရင်း မင်္ဂလာဒုံ လမ်းမပေါ် ရောက်လာသည်။

"မေလေး ဘယ်အချိန် ပြန်ရမှာလဲ"

မေလေးက သက်ပြင်းလေးတစ်ချက်ချရင်း သူ့မျက်နှာကိုငေးကြည့်သည်။

"နှစ်နာရီလောက်တော့ အချိန်ရပါတယ်"



သူ့ရင်ထဲမှာ မေလေးကို ပြောပြစရာတွေရှိနေခဲ့သော်လည်း အခုတော့ တစ်လုံးမှ ပြောမထွက်ပြန်။ တိတ်ဆိတ်စွာ နားလည်ခြင်းတွေနဲ့ ပြီးပြည့်စုံမယ် မဟုတ်လား မေလေးရယ်။

"အပြန်ကျရင် သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးရမလားဟင်"

"ဟာ ...မလုပ်နဲ့"

သူ တွန့်ဆုတ်စွာငြင်းတော့ မေလေးက အတင်းအကျပ် မပြောရှာ။

"သူတို့နဲ့ သိပ်မရင်းနှီးဘူး ဗိုလ်ရဲ့၊ အိမ်က ထွက်လို့ရအောင်သာ သူတို့မွေးနေ့သွားရတာ၊ မေလေး လာနေကျမဟုတ်တော့ သူတို့ကတောင် အံ့ဩနေတယ်"

မေလေး ပြောပြနေသည်ကို နားထောင်ရင်း သူ အံ့ဩနေမိသည်။

"မေမေက ကိုယ်တိုင်လိုက်ပို့ပြီး အပြန်ကျလဲ ကိုယ်တိုင်လာကြိုမှာ"

အနည်းငယ် စိုးရိမ်နေဟန်ရှိသော မေလေး မျက်နှာလေးကိုကြည့်ကာ သူ သနားကြင်နာမဆုံးဖြစ်ရသည်။ သူ့ကို မေလေး စွန့်စွန့်စားစားလာတွေ့ရခြင်းမှန်း သိလိုက်ရ၍ မေလေးကိုလည်း ပိုလို့ ချစ်မြတ်နိုးသွားမိသည်။ မင်း ငါ့ကို သိပ်ချစ်တာပဲလား မေလေးရယ်။

"အခုရော သူငယ်ချင်းတွေကို ဘယ်လိုပြောခဲ့လဲ"

"ကိစ္စတစ်ခုရှိလို့လို့ ပြောခဲ့တာပေါ့"

မောင်းရင်းနှင့် မရမ်းကုန်းလမ်းဆုံကို ကျော်လွှ်

www.burmeseclassic.com

www.burmeseclassic.com



ကာ တော်တော်ဝေးဝေးရောက်လာပြီမို့ မေလေးက သူ့ဘက်လှည့်ကြည့်ပြီး …

"ဘယ်ကိုမောင်းနေတာလဲ ဗိုလ်"

"ဟိုအဝေးကြီးကို ခေါ်သွားမလို့"

"ဗိုလ်နော်"

မေလေး ကြောက်နေမှန်းသိ၍ တမင်စ,ရင်း ရင်ထဲမှာလည်း အဝေးကြီးကို လွင့်မျောသွားချင်စိတ်တွေ တမ်းတမ်းတတ ဖြစ်ပေါ်လာရသည်။

ကားကိုနောက်ကြောင်းပြန်လှည့်ဖြစ်ရင်း စိတ်ကူးရောက်ရာ လျှောက်မောင်းနေမိသော ကိုယ့်ကိုယ်ကို ပြန်အံ့သြနေမိသည်။ မင်းကြောင့် ကိုယ်ရူးသွပ်သွားပြီထင်ပါရဲ့ မေလေးရယ်။

"တကယ်ပြောတာ"

သူ့ စကားကြောင့် အကဲခတ်သလို လှမ်းကြည့်သောမျက်ဝန်းနက်လေးများကို သူ အရမ်းပဲချစ်သွားမိသည်။ ကားကို အာရုံစိုက်၍ ပြန်မောင်းလာရင်း ချိုချိုသာသာ စကားတွေ မဆိုတတ်သော သူ့ကို မေလေး စိတ်ပျက်သွားလေမလားဟု တွေးရင်း စိုးရိမ်နေမိသည်။

"ပွဲရုံမှာ ခဏထိုင်မယ်နော်"

မေလေး ခေါင်းညိတ်တာ မြင်လိုက်ရတာမို့ ကားကို ပွဲရုံထဲသို့ချိုးကွေ့ဝင်လိုက်သည်။ ထောင့်ကျကျ စားပွဲတွင်နှစ်ယောက်သားထိုင်ဖြစ်ပြီး သူ့အတွက် လက်ဖက်ရည်နှင့် မေလေးအတွက် နက်စ်ကော်ဖီမှာပေးလိုက်သည်။



"မေလေး လက်ဖက်ရည် လိုက်သောက်ချင်တယ်"

ကလေးတစ်ယောက်လိုပူဆာသော မေလေးကို ပြုံးကြည့်မိရင်း …

"ရင်တုန်မှာပေါ့၊ မသောက်ပါနဲ့"

စီးကရက်တစ်လိပ်ကို မီးညှိဖြစ်တော့ မေလေးက လှမ်းကြည့်သော်လည်း ဘာမှမပြော။

"မေလေး ဘာစားဦးမလဲ"

"ဟင့်အင်း …ဗိုလ်စားလေ"

"မဆာတော့ဘူး"

မေလေး မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ကာ ပြောမိတာမို့ ရှက်တက်တက်လေးပြုံးနေသည်။ လေပြည်လေးတိုးဝှေ့တိုက်ခတ်လိုက်တိုင်း လှုပ်ရှားသွားသော ဆံနွယ်လေးများနှင့် နူးညံ့ရွှန်းစိုသော မျက်ဝန်းလေးများကို ချစ်နေမိသည်။ ပန်းရောင်ဆိုးထားသော နှုတ်ခမ်းလေးက အချစ်များနှင့် အချိုဆုံးပြုံးလို့နေသည်။ မေလေးအင်္ကျီက လည်ပင်းတစ်လျှောက် ဖာကပ်ထားပြီး ပခုံးဖျောက်ထားတာမို့ ဖြူနုသောအသားတွင် လည်ပင်းကြောလေးများ စိမ်းမြနေကြသည်။ ပန်းနုရောင် လက်သည်းလေးများကို တိတိရိရိဖြတ်ထားသည့် လက်ချောင်းလေးများနှင့် ကတ္တီပါဖိနပ် နက်နက်လေးစီးထားသော ခြေချောင်းလေးများက သဘာဝအတိုင်း ရှင်းသန့်လှပနေသည်။

"ဗိုလ်"

မေလေး ခေါ်သံကြောင့် မေလေးကို လှမ်းကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။

"ဘာမှမပြောတော့ဘူးလား"

သက်ပြင်းတစ်ချက်ကို လေးလေးလံလံချမိရင်း ...

"အစကတော့ ပြောစရာတွေ အများကြီးပဲ။ မေလေးနဲ့တွေ့တော့ ဘာမှမပြောတတ်ဘူး ဖြစ်နေတယ်။ တို့က ဘာမှ ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောတတ်တာ မဟုတ်ဘူး။ မေလေး စိတ်ပျက်သွားမှာလား"

နားလည်သောအပြုံးနှင့် ခေါင်းခါပြတာမြင်တော့ သူ့ရင်မှာ ကြည်နူးသွားရသည်။ ကျေးဇူးပါပဲချစ်သူရယ် ...

"တို့အတွက် မေလေး အနားမှာရှိနေရင် ပြီးပြည့်စုံပြီပဲ"

ရင်ထဲမှစကားကို လိုက်လိုက်လှဲလှဲ ပြောမိသည်။ ချစ်သူ နားလည်လိမ့်မည်ထင်ပါသည်။

"တို့က တို့ကိုချစ်မိလို့ မေလေး စိတ်ညစ်မှာပဲ စိုးတယ်၊ အပိုတွေလည်း သိပ်မပြောပြတတ်ဘူး၊ ဒါပေမယ့် မေလေးတစ်ယောက်ကိုပဲ စွဲစွဲလမ်းလမ်း ချစ်ဖူးတယ်ဆိုတာ ယုံပါ"

"ဗိုလ်ကို ချစ်မိလို့ မေလေးဘယ်တော့မှ နောင်တရမှာမဟုတ်ပါဘူး ဗိုလ်၊ ဗိုလ့်ကိုလည်း မေလေးယုံပါတယ်"

နူးညံ့လှပသော ချစ်သူလေးက မယုံနိုင်စရာ ကောင်းလောက်အောင် ရဲရင့်ပြတ်သားနေပြန်သည်။ သူမအနားမှာ နေ၍မှ မဝသေးခင်မှာဘဲ အချိန်နာရီတို့က အကုန်မြန်



လွယ်နေကြပြန်သည်။

သူမလေးကို အချိန်မီပြန်ပို့ပေးရဦးမှာမို့ မိုင့်မှ ထွက်ကာ အပြန်လမ်းကို ဦးတည်မောင်းနှင်ဖြစ်သည်။ သူမပြောပြနေသော သူမမိသားစုအကြောင်းတွေ နားထောင်ရင်း ကိုယ့်ရင်ထဲမှာ ခံစားနေရသည့် ပြဿနာတို့ကိုလည်း ရင်ဖွင့်ချင်လာသည်။

ဝေမျှခံစားနိုင်မယ်လို့ ယုံကြည်ပါရဲ့ကွယ်။

"မေလေးဆီက တစ်ခုတောင်းဆိုစရာရှိတယ်"

သူမသူငယ်ချင်းအိမ်ရှိရာ လမ်းထဲသို့ချိုးကွေ့ဝင်၍ ခပ်ဖြည်းဖြည်းမောင်းနှင်လာရင်း ရည်ရွယ်ထားသော စကားတစ်ခွန်းကို ပြောဖြစ်သည်။ မေလေးက အနည်းငယ်လှုပ်လှုပ်ရှားရှားဖြစ်ပြီး ...

"ဘာလဲဟင်"

ကြည်နူးခြင်းအဟုန်နှင့် အစွမ်းကုန်ပြုံးနေလိုက်ရင်း ကားကိုခြံရှေ့တွင်ကျော်ကာ ရပ်ပေးလိုက်သည်။ မေလေးဆင်းရန် ကားတံခါးဆင်းဖွင့်ပေးလိုက်ပြီးမှ သိချင်စိတ်စောနေသော မေလေးမျက်နှာလေးကိုကြည့်ကာ တစ်လုံးချင်းပြောဖြစ်သည်။

"မောင်လို့ခေါ်ဖို့"

ပန်းရောင်ပြေးသွားသော မျက်နှာလေးကိုဆံနွယ်များကဖုံးအုပ်သွားသည်။ ကားအမိုးကို လက်ထောက်၍ငုံ့ကြည့်နေရင်း ...

"ခေါ်ပါကွာ၊ တို့ကြားချင်လို့"

www.burmeseclassic.com

www.burmeseclassic.com



ဝဲကျနေသော ဆံနွယ်လေးများသပ်တင်ပေးမိရင်း ဖွင့်ဟလာမည့် နှုတ်ခမ်းလေးကို မျှော်လင့်ကြီးစွာ စောင့်ကြည့်နေမိသည်။ ပြန်လည်မော့လာသော မျက်နှာလေးက အကျီနှင့်အပြိုင် ပန်းရောင်သန်းနေကာ ပန်းနုရောင်နှုတ်ခမ်းပါးလေးက တဆတ်ဆတ်တုန်ယင်နေကြသည်။

"မောင်"

မျက်ဝန်းအစုံကို မှေးမှိတ်ကာ တိုးဖွညင်သာစွာ ရေရွတ်လိုက်သော အသံလေးက သူ့နှလုံးသားထဲသို့ နက်ရှိုင်းစွာတိုးဝင်ကာ ပဲ့တင်ထပ်မျှ မြည်ဟည်းသွားစေသည်။

"မေလေးရယ်"

သူ့စိတ်ကို မထိန်းချုပ်နိုင်ဘဲ ဆံနုလေးများ ဝဲကျနေသည့် နဖူးအစပ်လေးကို မြတ်နိုးစွာ ငုံ့နမ်းလိုက်မိသည်။ မင်းကို အချိန်နဲ့အမျှ ပိုလို့ချစ်မြတ်နိုးနေမိပြီ မေလေးရယ်။

ဘယ်လို အကြောင်းကြောင့်မှတော့ မင်းနဲ့မခွဲချင်ပါဘူး။

အခန်းထဲမှ မီးပွင့်လာပြီး လှုပ်ရှားသံသဲ့သဲ့ ကြားရတာမို့ ဗိုလ်ခေါင်းထောင် ကြည့်လိုက်မိသည်။ အမေအိပ်ပျော်နေပြီဟု ထင်မှတ်ထားခဲ့၍ ရုတ်တရက် စိုးရိမ်ပူပန်သွားမိသည်။

"အမေဘာလို့ချင်လို့လဲ"

အမေ့အခန်းဝသို့ လှမ်းကြည့်လိုက်မိရင်း အမေကြားသာရုံမျှ အသံပြုမေးမြန်းလိုက်မိသည်။ အမေဆေးသောက်ဖို့ဆေးနှင့် ရေပုလင်းလည်း ခုတင်ဘေးက စားပွဲပေါ်မှာ သူတင်ပေးထားသည်ပဲ။

"ဘာမှမလိုချင့်ပါဘူးသားရယ်"

အမေ့လေသံ ဖျော့ဖျော့ကို နားစွင့်ရင်း အခန်းဝသို့ အမှတ်မထင် လျှောက်သွားလိုက်မိသည်။ အခန်းဝတွင် ခြေစုံရပ်၍ တွေဝေငေးငိုင်နေပြီးမှ လေးလံသော သက်ပြင်းတစ်ချက်နှင့်အတူ အခန်းဝမှ အသာလှည့်ထွက်လာခဲ့မိသည်။

အမေနှင့် သူ့အကြားမှာ သံသယကိုယ်စီနှင့် စိမ့်တိမ်းတိမ်းဖြစ်နေသော အခြေအနေကြီးကို မလိုလားစွာနှင့် သက်လှသော်လည်း သူဘာမှလည်းမတတ်နိုင်။

ဧည့်ခန်းမီးကို ပိတ်လိုက်ပြီး အိမ်ရှေ့လှေကားထစ်

www.burmeseclassic.com

www.burmeseclassic.com



တွင် ဂစ်တာထိုင်တီးနေသော ကိုဇော်ဘေးတွင် ဝင်ထိုင်လိုက်သည်။ ဂစ်တာကြိုးများကို တို့ထိဆော့ကစားနေရာမှ ကိုဇော်က သူ့ကိုလှမ်းကြည့်သည်။

"တီးမလား"

ကိုဇော့်ကို ခေါင်းခါပြလိုက်ပြီး ဘေးမှာချထားသော ဆေးပေါ့လိပ်ကို ကောက်၍ မီးညှိကာ ဖွာနေလိုက်မိသည်။ အလင်းရောင်နည်း၍ အရာဝတ္ထုများကို သဲသဲကွဲကွဲမမြင်ရခြင်းကိုပင် သူစိတ်သက်သာရာရနေမိသည်။ နှင်းငွေ့တို့ဖြင့် အေးမြသောလေက သူတို့နှစ်ယောက်ကြား တိုးဝှေ့ဝင်ရောက်လာသည်။

ပြာမှိုင်းသော ပတ်ဝန်းကျင်ကို ငေးမောရင်း ချမ်းမြေ့ကြည်နူးခြင်း မဖြစ်နိုင်အောင်ပင် ရင်ထဲမှာ မွန်းကျပ်ရှုပ်ထွေးနေရသည်။

"လောကကြီးနဲ့ အဆင်မပြေဘူး"

စိတ်ပျက်လက်ပျက်နှင့် ခပ်ရွဲ့ရွဲ့ရေရွတ်မိတော့ ကိုဇော်က ဂစ်တာအတီးရပ်ပြီး သူ့ကိုငဲ့ကြည့်သည်။ သက်ပြင်းတစ်ချက်ကို ရှည်ရှည်လျားလျားချဖြစ်ရင်း ညနေက ဦးတင်ထွန်းအိမ်လာခိုက် သူနှင့်အဆင်မပြေဖြစ်ခဲ့ရသည်ကို ပြန်တွေးမိလာသည်။

ညနေက သူတစ်ယောက်တည်း အိမ်ခဏပြန်လာတော့ အိမ်မှာ ဦးတင်ထွန်းရောက်နေတာ တွေ့ရသည်။ အမေက အဆုတ်အအေးမိပြီး နေမကောင်းဖြစ်နေတာမို့ အမေ့ကို သတင်းလာမေးခြင်းဟုတော့ သူ လက်ခံနိုင်တာမို့



ဘာမှမပြောဖြစ်ဘဲ အိပ်ခန်းထဲတန်းဝင်လာခဲ့သည်။

ကိုဇော်က မနက်ဖြန် ကားနှင့် မန္တလေးပြန်တက်မှာမို့ ကိုဇော် အလုပ်ကိစ္စလေးတွေ လိုက်လုပ်ပေးနေရ၍ သူချက်ချင်းပြန်ထွက်စရာရှိသော်လည်း ဦးတင်ထွန်း ရောက်နေ၍ တမင်အချိန်ဆွဲနေလိုက်သည်။

"ဗိုလ်ရေ …ဒီကိုခဏလာပါဦးကွ"

ဦးတင်ထွန်း ခေါ်သံကြားတော့ မကြည်မလင်လှသော်လည်း မကောင်းတတ်စွာ အိမ်ရှေ့ထွက်လာခဲ့ဖြစ်သည်။

"ဟိုတစ်ခါ မင်း စီးပွားရေးလုပ်ချင်တယ်ဆိုတာ ဘယ်လိုစိတ်ကူးမျိုးရှိလဲ၊ အန်ကယ့်ကိုပြောပြပါဦး"

အမေ့ကို တစ်ချက်လှမ်းကြည့်လိုက်မိတော့ အမေ့မျက်လုံးတွေက စိုးရိမ်မကင်းဖြစ်နေဟန် ရှိနေတာမို့ သူ့စိတ်ကို အနည်းငယ်လျှော့ဖြစ်သည်။

"မန္တလေးက ကျွန်တော့်သူငယ်ချင်းနဲ့ပါ၊ သိပ်ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ပါဘူး"

"စီးပွားရေးဆိုတာ အပျော်လုပ်လို့ရတာ မဟုတ်ဘူးကွ၊ စိတ်ကူးယဉ်ပြီး လုပ်တိုင်းလဲ ဖြစ်လာတာမဟုတ်ဘူး၊ အတွေ့အကြုံမရှိဘဲ အရမ်းလုပ်ရင် ရှိတာတွေကုန်မှာပေါ့"

ဦးတင်ထွန်းစကားက အမှန်တွေဖြစ်နိုင်သော်လည်း သူ့နားထဲ ကန့်လန့်ကြီးဖြစ်နေရသည်။

"ကျွန်တော် ဘယ်တော့မှ အပျော်မလုပ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်လ်။ ကျွန်တော့်အပေါ် ယုံကြည်မှုရှိ,မရှိဆိုတာ အမေ့အပေါ်မှာပဲ တည်ပါတယ်''

ဦးတင်ထွန်းက မျက်နှာအနည်းငယ် ပျက်သွားသော်လည်း ချက်ချင်းပင် အပြည့်အဝ ခွင့်လွှတ်သည်း ခံနိုင်ဟန်ဖြင့် ပြုံးပြီး ...

''မင်းတို့ မိသားစုအပေါ်မှာ ကြည့်ရှုစောင့်ရှောက်ရမယ့်တာဝန် အန်ကယ်လ်မှာရှိတယ်လို့ အန်ကယ်လ် ယူဆတယ်။ မင်းအမေကလည်း ဒီကိစ္စတွေ ဘာမှနားလည်တာမဟုတ်တော့ အန်ကယ်လ်အနေနဲ့ သင့်,မသင့် စဉ်းစားဆုံးဖြတ်ပေးရမှာပဲ''

''အဲဒါဆိုလည်း အန်ကယ်လ်အချိန်ကုန်ခံပြီး စဉ်းစားမနေပါနဲ့တော့၊ ကျွန်တော် ဒီအလုပ်ကို လုံးဝ မလုပ်တော့ပါဘူး''

အမေတို့ရှေ့မှ ဆတ်ခနဲ ထ,ထွက်ခဲ့ပြီး ဆိုင်ကယ်ပေါ်တက်ကာ ခပ်ကြမ်းကြမ်းမောင်းထွက်ခဲ့သည်။ အမေကို ဂရုမစိုက်ရာရောက်သွားပြီလားဟု စိတ်မကောင်းဖြစ်မိသော်လည်း ရင်ထဲမှာ လုံးဝမကျေချမ်းနိုင်။

ဦးတင်ထွန်းထံမှ ဆုံးဖြတ်ချက်ရမှပဲ သူက လုပ်ငန်းစနိုင်မည့် သဘောကြီးကို လုံးဝလက်မခံနိုင်အောင် ဖြစ်နေရသည်။ ကိုယ့်ထက်တတ်ကျွမ်းသည့် လူကြီးသူမ၏ဆုံးမမှုကို မနာခံလိုခြင်းထက် ဒီလူကြီးနှင့်ပတ်သက်၍ သူ့ရင်မှာ မရှင်း၍ပဲဖြစ်သည်။

ကိုဇော်တို့ အိမ်မှ ဒရိုင်ဘာဦးလေးကြီး လိုက်လာပြီး



မနက်ဖြန် မန္တလေးကို ကားနှင့်ပြန်တက်မှာမို့ ကိုဇော်က ညနေဖက် လိုက်ဆက်သည်။ အစက ကိုဇော်နှင့် သူ မန္တလေး လိုက်သွားဖို့ဖြစ်သော်လည်း အမေနေမကောင်း၍ သူ မလိုက်တော့ဟု ဆုံးဖြတ်ကာ နေခဲ့လိုက်ခြင်းဖြစ်သည်။

ညနေ သူတို့နှစ်ယောက်ပြန်ရောက်တော့ အမေ့မျက်နှာက ငိုထားဟန်ရှိပြီး မကြည်လင်လှ။

''မနက်ဖြန် ကျွန်တော်ပြန်မယ် အန်တီ၊ အန်တီ နေကောင်းရင်လည်း ဘုရားဖူးလေး ဘာလေးလာပါဦး''

''သြော် ...အေး အေး၊ မင်းသူငယ်ချင်းရော မလိုက်ဘူးလား။ အစက လိုက်မလို့ဆို''

အမေက ကိုဇော့်ကိုကြည့်ကာ ခပ်စိမ်းစိမ်းပြောတာမို့ သူ့ရင်မှာမကောင်း။

''အန်တီနေမကောင်းလို့ မလိုက်တော့ဘူးတဲ့''

''ကိစ္စမရှိပါဘူး၊ ခေါ်သွားပါ၊ အန်တီက အရေးမကြီးပါဘူး။ သူလုပ်ချင်တာလုပ်ရဖို့ပဲ အရေးကြီးပါတယ်''

''အမေ''

ထိထိခိုက်ခိုက် ခေါ်လိုက်မိသော အသံက လည်ချောင်းဝတွင် ကွယ်ပျောက်သွားသည်။ ကိုဇော်က မျက်နှာမကောင်းစွာနှင့် သူ့ကို လှမ်းကြည့်ပြီး အိမ်နောက်ဖေးထိ ဝင်သွားသည်။

''မင်းသွားချင်ရင် လိုက်သွားလေ''

အမေက သူ့ကို ခပ်စိမ်းစိမ်းလှမ်းကြည့်ပြီး ပြောတော့ ရင်ထဲမှာ ထိခိုက်ခံစားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ပါဘူး အမေ၊ အစကတည်းက ကျွန်တော် ဘာသာ ကျွန်တော်မလိုက်တာဘဲ"

"မင်း လိုက်လိုက်မလိုက်လိုက်_ငါဂရုမစိုက်ဘူး၊ မင်း လုပ်ချင်တာသာလုပ်၊ မင်းက မိဘစကားနားထောင် ရကောင်းမှန်း သိလို့လား၊ မိဘအပေါ်ရော ဘယ်တုန်းက စိတ်ဝင်စားဖူးလို့လဲ၊ အလိုလိုက်ထားလို့ မင်းက ငါ့ကို မလေးစားတော့ဘူး၊ မင်းကြောင့် ငါမျက်နှာပျက်ရတယ် သိလား"

ဗိုလ့် တစ်သက်တာမှာ စိမ်းကား ပြင်းထန်ဆုံးသော စကားများမို့ အံ့ဩဝမ်းနည်းစွာ အမေ့မျက်နှာကို ကြောင် ငေးကြည့်နေမိသည်။ နေ့လယ်က ကိစ္စကို အမေ ရည်ရွယ် ပြောခြင်းမှန်း နားလည်လာတာမို့ ခံပြင်းနာကြည်းခြင်းများနှင့် ရင်မှာပြည့်လျှံလာသည်။

အမေ့မိတ်ဆွေကြီးကို ထိခိုက်တဲ့အတွက် အမေ မျက်နှာပျက်ရသတဲ့လား။ အမေ့ မိတ်ဆွေကြီးနဲ့ မပြေလည်တဲ့ အတွက် အမေနဲ့ပြဿနာ ဖြစ်ရတယ်တဲ့လားဗျာ။

"အမေ့စကားတွေက လုံးဝအဓိပ္ပါယ်မရှိဘူး၊ အမေ့ ကို သား မလေးစားတာ မဟုတ်ဘူး၊ သား ပြောမိဆိုမိတာ တွေ မှားနေတယ်ဆိုရင်တော့ မတတ်နိုင်ဘူး အမေ"

အမေ့ရှေ့မှ တိတ်ဆိတ်စွာထ၍ အိမ်ရှေ့လှေကားမှ ဆင်းလာခဲ့မိသည်။ စေ့ပိတ်နေသော သစ်သား ခြံတံခါးကို ထွက်ပေါက်ပေးကာ ထိုးချလိုက်မိရင်း အံကြိတ်ရေရွတ်လိုက် သည်။



"သား ရင်နာတယ်အမေ"

လက်ဖက်ရည်ဆိုင်မှာ အကြာကြီး သွားထိုင်နေ တော့ ကိုဇော်က နားလည်စွာ တိတ်တိတ်ဆိတ်ဆိတ် လိုက် ိုင်ပေးသည်။ မိုးချုပ်မှ အိမ်ပြန်ရောက်တော့ အမေ့အခန်း ီးမှိတ်ကာ အမေ အိပ်နေပြီမို့ ဆေးသောက်ရန် ရေပုလင်း ပွားထားပေးလိုက်သည်။

ကိုဇော်က ဒီည သူ့အိမ်မှာပဲ ဆက်အိပ်ဖြစ်ပြီး ်ယောက်စလုံး အတွေးကိုယ်စီနှင့် ငြိမ်သက်နေဖြစ်ကြခြင်း စ်သည်။

"အန်တီကို ဂရုစိုက်ပါကွာ၊ နေထိုင်မကောင်းတဲ့ ချိန်မှာ အားငယ်မှာပေါ့"

ကိုဇော်က ဆေးပေါ့လိပ်ကို မီးရဲနေအောင် ဖွာရင်း ပြောတော့ သူခေါင်းညိတ်ဖြစ်သည်။ အမေ ဒေါသဖြစ်မှာ က် ဝမ်းနည်းမျက်ရည်ကျမှာ သူ ပို၍ကြောက်သည်။ နှစ်ဦး ည်းသာရှိသော အိမ်မှာ တစ်ယောက်နှင့်တစ်ယောက် ရှောင်လွှဲနေရမည့် အဖြစ်ကြီးကို စိတ်ညစ်လွန်းလှသည်။ မေ့ရင်ထဲမှာ ဘာတွေရှိမှန်း မသိသော် လည်း သူ့ ရင်ထဲမှာ ရှိတာတွေက တစ်နေ့နေ့မှာ ပေါက်ကွဲသွားနိုင်တာမို့ အမေနှင့် ကားအခြေအတင် မပြောဖြစ်အောင် ရှောင်ချင်သည်။ ဒါကို မေက သူ့ကို ဂရုမစိုက်ဘူးထင်လျှင်တော့ သူ ဘယ်လိုဖြေ ှင်းရမှန်းမသိ။

"မင်းလဲ စိတ်ကို သိပ်တင်းမထားနဲ့ကွာ၊ ဖွင့် ပြောလူလဲ မင်းမှာ ရှိနေပြီပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကိုဇော် ဘယ်သူ့ကိုရည်ရွယ်ပြောလိုက်မှန်း သိလို... ၍အပြင်မှာ ဝေနေသောနှင်းတို့ ရင်ထဲရောက်လာသ... ရုတ်ခြည်းအေးမြသွားရသည်။

"မေလေးကို မပြောချင်ပါဘူးကွာ၊ သူက ... စင်နူးညံ့လွန်းပါတယ်"

"ဘာဆိုင်လဲကွ၊ ကိုယ့်ချစ်သူပဲ"

ခေါင်းကို ခပ်ဖြည်းဖြည်း ခါနေလိုက်ရင်း နူး... လှပသော ချစ်သူလေး၏မျက်နှာကို လွမ်းလွမ်းဆွတ်ဆွ... မြင်ယောင်လာမိသည်။

"သူ့ကို ဘာဒုက္ခမျိုးမှ မခံစားစေချင်ဘူးကွ... ငါ့ဘဝထဲ သူဝင်လာဖို့လဲ ငါ့မှာ ဘာမှ အဆင်သင့်မဖြ... သေးဘူး"

"ဖြစ်လာမှာပေါ့ကွာ"

ကိုဇော်က အားပေးသော်လည်း သူလိုက်လို... လှဲလှဲမပြုံးနိုင်။ သူ့အပေါ် အားကိုးတွယ်တာရှာသော ချ... သူလေးအတွက် ဘာတွေများ စွမ်းဆောင်ပေးနိုင်မည်လဲ... ကိုယ့်ကိုယ်ကို သံသယရှိနေမိသည်။ နူးညံ့လှပလွန်းသော... မေလေးအပေါ် သူ့အတွက်ကြောင့်တော့ သောက မြူတစ်မှုန်မှ မစွန်းထင်းစေချင်ပါ။

"မင်းကလဲ သူ့ကိုချစ်တာပဲ၊ သူကလဲ မင်းကို ချစ်တာပဲ၊ မင်းတို့ အဆင်ပြေမှာပါ"

"အဲဒီလိုပဲ ဖြစ်စေချင်တာပဲကွာ"

မင်းကို ဘဝတစ်ခုလုံးအတွက် ရည်ရွယ်ပြီး ချစ်...



...လေးရယ်ဟု ရင်ထဲမှာ သတိတရ ရေရွတ်နေမိသည်။

ပြတင်းပေါက်မှ ခန်းဆီးစရှည်ကို ဆွဲဟ၍ အပြင် ...က်သို့ မျှော်ငေးကြည့်လိုက်မိသည်။ နှင်းငွေ့တို့ ရိုက်ခတ် ...၍ မှန်ပြတင်းများတွင် နှင်းစက်တို့ ခိုသီးနေကြသော ...ကြောင့် မြင်ကွင်းတို့က ဝါးနေသည်။

မနက် ငါးနာရီခန့်ပဲ ရှိသေးတာမို့ တစ်အိမ်လုံးမှာ ...လေး တစ်ယောက်မှလွဲ၍ မည်သူမှ နိုးသေးပုံ မပေါ်။

ဒီနေ့ နှစ်ဆန်းတစ်ရက်နေ့မို့ လန်းလန်းဆန်း ဆန်းနှင့် ...စောကြီး ထကြည့်ချင်စိတ်နှင့်ရော ဗိုလ့်ထံမှ ဖုန်းကိုမျှော် ...နှင့်ပါ မေလေး စောစီးစွာ နိုးလာရခြင်း ဖြစ်သည်။ ...နေ့ ဗိုလ် သူငယ်ချင်းတွေနှင့် ကျိုက်ထီးရိုး တက်ဖြစ်မဖြစ် ...လေးဆီအစောကြီး ဖုန်းဆက်မည်ဟု ပြောထားသည်။ ...တော့လည်း နှစ်ဆန်းတစ်ရက်မို့ ဟက်ပီးနယူးယားဟု ...ရှိလုပ်ချင်သေးသည်လေ။

နှစ်တစ်နှစ်ရဲ့ နေ့သစ်အစမှာ မောင့်အသံကို အရင် ...ကြားချင်တယ်ဟု တိတ်ဆိတ်နေသော ဖုန်းလေးကိုကြည့် ... စိတ်ထဲမှ ရေရွတ်တောင့်တလိုက်မိသည်။

"ဟော"

မေလေးဆန္ဒနှင့် တိုက်ဆိုင်စွာပဲ အော်မြည်လာသော ...သံကြောင့် ကျေနပ်စွာ ပြုံးလိုက်မိပြီး ဖုန်းခွက်ကို အမြန်ဆုံး ...ယူလိုက်မိသည်။

"ဟဲလို"

"မေလေးလား"

www.burmeseclassic.com

www.burmeseclassic.com



မောင့်အသံက ပျော်ရွှင်မြူးတူးရိပ်သန်းကာ ခပ်လောလောဖြစ်နေတာမို့ မောင် သိပ်ပျော်နေမှာပဲဟု မနာလိုဖြစ်လိုက်မိသည်။

"ဟက်ပီးနယူးရီးယား"

မောင်ရော မေလေးပါ ပြိုင်တူပြောလိုက်မိတာမို့ နှစ်ဦးသား ဟက်ဟက်ပက်ပက် ရယ်မောမိကြသည်။

"မောင် သွားဖြစ်လားဟင်"

"သွားဖြစ်တယ်၊ အခုပဲ သွားကြတော့မှာ၊ မောင်က မေလေးဆီ ကမန်းကတန်း ဖုန်းလာဆက်တာ"

မောင် သွားဖြစ်တယ်ဟုသိရ၍ ဝမ်းနည်းခြင်း မဟုတ်သော်လည်း စိတ်မကောင်းဖြစ်မိသည်။ မောင်နှင့်အတူ လိုက်ချင်သော်လည်း ဘယ်လိုမှ မဖြစ်နိုင်မှန်းတော့ မေလေး နားလည်ပါသည်။

"မေလေး ဘာမှာဦးမလဲ"

"ဘာမှတော့ မှာစရာမရှိပါဘူး။ မောင် အသွားအလာ ဂရုစိုက်နော်"

"စိတ်ချပါ"

မောင်က မေလေး စိုးရိမ်မှုကိုနားလည် ကျေနပ်ဟန်နှင့် ရယ်ရယ်မောမောပြောသည်။

"ပြန်ရောက်ရောက်ချင်း ဖုန်းဆက်လိုက်နော်၊ မေလေးက လွမ်းနေမှာ"

"အင်းပါ"

ကျေနပ်နှစ်သိမ့်မှုတို့နှင့် ပျော်ဝင်နေသည့် မောင့်



အဖြေတုံးတိတိကို မေလေးလည်း သဘောတကျ ရယ်မောနေလိုက်မိတော့သည်။

"ဒါပဲနော်၊ မောင်သွားတော့မယ်"

"ကောင်းပြီမောင်"

ဖုန်းခွက်ကို အသာအယာပြန်တင်လိုက်ပြီး နောက်ဘက်သို့ မလုံမလဲလှည့်ကြည့်လိုက်မိတော့ မည်သူ့ကိုမှ မတွေ့ရတာမို့ မေလေး သက်ပြင်းချမိသည်။ မောင်နှင့် စကားပြောနေစဉ် အရာရာကို မေ့လျော့သွား မိသည်ပဲ။

အခန်းထဲသို့ ပြန်ဝင်လာခဲ့ပြီး အိပ်ရာတွင်လှဲကာ မောင့်အကြောင်း စဉ်းစားနေလိုက်မိသည်။ ထိုအချိန်က တော့ မောင်နှင့်ပတ်သက်၍ ဝမ်းပမ်းတနည်း ငိုကြွေးရ လိမ့်မည်ဟု မေလေး မထင်မှတ်ခဲ့မိပါ။

ဝုန်းခနဲပွင့်လာသော အခန်းတံခါးကြောင့် မေလေး အလန့်တကြား ခေါင်းထောင်ကြည့်မိစဉ် တင်းမာသော မျက်နှာထားနှင့် အခန်းဝတွင် ရပ်နေသော မေမေ့ကို တွေ့လိုက်ရတာမို့ မေလေး အံ့ဩတကြီးဖြစ်ရင်းက ကျောထဲမှ စိမ့်ကြောက်သွားမိသည်။

မေမေ့မျက်နှာ ညှိုမှုတင်းမာခက်ထန်သည်ကို မမြင်ဘူးတာမို့ စကားတစ်ခွန်းမှ မဆိုနိုင်ဘဲ အံ့ဩမှင်တက်နေမိသည်။

"ခုန နင်နဲ့ ဖုန်းပြောနေတာ ဘယ်ကကောင်လဲ"

မေမေ့အသံက မေလေးနားထဲသို့ မိုးကြိုးပစ်သလိုပမာ ထစ်ချုန်းကျယ်လောင်စွာ တိုးဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မေလေး ကိုယ်လေး တုန်ယင်သွားရပြီး မေမေ့ မျက်နှာကိုမကြည့်ရဲစွာ ခေါင်းငုံ့ချထားလိုက်မိသည်။ မေလေး ဖုန်းပြောနေသည်ကို မေမေဘယ်လိုရိပ်မိသိရှိသွားခြင်းလဲ။ မေမေ့ကို ရှက်ရွံ့ကြောက်လန့်စွာနှင့် မောင့်ကို အားကိုးတကြီး တ,လိုက်မိသည်။

"ပြောလေ"

"သမီး"

ဝန်မခံရဲသော်လည်း လှည့်ပတ်ပြောဆိုခြင်း အမှုကို မေလေး မကျွမ်းကျင်တာမို့ စကားသံက ထွက်မလာ။

"ငါ့ကို မညာနဲ့ မေလေး၊ ဆေးခန်းထဲက ဖုန်းကနေ ငါအကုန်ကြားပြီးပြီ"

မေမေ့စကားကြောင့် ပြောစရာစကားတို့ တစ်လုံးမှ ရှာမတွေ့တော့ဘဲ ကံဆိုးစွာ တိုက်တိုက်ဆိုင်ဆိုင် မေမေနှင့် သွားတိုးရခြင်းကို သေချင်သွားရသည်။ မေလေးကလည်း စိတ်လောကြီးနေတာမို့ လိုင်းခွဲမှဖုန်းကိုင်လိုက်ခြင်းကိုပင် သတိမပြုမိလိုက်။ မေမေ့ကို ဘယ်လိုမှလှည့် ပတ်လိမ်ညာ၍ ရတော့မည်မဟုတ်မှန်း မေလေး သိရှိလိုက်တော့သည်။

"ပြောလေ၊ အဲဒါဘယ်ကကောင်လဲ"

မေမေ့ ဒေါသသံကို ကြောက်လန့်စွာ မေလေး ဘာတစ်ခွန်းမှ ပြောမထွက်တော့။ ဒီလိုဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထားခဲ့ခြင်းမှ မရှိဘဲလေ။

"နင်မပြောရင် ငါပြောမယ်၊ အဲဒါ ဗိုလ်ဆိုတဲ့ ကောင်မဟုတ်လား၊ သူများပြောတုန်းက ငါမယုံဘူး၊ ငါ့သမီး



ဒီလောက် မမိုက်ပါဘူးလို့ ထင်ခဲ့မိတာ၊ အခုမှ လက်တွေ့သိရ တော့တယ်"

ဒေါသတကြီး ဖြစ်နေသော မေမေ့ကြောင့် သာမန် ကြောက်ရွံ့စိတ်ထက် မေလေး ပိုမိုထိတ်လန့်သွားရသည်။ မေမေ့စကားအရဆိုလျှင် မေလေးတို့အကြောင်း ကြိုတင် သိနှင့်နေပြီး ဗိုလ်နှင့်ပတ်သက်၍ တင်းတင်းမာမာ ဖြစ်နေပုံရ တာမို့ မေလေးစိုးရိမ်ပူပန်လာမိသည်။

"မန္တလေးမှာကတည်းက ဒီကောင်လေးကို ငါ ကြည့်လို့ရခဲ့တာမဟုတ်ဘူး။ မန္တလေးမှာကတည်းက ပတ် ပတ်သက်သက်မလုပ်ဘို့ သတိပေးဦးမလို့ပဲ။ လူငယ်တွေ ပဲလေဆိုပြီး မပြောဘဲထားခဲ့တာ မှားတာပဲ။ နင်က ဒီ အထိဇာတ်လမ်းရှည်လာတာကိုး"

အခန်းတွင်းမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း မာကျောပြတ်တောက်စွာ ပြောဆိုနေသော မေမေ့ကို ကြည့်ရင်း မေလေးမျက်ရည်တွေ အလိုလိုကျလာရသည်။ မေလေးတို့ နှစ်ယောက် ကံဆိုးကြပြီထင်ပါရဲ့ မောင်ရယ်။

"ဒီ ဗိုလ်ဆိုတဲ့ကောင်မှာ ဘာမင်္ဂလာစရာရှိလို့လဲ လူကြီးကို ဇရိုသေရကောင်းမှန်းမသိ၊ ဂျစ်ကန်ကန်နဲ့၊ ငါလုံး ဝကြည့်လို့မရဘူး၊ ငါ့သမီးနဲ့လဲ အဖြစ်မခံနိုင်ဘူး"

အန်တီကြီးက အခန်းတံခါးဝကို ရောက်လာပြီး မေလေးတို့နှစ်ယောက်ကို မျက်နှာမကောင်းစွာနှင့် ကြည့်နေ ရှာသည်။ မေမေ ဤမျှလောက် ဆူပူခြင်းကို မခံဘူးခြင်းနှင့် ဗိုလ့်အပေါ် ခါးခါးသီးသီးပြောဆိုနေခြင်း တို့ကြောင့် မေလေး

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းပမ်းတနည်း ရှိုက်ငိုနေမိသည်။

"မမတို့ကရော ကိုယ့်တူမ ဒီအခြေအနေရောက်နေတာ နည်းနည်းမှ မရိပ်မိကြဘူးလား"

မေမေက အန့်တီကြီးကိုပါ မကျေမနပ် ပြောနေတာမို့ အန့်တီကြီးလည်း မျက်နှာပျက်ရသည်။

"ဒီမှာ မေလေး၊ ဒီကောင်နဲ့ဇာတ်လမ်းကို ဒီမှာ တင်ရပ်ပါ၊ ငါပြောတဲ့အတိုင်း မလိုက်နာနိုင်ရင်တော့ ငါလုပ်ချင်တာ ဖြစ်အောင်လုပ်ရမှာပဲ၊ နောက်ကျမှ ငါ့ကို အဆိုးမဆိုနဲ့"

မေမေ့စိတ်ကို သိနေတာမို့ မေလေးကြောက်လန့်စွာနှင့် ငိုကြွေးရုံမှလွဲ၍ ဘာမှမတတ်နိုင်။ အန့်တီကြီးက မေလေးဘေးမှာဝင်ထိုင်၍ မေလေးပခုံးကို ဖက်ကာ နှစ်သိမ့်ရင်း ...

"သမီးကလဲ မငိုနဲ့တော့နော်။ မေမေ မကြိုက်တာမလုပ်နဲ့ပေါ့ သမီးရယ်"

မျှော်လင့်ထားသည်ထက် ဗိုလ့်အပေါ် ခါးသီးပြင်းထန်နေသော အဖြစ်ကြောင့် မေလေး ဘာလုပ်ရမှန်းမသိအောင်ဖြစ်နေရင်း ဝမ်းနည်းစွာ ငိုကြွေးနေမိသည်။

"ဒီနေ့က စပြီး အဲဒီကောင်နဲ့ အဆက်ဖြတ်ပါ။ နောက်ကို ဘာသတင်းမှ မကြားချင်ဘူး။ နင့်ကိုငါ ကိုယ်တိုင်စောင့်ကြည့်နေမယ်။ အိမ်ကလူတွေမပါဘဲ ဘယ်ကိုမှ မသွားရဘူး ကြားလား"

ပြင်းထန်စွာ ချမှတ်လိုက်သော စည်းကမ်းချက်



တွေကြားမှာ မေလေးဘယ်လိုနေထိုင်ရမည်မှန်း မစဉ်းစားတတ်တော့။ သမီးက သက်မဲ့အရုပ်ကလေးမှ မဟုတ်တာ မေမေရယ်ဟု အသံမဲ့စွာ တောင်းပန်တိုးလျှိုးနေမိသည်။

"သမီး အမေ့စကားကို နားထောင်နော်။ သမီးက လိမ္မာပါတယ်။ မငိုနဲ့တော့။ တိတ် ...တိတ်"

အန့်တီကြီးက မေလေး မျက်ရည်စများကို သုတ်ဖယ်ရှားပေးရင်း တိုးတိုးကျိတ်ကျိတ် တိုက်တွန်းပြောဆိုနေသည်။ အန့်တီကြီးကလည်း မေမေ့အမိန့်ကို မလွန်ဆန်နိုင်သူမို့ မေမေ့အစီအစဉ်အတိုင်း လိုက်နာမှာ သေချာလှသည်။

"ငါရှင်းရှင်းပဲပြောမယ် မေဦးမိုး။ နင့်ကို ငါရန်လိုလူမျိုးနဲ့ဆိုရင် ဘာမှ ပြောဆိုနေစရာအကြောင်းမရှိဘူး။ ရန်လို မွန်မွန်ရည်ရည်ရှိတဲ့လူမျိုးတော့ မရွေးဘဲ ဂျစ်ကန်ကန်ကောင်ကို ရွေးရတယ်လို့။ ငါတော့ နည်းနည်းမှ မကျေနပ်ဘူး"

အခန်းထဲမှာ ဒေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ဒေါသတကြီးပြောနေသော မေမေ့စကားများကြောင့် မေလေး အံ့ဩစွာ သဘောပေါက်နားလည်လာရသည်။ မေမေတို့က ရန်နှင့်မေလေးကို သဘောတူကြည်ဖြူကြသည်ပဲ။ ရန့်ကို သမီးမှမချစ်နိုင်တာဟု စိတ်ထဲမှ ထုချေလျှောက်လဲနေမိသည်။

ဗိုလ့်မှာ ဘာအပြစ်ရှိလို့လဲဟု မေးချင်သော်လည်း မေလေး မမေးရဲပါ။ မျက်နှာထားတည်တည်နှင့် ဂျစ်ကန်ကန်နေတတ်သည်မှလွဲ၍ ဗိုလ့်မှာ ဘာအပြစ်မှကြီးကြီး

www.burmeseclassic.com

www.burmeseclassic.com



ကျယ်ကျယ်မရှိဟု မေလေးထင်သည်။ ဗိုလ်က ဒီလိုပဲ နေတတ်သည်ဟု မေလေးကတော့ နားလည်နိုင်သည်ပဲ။ ပြီးတော့ ဗိုလ်က မေလေးအပေါ် လေးလေးနက်နက် ချစ်ရှာသည်လေ။ ဒါတွေ မေမေဘယ်လိုနားလည်နိုင်မှာလဲဟု ရင်ထဲမှ အော်ဟစ်ညည်းညူနေမိသည်။

"ငါ ပြောတာ၊ ကြားတယ်နော်။ ပြောတဲ့အတိုင်းလုပ်ပါ"

မေမေက မေလေးအနီးသို့ကပ်ကာ ခြိမ်းခြောက်မှာကြားပြီး ခြေသံပြင်းပြင်းနင်းကာ အခန်းထဲမှ ထွက်သွားတော့သည်။ အန်တီကြီးက မေလေးဆံပင်များကို သပ်တင်ဖယ်ရှားပေးရင်း …

"ဒီလိုကောင်မျိုးတွေ ဘာလုပ်ဖို့လဲ သမီးရယ်။ အဆက်ဖြတ်ပစ်လိုက်ပေါ့"

မေလေး ဝမ်းပမ်းတနည်း ငိုရှိုက်ရင်းက ခပ်ကြမ်းကြမ်းခါယမ်းပစ်လိုက်မိသည်။ လွယ်လွယ် မပြောပါနဲ့ အန်တီကြီးရယ်။ မမျှော်လင့်ထားခဲ့သော အခြေအနေဆိုးကြောင့် ဝမ်းနည်းထိတ်လန့်နေမိသော်လည်း မောင့်ကို ခွဲခွာဖို့တော့ ဘယ်လိုနည်းနှင့်မှ မဖြစ်နိုင်မှန်း မေလေး ခိုင်ခိုင်မာမာယုံကြည်နေမိသည်။

"ဘယ်သွားမလို့လဲသား"

ရှပ်အင်္ကျီလက်ကြယ်သီးတပ်ရင်း လှေကားနောက်ဆုံးထစ်မှဆင်း၍ ထမင်းစားခန်းကို ဖြတ်မည်အပြုတွင် မေမေက ထူးထူးဆန်းဆန်း လှမ်းမေးလာသည်။ ရန် အနည်းငယ် အံ့ဩစွာ မျက်ခုံးပင့်လိုက်မိရင်း …

"ဘာခိုင်းစရာရှိလဲ မေမေ"

"မရှိပါဘူးသားရဲ့၊ သား အပြင်ထွက်ရင် မေလေးတို့ဆီလဲ သွားလိုက်ပါဦးလို့ ပြောမလို့။ မနေ့က သူ့အမေဖုန်းဆက်တုန်းက မေလေး နေမကောင်းဘူးပြောတယ်"

စိုးရိမ်ပူပန်စိတ်က ခါတိုင်းလိုပင် ရိုပ်ခနဲတက်လာပြီးမှ အသိတရားကို အချိန်မီထိန်းချုပ်ကာ သက်ပြင်းတစ်ချက်ကို မှုင်းမှုင်းချဖြစ်သည်။ ငါ့မှာ နင့်အတွက် စိုးရိမ်ပူပန်ခွင့် မှရှိရဲ့လား မေလေးရယ်။

"အန်တီတင်တင်ဦးကတောင် သားမလာတာ ကြာပြီလို့ပြောနေသေးတယ်။ သား မေလေးဆီ ဘာဖြစ်လို့ မသွားတာလဲ"

မေမေ့အမေးကို ဘယ်လိုဖြေရမှန်းမသိ၍ ရန် ဘာမှမဖြစ်သလို ပြုံးနေလိုက်ရသည်။ မေလေး မေမေတောင်

www.burmeseclassic.com

www.burmeseclassic.com



သတိထားမိလောက်အောင်ပဲ သူပျက်ကွက်ခဲ့ပြီလား။ သူ့သူငယ်ချင်းလေးကို သတိရစိတ်ကတော့ ရင်မှာ အမြဲရှိနေတတ်ပါသည်။ သတိရတိုင်း မ,သွားမိဖို့တော့ သူ့ဦးနှောက်က ထိန်းချုပ်တားမြစ်ထားသည်လေ။ ဒါကလည်း စွဲစွဲလမ်းလမ်း လုပ်နေကျ အကျင့်တစ်ခုကို ခက်ခက်ခဲခဲ ဖျောက်ဖျက်နိုင်အောင် ကြိုးစားထားခဲ့ရခြင်းပါ။ မေလေးဆီ တစ်ပတ်တစ်ခါတော့ ရောက်ဖြစ်ပါသည်။ ဖုန်းကတော့ တစ်ပတ်နှစ်ခါလောက် ခဏတဖြုတ်ဆက် ဖြစ်သည်။

သူမအရိပ်သဏ္ဍာန်တို့နှင့် နီးစပ်ထိတွေ့နေလျှင် သူ့အတွက် ဝေဒနာတွေ ပိုမိုဆိုးရွားလာနိုင်တာမို့ ဂရုစိုက်ရှောင်ရှားရခြင်းဖြစ်သလို သူမပိုင်ရှင် စိတ်မကွက်ရအောင် ဆင်ခြင်ခြင်းလည်းဖြစ်ပါသည်။ အခုလို မေလေး နေမကောင်းဟု ကြားရတော့လည်း သံယောဇဉ်မကင်းစွာ စိုးရိမ်ပူပန်ခြင်း ဖြစ်ရပြန်သည်လေ။

“မေလေးနဲ့ စိတ်ကောက်ထားလို့ ဖြစ်မှာပေါ့”

အပေါ်မှ ဆင်းလာသော မမမြတ်က ရေခဲသေတ္တာထဲမှ ရေပုလင်းထုတ်ရင်း သူ့ကို လှမ်းနောက်နေသည်။

“မဟုတ်ပါဘူး မမမြတ်ရာ။ အခုတလော အလုပ်နည်းနည်းများနေလို့ပါ။ ရေတစ်ခွက်လောက်”

မမမြတ်ကို ဖြေရှင်းရင်း အာခေါင်တွေခြောက်လာသလိုမို့ ရေတောင်းသောက်တော့ မမမြတ်က ရယ်မောနေသည်။

“ရန်လေးတော့ ရင်ပူနေပြီ”



“သား မေလေးဆီသွားလိုက်ဦးမယ်နော်၊ ကားယူသွားမယ်”

“အေး ...အေး၊ မေမေက မေးတယ်လို့ ပြောလိုက်ပါဦး”

ထမင်းစားခန်းမှ ခြေလှမ်းကျဲကျဲနှင့်ထွက်ကာ ကားသော့ယူပြီး လှေကားမှ ခပ်သွက်သွက်ဆင်းလာခဲ့သည်။

ကားပေါ်မတက်မီ ကြွေကျနေသော ကံ့ကော်ရွက်ခြောက်တစ်ရွက်ကို လက်နှင့်တောက်ထုတ်လိုက်ရင်း အမှတ်မထင် ကံ့ကော်ပင်ကို မော့ကြည့်မိသည့် ခဏတွင် ရင်မှာ လွမ်းလွမ်းဆွတ်ဆွတ် ခံစားလိုက်ရသည်။

ကံ့ကော်တွေတောင် ပွင့်တော့မည်ပဲ။ အရင်က ဆို ကံ့ကော်ပွင့်တွေကို မေလေးအတွက် သူကိုယ်တိုင် ခူးပေးခဲ့ရသည်လေ။

ခေါင်းကို ခပ်ကြမ်းကြမ်းခါမိရင်း မေလေးရှိရာသို့ ကားကို အမြန်မောင်းထွက်လာခဲ့မိသည်။ မေလေးတို့ ခြံရှေ့တွင် အသင့်ဖွင့်ထားသော ခြံတံခါးအတိုင်း မောင်းဝင်ပြီး မေလေးတို့ ကားနောက်တွင် ရပ်ထားလိုက်သည်။ ကားပေါ်မှ ဆင်း၍ တိတ်ဆိတ်နေသော အိမ်ရှေ့ခန်းကို အကဲခတ်နေမိဆဲ ဆေးခန်းဘက်မှ အန်တီကြီးခေါ်သံကြောင့် လျှောက်သွားလိုက်သည်။

“မင်းအန်တီက ခဏလာပါဦးတဲ့”

အန်တီကြီးစကားကြောင့် အံ့သြစွာနှင့် စိတ်[illegible]ထင့်များမိရင်း မေလေး မေမေထိုင်နေသည့်စားပွဲသို့ ခပ်သွက်

www.burmeseclassic.com

www.burmeseclassic.com



သွက်လျှောက်သွားလိုက်မိသည်။ မေလေး မေမေနှင့် စကားပြောပြီး ပြန်ထွက်လာသော သူ့ ခြေလှမ်းများက အလာတုန်းကနှင့် ဆန့်ကျင်စွာ လေးတွဲ့ဆုတ်ဆိုင်းနေရသည်။

ဧည့်ခန်းတံခါးကို ညင်ညင်သာသာ တွန်းဖွင့်လိုက်ပြီး ဒရင်းဘက်ပေါ်တွင် လှဲလျောင်းနေသော မေလေးကို အတန်ကြာ စူးစိုက်ကြည့်နေလိုက်မိသည်။ ညနေစောင်းအလင်းရောင်နုနုအောက်တွင် မေလေး မျက်နှာလေးက နွမ်းဖျော့နေရသည်။

"ရန်"

ခြေသံဖွနင်း၍ မေလေးအနီးသို့ လျှောက်သွားလိုက်ပြီး မေလေး မျက်နှာကို ငုံ့ကြည့်နေမိချိန်မှာပဲ မှေးမှိတ်ထားသော မျက်ဝန်းလေးများ ဖျတ်ခနဲဖွင့်လာပြီး ဝမ်းသာလှိုက်လှဲစွာနှင့် သူ့အမည်ကို ခေါ်လာသည်။ သူ့ကိုမြင်လိုက်ရသည့်အချိန်တွင် အားကိုးမျှော်လင့်စွာ တောက်ပသွားသော မျက်ဝန်းလေးများကို နားလည်စွာ နှစ်သိမ့်သလို ပြုံးပြလိုက်မိသည်။

"ရန် ထိုင်လေ"

မေလေးဘေးမှာ ခွေးခြေပုလေးဆွဲ၍ ထိုင်ချလိုက်ပြီး သွေးရောင်ဖျော့နေသော မေလေးမျက်နှာကို ကြင်နာစွာ ငေးကြည့်နေမိသည်။

"မေလေး နေမကောင်းဘူးဆို"

"ဟုတ်တယ် ရန်။ ဖျားပြီး ချောင်းတွေဆိုးနေတယ်။ အအေးမိသွားလို့လား မသိဘူး။ ဒါနဲ့ ရန် ဘယ်လိုလုပ်သိလဲ"



"မေမေ့ဆီ အန်တီဖုန်းဆက်တုန်းကပြောလို့"

ခြေဖျားနားတွင် လပ်နေသောစောင်ကို အသာဆွဲဖုံးပေးလိုက်ရင်း ...

"သိသိချင်းပဲလာခဲ့တာ၊ မေမေကလည်း မေးခိုင်းလိုက်တယ်"

"ကျေးဇူးပဲ ရန်၊ မေလေး ရန့်ကို အရမ်းတွေ့ချင်နေတာ"

မေလေးမျက်နှာ သိသာစွာညှိုးလျော့သွားပြီး သူ့ကို တစ်စုံတစ်ခုပြောဖို့ အားယူဟန်နှင့် ကြည့်နေသည်။

"မေလေးလေ ..."

မေလေးစကား ဆက်မလာဘဲ မျက်ရည်စတို့သာ မျက်ဝန်းမှာ တွဲခိုလာကြတာတွေ့မြင်ရတာမို့ ရန့် ရင်မှာ ထိခိုက်သွားရသည်။ မေလေးကို အတတ်နိုင်ဆုံး နှစ်သိမ့်ပြုံး၍ခေါင်းညိတ်ပြလိုက်ပြီး ...

"ခုန အန်တီ ငါ့ကိုခေါ်ပြောတယ် မေလေး"

"ဟုတ်လား။ ဘာတွေပြောလဲဟင်"

မေလေး လှုပ်လှုပ်ရှားရှား ဖြစ်သွားတာမို့ သူ့ ကိုယ်ချင်းစာစွာ သက်ပြင်းမောတစ်ချက်ချဖြစ်သည်။ မင်းရဲ့ချစ်သူအတွက် သောကတွေ ခံစားနေရပြီပေါ့ မေလေးရယ်။

"နင်နဲ့ ဗိုလ်အကြောင်း ငါသိလားလို့မေးတယ်"

"နင်က ဘာပြောလိုက်လဲဟင်"

"မသိဘူးလို့ ပြောလိုက်တာပေါ့ဟာ၊ အန်တီ ယုံပုံရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ရော ဘာပြောသေးလဲဟင်"

မေလေးက အနည်းငယ် စိတ်သက်သာရာ ရသွားဟန်နှင့် သက်ပြင်းချပြီး ဆက်မေးနေသည်။

"သူ သဘောမတူနိုင်ဘူးပေါ့ဟာ၊ အဲဒါ နင့်ကိုလည်း ကူပြောပေးပါဦးတဲ့၊ ပြီးတော့ သူဆူထားလို့ နင်တော်တော် စိတ်ထိခိုက်နေလား မသိဘူးတဲ့။ အဲဒါ ပြေရာပြေကြောင်း ပြောပေးဖို့ပေါ့ဟာ"

မေလေး မေမေပြောသမျှကို ခြုံငုံ၍ ပြန်ပြောဖြစ်သော်လည်း ဗိုလ့်အပေါ် တင်းတင်းမာမာ ပြောခဲ့သမျှကိုတော့ ချန်လှပ်ထားဖြစ်သည်။

မေလေး တိတ်တိတ်ဆိတ်ဆိတ် မျက်ရည်ကျနေသည်ကို စိတ်မကောင်းစွာကြည့်ရင်း ...

"ကိုယ့်ကျန်းမာရေးကလည်း ကောင်းတာ မဟုတ်ဘူးတဲ့၊ ထင်သလိုမနေဖို့ပေါ့ဟာ"

နှစ်ဦးစလုံး အတန်ကြာတိတ်ဆိတ်နေမိကြပြီးမှ ဒရင်းဘက်လက်ရမ်းမှ လက်ကိုင်ပဝါလေးကို ယူပေးလိုက်သည်။

"ငါလည်း သတိပေးချင်တယ်ဟာ၊ နင့်ကျန်းမာရေးကိုတော့ ဂရုစိုက်ပါ"

မေလေး ခေါင်းညိတ်တာကိုမြင်တော့ သူနည်းနည်းတော့ စိတ်ချမ်းသာသွားရသည်။

"ငါနဲ့ ဗိုလ့်အကြောင်း မေမေသိသွားတယ်၊ ရိုးရိုးဆူတာထက် ဗိုလ့်ကို တင်းတင်းမာမာ ဖြစ်နေတယ်ဟာ၊



ကို လုံးဝအဆက်ဖြတ်ပစ်ရမယ်တဲ့၊ ဘယ်မှလဲ မသွားတော့ဘူးတဲ့၊ ငါ အရမ်းစိတ်ညစ်တာပဲ၊ ဘာလုပ်ရမှန်းကောင် မသိတော့ပါဘူး"

မေလေးက မျက်ရည်စများကို လက်ကိုင်ပဝါနှင့်သုတ်ရင်း တိုးညှင်းစွာပြောပြနေသည်။

"စိတ်ဆိုးတုန်းခဏမို့ ပြောတာဖြစ်မှာပါ၊ ကြောင်း သူရောသိသွားပြီလား"

"ဟင့်အင်း ...သူမသိသေးဘူး၊ မေမေတို့က အမြဲင့်ကြည့်နေတော့ ဘယ်လို ဆက်သွယ်ပြောပြရမှန်းဟောင် သိတော့ပါဘူးဟာ"

နီမြန်းနေသော နှာသီးဖျားလေးကိုကြည့်ပြီး မေလေး တော်ငိုထားမှန်း ရန် ရိပ်မိသိရှိလိုက်သည်။ နင့်ချစ်သူကို သိပ်ချစ်မှာပဲ မေလေးရယ် ငါ ကိုယ်ချင်းစာနိုင်ပါတယ်။

"နင့်အဖေလဲ နိုင်ငံခြားသွားဖို့ အလုပ်ရှုပ်နေတယ်"

မေလေး မေမေပြောလိုက်သည့်စကားကို ပြန်မေးရင်း းကို အာရုံပြောင်းဖို့ ကြိုးစားမိသည်။

"ဟုတ်တယ်၊ ဖေဖေ သွားရတော့မှာ"

မေလေးက သာမန်မျှသာ ပြောရင်း မျက်နှာလေးကမြဲမို့ ရန် အတတ်နိုင်ဆုံး တောက်ပစွာ ပြုံးလိုက်မိသည်။

"အဲလောက်လဲ စိတ်ညစ်မနေပါနဲ့ဟာ၊ ဒါမျိုး တတ်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



မေလေးက သူ့မျက်နှာကို အံ့ဩသလို လှမ်း[...]
လာတာမို့ ခပ်ဖွဖွရယ်မောမိရင်း ...

"ငါ ကူညီမယ်လို့ ပြောထားသားပဲ မေလေး[...]

မေလေးက မပွင့်တပွင့်လေးပြုံးရင်း ...

"နင့်ကို အားနာတယ်"

မေလေး စကားကြောင့် အသက်ရှူရတာ မေ[...] သွားသလို ခံစားလိုက်ရရင်းက မေလေးကို ချစ်စနိုး လ[...] ဆုပ်ပြလိုက်မိသည်။

"နင့်အတွက် မကောင်းဘူးဆိုရင် ငါ အမုန်း[...] တားမြစ်ရမှာပဲ၊ အခုကိစ္စမှာတော့ ငါ အတတ်နိုင်ဆုံး ကူညီ[...] ပါ၊ စိတ်ချမ်းချမ်းသာသာ နေစမ်းပါဟာ"

ပထမဆုံးအကြိမ်အဖြစ် မေလေ အပြုံးတွေ[...] ပြင်ပြင်ဖြစ်လာ၍ သူ စိတ်ချမ်းသာသွားရသည်။ ထွေး[...] မေလေး ဆေးသောက်ဖို့ ဆေးနှင့်ရေ ယူလာပေး၍ သူ[...] တိုင်ဆေးတိုက်ဖြစ်သည်။

"ကဲ ...နင်လဲ နားလိုက်တော့နော်၊ ငါ ဖုန်း[...] လိုက်မယ်"

မေလေးက သူ့ စကားကို နာခံစွာ ခေါင်း[...] ပြတာမို့ မေလေးဘေးမှ ထ,ရပ်ဖြစ်သည်။ ညှော်[...] တိတ်ဆိတ်စွာထွက်၍ တံခါးကို ညင်ညင်သာသာ ပြ[...] ပေးခဲ့ပြီး အတွေးများစွာနှင့် မေလေးထံမှ ပြန်လာခဲ့[...] ရှိရင်းစွဲသံယောဇဉ်များစွာနှင့် ဖေးမကူညီရမည့် အ[...] များကလည်း ရှိနေတာမို့ မေလေးအနားမှ သူ ခွာနေ၍ [...]



[...]တော့မှန်း နားလည်လာရသည်။ တုံ့ပြန်ရယူလိုခြင်းကင်း[...]နှင့် ဖြူစင်စွာပေးဆပ်ခြင်းက မေလေးဘဝ ငြိမ်းချမ်းလှပဖို့ [...]ပါလော။

ဆိုင်ကယ်ကို မှီရပ်နေရာမှ စိတ်မရှည်စွာ ပလက်[...]င်းပေါ်တွင် ငုတ်တုတ်ထိုင်ချကာ ရှေ့မှကတ္တရာလမ်းမကို [...]သက်စွာ ငေးစိုက်ကြည့်နေမိသည်။ မေလေး လာမည်ဟု [...]ထားသည့်အချိန်ထက် အနည်းငယ်နောက်ကျနေတာမို့ [...]မပူပန်စိတ်နှင့် ရင်မှာ လှုပ်ရှားနေရသည်။ ပြောစရာ [...]ရှိသည်ဟု မေလေး ပြောထားခြင်းမို့ အခြေအနေကို [...]စိတ်နှင့် ခါတိုင်းလို မတည်ငြိမ်နိုင်။ မေလေးအသံက [...]မှ တုန်တုန်လှုပ်လှုပ် ရှိလွန်း၍လည်း စိတ်ထဲမှာ ထင့်နေ[...]ည်။

သက်ပြင်းတစ်ချက်ကို မသိမသာချ၍ ခေါင်း[...]တွင် ကားလေးတစ်စီးက တစ်ဘက်ပလက်ဖောင်းမှာ [...]စွာရပ်လာသည်။ ကားပေါ်မှ ဆင်းလာသော မေလေး[...] တွေ့လိုက်ရတာမို့ ဆတ်ခနဲထ,ရပ်လိုက်မိရင်း [...]ား [...]သူနေရာသို့ အမှတ်မထင် ကြည့်လိုက်မိသည်။ ဖြူဖြူ

www.burmeseclassic.com

www.burmeseclassic.com



ချောချောနှင့် ရွယ်တူယောကျ်ားလေးတစ်ယောက်မို့ မျက်မှေ
ကုတ်လိုက်မိရင်း တစ်စုံတစ်ရာ မှာကြားနေဟန်ရှိသေ
မေလေးကို ခပ်ငေးငေးကြည့်နေလိုက်မိသည်။

ကားလေး ညင်ညင်သာသာ ထွက်သွားပြီး သူ့
ကားလမ်းဖြတ်ကူး၍လာနေသော မေလေးကို မမှိတ်မ
ကြည့်နေမိသည်။ ကိုယ်ကပ်ဇာအင်္ကျီအဖြူနှင့် အနက်ခံ
အဖြူရိုက်ထားသော လုံချည်အောက်မှ သူမ ခန္ဓာကိုယ်
က ပိုမိုသွယ်လျသွားသလိုပင်။ မေလေး နေမကောင်းလို့
လားဟု ပူပူပန်ပန်ဖြစ်သွားမိရင်း သူ့အနီးသို့ရောက်လာသေ
ချစ်သူလေး၏ လက်အစုံကို ဖမ်းယူဆုပ်ကိုင်ထားလို
သည်။

"မောင် ရောက်နေတာ ကြာပြီလားဟင်"

ခါတိုင်းလို ပြုံးရွှင်ဝင်းလက်မနေဘဲ ခပ်နွမ်း
ဖြစ်နေသော မျက်နှာလေးကို ဂရုစိုက်ကြည့်ရင်း ခေါင်းခါ
လိုက်မိသည်။ သူ့လက်ကို ဆုပ်ကိုင်ထားသော လက်ချော
တွေ ပိုမိုတင်းကျပ်သွားကြပြီး ...

"အချိန် သိပ်မရဘူးမောင်၊ အခုတောင် အိ
မနည်းထွက်လာရတာ"

ရင်ထဲမှာ ပူပူပင်ပင် ဖြစ်သွားရခြင်းကို ထုတ်
ပြောမနေတော့ဘဲ မေလေးကို ဟဲလ်မက်တစ်ခု ဆောင်း
လိုက်ပြီး ဆိုင်ကယ်ပေါ်တက်၍ စက်နှိုးလိုက်သည်။ စီး
မဟုတ်သော ဆိုင်ကယ်နောက်မှ တိတ်ဆိတ်စွာ ပါလာ
မေလေးကြောင့် သူ့စိတ်တွေ ပိုလေးသွားရသည်။



မေလေးက အချိန်မရဟု ပြောထားတာမို့ နီးနီး
နားနား စမိုင်းလ်ထဲသို့ပဲ ဝင်လိုက်သည်။ ထောင့်ကျကျစားပွဲ
တွင် ထိုင်ဖြစ်ကြတော့ မေလေးက စကားတစ်ခွန်းမှ မဆိုသေး
ဘဲ သူ့မျက်နှာကို အတန်ကြာ စိုက်ကြည့်နေသည်။

"မေလေး ပြောစရာရှိတယ်ဆို"

"ဟုတ်ပါတယ်၊ ဒါပေမယ့် မောင်စိတ်ညစ်မှာ
စိုးတယ်"

နှုတ်ခမ်းအစုံကို တင်းတင်းစေ့လိုက်မိရင်း မျက်လွှာချ
ထားသော ချစ်သူမျက်နှာပေါ်မှာ အကြည့်တို့ ရပ်နားထားဖြစ်
သည်။

"ခုနက ဘယ်သူလိုက်ပို့တာလဲ"

"အဲဒါ ရန့်လေ၊ မေလေးတစ်ယောက်တည်း ထွက်
လို့မရလို့ ရန့်ကို အကူအညီတောင်းပြီး လိုက်ပို့ခိုင်းရတာ၊
မေမေ့ကို အင်းလျားလမ်းက Art Gallery မှာ ပန်းချီကား
တွေ သွားကြည့်မလို့လို့ ပြောခဲ့တာ၊ အခု ရန့်အဲဒီကိုသွား
တယ်၊ ဒါမှ မေမေမေးရင် ဖြေလို့ရအောင်ပေါ့"

မေလေး ပြောသမျှကို တိတ်ဆိတ်စွာ နားထောင်ရင်း
အခြေအနေကို ရိပ်စားမိလာသည်။ ကောင်းသော အခြေအနေ
ကို မျှော်လင့်ထားခဲ့သည် မဟုတ်သော်လည်း အဆိုးဆုံးတော့
ဖြစ်လိမ့်မည်မဟုတ်ဟု ထင်မှတ်ထားခဲ့သည်ပဲ။

ရန့်ဟုခေါ်သည့် ရန့်စိုးမိုးအကြောင်းကိုတော့ မေလေး
ထံမှ ကြားသိထားပြီးဖြစ်၍ စိတ်ရှင်းသွားရသည်။

"မေလေးနဲ့ရန့်ကိုတော့ နားလည်ပါနော်၊ ရန့်က

www.burmeseclassic.com

www.burmeseclassic.com



မေလေးအတွက် အားကိုးရတဲ့ သူငယ်ချင်းပါ''

''မောင်ဘာပြောလို့လဲ''

တောင်းတောင်းပန်ပန်ဟန်နှင့် ပြောနေသော ချစ်သူလေးကိုကြည့်၍ ဖြူးမိရင်းမေးဖြစ်သည်။

''မောင်တစ်မျိုးဖြစ်မှာစိုးလို့ပါ၊ မောင်ကတစ်ခုခုဆို ပွင့်ပွင့်လင်းလင်းမပြောဘဲ စိတ်ထဲမှာ သိမ်းထားတတ်တာ မဟုတ်လား''

မပွင့်တပွင့်ပြောလာသော မေလေးကြောင့် သက်ပြင်းတစ်ချက်ချမိရင်း စိတ်ထဲမှာ သိမ်းထားတာ မင်းအတွက်ပါ မေလေးရယ်ဟု စိတ်ထဲမှာပဲပြောဖြစ်သည်။ မင်းကို ဘယ်ယောကျ်ားလေးနဲ့မှ ယှဉ်တွဲမမြင်ချင်တာတော့ ကိုယ့်ဆန္ဒပဲလေ။

''ပြောစရာရှိတာပြောလေ''

သူ့ရှပ်အင်္ကျီလက်ဖျားကို လက်ညှိုးလေးနှင့် တို့ထိကစားနေရာမှ မေလေး မျက်လွှာပင့်ကြည့်သည်။

''မေလေးတို့အကြောင်း မေမေသိသွားတယ်''

အံ့ဩတုန်လှုပ်သွားရသော်လည်း ဘယ်လိုလုပ်သိသွားရတာလဲဟု အလောတကြီး မမေးဖြစ်တော့။ သိသွားပြီဆိုမှတော့ ရှေ့ဆက်ရင်ဆိုင်ကြဖို့ပဲ ရှိတော့သည်လေ။

''မေမေက အရှမ်းဆူတယ်မောင်၊ မေလေးကို အိမ်က လူတွေမပါဘဲ ဘယ်မှမသွားရဘူးတဲ့''

မေလေး စကားအဆုံးမှာ သောကအပူတို့က ရင်ထဲသို့ ရုတ်ခနဲ ဝင်ရောက်လာသည်။ ချစ်သူနှုတ်မှုအား ခွဲနေရဦးမှာ



လားကွယ်။

''ဖုန်းပြောရတာလဲ မလွတ်လပ်ဘူး၊ အခုတောင် ပန်းချီကားတွေ ကြည့်မယ်ဆိုပြီး ရန်လာခေါ်လို့ထွက်လိုရတာ''

မေလေးအမေက သူ့အပေါ် လိုလားနှစ်သက်ဟန် မရှိဟု နားကြည်းစွာ သဘောပေါက်နားလည်လိုက်သည်။ သူနှင့်တွေ့ဆုံနိုင်သည့် အခွင့်အရေးမှန်သမျှကို တားမြစ်ပိတ်ပင်လိုက်သည်ပဲ။

''မေလေးလဲ တော်တော်ဖျားလိုက်သေးတယ်''

နဂိုထက် ပိုမိုသွယ်လျသွားသော လက်ချောင်းကလေးများကို အားပေးသလို ဖျစ်ညှစ်ဆုပ်ကိုင်ထားလိုက်မိသည်။

''အခုရော ဘာပြောသေးလဲ''

''မောင့်ကို အဆက်ဖြတ်ရမယ်တဲ့၊ မေလေးကို အခုအမြဲစောင့်ကြည့်နေတယ်''

မျက်ရည်လေးများ ရစ်ဝဲလာသော မေလေး မျက်ဝန်းအစုံကိုကြည့်ကာ သူ့ရင်မှာလည်း ထိခိုက်လာရသည်။

''မေလေးဘယ်လိုလုပ်ချင်လဲ''

''ဘာလုပ်ရမှာလဲမောင်၊ မေလေး မောင့်ကို ဘယ်တော့မှမခွဲဘူး''

သူ့အမေးကို ဆတ်ခနဲ မော့ကြည့်လာပြီး သွက်လက်ပြတ်သားစွာ ဖြေလိုက်သော သူမလေးကို ကြည့်[illegible]ခြင်းကြီးစွာ ရူးစိုက်ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တို့ဖြင့် စိုလက်နေသော မျက်ဝန်းနက်နက်တို့က စွမ်းအင်တစ်မျိုးဖြင့် တောက်ပနေကြသည်။

"မေလေးကို မောင် ကျေးဇူးတင်ပါတယ်"

မေလေးမျက်လုံးတွေ ပြန့်လည်မှိန်ဖျော့သွားရပြီး ...

"ဒါပေမယ့် မေလေးတို့ ခဏတော့ ခပ်ဝေးဝေးနေရမယ်မောင်၊ ဒီလထဲမှာ ဖေဖေနိုင်ငံခြားသွားဖို့လဲ ရှိနေတော့ မေလေး ငြိမ်ငြိမ်သက်သက်နေပြရမှာ၊ အဲဒါကို မောင်နားလည်ပါ"

"နားလည်ပါတယ်ကွာ"

သူမကို နှစ်သိမ့်လိုသောဆန္ဒနှင့် အလွယ်တကူ ပြောလိုက်သော်လည်း သူ့ရင်ထဲမှာတော့ မကောင်း။ မတွေ့ရတဲ့ရက်တွေမှာ မောင်လဲလွမ်းနေရမှာ မေလေးရယ်။

"မေလေးမေမေက မောင်နဲ့သဘောတူမှာ မဟုတ်ဘူးနော်၊ အဲဒါ မေလေး တွေးကြောက်နေလား"

မေလေးက ခေါင်းကိုခိုင်မာစွာ ခါပြပြီး ခပ်ဖျော့ဖျော့ပြုံးသည်။

"မေလေးစိတ်ညစ်ရတာတော့ အမှန်ပဲ၊ ဒါပေမယ့် မောင့်ဘက်မှာ အမြဲရှိမှာပါ"

ကျေနပ်ကြည်နူးခြင်းများစွာနှင့် နှစ်ဦးသား တစ်ယောက်ကို တစ်ယောက် ပြုံးကြည့်လိုက်မိကြသည်။ မေလေးက လက်မှနာရီကို မသိမသာကြည့်ရင်း သက်ပြင်းတစ်ချက်ချသည်။

"မောင်နဲ့မတွေ့ဖြစ်တဲ့ရက်တွေမှာ မောင့်ကို အစစ



အရာရာ စိတ်ချချင်တယ်နော်"

"မောင်သိပါတယ်"

သူ့အတွက် စိုးရိမ်ပူပန်မှုကို နားလည်စွာ လေးလေးနက်နက်ပြောဖြစ်သည်။

သူကတော့ ဘယ်လိုအခြေအနေမျိုးနှင့် ရင်ဆိုင်ရသည်ဖြစ်စေ သူ့အတွက်ဂရုမစိုက်ပါ။ ချစ်သူလေးအတွက်သာ ဂရုစိုက်ပူပင်မိသည်။

"မေလေးကိုတော့ မောင်ယုံပါနော်"

အစွမ်းကုန်ပြုံး၍ ခေါင်းညိတ်ပြရင်း ...

"ယုံပါတယ်"

ချစ်သူနှင့်အတူနေရသော အချိန်နာရီတို့က အကုန်မြန်လွန်းသလိုနှင့် ခွဲရမည့်အချိန်က လျင်မြန်စွာ ရောက်ရှိလာသည်။ လေးလံသော ခြေလှမ်းများနှင့် ဆိုင်ကယ်ရှိရာသို့ ပြန်လျှောက်လာဖြစ်ရင်း ...

"မတတ်သာလို့သာခွဲနေရမှာ၊ မောင်တော့ လွမ်းနေမှာပဲ"

မေလေးထံမှ သက်ပြင်းချသံသဲ့သဲ့ ကြားရတာမို့ ချစ်သူကို စိတ်ညစ်အောင် လုပ်မိပြန်ပြီဟု ကိုယ့်ကိုယ်ကို နောင်တရမိသည်။ သူက ဝမ်းနည်းပြနေလျှင် အားငယ်တတ်သည့် ချစ်သူလေးမှာ ပိုဆိုးရှာမည်ပေါ့။

ဆိုင်ကယ်ကို အရင်နေရာသို့ ပြန်မောင်းလာရင်း အချိန်ကြာကြာ ခွဲခွာနေရမည့်အဖြစ်အတွက် ရင်မှာခံစားနေရသည်။ ချစ်သူလေး စိတ်ညစ်အောင်လည်း သူဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုရက်မှာလဲ။

မေလေးကို လိုက်ပို့သည့်ကားလေး ရပ်စောင့်နေတာမြင်တာမို့ သူတို့နှစ်ယောက်အတွက် အချိန်မရှိတော့မှန်း နားလည်လိုက်သည်။

"မောင့်အတွက် ဘာမှမစဉ်းစားပါနဲ့၊ မေလေး စိတ်ချမ်းသာအောင် နေပါကွာ၊ ကျန်းမာရေးလဲ ဂရုစိုက်ပါ"

ဆိုင်ကယ်ပေါ်မှဆင်း၍ သူ့ကို ကြေကြေကွဲကွဲကြည့်နေသော မေလေးကို ရင်နာစွာမှာကြားဖြစ်သည်။

"မောင် လိုက်ပို့မယ်"

ဝမ်းနည်းစွာ ခေါင်းငုံ့သွားသော မေလေးလက်ကိုဆွဲ၍ ကားရှိရာသို့ လိုက်ပို့ဖြစ်သည်။ ကားထဲမှ စောင့်ကြည့်နေသော ရန်စိုးမိုးကို ဝတ္တရားမပျက် ပြုံးပြနှုတ်ဆက်လိုက်တော့ သဘောကောင်းဟန်ရှိသော ရန်စိုးမိုးက လှိုက်လှိုက်လှဲလှဲ တုံ့ပြန်ပြုံးသည်။

"မေလေးသွားမယ်နော်"

ကားပေါ်တက်ပြီး နှုတ်ဆက်စကားဆိုသော မေလေးကို အစွမ်းကုန်ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။ ကားတံခါးကို ပိတ်ပေးလိုက်ပြီး ကိုယ်ပြန်အမတ်တွင် ကားလေးက သူ့ရှေ့မှ ထွက်၍ တဖြည်းဖြည်း ဝေးကွာသွားတော့သည်။ မေလေးရှေ့မှာ အစွမ်းကုန်ပြုံးထားခဲ့သမျှ အင်အားကုန်ခမ်းသွားသလိုနှင့် ဆိုင်ကယ်ရှိရာသို့ လေးတွဲ့စွာ လျှောက်လာခဲ့မိသည်။ ဆိုင်ကယ်ပေါ်တက်ရင်း သူမ အငွေ့အသက်လေးများကို လွမ်းဆွတ်စွာနှင့် ရင်ထဲမှာ ဟာနေရသည်။ ဘယ်အချိန်အထိ



ချစ်သူနှင့် ခွဲနေရဦးမလဲ မသိနိုင်တာမို့ လွမ်းနေရရုံအပြင် ဘာမှလည်း မတတ်နိုင်။

ဆိုင်ကယ်ကို ခပ်မှန်မှန်စီးလာရင်းက ဘယ်ကို ဦးတည်သွားရမှန်း ကိုယ့်ကိုယ်ကို မသိဘဲ ဖြစ်နေမိသည်။ အခုတလော စိတ်တွေကလည်းလေကာ အိမ်မှာလည်း မနေချင်။ သူငယ်ချင်းတွေနဲ့လည်း မတွေ့ချင်။

ကိုဖော်ကလည်း ရန်ကုန်မလာဖြစ်သေးတာမို့ သူတစ်ယောက်တည်း ငေါင်နေရသည်။ စိတ်အပန်းဖြေနိုင်စွမ်း သူ့ချစ်သူလေးကိုလည်း တွေ့ခွင့်မရ၍ ပိုဆိုးသည်။

မေလေးအကြောင်းတွေးမိတော့ သတိရစိတ်က ရင်ကိုလှုပ်ခတ်သွားစေသည်။ ပျံ့လွင့်နေသော စိတ်တို့က သူမထံသို့ စုစည်းရောက်ရှိကာ သူမလေးရှိရာသို့ ဆိုင်ကယ်ကိုဦးတည်ရွေ့လျားစေလိုက်သည်။ အရိပ်အယောင်လေးပဲ ဖြစ်ဖြစ် အလွမ်းပြေမြင်တွေ့ချင်သည်လေ။

တွေ့ခွင့်ရ,မရ ဘာမှ ရေရာမှုမရှိသော်လည်း ပြင်းပြနေသော ဆန္ဒကို မထိန်းချုပ်ချင်။ သူမလေးတို့အိမ်အနီးအနားကို ရောက်နေကြမဟုတ်၍ ဆိုင်ကယ်ကို ခပ်ဖြည်းဖြည်း

www.burmeseclassic.com

www.burmeseclassic.com



စီးကာ ရှာဖွေမိသည်။ ဆေးခန်းဆိုင်းဘုတ်လေးကို လှမ်းမြင်လိုက်၍ ဆိုင်ကယ်ကို အရှိန်လျှော့ကာ အိမ်ထဲသို့ ရန်ခုန်စွာ ဝေ့ဝဲကြည့်လိုက်မိသည်။

တိတ်ဆိတ်နေသော အိမ်ဝင်းအတွင်းမှာ လှုပ်ရှားမှု တစ်စုံတစ်ရာ မတွေ့ရ။ ဆေးခန်းဘက်မှာတော့ တံခါးတွေဖွင့်ထားတာ တွေ့ရပြီး အိမ်မကြီး၏ ပြတင်းတံခါးများက ခန်းဆီးစထူထူများနှင့် ပိတ်ဆို့ကာဆီးထားကြသည်။

မေလေးတို့ အိမ်အစွန်နားတွင် ကွမ်းယာဆိုင်လေး တစ်ဆိုင်တွေ့တာမို့ ဆိုင်ကယ်ကို ပလက်ဖောင်းတွင်ကပ်၍ ရပ်လိုက်သည်။

ကွမ်းယာဆိုင်တွင် စီးကရက်ဝင်ဝယ်၍ မီးညှိ ဖွာရှိုက်ရင်း မေလေးတို့အိမ်ကို တစေ့တစောင်းအကဲခတ် ကြည့်မိသည်။ ခန်းဆီးစများ လှုပ်ခတ်သွားမည်လားဟု မျှော်လင့်ကြီးစွာ စောင့်မျှော်ကြည့်မိသော်လည်း လှုပ်ရှားမှု တစ်စုံတစ်ရာ မရှိဘဲ သူ့ကို အေးစက်စွာ တုံ့ပြန်နေသလို ခံစားမိသည်။ ကြာကြာရပ်ကြည့်နေ၍လည်း မကောင်းတာမို့ သက်ပြင်းမော တစ်ချက်ချမိရင်း လှည့်ထွက်လာမိသည်။

မေလေးဆီ ဖုန်းဆက်ကြည့်ရလျှင် ကောင်းမည်လားဟု ရုတ်တရက် စိတ်ကူးရတာမို့ ကွမ်းယာဆိုင်သို့ ပြန်လှည့်ကာ ဖုန်းဘယ်နားမှာရှိလဲဟု မေးလိုက်သည်။ ရှေ့နားမှာ ရှိသည်ဟုပြော၍ ဆိုင်ကယ်သော့ယူ ရန် ပြန်အလှည့်တွင် ရှေ့တည့်တည့်၌ မြင်လိုက်ရသော ကားတစ်စီးကြောင့် သူ့ခြေလှမ်းတွေ တုန့်ဆိုင်းသွားရသည်။



ဒါ မေလေးတို့အိမ်က ကားပဲ မှတ်မိလိုက်သည့် အတိုင်း မေလေးများ ပါမည်လားဟု မျှော်လင့်ကြီးစွာ ကြည့်လိုက်မိသည့်အခိုက်တွင် ကားမောင်းလာသည့် အမျိုးသမီးက လှမ်းအကြည့်နှင့်ဆုံသည်။

မေလေး မေမေပဲဟုမှတ်မိလိုက်သည့် ခဏတွင် သူ့အတွက် နောက်ကျသွားရတော့သည်။ ရုတ်တရက် စူးရှတင်းမာသွားသော မျက်လုံးများက သူ့ကို မှတ်မိသိရှိမှုနှင့်အတူ သူမသဘောထားကို ဖော်ပြနေသည်။ မျှော်လင့်မထားစွာဘဲ ကားက ဆိုင်ကယ်ရှေ့တွင် ကပ်ရပ်သွားကာ ကားပေါ်မှ သူမဆင်းလာပြီး သူ့ဆီသို့ဦးတည် လျှောက်လာနေတာ တွေ့လိုက်ရသည်။ ပြဿနာတော့ အကြီးအကျယ်တက်ပြီဟု ရိပ်မိသိရှိလိုက်ခြင်းနှင့်အတူ ကြောက်ရွံ့ခြင်းမဟုတ်သော်လည်း ရင်ထဲမှာ လေးလံသွားရတာတော့ အမှန်ပင်။

ဖြစ်သမျှအကြောင်း အကောင်းပဲဟု စိတ်လျှော့လိုက်ကာ ခေါင်းပြန်မော့ကြည့်လိုက်စဉ် မေလေး မေမေက သူ့ရှေ့မှာ ရောက်နေခဲ့ပြီဖြစ်သည်။

"ဗိုလ်ဆိုတာ မင်းလား"

အထက်စီးမှ မာမာကျောကျောမေးလာမှုကို မနှစ်သက်သော်လည်း မေလေးမျက်နှာက ရှိသေးတာမို့ စိတ်ကို လျှော့ထားဖြစ်သည်။

"ဟုတ်ပါတယ်"

"မင်းနဲ့ စကားပြောစရာရှိလို့ အိမ်ထဲ ခဏလိုက်ခဲ့ပါလား"

BURMESE CLASSIC .com

www.burmeseclassic.com

မေလေး မေမေစကားကြောင့် သူခဏတော့ တွေ သွားရပြီး တအံ့တသြလည်း ကြည့်လိုက်မိသည်။ ထက်ထက် မြက်မြက်ရှိသော မျက်နှာထားနှင့် မေလေးလိုပင် ချော သည့် မျက်နှာအလှကို ပိုင်ဆိုင်ထားသည့် အမျိုးသမီးကြီး သူ့ကို ခပ်တင်းတင်းကြည့်နေသည်။ ရင်ထဲမှ မာနစိတ် ခေါင်း ထောင်ထ,လာသည့် ခဏတွင် ဘာကိုမှ စဉ်းစားမနေတော့ ခေါင်းညိတ်ဖြစ်လိုက်သည်။ လွတ်လပ်စွာ ချစ်မိခြင်းအတွက် သူ့မှာ အပြစ်ကင်းသည်ဟု ခိုင်မာစွာယုံကြည်ထားသည်။

မေလေး မေမေနောက်မှ ခပ်မှန်မှန်လိုက်လာခဲ့ပြီး ငြိမ်သက်မြဲဖြစ်သော ခန်းဆီးစများကို တစ်ချက်လှမ်း ကြည့် လိုက်မိသည်။ မေလေး ဘယ်နေရာမှာများ ရှိနေမည်လည်း တွေးမိသော်လည်း ပြဿနာထဲကိုတော့ ချစ်သူမပါစေချင်ပါ။ ကြုံလာသမျှသူပဲ ရင်ဆိုင်ဖြေရှင်းဖို့ ဆုံးဖြတ်ထားသည်။

"ထိုင်ပါ"

ဆေးခန်းတွင်းရှိ စားပွဲတွင် မေလေး မေမေ ဝင်ထိုင်ပြီး သူကြီးရှေ့မှောက်တွင် ရောက်နေသည့် တရားခံ တစ်ယောက်လို ဖြစ်မနေချင်တာမို့ ခပ်တောင့်တောင့်ပဲထိုင် နေဖြစ်ပြီး အလိုမကျမှုကြောင့် ချိုသာပျော့ပျောင်း မနေ သည့် မျက်နှာထားကို မေလေး မေမေ ဘယ်လိုမှ သဘော နှစ်သက်နိုင်မှာ မဟုတ်တာလည်း သူ သိနေသည်။

"အန်တီက မေဦးမိုးရဲ့ အမေပါ၊ မင်း သိပါတယ် နော်"

"ဟုတ်ကဲ့"



"မေဦးမိုးနဲ့ ပတ်သက်ပြီး အန်တီ့မှာ ပြောစရာရှိနေ တယ်"

တင်းမာမှုအနည်းငယ် လျော့ပါးသွားသော မေလေး မေမေမျက်နှာကို တိတ်ဆိတ်စွာပင် စောင့်ကြည့်နေလိုက် မိသည်။

"အန်တီမှာ ဒီသမီးတစ်ယောက်ပဲရှိတယ်၊ ဒီသမီး ကို ဘယ်လောက် ချစ်တယ်ဆိုတာ မင်း နားလည်နိုင်မှာပါ"

သူ့အနေနှင့်ဘာမှ ပြောစရာမလိုဟု ယူဆတာမို့ နှုတ်ဆိတ်နေလိုက်မိသည်။ ဘယ်လိုမှ မျှော်လင့်မထား သည့်အခြေအနေမို့ သူ့စိတ်တွေ အရမ်းလှုပ်ရှားနေတာတော့ အမှန်ပင်။ အဆိုးဆုံးကို ကြုံတွေ့ရမည်ဟု မျှော်လင့်ထားရင်း ခံနိုင်ရည်ရှိအောင် ကြိုးစားနေဖြစ်သည်။

"သမီးက ကျန်းမာရေးလဲ သိပ်မကောင်းတော့ တစ်အိမ်လုံးက အရိပ်ကြည့်ချစ်နေရတာလေ"

မုန်တိုင်းမလာခင် ကြုံတွေ့နေရသည့်လေပြည်ကို စိတ်မချနိုင်ဘဲ သက်ပြင်း တစ်ချက်ခိုးချလိုက်မိသည်။ မုန်တိုင်းထဲမှာ လွင့်မျောမသွားဖို့တော့ သူ့အပေါ်မှာပဲ မူတည် သည်လေ။

"ဒီတော့ သမီးရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး အန်တီ အရမ်းဂရုစိုက်တယ်၊ သမီးရဲ့ ရှေ့ရေးကို ဘယ်နည်းနဲ့မှ အလွယ်တကူ ဆုံးဖြတ်ခွင့်မပေးနိုင်ဘူး၊ အခုဆို သူ့အဖေကလည်း ဒီမှာမရှိတော့ သမီးအတွက် တာဝန်က အန်တီ့မှာ အပြည့်အဝ ရှိနေတယ်လေ"

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ကျေနပ်ပျော်ရွှင်နိုင်သည် မဟုတ်သော်လည်း မေလေးအပေါ် ထားသည့် မေတ္တာကိုတော့ အသိအမှတ်ပြုလိုက်မိသည်။

"အခု သမီးက မင်းနဲ့ သမီးရည်းစား ဖြစ်နေတယ်လို့ သိရတယ်"

နှုတ်ခမ်းကို တင်းတင်းစေ့ဖြစ်ရင်း စူးရှသောမျက်ဝန်းများကို ယှဉ်ပြိုင်ကြည့်ဖြစ်သည်။

"အန်တီ လုံးဝသဘောမတူနိုင်ဘူး"

ထူးပြီး အံ့သြတုန်လှုပ်မသွားသော်လည်း အခက်အခဲတို့နှင့် ရင်ဆိုင်ရရှာမည့် ချစ်သူအတွက် စိတ်ပူသွားမိသည်။

"သမီးကို အန်တီ ဆုံးမပြီးပြီ၊ သမီးက မင်းနဲ့ အဆက်အသွယ်ဖြတ်ပါ့မယ်လို့ ပြောတယ်၊ ဒီတော့ မင်းအနေနဲ့ သမီးကို နောက်ထပ်မနှောင့်ယှက်ဖို့ပါပဲ"

"ကျွန်တော် သူ့ဆန္ဒမပါဘဲ ဘယ်တော့မှ မနှောင့်ယှက်ပါဘူး"

မခံချင်စိတ်နှင့်လွတ်ခနဲ ပြောလိုက်မိပြီးမှ မေလေးကို ထိခိုက်သွားစေမလားဟု တွေးမိသည်။

"အေး ...သူ့ဆန္ဒ ဘယ်တော့မှ မပါစေရဘူးလို့ ငါပြောလိုက်မယ်၊ မင်းဘက်က လုံးဝထပ်မနှောင့်ယှက်ဖို့ ကတိပေးပါ"

ထိုင်ခုံကို အသံမမြည်အောင်ရွှေ့၍ အညင်သာဆုံးထရပ်ဖြစ်သည်။ တင်းမာပြတ်သားလွန်းသော မေလေး



မေမေကို သူ တောင်းပန်တိုးလျှိုး၍ ရမည်မဟုတ်မှန်း သိနေသလို တောင်းလည်း မတောင်းပန်ချင်။ ဘာကြောင့် သူမသည်လောက် တင်းမာနေရမှန်း အံ့သြစွာ သိချင်နေစိတ်တော့ရှိသည်။

"အန်တီ အဲဒီလို အတင်းအကြပ် လုပ်ဖို့တော့ မကောင်းပါဘူး"

"ငါ့အနေနဲ့တော့ လုပ်ရမှာပဲ"

"မေလေးက ကလေးမှ မဟုတ်တော့တာဘဲ၊ သူ့မှာ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့် ရှိပါတယ်"

မေလေး မေမေက သူ့စကားကို ခေါင်းတစ်ချက်ခါရုံနှင့် ပယ်ချလိုက်သည်။

"မင်းကို အရှင်းဆုံး ပြောလိုက်မယ်၊ သမီးကို ငါ့မိတ်ဆွေရဲ့သားနဲ့ သဘောတူပြီးသား ရှိတယ်၊ သမီးနဲ့ ရန်စိုးမိုးတို့ကလဲ သံယောဇဉ်ရှိပြီးသားပါ၊ သူတို့ကိစ္စ ငါ အမြန်ဆုံး စီစဉ်သင့် စီစဉ်မယ်၊ မင်းသွားနိုင်ပြီ"

ရန်စိုးမိုးဟူသော အမည်ကြောင့် ရင်ထဲမှာ သောကမီးတောက်တို့ ပိုမိုအရှိန်မြင့်လာရသည်။

"အန်တီ့အနေနဲ့ တစ်ဖက်သတ်ဆန်လွန်း၊ လူတစ်ယောက်ကို ဖိနှိပ်လွန်းရာ ကျမနေဘူးလား"

နာကြည်းစွာပြောဖြစ်တော့ မေလေးမေမေ မျက်ဝန်းတွေ ဒေါသရောင်တောက်သွားကြသည်။

"အေး၊ မင်းကို မိဘမျိုးရိုး တိတိကျကျမရှိတဲ့ လူမျိုးနဲ့ သဘောမတူနိုင်တော့လည်း ငါ့အနေနဲ့ တစ်ဖက်သတ်

www.burmeseclassic.com

www.burmeseclassic.com



ဆန်ရမှာပဲ''

မေလေး မေမေ မျက်နှာကို စူးရဲစွာ စိုက်ကြည့်မိရင်း သူ့ရင်တွေ တဆတ်ဆတ် နာကြည်းလာသည်။ သူမ ပြောသောစကားကို အပြည့်အဝ နားမလည်တတ်သော်လည်း မာနကို ထိပါးလွန်းပြီလေ။

''လူကြီးတစ်ယောက် အနေနဲ့ ဒီလိုအောက်တန်းကျကျ အခြေအမြစ်မရှိ စွပ်စွဲဖို့မကောင်းပါဘူး''

''မင်း ရိုင်းလှချည်လား၊ အေးလေ ဆုံးမမယ့် အဖေမှမရှိဘဲ၊ မင်းအမေကိုယ်တိုင်လည်း မင်းကို ပြောဆိုဆုံးမနိုင်တဲ့ စာရိတ္တမျိုးမှ မရှိတာ၊ မင်းသွားပါတော့''

ဒေါသတကြီးဖြစ်သွားသော မေလေးမေမေ နှုတ်ဖျားမှ ထွက်ပေါ်လာသည့် စကားလုံးတို့က သူ့ရင်ကို ဟင်းလင်းပွင့်ထွက်သွားစေပြီး နာကြည်းခြင်းအဆုံးစွန်နှင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာရသည်။

တုံ့ပြန်ပြောဆိုနိုင်သည်အထိ ထိန်းချုပ်နိုင်စွမ်း မရှိတော့ဘဲ ကြာလျှင် ပြဿနာတွေ ရှုပ်ယှက်ခတ်ကုန်တော့မှာမို့ ခံပြင်းလွန်းစွာ တောက်တစ်ချက်ခေါက်မိပြီး ချာခနဲ လှည့်ထွက်လာခဲ့မိသည်။

ခြေလှမ်းတိုင်းမှာ သူ့ နှလုံးတွေ တဆတ်ဆတ်တုန်နေရပြီး ဆူပွက်နေသော သွေးတို့က စိတ်ကို လွှတ်ပေးလိုက်ဖို့ လှုံ့ဆော်နေကြသည်။ ဒေါသဖြစ်ခြင်း၊ အံ့သြခြင်း၊ နာကြည်းကြေကွဲခြင်းတို့နှင့်အတူ စိတ်ဓါတ်အင်အားတွေ ကြေမွပြိုလဲနေကြသည်။



ကံကြမ္မာက မျှော်လင့်မထားသော ရှုထောင့်မှ ဆိုးဝါးရက်စက်စွာ တိုက်ခိုက် ထိုးနှက်လာသည်မို့ သူ ဘယ်လိုမှ မတတ်နိုင်။ ပရိယာယ်များစွာ တိုက်ခတ်လာသော မုန်တိုင်းဒဏ်ကို သူ မရှုမလှခံစားလိုက်ရပြီး ရင်ထဲတွင် အဆုံးစွန်သော နာကြည်းခြင်းနှင့်မီးတောက်တို့ လောင်ကျွမ်းနေရသည်။

''မမလေး''

အခန်းအပြင်ဘက်မှ ခပ်အုပ်အုပ်ခေါ်သံကြောင့် မေဦးမိုး အံ့သြစွာ ခေါင်းထောင်ကြည့်လိုက်မိသည်။ ထွေးလေး အသံမှန်းသိသော်လည်း ခိုးကြောင်ခိုးဝှက်ခေါ်နေခြင်းကို နားမလည်နိုင်အောင် ဖြစ်ရရင်း ခုတင်ပေါ်မှဆင်း၍ အခန်းတံခါးဝဆီ လျှောက်သွားလိုက်သည်။

''မမလေး''

''ဘာလဲ ထွေးလေး''

အခန်းတံခါးကို ဆွဲဖွင့်လိုက်ရင်း စိတ်လှုပ်ရှားစွာ ခပ်ဆတ်ဆတ်မေးလိုက်မိသည်။ ထွေးလေးပုံစံက ခိုးကြောင်ခိုးဝှက် ပုံစံပေါက်နေကာ စိတ်အားထက်သန်မှုက မျက်နှာပေါ်တွင် ပေါ်လွင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထွေးလေးကို မေဦးမိုးနှင့် အနေများတာမို့ ပိုမို ခင်တွယ်တာ အခုလည်း မေဦးမိုး စိတ်ညစ်နေမှန်းသိ၍ သူမ လည်းရောယောင် မျက်နှာမကောင်းရှာသူဖြစ်သည်။

"အန်တီပြန်ရောက်နေတယ်"

"ဘာဖြစ်လို့လဲဟ၊ အခုပဲ အပြင်ထွက်သွားဝါ့ ဟာ"

ခုနလေးတင် မေမေ ကားနှင့်အပြင်ထွက်သွားမှန်း သိထားတာမို့ ဘာကြောင့် ချက်ချင်း ပြန်ဝင်လာမှန်း နားမ လည်နိုင်အောင် ဖြစ်ရသည်။

"မသိဘူး၊ အန်တီကြီးနဲ့ ပြောနေကြတာကြားတယ်၊ မမလေး ရည်းစားကို အန်တီက အိမ်ရှေ့မှာတွေ့လို့ ခေါ်ပြော လိုက်တယ်တဲ့၊ အန်တီ အရမ်းစိတ်ဆိုးနေတယ်"

ကြားလိုက်ရသောစကားကြောင့် မေလေး အံ့သြ ရလွန်းကာ ဘာတစ်ခွန်းမှ မပြောနိုင်ဘဲ ကြောင်ငေးကြည့် နေမိသည်။

သက်ဝင်လာသည့် ခဏတွင် ထွေးလေးကို တွန်း တိုက်ဖယ်ကာ အိမ်ရှေ့သို့ ကမန်းကတန်းပြေးထွက်လာခဲ့မိ သည်။ မေမေ ဘာတွေလုပ်လိုက်တာလဲ။

မောင် အိမ်ရှေ့ကိုလာတယ်ဆိုတာ တကယ်ပဲလား။ မေလေးကို လာကြည့်တာပဲဖြစ်မည်ဟု နားလည်လိုက်ရင်း ကြီးမားသော ပြဿနာနှင့် ရင်ဆိုင်ရတော့မည်ဟု အလိုလို ခံစားမိကာ မျက်ရည်တို့က အလိုလိုဝေ့ဝဲလာရသည်။

ဧည့်ခန်းဝသို့ အရောက်တွင် ကိုယ်ရှိန်သတ်ကာ



နံရံကိုလှမ်းမှီလိုက်မိပြီး ဧည့်ခန်းထဲသို့ လှမ်းကြည့်လိုက် မိသည်။ တင်းမာသော မျက်နှာထားနှင့် ခေါက်တုံ့ခေါက် ပြန်လျှောက်နေသော မေမေ့ကို တွေ့လိုက်ရပြီး အန်တီကြီးက တော့ မျက်နှာမကောင်းစွာ ထိုင်နေသည်။

"ဒီလို ပြတ်ပြတ်သားသား ပြောပစ်လိုက်မှ ကိစ္စ ပြတ်မှာမမရဲ့၊ ဒီလို ကောင်မျိုးက ဒီလိုပြောမှ နားလည်မှာ"

"မဟုတ်သေးပါဘူးဟယ်၊ ကိုယ့်သမီး ကိုယ်နိုင် အောင်ထိန်းရင် ပြီးတာပါပဲ၊ အခုလို လူတစ်ဖက်သားကို နစ်နစ်နာနာပြောလိုက်တော့ ရှက်ရမ်းရမ်းပြီး ဖွတ်တရွတ် လုပ်ကုန်ရင် ဘယ့်နှယ်လုပ်ကြမလဲ"

အန်တီကြီးက မေမေက ဒေါသကြီးနေသလောက် စိုးရိမ်မကင်းဟန်နှင့် ဖျောင်းဖျောင်းဖျဖျ ပြောနေသည်။ ပြောလွှတ် ဗိုလ့်ကို မေမေဘာတွေ နစ်နစ်နာနာပြောလွှတ် လိုက်တာလဲဟု စိုးရိမ်ထိတ်လန့်စွာ ရင်ခုန်မောနေရသည်။

"လုပ်ကြည့်ပါလား၊ အကြောင်းသိသွားမှာပေါ့"

အောင် မေမေ့အသံက ဆတ်ဆတ်ခါထွက်လာပြီး အောင် နိုင်သူတစ်ယောက်လို ခပ်ဟက်ဟက် ရယ်မောသည်။

"ဒီကိစ္စတစ်ခါတည်း ပြတ်သွားပြီမှတ်၊ ဒီကောင် လေး တစ်ခါတည်း နာသွားပြီ"

"မေမေ"

မေမေ့စကားကြောင့် သည်းခံနိုင်စွမ်း မရှိတော့ ဖြစ်ရ လွှတ်ခနဲ ခေါ်လိုက်မိသည်။ ဗိုလ် နာနာကြည်းကြည်း ဖြစ်ရ လောက်အောင် မေမေ ဘာတွေပြောလိုက်တာလဲ။ မေမေ

www.burmeseclassic.com

www.burmeseclassic.com



ရက်စက်ပြီဟု တုန်လှုပ်စွာ နားလည်လိုက်ရသည်။

"ဪ ...သမီးက ဘာပြောချင်သေးလို့လဲ"

"မေမေ ...ဘာတွေပြောလိုက်တာလဲ"

သွေးအေးလွန်းသူ မေမေ့ကို စိတ်လှုပ်ရှားစွာ မျက်ရည်တစ်ပေါက်ပေါက်ကျရင်း မေးမိသည်။ မေမေ့မျက်နှာ ပြန်လည် တင်းမာသွားတာ တွေ့ရပြီး ...

"ငါ့ဘာသာငါ ဘာပြောပြောပေါ့၊ နင်က နားချင် သေးလို့လား"

"မေမေပြောစရာရှိရင် သမီးကိုပြောပေါ့၊ သူနဲ့ ဘာ ဆိုင်လို့လဲ"

အားအင်ကုန်ခမ်းစွာ နံရံမှီ၍ ထိုင်ချလိုက်မိပြီး ရှိုက်သံ အရောရောအထွေးထွေးနှင့် ပြောမိသည်။

"သူ့ကို ပြောစရာရှိလို့ ပြောရတာပေါ့၊ ကိုယ့်ဘဝ ကိုယ်မသိလို့ သိအောင် ပြောပေးရတာ"

မျက်ရည်များကြားမှ မေမေ့ကို အံ့ဩစွာကြည့်နေ မိသည်။

မေလေးတို့လောက် မပြည့်စုံသည်ကလွဲ၍ ဗိုလ့်မှာ ဘာအပြစ်များရှိ၍ပါလဲ။

"သမီးကရော သူ့အကြောင်း ဘယ်လောက်သိ လို့လဲ"

"ဘာသိစရာရှိလို့လဲ မေမေ"

တကယ့်ကို နားမလည်နိုင်စွာ ပြောမိတော့ မေမေက မဲ့ပြုံးပြုံးသည်။



"မေမေက မိဘမျိုးရိုးနဲ့ အကျင့်စာရိတ္တကို အလေး ထားတယ်သမီး၊ သူ့အမေက သူ့ကို ယောကျ်ားမရှိဘဲ မွေးခဲ့ တာ၊ သူ့အဖေဘယ်သူမှန်း ရေရေရာရာပြောနိုင်တာ မဟုတ် ဘူး၊ ပြီးတော့ အခုထက်ထိလဲ မိန်းမရှုပ်တဲ့ လူတစ်ယောက်နဲ့ ရှုပ်နေတာ"

မေမေ့စကားများက မေလေးစိတ်ကို နာကျင်ထိ ခိုက်သွားစေသည်။

ဒါတွေ မေမေဘယ်လိုလုပ် သိတာလဲ။ ဒါတွေ တကယ်မဖြစ်နိုင်ပါဘူးဟု ရင်ထဲမှ အသံမဲ့စွာ အော်ဟစ် ငြင်းဆိုရင်း ရှိုက်ကြီးတငင် ငိုကြွေးနေမိသည်။

"မေမေက သမီးနဲ့ပတ်သက်ပြီဆိုကတည်းက သူ့ အကြောင်းတွေ အကုန်စုံစမ်းပြီးသား၊ မပြောချင်လို့ ကြည့်နေ တာ သမီး၊ သမီးလဲ နောက်ထပ် လုံးဝမပတ်သက်ပါနဲ့"

ဗိုလ့်ကို မေမေဒီအတိုင်းပစ်ပစ်ခါခါ ပြောလွှတ် လိုက်တာလားဟု တွေးရင်း ဗိုလ် ဘယ်လောက်နာကြည်း ခံပြင်းမည်ကို နားလည်စွာ ကြောက်ရွံ့ထိတ်လန့်လာရသည်။ မေလေးကို စိတ်နာသွားပြီလားမောင်။

"မေမေကတော့ သမီးအတွက် အမှန်းခံပြီး တိုက် ခိုက်ရမှာပဲ၊ မေမေ့ဘက်ကတော့ အလျှော့ပေးမယ်မထင်နဲ့"

မာကျောပြတ်သားစွာပြောပြီး မေမေအိမ်ထဲမှ လှည့် ထွက်သွားတာမို့ မေလေးဘာမှ မတတ်နိုင်ဘဲ သည်းခြည်း ထန်ထန် ငိုကြွေးနေမိသည်။

အန်တီကြီးက မေလေးရှိရာသို့ ထွက်လာပြီး မေလေး

www.burmeseclassic.com

www.burmeseclassic.com



ပန်းလေးကို ပွတ်သပ်၍ နှစ်သိမ့်လာသည်။

"သမီးမေမေစိတ်ကိုလဲ သိရက်သားနဲ့သမီးရယ် သူ့စိတ်တိုင်းကျ နေလိုက်စမ်းပါ"

"အန်တီကြီး"

အန်တီကြီးကို အားကိုးစွာ မော့ကြည့်မိရင်း ဝမ်းပမ်းတနည်းခေါ်မိသည်။ မေလေး မျက်ရည်များကို မြင်တော့ အန်တီကြီးက စိတ်ကောင်းဟန်မတူဘဲ လက်ကိုင်ပဝါနှင့် တို့သုတ်ဖယ်ရှားပေးသည်။

"မေမေ ဘာတွေ ပြောလိုက်လဲ၊ အန်တီကြီး သိလားဟင်"

"သမီးနဲ့ မပတ်သက်ဖို့ပေါ့ကွယ်၊ ပြီးတော့ ကောင်လေးကိုလဲ နာသွားအောင် သူကြားထားတာတွေ ပြောလိုက်တယ်တဲ့"

နှုတ်ခမ်းကို ဖိကိုက်ထားရင်းက ရင်ထဲမှ လှိုက်တက်လာကာ ဝမ်းနည်းထိခိုက်စွာ ငိုရှိုက်မိပြန်သည်။

"မကောင်းပါဘူးကွယ်၊ ဒါပေမယ့် ဒါတွေ တွေးမနေပါနဲ့တော့ သမီးရယ်၊ သမီး အေးအေးချမ်းချမ်းနေစမ်းပါ"

"မေမေ အဲဒီလိုလုပ်ဖို့တော့ မကောင်းပါဘူး"

အန်တီကြီးက သက်ပြင်းတစ်ချက်ချရင်း …

"ပြောရင်း ဆိုရင်းက ဒေါသမထိန်းနိုင်ဘူးနဲ့ တူတယ်"

နာကြည်းစွာ တင်းမာခက်ထန်သွားမည့် ဗိုလ့်မျက်နှာကိုမြင်ယောင်ကာ မေလေး ကြေကွဲရသည်။



"တော်ပါသေးရဲ့၊ ကောင်လေးက မိုက်မိုက်ရိုင်းရိုင်း ဝုန်းဒိုင်းကြဲမသွားဘဲ ပြန်သွားလို့"

အန်တီကြီးစကားကြောင့် မေလေးရင်ထဲမှာ ပိုလို့လေးလံသွားရတော့သည်။ ခံစားချက်ကို မျိုသိပ်သိမ်းဆည်းထားတတ်သော ဗိုလ့်အကြောင်းကို သိတာမို့ နာကြည်းခံပြင်းသမှုကို သိုဝှက်ကာ ရင်ထဲမှာ မျက်ရည်သွားပြီး မေလေးတို့နှစ်ယောက်အတွက် ရင်နာစရာတွေ ဖြစ်လာမှာ ကြောက်ရွံ့တုန်လှုပ်လာမိသည်။

"ကဲပါ … သမီးလဲတိတ်တော့၊ ဘာမှစဉ်းစားမနေနဲ့တော့နော်"

အန်တီကြီးက အားလုံးကို ပြည်ဖုံးကားချလိုက်စေချင်သော်လည်း မေလေးအတွက်တော့ ဘယ်လိုနည်းနှင့်မှ မဖြစ်နိုင်ပါ။ အဆိုးဆုံး အခြေအနေထိဖြစ်လာနိုင်သော နောက်ဆက်တွဲပြဿနာများကို ထိတ်လန့်စွာနှင့် ဝမ်းပမ်းတနည်း ငိုကြွေးနေရဆဲပါပင်။

"သမီး ထမင်းစားရအောင်လေ"

ထမင်းစားဖို့ ချော့ချော့မော့မော့နှင့် လာခေါ်သော အန်တီကြီးကို ခေါင်းခါပြလိုက်ရင်း ပြတင်းပေါက်မှာ မလှုပ်မယှက် ငေးမောနေမိသည်။ အပြင်ဘက်မှာ မိုးမှောင်ရိပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ခိုး၍ လမ်းမီးများပင် လင်းလက်လာကြပြီဖြစ်သည်။

လမ်းမပေါ်တွင် ပြေးလွှားနေကြသော ကားနောက်မီးနီနီများကို အဓိပ္ပါယ်မဲ့ငေးမောရင်း ရင်ထဲမှာ သောကမီးတောက်ကို တငွေ့ငွေ့ လောင်ကျွမ်းနေကြသည်။

ပြင်ပမှာ သွားလာလှုပ်ရှားနေကြတဲ့ လူတွေကြားထဲမှာ မောင်တစ်ယောက်ရော ပါဝင်နေမလား။ မောင် ဘယ်နေရာမှာရှိနေမလဲ။ ဖြစ်နိုင်ရင် မောင့်ဆီကို မေလေး အရောက် ပြေးသွားလိုက်ချင်ပါတယ်။

မောင် ဘယ်လိုခံစားနေမယ်ဆိုတာ မျှဝေခံစားခွင့်ပေးမလား။ မေလေးတို့ကို မကြည့်ချင်လောက်အောင်ပဲ စိတ်နာမုန်းတီးသွားလေမလား မောင်ရယ်။

ခေါင်းငုံ့၍ကြည့်လိုက်မိတော့ အသက်မဲ့ငြိမ်သက်နေသော ဖုန်းလေးကိုတွေ့ရသည်။ မောင့်ကို စတင်ဆက်သွယ်နိုင်စွမ်းမရှိလို့ မောင် ဆက်သွယ်လာမယ့်အချိန်ကိုပဲ ရင်မောစွာ စောင့်စားနေရတာ။

သက်မဲ့ဖုန်းလေးကတစ်ဆင့် ဆက်သွယ်ပြော ကြားလာမယ့် မောင့်စကားသံကို အဆုံးအဖြတ်တစ်ခုကို ခံယူဖို့ မေလေး စောင့်မျှော်နေတာပါ။ အချိန်တွေ သိပ်ကြာနေပြီမောင်။ မေလေးရင်ထဲမှာ တစ်စတစ်စ လေးလံဖိစီးလို့ ပြင်းပြင်းထန်ထန် ကြောက်လန့်နေမိပြီ။

"နည်းနည်းဖြစ်ဖြစ် စားလိုက်ပါ သမီးရယ်၊ ပြီးရင် အခန်းထဲမှာ သွားနားလိုက်တော့နော်"

အန်တီကြီးကို မဲ့တဲ့တဲ့နှင့် ခေါင်းတွင်တွင်ခါပြလိုက်



တော့ အန်တီကြီးက သက်ပြင်းချ၍ မေလေးကို ခပ်တွေတွေ ကြည့်နေသည်။ ရုတ်တရက် မြည်လာသော ဖုန်းသံက ပုံမှန်ဖြစ်သော်လည်း နှလုံးခုန်နှုန်းတွေ ပရမ်းပတာဖြစ်လောက်အောင် ထိတ်လန့်သွားမိသည်။

"ဟဲလို"

ဖုန်းခွက်ကို အသိမဲ့စွာ ကောက်ယူလိုက်ပြီး တုန်လှုပ်စွာကြားသာရုံထူးဖြစ်သည်။ ရုတ်တရက် ပြန်ထူးသံ မကြားရဘဲ မှတ်မိနေကျ အသက်ရှူသံပြင်းပြင်းကို ကြားလိုက်ရတာမို့ မေလေး နှလုံးတွေ ပေါက်ထွက်မတတ် ခုန်လာကြသည်။

"မောင်"

ဝမ်းနည်းအားငယ်စွာ ခေါ်လိုက်မိသော်လည်း တစ်ဖက်မှ တုံ့ပြန်မလာဘဲ ပိုလို့တိတ်ဆိတ်သွားသည်။ အနောက်ဘက်မှ ပြန်လှည့်ထွက်သွားသော အန်တီကြီး ခြေသံသဲ့သဲ့ကို ကြားလိုက်ရသည်။ ဒီအချိန်မှာတော့ မောင့်အသံတစ်ခုမှလွဲ၍ မေလေး ဘာကိုမှ ဂရုမစိုက်နိုင်။

"မောင်"

ဒုတိယအကြိမ် ကြိုးစားခေါ်လိုက်သံတွင် ရှိုက်သံအချို့ ရောစွက်ကာ အဖျားခတ်တုန်ခါသွားရသည်။ မောင်နှင့်မေလေးကြားမှာ တံတိုင်းကြီးတွေ ခြားသွားသလိုနှင့် အားငယ်လာရသည်။ အလိုလိုစီးကျလာသော မျက်ရည်စ[illegible]ကို လက်ညှိုးနှင့် ပွတ်တိုက်ဖယ်ရှားမိရင်း အသံမ[illegible]အောင် နှုတ်ခမ်းကို ဖိကိုက်ထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင် ဘယ်ကဆက်နေတာလဲ၊ မေလေးကို ဘာမှ မပြောတော့ဘူးလားဟင်"

"တစ်နေ့ရာရာကပေါ့"

ခါတိုင်းထက် ပိုမိုအေးစက်စွာ ထွက်ပေါ်လာသော အသံကြောင့် မေလေး ဆောက်တည်ရာမရချင်တော့။

"မောင့်ကို မေလေးတွေ့ချင်တယ်၊ မေလေး ပြောစရာတွေ အများကြီးရှိတယ်"

"မလိုတော့ပါဘူးကွာ"

ခံစားမှုကင်းမဲ့လွန်းသော လေသံကြောင့် ဝမ်းနည်းထိခိုက်စွာ မျက်ရည်တပေါက်ပေါက်ကျရင်း အသံတိတ်ငိုကြွေးနေမိသည်။

"နေ့လယ်က ကိစ္စအတွက် မေလေး ရှင်းပြချင်တယ်၊ မေလေး ဘာဆိုဘာမှ မသိလိုက်ပါဘူး"

"မသိလိုက်တာဘဲ ကောင်းပါတယ်"

မောင့်လေသံက ခနဲ့နေခြင်းမျိုးမဟုတ်ဘဲ စိတ်နာကြည်းစွာ ရေရွတ်လိုက်ခြင်းမျိုးမို့ ပိုလို့ဆိုးဝါးနေသည်။ မောင်ဘာတွေ ဆုံးဖြတ်လိုက်ပြီလဲဟု မေးချင်လွန်းသော်လည်း မမေးရဲအောင် ဖြစ်နေသည်။ မေလေး ဘယ်လိုခံစားရမှာလဲ မောင်ရယ်။

"မေလေး"

ခပ်အက်အက်ခေါ်သံက အဆုံးအဖြတ်တစ်ခုကို နာခံရန် သတိပေးလိုက်သလိုပင်။ ထိန်းချုပ်နိုင်ခြင်းကင်းမဲ့စွာ ငိုရှိုက်နေပြီမို့ မေလေး မထူးနိုင်တော့ပါ။



"မောင်တို့ နောက်ထပ် ဘယ်တော့မှ မတွေ့ကြတော့ဘူး"

မောင့်စကားတို့က ဓားသွားတစ်လက်ကို နှလုံးသားထဲသို့ ထိုးဖောက်ဝင်ရောက်သွားကြသည်။ "မောင်" ဟု ထိတ်လန့်တကြား တားမြစ်လိုက်သံ ... လည် ... ချောင်းဝတွင် တစ်ဆို့ပျောက်ကွယ်သွားကြသည်။

"မင်းကို မောင်အမြဲချစ်နေမှာပါ"

"မောင်"

ဒါဟာ နောက်ဆုံးပဲဟူသော အသိနှင့် ခံယဉ်းပင်ပန်းစွာ အော်ခေါ်လိုက်မိသံ အဆုံးမှာ မောင် သက်ပြင်းရှိုက်သံတစ်ချက်သာကြားလိုက်ရပြီး ဖုန်းချသွားတာမို့ မေလေးဘာမှ မတတ်နိုင်တော့။ မောင့်အသံ ဘယ်တော့မှ ပြန်လည်ထွက်ပေါ်လာတော့မည် မဟုတ်သည့် ဖုန်းခွက်ကို ကြောင်ငေးကြည့်နေမိရင်း ငိုဖို့ မေ့လျော့သွားမိသည်။

မောင်ပြောသွားတာတွေ ဘာအဓိပ္ပါယ်မှ မရှိပါဘူးဟု ကိုယ့်ကိုယ်ကို လိမ်ညာဖို့ ကြိုးစားရင်း အလိုလိုသိရှိနေသော နှလုံးသားက တစ်စထက်တစ်စ တုန်လှုပ်နေသည်။ သွေးပူတုန်းမို့ မောင် ဒီလိုဆုံးဖြတ်တာပါဟု မျှော်လင့်ချက်ထားချင်သေးသော်လည်း ပြတ်သားသော မောင့်အကြောင်းကို မေလေးကိုယ်တိုင် အသိဆုံးပဲဖြစ်သည်။

ခံစားချက်ကို မျိုသိပ်တတ်လွန်းသော မောင်က သူ့ဆုံးဖြတ်ချက်အတွက် သူကိုယ်တိုင် ကျိတ်မှိတ်ခံစားကာ လိုက်နာနိုင်အောင် ကြိုးစားမှာပဲဖြစ်သည်။ "မောင်တို့နောက်

www.burmeseclassic.com

www.burmeseclassic.com



ထပ် ဘယ်တော့မှ မတွေ့ကြတော့ဘူး'' ဟူသော စကားသံက နှလုံးအိမ်ထဲမှာ ပဲ့တင်ထပ်မျှ မြည်ဟီးနေသည်။ မောင့်ကို တွယ်တာလွန်းလို့ မေလေး အပေါ်မှာ မောင် ပြတ်သားနိုင်လွန်းတာ။

မေလေးကို ချစ်နေရက်နဲ့များ လမ်းခွဲကြဖို့ ပြောရက်တယ်တဲ့လား။ ဒီလိုပြောတာ မေလေးအပေါ် မယုံရဲလို့လား။ ဒါမှမဟုတ် မပတ်သက်ချင်တော့လောက်အောင် နာကြည်းသွားတာလားကွယ်။

မောင်ကိုယ်တိုင် ဖြေဆိုမှသိနိုင်မယ့် မေးခွန်းတွေအလယ်မှာမောင့်ကို သိပ်ချစ်တဲ့မိန်းကလေးတစ်ယောက်ကို မောင်ထားရက်ခဲ့ပြီပဲ။ ရက်စက်တယ်လို့ မစွပ်စွဲရက်ပါ မောင်။ မောင့်ကို နားလည်မြဲ နားလည်နိုင်ဆဲပါပဲ။

# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ကယ်သိမ်းပြီး အိမ်တံခါးဝတွင်ရပ်မိစဉ် ရုတ်တရက် အသံမပြုမိသေးဘဲ တိတ်ဆိတ်နေသော အိမ်လေးအတွင်း သို့ ငေ့ဝဲကြည့်လိုက်မိသည်။ အထပ်ခိုးပေါ်ရှိ ဘုရားစင်တွင် မီးလင်းနေပြီး ဘုရားရှိခိုးနေသော အမေ့ပုံရိပ်ကို ပိုးတဝါး မြင်ရတာမို့ တံခါးကို ကျောမှီကာ လှေကားထစ်ပေါ်တွင် ထိုင်ချလိုက်မိသည်။

ရင်ထဲမှ မရှင်းလင်းမကျေလည်မှုများကို ထုတ်ဖော်မေးချင်သော်လည်း အမေနှင့်သူ နားလည်မှုလွဲမှာတော့စိုးသည်။ သူ့ စိတ်ထဲမှာ အမှန်တရားတစ်ခုခုကို လက်ခံချင်သည်မှလွဲ၍ အမေ့ကို ဆန့်ကျင်တိုက်ခိုက်လိုသော ဆန္ဒတော့ မရှိပါ။ အဘွားရှိစဉ်ကတည်းက အဘွားရော အမေပါ သူ့ကို အလိုလိုက် ချစ်ခင်ခဲ့ကြပြီး အဘွား ဆုံးပါးသည့်နောက်ပိုင်းတွင် အမေက ပိုလို့ ဂရုစိုက်ကြင်နာခဲ့သေးသည်ပဲ။ သူကသာ အမေ့ အလိုလိုက်သမျှ ပေါ့ပေါ့ပါးပါးနေလာခဲ့ပြီး အိမ်တွင်းရေး အခြေအနေကို တစ်ခုမှ နားမလည်ခဲ့တာမို့ ကိုယ့်ကိုယ်ကို ရှက်ရွံ့နာကြည်းနေမိသည်။

"အမှောင်ထဲမှာ ဘာထိုင်လုပ်နေတာလဲ သား"

ခြေသံဖွဖွနှင့်အတူ အမေ့အသံကြားလိုက်ရတာမို့



ယ်ကိုခွာမတ်၍ မော့ကြည့်လိုက်မိသည်။ စိတ်ပုတီးကို က်မှာပတ်၍ သူ့ကို အကဲခတ်သလို ကြည့်နေသော အမေ့ အထူးအဆန်းတစ်ခုလို ငေးကြည့်နေမိသည်။

အမေ တံခါးဖွင့်နေခိုက် သူထ,ရပ်မိရင်း ဘယ် စ,ပြောရမည်ကို မသိတတ်နိုင်စွာ ခေါင်းကိုငုံ့ချထား ည်။ သံဘာဂျာတံခါးကို ဆွဲဖွင့်ပေးပြီး သူ့ကို အကဲခတ် မ်းနေသော အမေ့ကိုကျော်ဖြတ်၍ အိမ်ထဲဝင်လိုက်သည်။ က်တွေဘာတွေ သောက်သလားဟု အမေသံသယရှိနေမှာ ချာလှသည်။ မသောက်ရဘဲနဲ့ ချာချာလည်မူးနေတာ မဟု စိတ်ထဲမှ ပြောနေမိ သည်။

"ဘယ်တွေ သွားနေတာလဲ၊ သား အိမ်ပြန်တာ ျပ်လိုက်တာ"

မီနပ်ချွတ်မှတစ်ဆင့် ညှော့ခန်းရှိ ထိုင်ခုံတစ်လုံးတွင် ိုင်ဖြစ်တော့ အမေက အပြစ်တင့်လိုဟန်မပြဘဲ ခပ်ညည်း းပြောလာသည်။ "ဒီလိုပါပဲ" ဟု မသေမချာရေရွတ် မိရင်း အမေ့တည်ငြိမ်မှုကို ဖျက်ဆီးပစ်လိုက်ရမှာ မလုပ် လို ဖြစ်နေရသည်။ အမေမှလွဲလျှင်လည်း သူ့မှာ မေးရ သူ မရှိတာမို့ ရွေးစရာလမ်းမရှိ။

"သား ထမင်းစားတော့မလား"

"မစားတော့ဘူး အမေ"

အမေက သူနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်ပြီး တိတ်ဆိတ်စွာ စောင့်ကြည့်နေသည်။

အမေနှင့်အခုလို မျက်နှာချင်းဆိုင် မဆုံဖြစ်တာ ကြာ

www.burmeseclassic.com

www.burmeseclassic.com



ပြီမှန်း သတိရမိတော့ ရင်ထဲမှာ နာနာကျင်ကျင် ခံစားလို ရသည်။

အရင်ကဆိုလျှင် သူ ဘယ်လောက်ပဲလမ်းများ အမေနှင့် တွေ့သည့်အချိန်တိုင်းမှာတော့ အမေ့ကို ပြောင်ကျီစယ်၍ စကားတွေပြောတတ်မြဲ။ ယခုတစ် စကားပြောရမည့်အဖြစ်က အခြေအနေတွေကို လုံးဝပြောင်း သွားစေနိုင်တာမို့ ကြောက်ရွံ့ခြင်းမဟုတ်သော်လည်း ရင်မ ချင်တာတော့ အမှန်ပင်။

ပေါက်ကွဲလွယ်သူ တစ်ယောက်ဆိုလျှင်လည်း ခံ ရတာ ပေါ့ပါးသက်သာစေနိုင်ဦးမည်။ သူ့ လိုရင်ထဲ တငွေ့ငွေ့ လောင်ကျွမ်းတတ်သူအတွက်တော့ ဝေဒနာတွေ ဆိုးဝါးပြင်းထန်လွန်းသည်လေ။

"သား ဘာဖြစ်နေတာလဲ"

မီးထွန်းမထားသော အခန်းတွင်းတွင် မျက်နှာ ဆိုင်ထိုင်နေရင်းက သိပ်ဝေးကွာနေသလို ခံစားနေရသည် အမှောင်ရိပ်ကျနေသော အမေ့မျက်နှာကို မသဲမကွဲစူး ကြည့်မိရင်း ...

"အမေ့ကို မေးစရာတွေရှိတယ်"

"ဘာတွေများလဲ သားရဲ့"

အမေ့ ရယ်သံသဲ့သဲ့က တုန်လှုပ်မှုကို ဟန်ဆောင် ထားမှန်း သိသာစေသည်။

"အမေ အမှန်အတိုင်း ပြောပြမှာလား"

"သားက ဘာတွေ မေးမှာမို့လဲ"



"တစ်ခါမှ မကြားဘူးတာတွေပါ"

အမေ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်ကို ကြည့်ပြီး ရင်နာလာရသည်။ ကျွန်တော်တို့ ဘဝတွေ ဘာမှအပြောင်း လဲ ဖြစ်မသွားစေဖို့ ဆုတောင်းပါတယ် အမေ။

"သား ဘာတွေပြောနေတာလဲ"

"တစ်ယောက်ယောက်က ကျွန်တော့်ကို ပြောပြ လိုက်တာ"

"ဘယ်သူလဲ၊ ဘယ်သူက ဘာတွေပြောပြလိုက်တာ လဲ"

ဆတ်ခနဲ ထ,ရပ်လိုက်ပြီး အလောတကြီး မေးမြန်း သော အမေ့အသံတွေ သိသာစွာ တုန်လှုပ်နေကြသည်။

"ကျွန်တော့် အဖေ"

စကားများက ပြောမထွက်တော့ဘဲ လည်ချောင်းဝ တစ်ဆို့ကာ ဝမ်းနည်းစိတ်တို့က ရင်မှာ လှိုက်တက်လာရ သည်။

"သားအဖေ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး၊ ကျွန်တော့် အဖေ ဘယ်သူလဲ၊ ဘယ်မှာနေလဲဆိုတာ အမေ အမှန်အတိုင်း ပြောပြပါ"

အင်အားတို့ ကုန်ခမ်းသွားသလို မောပန်းနွမ်းလျစွာ သက်ကို ပြင်းပြင်းရှူနေမိသည်။ ရုတ်တရက် တိတ်ဆိတ် သွားသော အမေ့ကိုကြည့်ကာ အမေ့မှာ လျှို့ဝှက်ထားသော အကြောင်းအရာတို့ရှိမည်ဟု ယုံကြည်လိုက်မိသည်။

"သား ဘာတွေပြောနေတာလဲ၊ မင်းအဖေ ဘယ်သူ့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဝါလို့ အမေက ထပ်ပြောနေရဦးမှာလား”

“အမေ သားကိုမညာပါနဲ့”

“မင်းကို ငါက ဘာဖြစ်လို့ညာရမှာလဲ”

ငိုသံပါလာသော အမေ့အသံကြောင့် စိတ်ထိခိုက် စွာနှင့် စိတ်လိုက်မာန်ပါ ပုန်းခနဲထရပ်လိုက်ပြီး ...

“အမေ မပြောနိုင်တာ ကျွန်တော့်မှာ အဖေဆို မရှိခဲ့လို့လား”

“သား”

နာကျင်အက်ကွဲစွာ ခေါ်လိုက်သောအသံနှင့်အ အမေ ရှိုက်ကြီးတငင် ငိုချလိုက်တာမို့ သူ အကြီးအကျ နောင်တရသွားမိသည်။ အရုပ်ကြိုးပြတ် ထိုင်ချလိုက်သော အမေ့ဘေးတွင် ဒူးထောက်ချမိရင်း ကြေကွဲစိတ်ကို မထိန်း ချုပ်နိုင်စွာ မျက်ရည်ကျမိသည်။

“မငိုပါနဲ့အမေ၊ သား ဘာမှမမေးတော့ပါဘူး”

ပထမဆုံးအကြိမ်အဖြစ် စိတ်ကို လျှော့ချပစ်လိုက် အမေ့ပေါင်ပေါ်တွင် မျက်နှာအပ်ကာ ကလေးတစ်ယော လို ငိုရှိုက်ရင်း ပြောမိသည်။ သူ့ဆံပင်တွေကို ပွတ်သပ် သိမ့်လာသော အမေ့လက်များက ပကတိတည်ငြိမ်လာ ငိုရှိုက်သံလဲ တဖြည်းဖြည်းစဲသွားသည်။

“သား သိပ်စိတ်ထိခိုက်နေလား”

အမေ့အမေးကို နှုတ်မှမဖြေမိဘဲ ခေါင်းသာညိတ် ပြလိုက်သည်။ အမေ့ထံမှ သက်ပြင်းချသံတစ်ချက် ကြ ရပြီး ...



“သားကို ဘယ်သူတွေပြောလိုက်တာလဲ”

“မပြောချင်ပါဘူး၊ အမေ”

အမေက အတင်းအကျပ် မမေးမြန်းဘဲ သူ့ကျော ကိုသာ ညင်ညင်သာသာ ပွတ်သပ်နှစ်သိမ့်နေသည်။

“အမေ သားကို မပြောဘဲထားခဲ့တာတွေ ရှိတယ် သား၊ ဒါပေမယ့် အမေ မညာပါဘူး”

စိတ်လှုပ်ရှားစွာနှင့် အမေ့မျက်နှာကို မော့ကြည့် မိတော့ အမေ့မျက်ဝန်းတို့က မျက်ရည်တို့ဖြင့် ပြည့်လျှမ်း လို့နေသည်။

“သားအဖေက သားကို အမေပြောထားခဲ့တဲ့ အတိုင်းပါပဲ၊ ဦးမင်းနိုင်တဲ့၊ ဒါပေမယ့် သားငယ်ငယ်ကတည်း က ဆုံးသွားတယ်ဆိုတာတော့ မဟုတ်ဘူး”

အမေ့စကားကြောင့် သူ့ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်လို့ သွားသည်။

“သားအဖေ အခုထိ သက်ရှိထင်ရှားရှိနေတုန်းပါ၊ ဒါပေမယ့် အမေတို့နဲ့ဝေးတဲ့ နိုင်ငံရပ်ခြားမှာ သူ့ဘဝနဲ့သူပါ”

တိမ်ဝင်သွားသော အသံနှင့်အတူ တစ်ပေါက်ပေါက် ကျလာသော အမေ့မျက်ရည်များကို ကြောင်ငေးကြည့်နေမိ သည်။ ဘယ်တုန်းကမှ ရင်းနှီးကျွမ်းဝင်ခဲ့ဖူးခြင်း မရှိသော အဖေဟူသည့် ဝေါဟာရက အခုတော့ သူ့ ဘဝအတွက် အဓိပ္ပါယ်ရှိနေသည်ပဲ။

သူ့မှာ အဖေ သက်ရှိထင်ရှားရှိနေသေးသည်တဲ့။ အဖေနှင့်ဘာကြောင့် အခုလို ကွဲကွာနေရမှန်းတော့ သူ နားမ

www.burmeseclassic.com

www.burmeseclassic.com



လည်။ သူ့ တစ်သက်လုံး အဖေ့နေရာ လစ်လပ်နေ ခဲ့ရသည့် အဖြစ်အတွက်တော့ နှမြောတသခြင်းဆန်ဆန် ဝမ်းနည်းရတာ အမှန်ပင်။

"မင်းအဖေနဲ့ အမေ တရားဝင်လက်ထပ်ပြီးမှ သားကို မွေးခဲ့တာပါ၊ အမေ့မှာ လက်ထပ်စာချုပ်တောင် အခုထိ ရှိပါသေးတယ်"

အမေ့ ကြေကြေကွဲကွဲ စကားသံကြောင့် ကြီးစွာသော နောင်တနှင့်အတူ အမေ့ကို သနားကရုဏာသက်မဆုံး ဖြစ်ရသည်။

"အမေနဲ့အဖေ ကွဲနေတာပေါ့နော်"

"ဒါပေါ့သားရယ်"

"ဘာဖြစ်လို့လဲ အမေ၊ ပြီးတော့ သားကို ဘာဖြစ်လို့ မပြောပြခဲ့တာလဲ"

အမေက သူ့မျက်နှာကို ကြင်နာစွာ ကိုင်တွယ်၍ ဖျော့တော့သော အပြုံးတစ်ခုဖန်ဆင်းပြီး ...

"သားကို မပြောခဲ့တာက သား စိတ်အားငယ်မှာစိုးလို့၊ ပြီးတော့ အမေကိုယ်တိုင်လဲ ဒီအကြောင်းတွေကို ပြည်ဖုံးကားချပြီး ဘဝသစ် ထူထောင်ချင်လို့ပဲသား၊ အတတ်နိုင်ဆုံး အဲဒီလူတစ်ယောက်ကို အမေ့ဘဝမှာ မေ့ပျောက်ထားချင်တယ် သားရယ်"

အမေ့ကို အပြစ်တစ်စုံတစ်ရာ ပြောလိုစိတ်မရှိဘဲ ရင်ထဲကတော့ တစ်မျိုးကြီးဖြစ်နေတာ အမှန်ပဲဖြစ်သည်။

"အမေတို့ ဘာဖြစ်လို့ ကွဲတာလဲ"



"ဘယ်သူ့ကြောင့်ရယ်လို့ အမေအပြစ်မပြောချင်ပါဘူး သားရယ်၊ ကံကြမ္မာရဲ့ လှည့်စားမှုကြောင့်လို့ပဲ အမေ ယူဆပါတယ်"

အမေက တည်ငြိမ်လိုက်လှဲစွာ ပြောသော်လည်း သူ့ရင်ထဲမှာတော့ မကျေမနပ်ဖြစ်နေမိသည်။

"သားကတော့ အမေ့မှာ အပြစ်ရှိမှာ မဟုတ်ဘူးလို့ ယုံတယ်"

အမေက သူ့မျက်နှာကိုကြည့်ပြီး ကျေနပ်ကြည်နူးဟန်ဖြင့် ပြုံးသည်။ ပြီးမှ ခေါင်းကို ညင်ညင်သာသာ ခါယမ်းပြီး ...

"အမေ့မှာ အပြစ်မရှိသလို သူ့မှာ ရှိတယ်လို့လဲပြောလို့မရပါဘူးကွယ်"

ခွင့်လွှတ်နိုင်စွမ်းသော အမေ့ကို တအံ့တသြ ကြည့်မိရင်း အဖြစ်အပျက်တို့ကို ပိုမို သိချင်လာရသည်။ ဘာမှ ရေရေရာရာ မသိရသေးသော အခြေအနေတွင် အမေ့ကို သနားစာနာခြင်းသာ ရင်ထဲ၌အပြည့်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သားက အမေနဲ့တူတယ်"

အမေ့စကားကြောင့် ကိုယ်နှင့်တူသည့် ရုပ်သွင်တစ်ခုကို ခန့်မှန်းမြင်ယောင်ကြည့်လိုက်ရင်း နာကြည်းချင်သလိုဖြစ်မိသည်။

"မတူချင်ပါဘူး"

"ဒါပေမယ့် စိတ်ဓါတ်ကတော့ အမေနဲ့တူပါတယ်"

လွှတ်ခနဲတုံ့ပြန်လိုက်မိသည့် စကားကို အမေက ခပ်ယဲ့ယဲ့ပြုံးရင်း ကျေနပ်နှစ်သိမ့်စွာပြောသည်။

"သားကို အဖေမရှိလို့ အားငယ်မှာ စိုးပြီး အမေ့အချစ်တွေစုပုံပေးခဲ့တာ၊ သား ဘဝမှာ ဒီအားနည်းချက်ကြီးကြောင့် ခံစားနေရမှာ အမေ အစိုးရိမ်ဆုံးပဲ"

အခုအချိန်မှာ ကိုယ့်ကိုယ်ကို ထိန်းချုပ်နိုင်စွမ်း ရှိသွားပြီဖြစ်သည့် အမေက တည်ငြိမ်စွာ ပြောနေနိုင်သလို အဖြစ်မှန်ကို လက်ခံနိုင်လိုက်ပြီဖြစ်သည့် ကိုယ်တိုင်လည်း ရင်ထဲမှာ အများကြီး ပေါ့ပါးသက်သာသွားရသည်။ ကိုယ်မသိခဲ့သည့် အဖြစ်အပျက်ကြီးကို ထိခိုက်ခံစားရသည်ကတစ်ပိုင်း၊ လက်ရှိအခြေအနေမှန်ကို လက်ခံရမည်က တစ်ပိုင်းပဲဖြစ်သည်။ ပြီးတော့ အမေ ဖန်တီးပေးခဲ့သော ဘဝကိုလည်း သူ မကျေနပ်



နိုင်စရာ မရှိပါ။

ငယ်စဉ်ကတည်းက အဖေ့ကို လိုချင်တောင့်တခြင်းမျိုး ပြင်းပြင်းထန်ထန် မဖြစ်ခဲ့စဖူး။ ပြန်လည် မရနိုင်တော့ဟု နားလည်ထား၍လားမသိ။ ပြီးတော့လည်း အမေနှင့်အဘွားတို့က လိုလေသေးမရှိ ပြုစုစောင့်ရှောက်ခဲ့လို့လဲ ဖြစ်မည်ပေါ့။

အခုတော့ အခြေအနေကြီးက တစ်မျိုးပြောင်းလဲသွားတာမို့ အဖေဟူသည့် ဝေါဟာရနှင့်ပတ်သက်ပြီး ရင်မှာတုန်လှုပ်ရသော်လည်း လိုချင်တောင့်တခြင်းမျိုး မဖြစ်မိ။ တစ်သက်လုံး ပြုစုစောင့်ရှောက်လာခဲ့သည့် အမေ့အပေါ် သနားကြင်နာမဆုံးဖြစ်ရပြီး တာဝန်မဲ့သော အဖေ့ကိုတော့ စိတ်နာချင်သည်။ အစကတည်းက မရှိခဲ့သောအရာကို နေသားတကျဖြစ်ချိန်မှ ပြန်လည် မလိုလားချင်တော့ပါ။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ဒီတစ်ခါ ပထမဆုံးအကြိမ် သားထိခိုက်တာပဲ၊ သား အခြေအနေမှန်ကို မသိဘဲ သံသယတွေနဲ့ ပူလောင်ခံစားနေရမှာ အမေ မကြည့်ရက်ဘူး"

အမေက သူ့ မျက်နှာကို စူးစိုက်ကြည့်ရင်း တိုးတိတ်ညင်သာစွာ ပြောသည်။ သူ့ ရင်ထဲမှာ ကြွင်းကျန်နေသော သံသယတွေ ရှင်းသွားသည်အထိတော့ အမေ့ကို မေးရဦးမှာပဲဖြစ်သည်။

"သားကို အားလုံးရဲ့အလယ်မှာ ရဲရဲရင့်ရင့် ရှင်သန်နိုင်အောင် ဗိုလ် ဆိုတဲ့နာမည် ပေးခဲ့တာ၊ ပြီးတော့ အမေ့အချစ်တွေအားလုံး ပြိုင်ဘက်မရှိ ရထားတဲ့ အမေ့သားမို့လို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲကြည်နူးစွာ ပြုံးနေလိုက်မိရင်း ...

"သား သိသင့်တာတွေအားလုံး ပြောပြထားပါ့ အမေ သား သိချင်တယ်"

"ဇာတ်လမ်းကတော့ ခပ်ရိုးရိုးပါပဲ သားရယ်"

အမေက အပြုံးတစ်ခုကို မပီမသဖန်တီးရင်း ဟန်လုပ်ခြင်း မရှိလှစွာ ပြောသည်။ အမေ့မျက်လုံးတွေ မှိုင်းညို့သွားတာ တွေ့လိုက်ရတာမို့ အမေ အတိတ်ကိုပြန်သတိရနေမှန်း နားလည်လိုက်သည်။

"အမေတို့က ချို့ငဲ့တော့ သားအဖေဘက်က သဘောမတူကြဘူးလေ၊ ဒါပေမယ့် သားအဖေက မိဘတွေကို ဆန့်ကျင်ပြီး အမေ့ကိုယူခဲ့တယ်"

အမေ့ လေသံက နာကြည်းခြင်းလည်း မရှိလှတော့ဘဲ ပကတိ တည်ငြိမ်နေသလောက် သူကတော့ ရင်မောစွာ နားထောင်နေမိသည်။

"ဒါကို သူတို့ဘက်က လုံးဝ မကျေနပ်ခဲ့ဘူး၊ အမေတို့ကတော့ အချိန်တန်ရင် စိတ်ပြေသွားလိမ့်မယ်လို့ ထင်မိခဲ့ကြတာ၊ အဲဒါ အမေ့အမှားပေါ့"

အမေ့ သက်ပြင်းချသံအဆုံးမှာ ပူလောင်မှုတွေ ရင်ထဲရောက်ရှိလို့လာသည်။

"အမေတို့က ဆွေကြီးမျိုးကြီးလဲမဟုတ်၊ ခပ်ရိုးရိုးအေးအေးနေတတ်တဲ့ သူတွေဆိုတော့ သူတို့ အသိုင်းအဝိုင်းနဲ့ ဝင်မဆန့်ဘူးပေါ့ကွယ်၊ အမေနဲ့ လက်ထပ်ပြီးလို့ တစ်နှစ်လောက်ကြာတော့ သားအဖေကို နိုင်ငံခြားပို့ဖို့ စီစဉ်ကြတယ်၊



သားအဖေကလဲ ကိုယ့်အိမ်ထောင်နဲ့ကိုယ် တင့်တောင့်တင့်တယ် နေနိုင်အောင်ဆိုပြီး သူတို့ အစီအစဉ်ကို လိုက်နာဖို့ ဆုံးဖြတ်ခဲ့တယ်၊ သားအဖေစိတ်ကူးကတော့ သူ အခြေတကျရှိရင် အမေ့ကိုပါ ခေါ်ဖို့ပေါ့"

အတိတ်ကာလမှအမေတို့၏ ပုံရိပ်များကို တွေးတောကြည့်မိရင်း အမေ့ကိုယ်စား ရင်နာနေမိသည်။ အမေ့ဘဝမှာ ချစ်ခင်သူနဲ့နေရတဲ့အချိန်တွေ နည်းလိုက်တာ။

"အဲဒါနဲ့သားအဖေ နိုင်ငံခြားထွက်သွားခဲ့တယ်၊ သားအဖေ့ဆီကို စာရောက်မလာခင်မှာပဲ သူတို့ အကြံအစည်ကို အကောင်အထည်ဖော်တော့တာပဲ"

မမီလိုက်သော အဖေ့ မိဘဆွေမျိုး အသိုင်းအဝိုင်းကို နာကြည်းစိတ်နှင့် အံ့ကို တင်းခနဲ ကြိတ်လိုက်မိသည်။

"အမေ့ဆီကိုလာပြီး အဖေ့ကိုကွာရှင်းပေးဖို့ ပြောတယ်၊ အမေ့ကြောင့် အဖေ့ဘဝကို အနစ်မွန်းမခံနိုင်ကြောင်း၊ အခုလည်း အဖေ့ကို သူတို့ နိုင်ငံခြားမှာ အပြီးနေဖို့ စီစဉ်ပြီးတဲ့အကြောင်း၊ အဖေ့ဘဝတိုးတက်ဖို့ အနစ်နာခံဖို့တို့ ဘာတို့ စုံနေတာပဲပေါ့ သားရယ်၊ အမေ့ကို ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးဖို့ပြောပြီး နစ်နာကြေးအနေနဲ့ ငွေလည်းထောက်ပံ့မယ်ပေါ့"

"မတရားလိုက်တာဗျာ"

ရင်ထဲမှာ ခံပြင်းစိတ်ကို မထိန်းချုပ်နိုင်ဘဲ ထွက်ခနဲ ပြောလိုက်မိတော့ အမေက ခေါင်းညိတ်သည်။

"သူတို့သားကို ချစ်တဲ့စိတ်နဲ့ လုပ်ကြီးခဲ့ကြတာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

ခွင့်လွှတ်စကားဆိုနိုင်သော အမေ့ကို အံ့ဩစွာ ကြည့်မိသည်။

"အဲဒီလို ပြဿနာတွေဖြစ်တဲ့ အချိန်မှာ အဖေ့ဆီက လည်း စာကရောက်မလာ၊ ပြီးတော့ သူတို့ကလည်း အဖေပြန်လာမှာတော့ မဟုတ်ဘူး၊ သူတို့ပါ ရက်ပိုင်းအတွင်း အပြီးလိုက်သွားကြတော့မှာလို့ ခိုင်ခိုင်မာမာ ပြောကြတော့ အမေ ဘာလုပ်ရမှန်း မသိတော့ဘူး၊ သားအဖေ့ဆီကိုလည်း ဘယ်လိုဆက်သွယ်ရမှန်း သိတာမဟုတ်ဘူးလေ၊ နောက်ဆုံးတော့ မာနကိုလည်း ထိပါးလွန်းတာနဲ့ အမေ စိတ်နာပြီး ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးလိုက်တာပါပဲ"

ဒီတစ်ခါတော့ အမေ့အသံတွေ အဖျားခတ် တုန်ရင်သွားကြပြီး ထိခိုက်နာကျင်သော အရိပ်အယောင်တို့က မျက်ဝန်းမှာ ထင်ဟပ်လာသည်။ အတန်ကြာ တိတ်ဆိတ်နေကြပြီးမှ ...

"သူတို့တွေအားလုံး ထွက်သွားပြီလို့ သိရပြီးတဲ့နောက်မှာပဲ ကံကြမ္မာဆိုတာ လှည့်စားတတ်ပါလားလို့ အမေ နားလည်ခဲ့ရတာ၊ အမေ့မှာ သားကိုယ်ဝန်ရှိနေမှန်း နောက်ကျမှပဲ အမေသိလိုက်ရတာလေ"

အမေရယ်ဟု စိတ်ထဲမှ ထိထိခိုက်ခိုက် ရေရွတ်လိုက်မိရင်း အံ့ဩကြေကွဲနေမိသည်။ အဲဒီတုန်းက အမေ ဘယ်လိုခံစားခဲ့ရမည်လဲဟု တွေးမိတော့ အမေ့အတွက် စိတ်ထိခိုက်ခြင်းကြီးစွာ ဖြစ်ရသည်။



"အမေရယ် သားရဲ့အတွားရယ် နှစ်ယောက်သားအကြိတ်ငိုကြွေးခဲ့ရတာပေါ့၊ အဲဒီနောက်ပိုင်း သားအဘွားရဲ့အစ်မပေးပစ်ခဲ့တဲ့ ဒီအိမ်လေးကို အမေတို့ ပြောင်းနေခဲ့ကြတာ၊ ဘဝကို စိတ်နာလွန်းလို့ သားအဖေ သေပြီလို့ ပတ်ဝန်းကျင်ကို ပြောခဲ့တာ"

"ဒါဆို သားတို့ဇာတ်လမ်းက ဒါပဲပေါ့၊ ဟုတ်လား အမေ"

စိတ်ထဲမှာ မရှင်းမလင်းဖြစ်နေသော အကြောင်းအရာကို မမေးခင် သွေးတိုးစမ်းသလို မေးလိုက်မိသည်။

"မပြီးသေးဘူးသားရယ်"

ခေါင်းကို ညင်သာစွာခါယမ်းပြီး သက်ပြင်းတစ်ရှိက်နှင့်ပြောသော အမေ့ကြောင့် သူအံ့ဩသွားရသည်။

"သားကိုမွေးပြီးတော့ သားအဖေနဲ့ အရင်းနှီးဆုံးသူငယ်ချင်းဖြစ်တဲ့ ကိုတင်ထွန်းနဲ့ ပြန်တွေ့တယ်"

သူ အမြင်မကြည်လင်သော ဦးတင်ထွန်းအမည်ပါလာတာမို့ စိတ်ဝင်တစား ခေါင်းထောင်ကြည့်လိုက်မိသည်။

"အဲဒီမှာ သားဟာ အဖေ့သားဆိုတာ သူ သိသွားတော့တာပါပဲ၊ ဒါနဲ့ သူကိုယ်တိုင် သားအဖေဆီ စာရေးပြီး အကြောင်းကြားလိုက်တယ်၊ အဲဒီတော့မှ သားအဖေကလည်း အကြောင်းစုံသိရပြီး ယူကျုံးမရဖြစ်ရတယ်တဲ့၊ သူ့မိဘတွေကလည်း အပြီးထွက်လာကြ၊ အမေ့ဆီက ကွာရှင်းစာချုပ်လဲပြပြီး အမျိုးမျိုး သွေးထိုးနှောင်ချကြတော့ သူလဲ စိတ်နာပြီး သူ့မိဘတွေစီမံတာကိုပဲ နာခံလိုက်တယ်တဲ့လေ၊ အမေ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကိုသိရတော့ သူ့မှာ အိမ်ထောင်သစ်ရှိနေပြီ၊ အမေ့ဘဝထဲကို သူပြန်ဝင်လာလို့ မဖြစ်တော့ဘူးပေါ့"

အမေက စကားအရှည်ကြီး ပြောရ၍ မောသွားဟန်နှင့် ခဏနားသည်။ တဖြည်းဖြည်း ဓာတ်ရည်လည်လာသည့်အချိန်တွင် သူ့ ရင်ထဲမှာ နောင်တတရားတို့နှင့် ပြည့်နှက်နေကြသည်။

"အဖြစ်တွေကတော့ ဒါပါပဲသားရယ်၊ သားအဖေက ကိုတင်ထွန်းကို အမေတို့သားအမိကို စောင့်ရှောက်ပေးဖို့ မေတ္တာရပ်ခံတယ်၊ ကိုတင်ထွန်းမှာ သားအဖေရဲ့ ကျေးဇူးတွေရှိတော့ ကိုတင်ထွန်းကလည်း အခုအချိန်အထိ အမေတို့ကို စောင့်ရှောက်ခဲ့တာပဲ၊ သားအဖေက ကိုတင်ထွန်းဆီ ငွေအရင်းအနှီးပို့ပေးပြီး အမေတို့ကို ထောက်ပံ့ခိုင်းခဲ့တာ"

အမေက သက်ပြင်းတစ်ချက် ထပ်မံချပြီး ...

"အမေတို့ချည်းပဲဆို ကိုယ့်အားကိုယ်ကိုးနိုင်ပေမယ့် သားရှေ့ရေးကရှိနေတော့ သူ့ထောက်ပံ့မှုကို အမေတို့ လက်ခံခဲ့ရတာပဲ"

အမေက သူ့ကို ပြုံးကြည့်ပြီး ...

"သားကတော်င် အမေ့ကို ကိုတင်ထွန်းနဲ့ မယုံသင်္ကာဖြစ်ခဲ့သေးတယ် မဟုတ်လား"

"သား မှားပါတယ်အမေ"

အမေ့အပေါ် ပြစ်မှားမိခဲ့သမျှ ယူကျုံးမရစွာနှင့် လှိုက်လှိုက်လှဲလှဲပြောမိသည်။

"သားအဖေဟာ နိုင်ငံရပ်ခြားကနေပြီး သားပာ



သားပါလို့ ဘာဖြစ်လို့ အလွယ်တကူ လက်ခံခဲ့လဲ၊ သိလားသား"

အမေ့ကို အံ့သြစွာ ငေးကြည့်နေဆဲ အမေက မျက်ရည်သီဝေ့သော မျက်ဝန်းများနှင့်ပြုံးပြီး ...

"အမေရဲ့အကျင့်စာရိတ္တနဲ့ သူ့အပေါ် စောင့်သိတဲ့ သစ္စာကို ယုံကြည်လို့ပေါ့သားရယ်"

ကြီးစွာသော နောင်တနှင့် မျက်ဝန်းထဲတွင် မျက်ရည်များ ရစ်ဝဲလာရပြီး အမေ့ကို ဘယ်လိုတောင်းပန်ရမှန်း မသိအောင် ဖြစ်နေရသည်။

"ပြီးတော့ သားက သားအဖေနဲ့ သိပ်တူတယ်လေ၊ သားဓာတ်ပုံတွေ သားအဖေဆီ ပို့ပေးထားတယ်"

အမေက ပါးပြင်ပေါ် စီးကျလာသော မျက်ရည်တို့ကို မသိမသာ ဖယ်ရှားရင်း ပြောပြနေသည်။ အမေရော ပါအတန်ကြာ တိတ်ဆိတ်နေပြီးမှ အသက်ကို ပြင်းပြင်း ရှူရှိုက်မိရင်း ...

"သား သိပါပြီအမေ၊ တကယ်တော့ သားက ကိုယ့်ကိုယ်ကိုယ်မသိဘဲ အမေ့ကို အထင်လွဲနေခဲ့မိတာ၊ အခုတော့ အားလုံးကို နားလည်ပါပြီ"

အမေ့ကို ပွင့်လင်းစွာ ဝန်ခံဖြောင့်ချက်ပေးရင်း ဖြတ်ချက်တစ်ခုကိုလည်း ခိုင်ခိုင်မာမာချ ဖြစ်သည်။

"အမေ့ကို သားသနားတယ်၊ အဖေကလဲ သားပေါ်ရော အမေ့အပေါ်မှာပါ လုံးဝတာဝန်ကျေတယ်လို့ ပြောနိုင်ပါဘူး၊ အထူးသဖြင့် အမေ့အပေါ်မှာ တာဝန်မကျေ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဘူး၊ အဖေတို့ အသိုင်းအဝိုင်းကိုတော့ သား စိတ်နာတယ်"

အမေက သူ့ကို တိတ်ဆိတ်စွာ စောင့်ကြည့်နေသည်။

"ဒီနောက်ပိုင်းကို အဖေ့ အထောက်အပံ့နဲ့ ကင်းကင်းနေနိုင်အောင်၊ ကိုယ့်ဘာသာကိုယ် ရပ်တည်နေနိုင်အောင် သား ကြိုးစားပါ့မယ်။ အမေ့ကိုလဲ သား နားလည်ပါပြီ။ နောက်ကို အမေ စိတ်ဆင်းရဲအောင် သား ဘယ်တော့မှမလုပ်တော့ပါဘူး"

အမေ့အပြုံးလက်လက်ကို မြင်ရသည့်အခိုက်တွင် ဝေဒနာတို့ လျော့ပါးသက်သာကာ ကြည်နူးခြင်းတို့ အစားထိုးနေရာယူကြသည်။

လှေကားထစ်များကို စိတ်မရှည်လက်မရှည် ကျော်လွှားတက်ခဲ့ပြီး အခန်းထဲသို့ တန်းဝင်ကာ အိပ်ရာပေါ်သို့ အင်အားကုန်ခမ်းစွာ လှဲချလိုက်မိသည်။ မျက်ဝန်းအစုံကို နွမ်းလျစွာ မှေးမှိတ်ဖြစ်တော့ ကြေကြေကွဲကွဲ လှမ်းကြည့်နေသော မျက်နှာလေးကို ရင်နာစွာ မြင်ယောင်လာရသည်။

သိပ်နီးကပ်လွန်း၍ မဟုတ်သော်လည်း ချစ်သူလေး ရင်ထဲမှ ခံစားချက်ကို နားလည်နေမိသည်။ သူကိုယ်တိုင်



ဘယ်လိုခံစားရမည်ကို ချစ်သူနားလည်နိုင်ပါ့မလား။ ဘယ်လိုမှမသက်ဆိုင်နိုင်တော့သည့် အခြေအနေကို ဖန်တီးခဲ့ပြီးကာမှ သံယောဇဉ်မကုန်စွာ ငေးမောကြည့်နေချင်သေးသည်လေ။ ဖြစ်နိုင်လျှင်တော့ အနီးဆုံးရောက်အောင်လှမ်းပြီး ချစ်သူကို သူ့ဘဝထဲသို့ ခေါ်ဆောင်လိုက်ချင်သည်။

မဖြစ်နိုင်သည့် အခြေအနေမှာ အံကိုတင်းတင်းကြိတ်၍ ကျောခိုင်းထွက်ခွာခဲ့ရသည်။ ထိခိုက်နာကျင်စွာ ခံစားလိုက်ရရှာမည့် ချစ်သူလေးအတွက် သူလည်း နှစ်ဆပြန်ကြေကွဲရကြောင်းကိုတော့ သူမ သိနိုင်ပါ့မလား။ မင်းလိုပဲ ငါလည်း သိပ်ချစ်ခဲ့တာပဲ မေလေးရယ်။ ငါ့မှာတော့ ဟန်ဆောင်မျိုသိပ်ရခြင်းတွေနဲ့ ပိုလို့တောင် ဆိုးရွားပါသေးတယ်လေ။

သူ့ ရင်ထဲမှာ ပူလောင်စွာခံစားနေရမှုတွေ သက်သာလိုသက်သာငြား စွပ်ကျယ်အပေါ်မှ အင်္ကျီကို ချွတ်ပစ်လိုက်မိသည်။ ဆံပင်ထဲသို့ လက်ချောင်းတွေ ထိုးသွင်းကာ စိတ်ကျဉ်းကြပ်မှုကို ဖြေဖျောက်သော်လည်းမရ။ ဘာမှလုပ်ချင်အားမရှိဘဲ မောပန်းနွမ်းလျစွာ မျက်ဝန်းတို့ကို မှေးမှိတ်ထားမိသည်။

မရည်ရွယ်ဘဲ လှည်းတန်းဘက်ကို ရောက်သွားခဲ့သော်လည်း သူမနှင့်ဆုံတွေ့ရလိမ့်မည်ဟု သူ မမျှော်လင့်ခဲ့ပါ။ မမျှော်လင့်ဘဲ သူမလေးနှင့် ပြန်လည်ဆုံတွေ့ခဲ့ရသည့်အဖြစ်ကိုတော့ သတိရလွမ်းဆွတ်နေမိသည်။ သူငယ်ချင်းတစ်ယောက်နှင့် ခဏစကားရပ်ပြောပြီး လှည်းတန်းထွက်ပေါက်မှ

www.burmeseclassic.com

www.burmeseclassic.com



သူမကို မြင်တွေ့လိုက်ရခြင်းပါ။ ရုတ်တရက် အားလုံးကို မေ့လျော့ကာ ဝမ်းသာကြည်နူးခြင်းကြီးစွာနှင့် ပြုံးပြလိုက်မိမတတ် ဖြစ်သွားခဲ့ရသေးသည်။ ကားဘေးတွင်ရပ်ကာ စကားပြောနေသော သူမအမေကို မြင်လိုက်မှ သတိပြန်ဝင်လာကာ သူနှင့်မဆိုင်တော့သည်ကို အမှတ်ရကြေကွဲလာသည်။ ကျောခိုင်းထွက်လာသော ခြေလှမ်းတွေ လေးလံလွန်းတာတော့ သူကိုယ်တိုင်ပဲ သိတယ်လေ။

သူ့ကို ငိုမယောင်မျက်နှာလေးနှင့် ကြည့်နေရှာသော ချစ်သူလေးကို တွေ့လိုက်ရတော့ နှလုံးသားက တစ်ဖန်ပြန်လည်နာကျင်လာရပြန်သည်။ သူ့ကို မေလေး ချစ်နေတုန်းပဲလားဟု တုန်လှုပ်စွာ တွေးရင်း လွမ်းဆွတ်ခြင်း ဝေဒနာက ရင်ထဲ ရောက်ရှိလို့လာသည်။

သူကိုယ်တိုင်လည်း မေလေးကိုသိပ်ချစ်နေဆဲမို့ မေလေး ဘယ်လိုခံစားရမည်လဲဟု နားလည်နိုင်သည်။ သို့ပေမယ့် သူမမိဘဆွေမျိုးများထက် သူ့ကို ပိုခင်တွယ်ကာ သူ့ဘဝထဲဝင်လာလိမ့်မည်ဟုတော့ မယုံစားရဲ။

မခွဲနိုင်အောင် ချစ်ခဲ့ပြီးကာမှ မေလေး သတ္တိနည်းကာ တွေဝေမှာတော့ စိုးရိမ်သည်။ ပြန်လည်ဆုံးရှုံးရမည့် ခေတ္တပိုင်ဆိုင်မှုမျိုးကိုတော့ သူ မလိုလားပါ။ သူက မေလေးနှင့် ပတ်သက်လျှင် အရှုံးမခံနိုင်သူမို့ ပိုင်ဆိုင်ရပြီးမှပြန်လည်မဆုံးရှုံးချင်၍ စွန့်လွှတ်လိုက်သည့်အဖြစ်ကို မေလေး နားလည်နိုင်ပါ့မလား။

"သား"



အခန်းအပြင်ဘက်မှ ခြေသံဖွဖွနှင့်အတူ အမေ့ခေါ်သံသဲ့သဲ့ ကြားရတာမို့ သူ့ အတွေးတို့ပျက်ပြားသွားရသည်။ အခန်းထဲရောက်လာသော အမေက သူ့ကို အကဲခတ်သလိုကြည့်ပြီး ...

"မီးလဲမဖွင့်ပါလား၊ မှောင်နေတာပဲ"

"ကောင်းပါတယ်"

အမေက သူ့ကို နားမလည်ဟန်နှင့် စူးစမ်းသလိုကြည့်သည်။

"အိုက်တယ်ဆိုပြီး အင်္ကျီချွတ်ကြီးနဲ့မနေနဲ့ သားရဲ့ အအေးပတ်သွားမယ်"

အမေက သူချွတ်ထားသည့် အင်္ကျီကိုကောက်ယူပြီး အင်္ကျီချိတ်တွင် ချိတ်ရင်း ပြောနေသည်။ နွေ၏ ပူလောင်ခြင်းထက် သူ့ရင်ထဲမှာ ပိုမိုပူလောင်နေရတာ အမ မသိနိုင်ပါ။

"သားကို ပြောစရာရှိတယ်"

အမေက စာကြည့်စားပွဲတွင် ဝင်ထိုင်ပြီး ခပ်လေးလေး ပြောတာမို့ သူ့ရင်ထိတ်သွားရသည်။ ဘယ်လို အခြေအနေတွေ ပြောင်းလဲလာဦးမှာလဲ။ အမေကလည်း စကားမစသေးတာမို့ ညဦးပိုင်းတွင် တိုက်ခတ်လာသော လေပြည်ကြောင့် လူးလွန့်နေသည့် ခန်းဆီးစလေးမှတစ်ပါး အားလုံးငြိမ်သက်တိတ်ဆိတ်နေသည်။

"မင်းအဖေ လာလိမ့်မယ်"

"ဗျာ"

အမေ့ စကားသံကို ပီပီသသ ကြားလိုက်ရသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း မယုံနိုင်စွာ အလန့်တကြား ရေရွတ်လိုက်မိသည်။ သူ့ဘဝထဲတွင် မရှိခဲ့သော အဖေက အခုအချိန်မှ သူ့ဘဝထဲ ပြန်ရောက်လာမည်တဲ့လား။

"ဟုတ်တယ်သား၊ သူ ရေ့လထဲရောက်မယ်လို့ ကိုတင်ထွန်း ပြောတယ်"

"ဘာလာလုပ်မှာလဲ"

သူ့ အသံက မာဆတ်သွားရပြီး ရင်ထဲမှာလည်း နာကြည်းခြင်းနှင့် လှုပ်ရှားနေရသည်။ အမေက သက်ပြင်း တစ်ချက်ချပြီး ...

"အမေကပဲ ကိုတင်ထွန်းကို စာရေးခိုင်းလိုက်တာ"

"ဘာတွေရေးခိုင်းလိုက်တာလဲ၊ ဘာလုပ်ဖို့လဲ အမေ"

အိပ်ရာပေါ်မှ လူးလဲထထိုင်လိုက်မိပြီး စိတ်မောစွာ မေးလိုက်မိသည်။

"ဒီမှာ သားနဲ့ ဖြစ်ပျက်နေတဲ့အကြောင်းတွေပေါ့"

"သားက ဘာဖြစ်နေလို့လဲ၊ သား မသိခဲ့တဲ့ အကြောင်းတွေ အခုသိပြီပဲ၊ ဘာမှမလိုပါဘူး"

မျက်မှောင်ကို အစွမ်းကုန်ကုတ်ထားလိုက်မိပြီး တိုဆက်စွာပြောမိသည်။ အမေ့ကိုလည်း နားမလည်နိုင်သလို ဖြစ်မိသည်။

"မဟုတ်သေးဘူး သားရယ်၊ သား အမေ့ကို အမြင် မကြည်လင်တာ သိကတည်းက အမေ ဘာလုပ်ရမလဲလို့



စဉ်းစားတယ်၊ သားကို အမေရှင်းပြမှဖြစ်မယ်လို့ ဆုံးဖြတ်ပြီး သူ့ကို အသိပေးလိုက်တာပဲ၊ အမေ အားလုံးရှင်းပြမှ ဖြစ်တော့မယ်လို့"

မကျေနပ်နိုင်သော်လည်း အမေ့ကို ဆန့်ကျင်မပြော ချင်တာမို့ နှုတ်ခမ်းအစုံကို စေ့ပိတ်ထားလိုက်သည်။

"သူကလည်း သားကို အသိပေးချင်နေတာ ကြာပြီ တဲ့၊ သားကို တွေ့ချင်လို့ သူလာဖို့ ကြိုးစားနေတယ်လို့ သိရ တယ်၊ အခုတော့ ရေ့လထဲ ကျိန်းသေလာဖြစ်သွားပြီတဲ့၊ ကိုတင်ထွန်းဆီ စာရောက်လာတယ်"

"ဘာလုပ်ဖို့ သားကိုတွေ့ချင်ရမှာလဲ၊ သူနဲ့ တွေ့ တော့ရော သားဘဝ ဘာတွေ ပြောင်းလဲသွားမှာမို့လဲ"

"အဲလို မပြောရဘူးလေ သား"

စိတ်လိုက်မာန်ပါပြောမိတော့ အမေက ထောင်းတင်း မာမာ ဟန့်တားသည်။

"အမေ့ အနေနဲ့ဆိုတော့ သူနဲ့ ဘာမှမပတ်သက် တော့လို့အကြောင်း မဟုတ်ပေမယ့် သားအတွက် အမေ လက်ခံခဲ့တာ"

"မလိုပါဘူးဗျာ"

"လိုတာပေါ့ သားရယ်၊ အဖေ တစ်ယောက်အနေနဲ့ သားကို သူချစ်မှာပဲပေါ့"

"သူက ကျွန်တော့်ဘဝထဲမှာ နဂိုကတည်းကမှ မရှိခဲ့ တာပဲ"

ထိထိခိုက်ခိုက် ခံစားရင်း ပြောမိတော့ အမေက

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တိတ်ဆိတ်စွာ ငေးကြည့်နေသည်။ အတန်ကြာမှ

"သားက သားအဖေကို စိတ်နာနေတာကိုး"

အမေ့ကို တစ်စုံတစ်ရာ ပြန်ပြောဟန်ပြင်ပြီးမှ မပြော ဖြစ်တော့ဘဲ နှုတ်ခမ်းကို တင်းတင်းစေ့ထားလိုက်မိသည်။

"စိတ်မနာပါနဲ့ သားရယ်၊ ကံကြမ္မာရဲ့လှည့်စားမှု ကြောင့်လို့ပဲ သတ်မှတ်လိုက်ပါ၊ ဘာပဲဖြစ်ဖြစ် သူဟာ သား၊ အဖေအရင်းပဲ၊ အဖေ့အပေါ်မှာ သား မာန်မာနတွေ အာဃာတတွေ မထားသင့်ဘူး၊ ကိုယ့်မိဘကို ဘယ်တော့မှ မစော် ကားရဘူး သား"

အေးချမ်းတည်ငြိမ်သော မျက်နှာထားနှင့် သူ့ကို ဆို ဆုံးမနေသော အမေ့ကို ခပ်ငေးငေးကြည့်နေမိသည်။ သဘော တရားကြီးမားစွာနှင့် မေတ္တာထားနိုင်လွန်းသော အမေ့ကို ကြည့်ရင်း သူ့ရင်မှာ ပိုလို့ မကျေမနပ်ဖြစ်လာရသည်။

ဒီလိုမြင့်မြတ်သော စိတ်ထားမျိုးကို တန်ဖိုးမထား တတ်ကြသည့် အဖေတို့ အသိုင်းအဝိုင်းကိုလည်း စိတ်နာမိ သည်။ ဘဝတစ်ခုလုံး နစ်နာဆုံးရှုံးခဲ့ရသည့် အမေနှင့် ဘဝ သစ်တစ်ခုမှာ အောင်မြင်စွာ အခြေကျနေထိုင်နေသော အဖေ့ ကို နှိုင်းယှဉ်တွေးမိတိုင်း သူ ခံပြင်းမိသည်။

"သား ဘယ်သူ့ကိုမှ မစော်ကားပါဘူး၊ ဒါပေမယ့် သားဘဝမှာ နေမြဲအတိုင်းပဲ နေချင်တယ်"

ဒူးပေါ် မျက်နှာမှောက်ချ၍ လေသံမှု တိုးတိုး စွာပြောဖြစ်သည်။ အမေက သူ့ဘေးမှာ ဝင်ထိုင်ပြီး သူ့ဆံပင် တွေကို ပွတ်သပ်ပေးနေရင်း သက်ပြင်းတစ်ချက်ချသည်။



"ပြောင်းလဲမယ်ဆိုရင်လဲ ကောင်းသော ပြောင်း လဲခြင်းမျိုးပဲ ဖြစ်မှာပါ သားရယ်"

အမေ့ကို တစ်စုံတစ်ရာ တုံ့ပြန်မပြောဆိုဘဲ နှုတ် ဆိတ်ငြိမ်သက်နေလိုက်မိသည်။

"သားအဖေနဲ့တွေ့ပြီးမှ စဉ်းစဉ်းစားစား ဆုံးဖြတ် ပါ သားရယ်"

အမေက သူ့ ခံစားချက်ကို နားလည်ဟန်နှင့် တိုက် တိုက်တွန်းတွန်း ပြောလာသည်။ အမေ့ စကားတွေကို တစ်ခုမှ လိုက်နာဖို့ ကတိမပေးနိုင်သည့်အတွက် စိတ်လည်းညစ်နေ မိသည်။

"သားအဖေနဲ့ တွေ့ဖို့တော့ အမေ တိုက်တွန်း ပါရစေ"

အမေက လေးလေးနက်နက် ပြောလာတော့ သူ ခေါင်းခါပစ်လိုက်ဖို့ ဝန်လေးနေမိသည်။ အဖေနှင့် မျက်နှာ ချင်းဆိုင်တွေ့ရလျှင် စိတ်လှုပ်ရှားမှုဒဏ်ကို ခံနိုင်ရည်ရှိဖို့ သူမသေချာ။ အမေ့ကို ထိခိုက်နစ်နာစေလိုသော ဆန္ဒမျိုး မရှိသလို ကိုယ်တိုင်လည်း မခံစားချင်။ အခြေကျပြီးသား သူ့ဘဝကို ထိခိုက်နာကျင်မှုနှင့်ထပ်မံ မလှုပ်ရှားစေချင်တော့။ ဘယ်အရာမှ အသစ်တစ်ဖန်ပြန်လည် ပြောင်းလဲလာနိုင်တော့ မည် မဟုတ်ဟု သူ နားလည်ထားသည်ပဲ။

"သား အိပ်ချင်ရင်လဲ အိပ်တော့လေ၊ အတွေးတော့ မမိစေနဲ့နော်"

အမေက သူ့ ဘေးမှထ,ပြီး စိတ်မချစွာ မှာကြား

www.burmeseclassic.com

www.burmeseclassic.com



ကာ အခန်းထဲမှ ပြန်ထွက်သွားသည်။ အိပ်ရာပေါ်ပြန်လှဲချလိုက်မိပြီး မျက်လုံးအကြောင်သားနှင့် အမှောင်ထဲသို့ငေးစိုက်ကြည့်နေမိသည်။ သူ့ရုပ်သဏ္ဍာန်နှင့်ဆင်တူသောလူကြီးတစ်ယောက်ကို အိပ်မက်တွေထဲမှာ ဝိုးတဝါး မြင်တွေ့ခဲ့ဖူးသည်ကို ပြန်လည်သတိရနေမိသည်။

အိပ်မက်မှန်း သိရက်နှင့်ပင် နိုးလာချိန်၌ စိတ်တို့ကယောင်ကတမ်းဖြစ်ကာ ဆောက်တည်ရာမရတတ်ဘာမို့ လက်တွေ့မှာ ဝိုလို့ရင်မဆိုင်ချင်။ သက်ပြင်းမောတစ်ချက်ကိုလေးလံစွာ ချဖြစ်ပြီး မွန်းကြပ်မှုတွေ ရှိလာတိုင်း အမြဲတမ်းနားလည်စွာ ကြည့်တတ်သော မျက်ဝန်းနက်နက်လေးများကိုတမ်းတလိုက်မိသည်။ သိပ်သတိရတာပဲ မေလေးရယ်။

"ငါ ဒီနေ့ အိမ်မပြန်ချင်ဘူး ကိုဇော်"

"ဘာဖြစ်လို့လဲ"

လက်ဖက်ရည်ဆိုင်မှ ဖွင့်ထားသော သီချင်းသံစဉ်တွင် နစ်မျောနေရာမှ တအံ့တသြမေးလာတော့ သူ ပြန်မဖြေဖြစ်။ အဖော် တစ်ယောက်ကို သူ တောင့်တနေမိခိုက်မှာပဲကိုဇော် ရောက်လာ၍ ဝမ်းသာသွားရသည်။ ထုံးစံအတိုင်း



ကိုဇော်နှင့် လျှောက်သွားနေဖြစ်တာမို့ ညဘက်မှ အိမ်ပြန်ရောက်ခဲ့သည်။ သည်နေ့တော့ ညဘက်ပါ အိမ်မပြန်ချင်၍ကိုဇော့်ကို အသိပေးဖြစ်ခြင်းပင်။

မနက်ကတည်းက ဘာအစီစဉ်မှ ပြောမထားခဲ့တာမို့ ကိုဇော်က အံ့သြလို့နေသည်။ ခံစားမှုတစ်ခုခုကို သိုဝှက်သိမ်းထားသည့် မျက်နှာကို အကဲခတ်သလိုကြည့်ပြီး ...

"အိမ်နဲ့ ဘာဖြစ်လာလို့လဲ"

"ဘာမှ မဖြစ်ပါဘူး၊ ငါ မင်းနဲ့ စကားပြောချင်လို့"

မယုံသင်္ကာစွာ စောင့်ကြည့်နေမည်ဖြစ်သော ကိုဇော့်မျက်လုံးများကို မကြည့်ဘဲ မြင်ယောင်ရင်း ...

"မင်း ပြန်ရင် ငါပါလိုက်ဖြစ်မယ်ထင်တယ်"

"လိုက်တာက ဘာအကြောင်းမှ မဟုတ်ဘူး၊ ဒါပေမယ့် မင်းအမေနဲ့ ဘာဖြစ်ပြန်ပြီလဲဆိုတာ ငါ့ကို အရင်ပြောပြစမ်းပါ"

ကိုဇော်က သူ့ စိတ်ကိုတွင်းဖောက်သိမြင်နိုင်ဟန်နှင့် တိတိကျကျ မေးမြန်းလာသည်။ မျက်နှာပေါ်တွင် အပြုံးတစ်စွန်းထင်းစေပြီး ခေါင်းတစ်ချက်ညိတ်ပြလိုက်မိသည်။

"အမေနဲ့ ဘာမှမဖြစ်ဘူး"

"ဒါဆို ဘာဖြစ်လို့လဲ"

"အိမ်မှာ မနေချင်လို့"

အမှန်အတိုင်း ရိုးသားစွာဖြေခြင်းဖြစ်သော်လည်း ကိုဇော့်က စိတ်မရှည်ဟန်ဖြင့် မျက်မှောင်ကုတ်သည်။

"ဘာဖြစ်လို့ မနေချင်ရမှာလဲကွ၊ အိမ်မှာ မင်းအမေ

www.burmeseclassic.com

www.burmeseclassic.com



ပဲရှိတာ၊ မင်းအမေနဲ့ ဘာမှမဖြစ်ဘဲ ဘာဖြစ်လို့ အိမ်မှာ မနေချင်ရမှာလဲ''

သူ့ကို ပြတ်ပြတ်သားသား ပြောဆိုမေးမြန်းပြီး ခေါင်းငိုက်စိုက်ဖြစ်နေသော ကိုဇော့်ကို တိတ်တိတ်ဆိတ်ဆိတ်ပင် စောင့်ကြည့်နေလိုက်မိသည်။

''မင်းက တစ်ခါတလေ သိပ်လျှို့ဝှက်လွန်းတယ်''

ကိုဇော့် စကားကို ခေါင်းညိတ်ထောက်ခံလိုက်ပြီး ...

''အဖေ မနေ့က ရောက်တယ်''

''ဘာပြောတယ်''

ကိုဇော့်ကို နောက်တစ်ခေါက် ထပ်ပြောပြရန်လိုမည်ဟုသူမထင်။ အုံ့ညြနေသော ကိုဇော့်ကို ခေါင်းတစ်ချက်ညိတ်ပြရင်း ...

''မင်းနဲ့ တစ်နေ့တည်းပဲ''

''အဲဒီတော့ ..''

''ဒီနေ့အိမ်လာမယ်၊ ငါ့ကို လာတွေ့မယ်လို့ အကြောင်းကြားထားတယ်''

''အဲဒါကို မင်းက ငါ့ကို ဘာမှမပြောဘဲ တစ်နေ့လုံး လျှောက်သွားနေတယ်၊ ပြီးတော့ ညလဲ ပြန်မအိပ်ဘူး''

ကိုဇော်က အပြစ်တင်လိုဟန်အပြည့်နှင့် တအံ့တဩ မှတ်ချက်ချနေ၍ သူ ငြိမ်သက်နေလိုက်သည်။

''မင်းဘာတွေ လုပ်နေတာလဲ ဗိုလ်''

''ငါ သူနဲ့ မတွေ့ချင်ဘူး''



တိုနေပြီဖြစ်သော စီးကရက်ကို မြေကြီးတွင် ဖိချေလိုက်ရင်း အေးစက်စက် ပြောဖြစ်သည်။ အရင်းနှီးဆုံးဖြစ်သည့် ကိုဇော်ကိုတော့ သူ့ မိသားစုဘဝအကြောင်းတွေ ရင်ဖွင့်ပြောပြပြီးသား ဖြစ်သည်။ အဖေ လာလိမ့်မည်ဟုလည်း အမှတ်မထင် ပြောထားဖြစ်သည်။

''ဘာဖြစ်လို့ မတွေ့ချင်တာလဲကွာ''

ကိုဇော် မေးခွန်းကို မဖြေဖြစ်တော့ ကိုဇော်က သက်ပြင်းတစ်ချက်ချ၍ ခေါင်းခါနေသည်။

''မဟုတ်သေးဘူး ဗိုလ်၊ ပြဿနာတစ်ခုဆိုတာ ရှောင်လွှဲနေတာထက် ရင်ဆိုင်ဖြေရှင်းလိုက်တာ အကောင်းဆုံးပဲ၊ မင်းအဖေက မင်းကိုတွေ့ဖို့ အဝေးကြီးကလာခဲ့ရတာ၊ မင်းရှောင်နေဖို့ မကောင်းဘူး''

ကိုဇော့် စကားတွေကို တုံ့ပြန်မပြောဖြစ်သော်လည်း သူ့ရင်ထဲမှာ တစ်မျိုးကြီးဖြစ်နေတာတော့ အမှန်ပင်။

တစ်နေ့လုံးလဲ စိတ်မဖြောင့်နိုင်ဘဲ သူ ရှောင်နေမှန်း အဖေသိရှိသွားသည့်အခါ ဘယ်လိုနေမည်လဲဟု မတွေးချင်ဘဲ တွေးနေမိသည်။ အမေကရော သူ့စကားကို နားမထောင်၍ စိတ်မကောင်းဖြစ်နေပြီလားမသိ။

''မင်းစိတ်ထဲမှာ ဘယ်လိုပဲရှိရှိ သူ့ကို မင်းနဲ့တွေ့ဖို့ အခွင့်အရေးတော့ ပေးသင့်တယ်လို့ ငါထင်တယ်၊ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ သူဟာ မင်းအဖေပဲလေ''

ကိုဇော့်စကားကြောင့် အနည်းငယ်တော့ ဒေါသလျော့သွားရပြီး တင်းမာနေသောမျက်နှာပေါ်မှ အကြောများကို

www.burmeseclassic.com

www.burmeseclassic.com



လျှော့ချပစ်လိုက်ပြီး ခေါင်းငုံ့ငြိမ်သက်နေလိုက်မိသည်။

တစ်ခါမှ မမြင်ဘူးခဲ့သော အဖေ့ကို ရင်ဆိုင်တွေ့ရသည့်အခါ သူ့ရင်ထဲမှာ ဘယ်လိုခံစားရမည်ဟု မသေချာ။ အဖေ့ကို မတွေ့ချင်။ မမြင်ချင်တာထက် မတွေ့ရဲသလိုဖြစ်နေရခြင်းဟု ကိုယ့်ဘာသာကိုယ်တော့ သိသည်။

"သူက ငါတို့ဘဝထဲ အလည်ရောက်လာမှာပဲ၊ သူက ဧည့်သည်တစ်ယောက်ပဲလေ၊ အချိန်တန် အိမ်ပြန်မှာပေါ့၊ တွေ့လိုက်တော့ရော ဘာတွေ ထူးခြားပြောင်းလဲသွားမှာမို့လဲ"

ကိုဇော်က သူ့ ကိုနားလည်စွာကြည့်ပြီး …

"မင်း အဲလိုတွေးမနေနဲ့လေ၊ တွေ့သင့်တယ် တွေ့ရမယ်ဆို တွေ့လိုက်ပေါ့၊ အဲဒီတော့မှ မင်းကိုယ်တိုင် ခံစားရမှာပေါ့ကွာ"

ဝဲကျနေသော ဆံပင်တို့ကို သပ်တင်နေရင်း လျှပ်စီးများလက်ခြင်းနှင့်အတူ မိုးခြိမ်းသံများကြားနေရသော ကောင်းကင်ကို မော့ကြည့်နေမိသည်။ မိုးဦးဝင်ရောက်လာတော့မည်ဟု တွေးမိရင်း သောကတို့ ပူပြင်းတောက်လောင်ခဲ့သော နွေရက်များ ကျော်လွန်လာခဲ့ပြီကို သတိရမိသည်။

ကမ္ဘာမြေကို အေးမြသာယာစေမည့် မိုးစက်တွေကရော သူ့ရင်ထဲမှ မီးတွေကို ငြိမ်းသတ်နိုင်မည်လား။ ကိုဇော်က အေးမြစွာ တိုက်ခတ်လာသော လေကို သတိပြုမိကာ…

"မိုးရွာမယ်ထင်တယ်ကွ"

"ကောင်းတာပေါ့"



"သဘာဝအတိုင်း ဖြစ်လာတာတွေကို ရှောင်လွှဲလို့မရသလိုပေါ့ကွာ၊ ဖြစ်လာသလိုပဲ ရှိပါစေ"

ကိုဇော့် စကားကို တိတ်တိတ်ဆိတ်ဆိတ် နားထောင်နေလိုက်ပြီးမှ စားပွဲတိုးကို ပိုက်ဆံရှင်းဖို့ လှမ်းခေါ်လိုက်သည်။ မည်းနက်သော ကတ္တရာလမ်းမပေါ်တွင် တစ်လှမ်းချင်း အေးဆေးစွာ လျှောက်လာကြရင်း အတွေးကိုယ်စီနှင့် ငြိမ်သက်နေမိကြသည်။

"ငါ သူ့ကို မတွေ့ရဲသလို ဖြစ်နေတာအမှန်ပဲ၊ သူနဲ့တွေ့ပြီး ငါ့ခံစားချက်တွေ ပြောင်းလဲသွားမှာစိုးတယ်"

ကိုဇော်က သူ့ခြေလှမ်းကို ရှုတ်တရက် ရပ်ပစ်လိုက်ပြီး …

"ဘယ်လိုပြောင်းလဲသွားမှာလဲ"

"ငါ ငယ်ငယ်တည်းက အကျင့်တစ်ခုရှိတယ်၊ ဘယ်ဟာဖြစ်ဖြစ် ဥပမာ ကစားစရာအရုပ်ပဲဖြစ်ဖြစ်၊ ငါ အပိုင်ရရင်ရ မရရင်လည်း နေပါစေ၊ ခဏတော့ မလိုချင်ဘူး"

ကိုဇော်က သူ့ခြေလှမ်းများကို အမှီလိုက်လာပြီး တစ်စုံတစ်ရာကို စဉ်းစားနေဟန်ရှိသည်။

"ငါ နားလည်ပြီ"

"ဘာကိုလဲ"

"မင်းစိတ်ကိုပေါ့၊ မင်းအဖေကို မင်း မပိုင်ဆိုင်နိုင်တော့လို့ မတွေ့ချင်တော့တာ မဟုတ်လား"

"ငါ မပိုင်ဆိုင်နိုင်တော့တဲ့ အဖေ့ကို ငါ တွယ်တာသွားမိမှာ စိုးတာ"

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ်... ထိမှန်လာသော မိုးရေစက်များကို ခေါင်းမော့ခံယူရင်း တိုးတိတ် မာကျောစွာပြောမိသည်။ မိုးက တဖြည်းဖြည်းသည်းလာပြီး သူ့ မျက်နှာတစ်ခုလုံး စိုစွတ်သွားရသည်။ နှစ်ယောက်သား မိုးရွာထဲတွင် ခပ်မှန်မှန် လျှောက်လာခဲ့ကြရင်း စကားတစ်ခွန်းမှမပြောဘဲ တိတ်ဆိတ်နေဖြစ်ကြသည်။

သူကလည်း ထပ်မပြောချင်သလို ကိုဇော်အတွက်လည်း ထပ်ပြောစရာလိုမှာ မဟုတ်တော့။

မိုးရေစက်များ ထိမှန်မှုကို ခံစားရင်း "မေဦးမိုး" ဆိုသည့် အမည်လေးကို သတိတရ ရေရွတ်လိုက်မိသည်။ မိုးတွေတော့ ရွာလာပြီပဲ မေလေးရယ်။

❀ ❀

အကြိုအဝတ်အစားတွေ ခေါက်သိမ်းနေရင်းက စိတ်တွေ တစ်ချက်တစ်ချက် ပျံ့လွင့်သွားကာ ငေးငိုင်သွားရပြန်သည်။ ကိုဇော်နှင့် လိုက်မည်ဟု စိတ်ကူးကာ အထုပ်အပိုးပြင်နေပါလျက်နှင့် တွေဝေချင်နေသော စိတ်ကို အားမရချင်။ သူလုပ်ရပ်တွေ မှားနေမလားဟု သံသယရှိနေတာတော့ အမှန်ပဲဖြစ်သည်။



ဖွင့်ထားသော ပြတင်းပေါက်မှ မိုးမှုန်များ လွင့်စင်နေသော်လည်း မပိတ်ဖြစ်။ မိုးရွာနေသံကို နားထောင်ခြင်းဖြင့် စိတ်တို့ကို စုစည်းဖို့ကြိုးစားချင်သည်။

"သား"

တံခါးပွင့်သွားသံနှင့်အတူ အမေ့ခေါ်သံကြောင့် နောက်လှည့်ကြည့်လိုက်မိသည်။ မနေ့က သူပြန်မအိပ်ခြင်းအတွက် အမေ အခုထိ တစ်စုံတစ်ရာ စကားမစ။ အခုလည်း သူဘာတွေ အလုပ်ရှုပ်နေလဲဟု တစ်ခွန်းမှမမေး။ သူ့စိတ်မပါဘဲ အတင်းအကျပ် စေခိုင်းလေ့မရှိတာကြောင့်ပဲ ဖြစ်မည်ထင်သည်။

"ဘာလဲ အမေ"

"အောက်မှာ သားအဖေရောက်နေတယ်"

သူ့ တစ်ကိုယ်လုံး တောင့်တင်းသွားကာ တုန်လှုပ်စွာနှင့် အမေ့မျက်နှာကို ကြည့်မိသည်။ အေးဆေးငြိမ်သက်နေသော်လည်း အမေ့မျက်လုံးများတွင် စိုးရိမ်မှုအနည်းငယ်ရှိနေတာတော့ တွေ့ရသည်။

အဖေရောက်လာခြင်းကို သူ မသိလိုက်တာ မိုးသံလေသံကြောင့်လား၊ ထွေပြားနေသော စိတ်အာရုံကြောင့်ပဲလားမသိ။ ဘာပဲဖြစ်ဖြစ် သူ့ဘဝတွင် တစ်ကြိမ်တစ်ခါမျှ မြင်တွေ့ခဲ့ဖူးခြင်းမရှိသော အဖေကတော့ သူနှင့် တစ်အိမ်တည်းမှာရောက်ရှိနေခဲ့ပြီ ဖြစ်သည်။

"သား ဆင်းတွေ့လိုက်ပါကွယ်"

ညင်သာတိုးတိတ်စွာ တိုက်တွန်းလိုက်သော အမေ့

www.burmeseclassic.com

www.burmeseclassic.com



အသံက အင်အားတစ်မျိုး ပါဝင်နေသလိုပင်။ တစ်စုံတစ်ရာ လှုပ်ရှားဖို့ မေ့လျော့စွာ ခပ်တောင့်တောင့် ရပ်တန့်ငြိမ်သက်နေဖြစ်သည်။ အမေက ထပ်မံမတိုက်တွန်းတော့ဘဲ အသာအယာလှည့်ထွက်သွားသည်။

လက်မှာကိုင်ထားဖြစ်သော အင်္ကျီတစ်ထည်ကို ခုတင်ပေါ်ပစ်ချလိုက်ပြီး အခန်းထဲမှ တိတ်ဆိတ်စွာ ထွက်လာခဲ့သည်။ မိုးစိမ့်အေးနေသည့်ကြားမှ အိုက်စပ်စပ်ဖြစ်ကာ ချွေးစို့ချင်လာသည်။ စိတ်တင်းထားသည့်ကြားမှ ခြေလှမ်းတွေက မခိုင်မြဲချင်။

အတွင်းခန်းနှင့် ဧည့်ခန်းကိုခြားထားသော ခန်းဆီးစကို အသာလှပ်၍ ဧည့်ခန်းထဲသို့ မျက်လုံးဝေ့ကြည့်လိုက်မိသည်။ ဦးတင်ထွန်းဘေးမှာ ထိုင်နေသော လူကြီးတစ်ယောက်ကိုအမြင်တွင် ရင်ထဲမှာ ပြင်းပြင်းထန်ထန် လှုပ်ရှားသွားရသည်။

သူ့လို မျက်နှာကျမျိုးနှင့် မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းအားလုံး သူနှင့်ဆင်တူသော မျက်နှာ။ တော်တော်များများ ဖြူနေသောဆံပင်နှင့် အသက်အရွယ်ကွာခြားမှုမှလွဲ၍ သူနှင့် တစ်စုံတစ်ရာ တော်စပ်သည်ဟု အလွယ်တကူ သိရှိနိုင်သော လူတစ်ယောက်ကို သူ အံ့သြစွာ တွေ့မြင်လိုက်ရသည်။

"ဟော …သား လာလေ"

ဦးတင်ထွန်းက သူ့ကို လှမ်းမြင်သွားကာ ခေါ်လိုက်တာမို့ အဖေကပါ သူ့ကို မြင်သွားတော့သည်။ တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်းအဆုံတွင် သူ့ရင်ထဲမှာ အလိုလို



…နည်းလာရသည်။ ကြေကွဲနေဟန်ရှိသော မျက်လုံးများက …ကို ရင်းနှီးနွေးထွေးစွာ ရှုစိုက်ကြည့်နေသည်။ အဖေ့ …က်လုံးတွေက သူ့ထက်အရောင်ဖျော့ကာ အညိုဘက်သန်းနေ …ည်ဟု သတိထားမိလိုက်သည်။

သူအရင် မျက်လုံးလွှဲ၍ အဖေတို့ထံ လျှောက်သွား …က်ပြီး မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ဝင်ထိုင်ဖြစ်သည်။ အမေ … အသာထ,ရပ်ပြီး …

"သားနဲ့စကား ပြောကြဦးနော်၊ တစ်ခုခု သွားလုပ် …က်ဦးမယ်"

"ကိုယ် ဒီနား ခဏသွားဦးမယ် မင်းနိုင်၊ အပြန် …ျမှ ဝင်ခေါ်မယ်"

အဖေက တိတ်ကိတ်ဆိတ်ဆိတ်ပင် ခေါင်းညိတ်ပြီး …းတင်ထွန်း ဆင်းသွားသည်ကို စောင့်ကြည့်နေသည်။ …ည့်ခန်းထဲတွင် သူနှင့်အဖေ နှစ်ယောက်တည်း ကျန်ခဲ့ပြီမို့ …ာ်ကိုတင်း၍ အဖေ့ကို မျက်နှာချင်းဆိုင်ကြည့်ဖြစ်သည်။

"သား"

အဖေ့ နှုတ်ဖျားမှ ပိုင်ပိုင်ထွက်ပေါ်လာသော ခေါ်သံ …ကြောင့် သူ ကြက်သီးထ,မတတ် ကြည်နူးခြင်းနှင့်အတူ …င်ထဲမှာ ဆို့တက်လာသည်။ သူ့နှုတ်ဖျားမှ တုံ့ပြန်ခေါ်ဆို …က်ဖို့တော့ ခက်ခဲလွန်းလှသည်။

"သားကို သားအမေ အားလုံးပြောပြထားပြီးပြီလို့ …ဖေ ယူဆတယ်"

မျက်လုံးအကြည့်တို့ကို တစ်နေရာသို့လွှဲ၍ အဖေ

www.burmeseclassic.com

www.burmeseclassic.com



ပြောလာမည့်စကားတို့ကို နားစွင့်နေဖြစ်သည်။

"အဲဒီတော့ အဖေနဲ့ပတ်သက်လို့ သား ဘာပြောစရာ ရှိလဲ"

အဖေ့ မေးခွန်းများကိုနားမလည်လိုက်၍ သူ လှမ်း ကြည့်လိုက်မိသည်။ အဖေက မျက်မှန်ကိုပင့်တင်၍ ...

"ပြောပါ၊ သား ပြောချင်တာကို ပွင့်ပွင့်လင်းလင်း ပြောပါ"

ရင်ထဲမှာ ပြောစရာတွေ အများကြီးရှိနေသည်ဟု ထင် မှတ်ထားသော်လည်း တကယ်တမ်းကျတော့ ပြောမထွက်။

"အဖေ့ကို မကျေနပ်ဘူး" ဟု အဖေ့မျက်နှာကို ကြည့်ပြီး ပြောလိုက်ချင်သော်လည်း ပြောလို့မရ။ အသား အရေစိုပြည်စွာနှင့် အရွယ်တင်၍ ကျန်းမာရေးကောင်းဟန်ရှိ သော အဖေနှင့်တည်ငြိမ်ရင့်ကျက်နေပြီ ဖြစ်သော အမေ့ကို စိတ်ထဲမှယှဉ်တွဲကြည့်မိရင်း ရင်နာလာရသည်။

"ဖြစ်ပျက်ခဲ့သမျှနဲ့ လက်ရှိအခြေအနေကို သား လက်ခံနိုင်မလား"

"လက်မခံနိုင်စရာ မရှိပါဘူး"

ခပ်ပြတ်ပြတ်ဖြေဖြစ်တော့ အဖေ့ မျက်လုံးတွေ ရီဝေ သွားကြပြီး ခေါင်းတညိတ်ညိတ်လုပ်နေသည်။

"အခု အဖေ့မှာ နောက်အိမ်ထောင်နဲ့ သမီးလေး နှစ်ယောက်ရှိတယ်၊ သားက အနားမှာ ရှိမနေပေမယ့် သားကို အားကိုးတယ်၊ စိတ်ချယုံကြည်တယ်၊ သားဟာ သားအဖေ လိုပဲ စိတ်ဓါတ်ခိုင်မာမှာပါ"



အဖေ့ကို သူခပ်ငေးငေးကြည့်နေမိရင်းက အံ့ဩ ဖို့ကောင်းစွာပင် တင်းမာမှုတွေ လျော့ပါးကုန်ရသည်။

"အဖေ အခု ဒီကိုလာတာ ဘယ်လိုရည်ရွယ်ချက်မျိုး နဲ့လဲ"

"အဖေ"ဟု သတ်သတ်မှတ်မှတ် ခေါ်ဖြစ်တော့ အဖေ့မျက်နှာတွင် ကျေနပ်သွားဟန် ပေါ်လာသည်။

"သားကို တွေ့ချင်လို့ပေါ့ကွာ"

အချိန်တွေ သိပ်ကြာခဲ့ပြီပဲဟု စိတ်ထဲမှ ရေရွတ် မိတော့ အဖေက သူ့စိတ်ကို နားလည်ဟန်နှင့် ...

"အဖေ အခုမှ အပိုတွေ လာပြောနေတာ မဟုတ်ဘူး သား၊ သားကို အဖေတွေ့ချင်၊ မြင်ချင်၊ ချစ်ချင်တာ သားရှိ တယ်လို့ သိရတဲ့အချိန်ကတည်းကပါ၊ ဒါပေမယ့် အခြေအနေ က မပေးလို့ သားနဲ့အဖေ အတူနေခွင့်မရခဲ့ဘူး၊ သားကို လာတွေ့ဖို့လဲ သားအမေက လက်မခံခဲ့ဘူးလေ"

အဖေက ငြိမ်သက်စွာ နားထောင်နေသော သူ့ကို တစ်ချက်ကြည့်ပြီး ...

"အခုမှ ဒီအခွင့်အရေးရလို့ အဖေလာခဲ့ရတာ၊ သားကို မမြင်မတွေ့ခဲ့ရပေမယ့် သား ဓါတ်ပုံလေးတွေ ကြည့်ပြီး အဖေချစ်ခဲ့တယ်၊ သားအတွက်ဆိုပြီး အမြဲထည့် စဉ်းစားခဲ့တယ်၊ အဲဒါ သားသိအောင် အဖေပြောပြတာပါ"

ခပ်မှန်မှန် ပြောပြနေသော်လည်း အဖေ့ အသံတွေ တုန်ခါနေပြီး မျက်လုံးတွေက နာကျင်သော အရိပ်အယောင် တွေ စွန်းထင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"သားက အဖေ့ကိုရှောင်နေတယ်လို့ သိရတော့ အဖေ စိတ်မကောင်းဘူး၊ အဖေ့ကို သားမတွေ့ချင်တာ ဘာ ဖြစ်လို့လဲဆိုတာ အဖေသိချင်တယ်၊ သား ပွင့်ပွင့်လင်းလင်း ပြောပါ၊ အဖေ စိတ်မဆိုးဘူး၊ အဖေ့ကို သား စိတ်နာ လား"

သူ့မျက်နှာကို စေ့စေ့ကြည့်၍ မေးလာတော့ ထိန်းထားရသမျှကို လွှတ်ပေးလိုက်မိသည်။

"ကျွန်တော် တစ်သက်လုံး နေလာပြီးမှ အဖေ တာ ရှိနေတယ်လို့ သိရတော့ ကျွန်တော် ခံစားရတာအမှန် အံ့သြတယ်၊ ဝမ်းလဲနည်းတယ်၊ စိတ်လဲနာချင်တယ်၊ ပြီးတော့ အမေ့ကိုလဲ သနားတယ်၊ ကျွန်တော် ထင်တယ်လေ"

"သား ဆက်ပြောပါ"

သူ စကားရပ်သွားတော့ အဖေက ဆက်ပြောဖို့ တိုက်တွန်းသည်။ သက်ပြင်းတစ်ချက်ရှိုက်မိရင်း ...

"ဖြစ်ပျက်ခဲ့သမျှတွေမှာ အဖေ့မှာ တာဝန်မကင်း ဘူးလို့ထင်တယ်၊ အမေနဲ့ ပတ်သက်ပြီး အဖေလျှော့တွက် သလိုပဲ"

အဖေက သူ့ကိုပြုံးကြည့်နေပြီး ...

"သားပြောတာ အဖေ စိတ်မဆိုးပါဘူး၊ ဖြစ်ပျက် ခဲ့သမျှတွေကိုလဲ အဖေဘာမှ မဖြေရှင်းချင်တော့ဘူး၊ အဖေ ရင်ထဲရှိတာ သားကိုအဖေ ချစ်တယ်ဆိုတာ သား နားလည် စေချင်တာပဲ"

အဖေ့ စကားကြောင့်တွေဝေစွာ အဖေ့ကို ငူငိုင်



ကြည့်နေမိသည်။ နှစ်ပေါင်းများစွာ ကွဲကွာနေရတဲ့ အချိန် မှာ အဖေ ဘယ်လိုခံစားနေခဲ့ရလဲ။ သူ့ကို စိတ်ကူးနဲ့မှန်း ပြီး အဖေ ချစ်ခဲ့ရတယ်တဲ့လားလေ။

အခုမှ သိခွင့်ရတဲ့ သူတောင် ခံစားရသေးလျှင် အရင်ကတည်းက သိနေခဲ့သော အဖေလည်း ခံစားရမှာပဲဟု တွေးမိလာသည်။

"သားကိုတွေ့ရတဲ့ခဏမှာ အဖေ့ကို သားနား မလည်မှာ လက်မခံနိုင်မှာ အဖေ အကြောက်ဆုံးပဲ၊ သား ဆီက ရင်းနှီးနွေးထွေးတဲ့ တုံ့ပြန်ချစ်ခင်မှုနဲ့ အသိအမှတ်ပြု လက်ခံတာကို အဖေ အလိုလားဆုံးပါပဲ"

အဖေ့ စကားတွေကြောင့် ရင်နာလွန်းစွာနှင့် ခေါင်းကို ငိုက်စိုက်ချထားလိုက်မိသည်။ ရင်နာဖို့ကောင်းလိုက်တာ အဖေ ရာဟု ရင်ထဲမှ ညည်းတွားနေမိသည်။

နွေးထွေးသော လက်တစ်ဖက်က သူ့ပခုံးပေါ် ကျ ရောက်လာတာမို့ ခေါင်းမော့ကြည့်လိုက်မိသည်။ မျက် ရည် သီဝဲ့သော အဖေ့ မျက်ဝန်းများနှင့်ဆုံတော့ သူ အလိုလို ငိုချင်လာရသည်။

"သား ဘယ်လိုခံစားရမယ်ဆိုတာ အဖေ နားလည် ပါတယ်ကွာ၊ သား နားလည်ထားဖို့က အခြေအနေမပေးလို့ ဘယ်လိုပဲ ဝေးကွာနေပေမယ့် သားအပေါ်မှာထားတဲ့ အဖေ့ မေတ္တာဟာ ဘယ်တော့မှလျော့ပါး မသွားဘူးဆိုတာပါပဲ"

"ကျွန်တော် နားလည်ပါတယ် အဖေ"

မျက်ရည်အပြည့်နှင့် အစွမ်းကုန်ပြုံး၍ ခေါင်းညိတ်

www.burmeseclassic.com

www.burmeseclassic.com



ပြနေသော အဖေ့ကို လှိုက်လှဲစွာပြောဖြစ်သည်။ အဖေ့လက်မှ နွေးထွေးမှုက သူ့ကိုယ်ထဲသို့ စိမ့်ဝင်ကာ နွေးထွေးလုံခြုံသွားစေသည်။

အဖေရှိနေသည်ကို သိရကတည်း ရှိနေသော ချစ်ခင်တွယ်တာမှုကို ဖုံးအုပ်ထားခဲ့သည့် စိတ်နာစိမ်းကားမှုများလည်း အဖေ့မေတ္တာခါတ်ကြောင့် အရည်ပျော်သွားကြတော့သည်။

ရစ်ဝဲနေသော မျက်ရည်များကြားမှ ကျေနပ်စွာပြုံးနေသော အမေ့မျက်နှာကို လှမ်းမြင်လိုက်ရသည်။ ရနိုင်သမျှ မေတ္တာနဲ့ ကျေနပ်ရောင့်ရဲနိုင်အောင် ကြိုးစားပါ့မယ် အဖေဟု စိတ်ထဲမှ ရေရွတ်လိုက်မိသည်။

"သားတို့စောင့်နေရတာ ပျင်းနေပြီလား"

"ရပါတယ် အဖေ၊ မပျင်းပါဘူး"

ဦးတင်ထွန်းနှင့် စကားပြောနေရာမှ အဖေက ဂရုတစိုက်လှမ်းမေးတာမို့ သူ ရယ်ရယ်မောမောနှင့် ပြေဖြစ်သည်။ အဖေက ခရီးထွက်တိုင်း သူ့ကိုလိုက်ခဲ့ဖို့ ပြောတာမို့ ကိုဇော်နှင့်လိုက်မည့် အစီအစဉ်ကို ဖျက်ပစ်လိုက်ရသည်။ ကိုဇော်ကလည်း မန္တလေးလာမည့် သူတို့သားအဖ



ကို တစ်ခါတည်း စောင့်ခေါ်ဖို့စီစဉ်ကာ ပြန်မည့်ရက်ကို ရွှေ့ပြီး သူတို့ဆီမှာပဲ သောင်တင်နေသည်။

"မင်းတို့ကိုကြည့်ရတာ ငါ့အရမ်း ဝမ်းသာတာပဲကွာ"

တစ်ဖက်ခန်းမှာ လှမ်းမြင်နေရသည့် အဖေ့ကို တစ်ချက်ကြည့်ပြီး ကိုဇော်က လှိုက်လှိုက်လှဲလှဲပြောလာသည်။ အဖေနှင့်သူ ပြေလည်သွားကြသည့်အကြောင်း ကိုဇော့်ကို ပြောပြတော့ ကိုဇော် ကျေနပ်ဝမ်းသာနေခဲ့ပြီး အဖေ့ကိုလည်း မြင်မြင်ချင်းပင် ရင်းနှီးခင်မင်သွားခဲ့သည်။

အဖေကလည်း သူ့ထက်ပင် စကားပိုသွက်နေသေးသော ကိုဇော့်ကိုလည်း သူ့လိုပင်ချစ်ခင်နေသည်။ အဖေသွားမည့် ခရီးတစ်လျှောက် သူတို့နှစ်ယောက်လိုက်ဖို့ အဖေစီစဉ်ထားသည်ကို သူတို့ကလည်း ကျေနပ်စွာပင် လက်ခံဖြစ်သည်။

"အဖေ့ကို စိတ်ချမ်းသာစေချင်တာပါပဲကွာ"

"မင်း နောက်တစ်ယောက်ကို စိတ်ချမ်းသာအောင် လုပ်ပေးဖို့ လိုသေးတယ် ဗိုလ်"

ကိုဇော့် စကားကြောင့် သူ တအံ့တသြ မျက်ခုံးပင့်ကြည့်လိုက်မိသည်။

"ဘယ်သူ့ကို ပြောတာလဲ"

"စဉ်းစားကြည့်ပေါ့"

ကိုဇော့်ကို မျက်မှောင်ကုတ်ကြည့်နေရင်းမှ သူ့မျက်နှာပေါ်မှ တင်းမာမှုများ တစ်စထက်တစ်စ ပျောက်ပါးလာရပြီး ခွေးမြေ့မှုများ အစားထိုးဝင်ရောက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်" ဟု ချစ်သူ့နှုတ်ဖျားမှ ခေါ်သံသဲ့သဲ့ကို နှလုံးသား၏ အနက်ရှိုင်းဆုံးနေရာမှ ပြန်လည်ကြားယောင်လာမိသည်။ ချစ်သူ့မျက်နှာလေးကို မြင်ယောင်မိသည့်အခိုက်တွင် ရင်ထဲ၌ ဘယ်လိုကြီးဖြစ်သွားမှန်းမသိ။ ထိုင်ရမလို ထရမလိုနှင့် အခံရခက်တာတော့ အမှန်။

မေ့နိုင်လို့ မေ့ထားတာမျိုးမှ မဟုတ်ဘဲ မေလေးရယ်။ မမေ့နိုင်ဘဲ ဖွတ်မေ့ထားခဲ့ရတာမို့ ကြာရှည်တော့ ဟန်ဆောင်နေနိုင်မယ် မထင်ဘူးလေ။

"မေဦးမိုး သနားပါတယ်ကွာ"

ကိုဇော်က လေးလေးနက်နက်ပုံစံနှင့် ပြောလာတော့ ရင်ထဲမှာ နင့်သွားရသည်။ အားငယ်တတ်တဲ့ချစ်သူ ဘယ်လိုခံစားရမယ်ဆိုတာ မောင် မတွေးမိဘဲ နေပါ့မလားကွယ်။

"ငါနဲ့ပြန်ပတ်သက်နေရင် သူ စိတ်ဆင်းရဲရမှာပေါ့"

"မထင်ပါဘူး"

သိပ်ပြတ်သားနေသော ကိုဇော့် ကိုစူးစိုက်ကြည့်မိရင်း ...

"အရင်ကတော့ သူ့အမေကိုလည်း စိတ်နာ၊ ငါ့ဘဝကိုလည်း စိတ်နာလို့ အားလုံးကို အဆက်ဖြတ်ပစ်ခဲ့တာပဲ၊ သူ့ကို မုန်းခဲ့တာမဟုတ်ဘူး၊ အခုတော့ သူ့ အမေကိုပဲ ကျေးဇူးတင်ရမလိုဖြစ်နေပြီ၊ သူ့ကြောင့် ငါ့ ဘဝအမှန်ကို သိရတာလေ"

"ဒါဆို မေဦးမိုးကို မင်းပစ်မထားသင့်တော့ဘူးကွာ"



"သူ့အမေက ငါနဲ့ ကြည်ဖြူနိုင်မှာမဟုတ်ဘူးကွ၊ ရှေ့လျှောက် သူ စိတ်ညစ်ရဦးမှာ၊ ပြီးတော့ ..."

စကားမဆက်ဖြစ်သေးဘဲ စီးကရက်ကို ဖိဖွာရင်း မေလေးအကြောင်း စဉ်းစားနေဖြစ်သည်။

"ပြီးတော့ ဘာဖြစ်လဲ"

"ပြီးတော့ သူလည်း မေ့ချင်မေ့နေလောက်ရောပေါ့"

သူ့ စကားအဆုံးမှာ ကိုဇော်က ရွတ်ဟားနေတာမို့ သူ ခပ်တင်းတင်းစောင့်ကြည့်နေဖြစ်သည်။

"မင်းရော သူ့ကိုမေ့လား"

သူ ခေါင်းခါပြလိုက်တော့ ကိုဇော်က ကျေနပ်စွာပြုံးပြီး ...

"အဲဒါဆို သူလည်းမမေ့ဘူး"

ကိုဇော့်ကို တစ်ခုခုပြောမည်ပြုပြီးမှ မပြောဖြစ်တော့ဘဲ တိတ်တဆိတ် ကြည့်နေမိသည်။ ဘာကယ်လည်း မမေ့ဘူးလို့ ယုံချင်တယ် မေလေးရယ်။

"ဟော့ကောင် ...ဖုန်းဆက်လိုက်ပါလား၊ သန်ဘက်ခါဆိုရင် ခရီးက သွားရဦးမှာ"

ကိုဇော်က အခန်းထောင့်မှဖုန်းကို မေးဆတ်ပြပြီး တိုက်တွန်း၍ ဆန္ဒရှိပြီးဖြစ်သော သူကလည်း မငြင်းချင်တော့။ ဖုန်းရှေ့မှ ခုံပုလေးတွင် ထိုင်ချလိုက်ပြီး ဖုန်းခွက်ကို ရင်ခုန်စွာမ,ယူလိုက်မိသည်။ ရင်းနှီးနေသော နံပါတ်ကို ခပ်သွက်သွက်ခေါ်လိုက်ပြီး မေလေးအသံလေးကို အရင်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ကြားပါရစေဟု တောင့်တလိုက်မိသည်။

"ဟဲလို"

ကြားသာရုံမျှ တိုးမျှင်စွာ ထွက်ပေါ်လာသော အသံလေးကြောင့် ကျေနပ်ကြည်နူးစွာ အစွမ်းကုန်ပြုံးလိုက်မိသည်။ တစ်ချိန်တည်းမှာပဲ သူ့ကို ချစ်သူလေး စိတ်များနာနေမလားဟု စိုးရိမ်ကြောင့်ကြနေမိသည်။ သူကပဲ တစ်ဖက်သတ် ပြတ်သားထားခဲ့သည်လေ။

"ဟဲလို"

အနည်းငယ် မာဆတ်သွားသော အသံကြောင့် သူ ရုတ်တရက် အသံမပြုမိ၍ သူမလေးစိတ်တိုသွားခြင်းဟု နားလည်လိုက်သည်။ အသက်ကို ပြင်းပြင်းရှူမိရင်း သူမ အမည်ကို ဖွင့်ဟခေါ်ဆိုလိုက်ဖို့ ခက်ခက်ခဲခဲ ကြိုးစားနေဖြစ်သည်။

"မောင်"

မယုံကြည်နိုင်လောက်အောင် ကြားလိုက်ရသော ခေါ်သံကြောင့် သူ့ တစ်ကိုယ်လုံး ကြက်သီးမွေးထ,မတတ် ကျေနပ်ကြည်နူးခြင်းနှင့်အတူ မျက်ရည်စ,တို့ မျက်ဝန်းမှာ ရစ်ဝဲလာရသည်။

"မေလေး"

"မောင်"

လှိုက်လှဲတုန်ခါနေသော အသံလေးကို နားထောင်ရင်း ဘယ်လို အခက်အခဲမျိုးကိုမဆို မေလေးအတွက် ရင်ဆိုင်မည်ဟု ဆုံးဖြတ်ချက်ချလိုက်မိသည်။ အခုအချိန်မှာ မေလေး



အမေ သိသွားမှာလည်း သူ မစိုးရိမ်တော့ပါ။ မေလေး အချစ်တွေ စူးရှပြင်းထန်နေသမျှ သူ့အတွက် ဘာတစ်ခုမှ စိုးရိမ်စရာ မရှိတော့။

"မေလေးကို တွေ့ချင်တယ်"

အတောင့်တဆုံး ဆန္ဒကို ထုတ်ပြောမိတော့ မေလေး က သက်ပြင်းမှျင်မှျင်ချသည်။

"မောင် နေကောင်းလားဟင်"

"ကောင်းပါတယ်၊ မေလေးရော"

ခဏ ခဏ ဖျားနာတတ်သော ချစ်သူအကြောင်း သတိရစွာ စိုးရိမ်မကင်းမေးမိသည်။

"အခုတော့ ကောင်းပါတယ်"

"မေလေးကို ပြောပြစရာတွေ အများကြီးရှိတယ်၊ နားထောင်မှာလား"

"နားထောင်မှာပေါ့"

ပကတိ ရိုးသားစွာ ဖြေလိုက်ပုံလေးက ရင်ထဲအထိ အေးချမ်းသွားစေသည်။

"မောင့်ကို စိတ်နာနေလား"

"မနာပါဘူး၊ ဝမ်းနည်းတာ တစ်ခုပါပဲ"

မသိမသာ ခါသွားသော အသံလေးကို နားထောင်ရင်း မေလေး ခံစားခဲ့ရမည့် ဝေဒနာတို့ကို နားလည်စာနာနေမိသည်။

"မောင်လဲ မေလေး လိုပါပဲကွာ၊ နားလည်စား"

"နားလည်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



လေးနက်မှုဖြင့် အရိုးဆုံးဖြေလိုက်သံလေးက နှလုံးသားထဲသို့ စူးနစ်သွားရသည်။ မင်းဟာ တကယ့်ကို ဖြူစင်သူလေးပါပဲကွယ်။

“အရမ်း တွေ့ချင်နေပြီ၊ ဘယ်တော့ တွေ့ရမှာလဲ”

“မောင်က ဘယ်နေ့လောက် အဆင်ပြေလို့လဲ”

“မနက်ဖြန်”

“ဒုက္ခပါပဲ”

သူ့လောလွန်း၍ မေလေးက စိတ်အိုက်ဟန်နှင့် ညည်းညူနေသည်။

“ဖြစ်နိုင်ရင် မနက်ဖြန်အထိတောင် မစောင့်ချင်တော့ဘူး”

မေလေးဆီ အပြေးသွားလိုက်ချင်စိတ်ကို ချုးနှိမ်ထားသည့်ကြားမှ ရင်ဖွင့်မိသည်။

“တကယ်ပြောတာ၊ မနက်ဖြန်တစ်ရက်ပဲ အားတယ်၊ နောက်နေ့ကျရင် ခရီးသွားရမှာ”

“ဟုတ်လား”

စိတ်ညစ်ညူးသွားဟန်နှင့် ညည်းညူ ရေရွတ်လိုက်ပြီး ဘာပြောရမှန်း မသိဟန်နှင့် ငြိမ်သက်နေသည်။

“ဒါဆိုလဲ မနက်ဖြန် တွေ့မယ်လေ”

ခဏကြာမှ ဆုံးဖြတ်ချက်ချလိုက်ဟန်နှင့် သဘောတူခွင့်ပြုလိုက်တာမို့ ပျော်ရွှင်ကျေနပ်သွားရသည်။

“မောင့် အသံကို တစ်ခါ ပြန်ကြားရပါဦးမလားလို့ စိုးရိမ်နေတာ၊ ဒါပေမယ့် မေလေးက မောင့်အချစ်ကို ယုံတယ်လေ၊ မေလေး အရမ်းဝမ်းသာတာပဲ”



သူမ အချစ်ကိုလျှော့တွက်ခဲ့မိသည့် ကိုယ့်ကိုယ်ကို နောင်တရမိသည်။ မင်းအပေါ် ကိုယ်ဘယ်တော့မှ အနိုင်မယူခဲ့သလို မင်းနဲ့ပတ်သက်ပြီး ကိုယ်လည်း ဘယ်တော့မှ ရှုံးမှာမဟုတ်ဘူးလို့ ယုံကြည်လိုက်ပြီး မေလေးရယ်။

“ဗိုလ် အန်ကယ်လ်က သွားရအောင်တဲ့”

အနားသို့လာပြောသော ကိုဇော့်ကို ခေါင်းညိတ်ပြလိုက်ရင်း နားထောင်၍ မဝသေးသော ချစ်သူအသံလေး ပျောက်ကွယ်သွားမှာ နှမြောနေမိသည်။

“မောင် အခု အချိန်မရတော့ဘူးကွာ၊ နောက်မှ အေးအေးဆေးဆေး ပြောမယ်နော်”

“ရပါတယ်”

“ဒါဆို ဒါပဲနော်”

တုံ့ဆိုင်းလေးကာန့်စွာ ဖုန်းချသွားပြီး သူ့ကို အသင့်စောင့်နေသည့် အဖေတို့ဆီလျှောက်သွားလိုက်သည်။ အိမ်မှအထွက်တွင် လက်မှ နာရီကို ဂရုတစိုက်ကြည့်ဖြစ်သည်။ တွေ့ရမယ့် မနက်ဖြန်အထိတောင် မောင် မစောင့်ချင်တော့ဘူး မေလေးရေ။

www.burmeseclassic.com

www.burmeseclassic.com

PIONEER ရှေ့တွင် ရန်ကားရပ်ပေးသည်နှင့် သွက်လက်စွာဆင်းဖြစ်သည်။ ရန့်ကို ကျေးဇူးတင်စွာ ပြုံးပြလိုက်ရင်း ...

"ရပြီရန်၊ ကျေးဇူးပဲ"

ရန်က ခေါင်းညိတ်ပြပြီး ကားဆက်မောင်းသွားတာမို့ မေလေး မျက်ဝန်းအစုံကို PIONEER ထဲသို့ ဝေ့ဝဲကျရောက်သွားရသည်။

"မောင်"

အအေးဆိုင်အဝတွင် ရပ်ကာ မေလေးကို စူးစိုက်ကြည့်နေသည့် မောင့်ကို တွေ့လိုက်ရ၍ နှုတ်ခမ်းလေးလှုပ်ရုံရေရွတ်လိုက်မိသည်။ ရှပ်အင်္ကျီအဖြူ လက်ရှည်ကို လက်ကြယ်သီးအပြည့်တပ်၍ ရေညှိရောင် ယောပုဆိုးနှင့်တွဲဖက်ဝတ်ဆင်ထားသော မောင့်ကို အထူးအဆန်းငေးစိုက်ကြည့်နေမိသည်။

"မေလေး လာလေ"

မေလေး ရှိရာသို့ လျှောက်လာပြီး ခေါ်မှ မေလေးခြေလှမ်းတွေရွေ့လျားဖြစ်သည်။ တိတ်တိတ်ဆိတ်ဆိတ်ရှိသောဆိုင်အတွင်းတွင် မေလေးတို့နှစ်ယောက် ထိုင်ဖြစ်ကြပြီး



တစ်ယောက်ကိုတစ်ယောက် ငေးစိုက်ကြည့်နေဖြစ်ကြသည်။

ပန်ကာလေကြောင့် လှုပ်ခတ်သွားသော မောင့်ဆံပင်လေးကိုကြည့်မိရင်း ရင်မှာ လှုပ်လှုပ်ခတ်ခတ်ဖြစ်လို့ လာသည်။ ဆံပင်ခွဲကြောင်းထိပ်မှ မှဲ့လေးကို နှစ်သက်စွာ စိုက်ကြည့်ရင်း ရစ်ဝဲလာသော မျက်ရည်စတို့ကို မျက်တောင်ဖိခတ်ဖယ်ရှားပစ်လိုက်ရသည်။

ထာဝစဉ် တောက်ပနေသော မောင့်မျက်ဝန်းတွေ စိုလက်နေတာမို့ မောင် ဘယ်လိုခံစားရမည်ကို နားလည်နေမိသည်။

"မင်းကို မောင် လုံးဝမခွဲနိုင်ဘူး"

တိုးတိတ်လွန်းသော မောင့်အသံက လေးနက်ခိုင်မာမှုနှင့် တုန်ခါလို့နေသည်။ ဖမ်းယူဆုပ်ကိုင်လာသော မောင့်လက်တစ်ဖက်ကို အားကိုးတကြီး ပြန်လည်ဆုပ်ကိုင်မိရင်း ရင်ထဲ၌ နွေးထွေးလုံခြုံသွားရသည်။ သွေးပျက်စရာကောင်းတဲ့ချစ်သူဝေးတဲ့ နေ့ရက်တွေ ကုန်ဆုံးပါရစေတော့လေ။

မောင့် အငွေ့အသက်တို့လွှမ်းခြုံ၍ နွေးနွေးထွေးထွေးရှိသော မောင့်ထံပါးမှ နောက်တစ်ကြိမ် ထပ်မံဝေးကွာဖို့ကိုလည်း မတွေးရဲတော့။ ဒီတစ်ခါဆိုရင်တော့ မေလေး ခံစားနိုင်မယ် မထင်ဘူးကွယ်။

"မေလေးကို မောင် တောင်းပန်ရဦးမယ်"

"ဘာကိုလဲ"

မောင်က မေလေး နဖူးပေါ်ချထားသော ကျစ်ဆံမြီး

www.burmeseclassic.com

www.burmeseclassic.com



လေးကို တို့ထိဆော့ကစားရင်း ခပ်ဖျော့ဖျော့ ပြုံးနေသည်။

“မောင် တစ်ဖက်သတ် ဆုံးဖြတ်ခဲ့တာကိုပေါ့”

“မေလေး နားလည်ပါတယ်”

“ဟုတ်ပါတယ်၊ မေလေးက စိတ်မနာလို့လဲ မောင် စိတ်မကောင်းဖြစ်မိတာ၊ နောက် ဘယ်တော့မှ ဘာအကြောင်း ကြောင့်ပဲဖြစ်ဖြစ် မေလေးကို မောင် ခွဲမသွားတော့ဘူး”

မောင့်မျက်နှာကို ကြည်နူးစွာကြည့်မိရင်း ယုံကြည် စွာ ခေါင်းညိတ်ပြလိုက်တော့သည်။

“မေလေး မောင့်ကို ယုံရဲသေးရဲ့လား”

စိတ်မချသလို မေးလာသော မောင့်ကိုကြည့်၍ ခပ်ဖွ ဖွပြုံးမိရင်း ...

“မေလေးက မောင့်ကို အမြဲတမ်း ယုံခဲ့တာပဲဟာ”

“မောင် ကံကောင်းတာပေါ့”

ကော်လာစကို မ,ပြရင်း ကျေနပ်ဂုဏ်ယူဟန်နှင့် ပြောတော့ မေလေး ရယ်မောနေလိုက်မိသည်။

“မောင်နဲ့မတွေ့ရတာ သုံးလပြည့်တော့မယ်”

ရက်တို့ကို တွက်ရေရင်း ပြောမိတော့ မောင်က နှုတ်ခမ်းတွန့်ရုံပြုံး၍ ခေါင်းညိတ်သည်။

“မောင်နဲ့ အခုလိုပြန်တွေ့ရဖို့ မေလေး မမျှော်လင့်ရဲ ခဲ့ဘူး”

“မောင်လေ မေလေးကို အမြဲလွမ်းနေတာပေါ့ကွာ”

မောင့်စကားကို နားထောင်နေရင်း မောင့်ကို မေးချင် နေသည့် မေးခွန်းတစ်ခုကို သတိရလာမိသည်။



မေမေပြောလိုက်သည့် စကားတို့အပေါ် မောင့် သဘောထားနှင့် မောင် စိတ်ပြောင်းလာရခြင်း၏ အကြောင်း ရင်းကို မေလေး သိချင်နေမိသည်။

“မောင် ပြောစရာရှိတယ်ဆို”

“ဟုတ်တယ်”

“ဘာအကြောင်းလဲဟင်”

စီးကရက် မီးညှိနေသော မောင့်မျက်နှာထား ခပ်တင်းတင်းကိုကြည့်ရင်း မောင့်ခံစားချက်ကို နားလည် နေမိသည်။

“မောင့်ဘဝအကြောင်း၊ ပြီးတော့ မောင်တို့ဘဝ ရှေ့ရေးတွေပေါ့ကွာ”

ထပ်မံမေးမြန်းလိုစိတ်ကို သိမ်းဆည်းပြီး မောင် ပြောလာမည့် စကားတို့ကို တိတ်ဆိတ်စွာ နားစွင့်နေ ဖြစ်သည်။

“မေလေး မေမေက မောင့်မိဘတွေအကြောင်း ပြောပြတယ် မဟုတ်လား”

“ပြောတယ် မောင်”

မောင့်ကို မညာချင်တာမို့ အမှန်အတိုင်းပဲ ဖြေဖြစ် သည်။ မောင်က နာနာကြည်းကြည်း ပြုံး၍ ...

“မေလေး မေမေကို မောင် ကျေးဇူးတင်ရမလို ဘဲ၊ မောင် မသိတဲ့ အကြောင်းတရားတွေ မေလေး မေမေ ကြောင့် သိခဲ့ရတာ”

မောင့်စကားကြောင့် အံ့သြလွန်းစွာ ငေးမော ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။

"ဟုတ်တယ်၊ အခုမှ မောင့်ဘဝအမှန်ကို သိရတာ"

အစီအစဉ်အလိုက်မဟုတ်ဘဲ အလျဉ်းသင့်သလို ပြောပြနေသော မောင့်စကားတို့ကို တိတ်တိတ်ဆိတ်ဆိတ် နားထောင်ရင်း မောင်နှင့်ထပ်တူ ခံစားနေရသည်။

"အခု ပထမဆုံးအကြိမ် တွေ့ခွင့်ရတဲ့ မောင့် အဖေ ရောက်နေတယ်လေ၊ မကြာခင် သူပြန်ရမှာပေါ့"

ရင့်ကျက်တည်ငြိမ်နေသော မောင့်မျက်နှာကို ကြည့်ကာ မောင့်ကို ဘယ်လို အားပေးနှစ်သိမ့်ရမှန်း မသိအောင် ဖြစ်နေရသည်။ ကြေကွဲစရာအဖြစ်တို့ကို မမျှော်လင့်ဘဲ ရင်ဆိုင်ကြုံတွေ့ခဲ့ရ၍ မောင် သိပ်စိတ်ထိခိုက်ခဲ့မှာ သေချာသည်။ ထိုအချိန်မျိုးမှာ မောင့်အနား၌ ရှိမနေခဲ့ခြင်းအတွက် စိတ်မကောင်းဖြစ်ရလွန်းသည်။

"အစတုန်းကတော့ ကိုယ့်ဘဝကြီးကို စိတ်နာမိသလိုပဲကွာ၊ နောက်တော့လည်း အခြေအနေမှန်ကို လက်ခံနိုင်လာတယ်၊ အတူတူနေခွင့်မရတဲ့ အဖေ့ကိုလည်း မောင် နားလည်လာတယ်။ ပြီးတော့ ကံကောင်းလို့ အတူနေခွင့်ရနေတဲ့ အမေ့ကို စိတ်မချမ်းသာအောင် ဘယ်တော့မှမလုပ်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်"

"မောင် မှန်ပါတယ်"

မောင့် ဆုံးဖြတ်ချက်ကို ကျေနပ်စွာ လှိုက်လှိုက်လှဲလှဲ ထောက်ခံလိုက်မိရင်း မေမေ့ကိုလည်း မောင့်အ



အမှန်အကြောင်း ပြောပြချင်မိသည်။

"မောင့်ကြောင့် ဘယ်သူ့ကိုမှ စိတ်မဆင်းရဲစေချင်တော့ဘူး၊ မေလေးကိုလည်း စိတ်မညစ်စေချင်ဘူး"

"မေလေး စိတ်မညစ်ပါဘူး"

မောင့်ကို ကမန်းကတန်းပြောလိုက်မိပြီး မိဘမေတ္တာကို အပြည့်အဝ မခံစားခဲ့ရရှာသည့် မောင့်ကိုတိုးလို့ ကြင်နာနေမိသည်။

"မောင့်အကြောင်းတွေ သိရတာ စိတ်ပျက်သွားပြီလား"

နှုတ်ခမ်းကို တင်းတင်းစေ့ရင်း ခေါင်းခါပြလိုက်တော့ မောင့်အပြုံးတွေ ဝင်းလက်သွားရသည်။

"မောင့်ကိုချစ်ရင် မေလေး မိဘအသိုင်းအဝိုင်းကြားမှာ မျက်နှာငယ်ရမှာ မောင် စိုးရိမ်တယ်"

"မောင့်မှာ ဘာအပြစ်မှ မရှိတာဘဲ၊ မောင့်ဘက်က မေလေး အမြဲရပ်တည်မယ်"

လေးနက်ခိုင်မာသော ချစ်ခြင်းတို့၏စွမ်းအားနှင့် အခက်အခဲ အတားအဆီးမှန်သမျှကို ဖြတ်ကျော်နိုင်ရမည်ဟု မေလေး ယုံကြည်မိသည်။

"မနက်ဖြန် ခရီးထွက်ရမယ်ဆိုတာ အဖေနဲ့ လိုက်သွားရမှာ၊ အခုတောင် သူတို့ ဒီကိုပြန်လာခေါ်ကြမှာ"

မောင်ပြောသမျှကို ခေါင်းညိတ်နားထောင်ရင်း မောင်တို့ သားအဖ၏ ကြေကွဲစရာအဖြစ်ကို တွေးတောစာနာနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မေလေးကို အဖေနဲ့မိတ်ဆက်ပေးရဦးမယ်၊ အဖေ မပြန်ခင်ပေါ့၊ အဖေ့ကို ကြွားမလို့"

ဟက်ကြွနေသော မောင့်ဆန္ဒကို မငြင်းပယ်လို၍ မေလေး အသာအယာ ပြုံးနေလိုက်မိသည်။

"မေလေးက အမေနဲ့လည်းတွေ့ချင်သေးတာ၊ မောင့်အမေက အရမ်းချီးကျူးဖို့ကောင်းကာပဲ"

"တွေ့ရမှာပေါ့၊ မောင် တစ်နေ့ခေါ်သွားမယ်"

နှစ်ဦးသား အနာဂါတ်အတွက် တက်ကြွပျော် ရွှင်စွာနှင့် သောကတို့ကို မေ့လျော့နေမိကြသည်။

"တီ တီ"

ဆိုင်ရှေ့မှဖြတ်၍ ဟွန်းတီးသွားသော ရန့်ကားကို တွေ့လိုက်ရတာမို့ မေလေး သက်ပြင်းမောလေးချဖြစ်သည်။

မောင်က နားလည်စွာနှင့် မေလေးကို နှစ်သိမ့်သလို ပြုံးပြပြီး မျက်မှန်ကောက်တပ်ကာ စားပွဲမှ အရင် ထသည်။ ကောင်တာမှာငွေရှင်းပြီး ဆိုင်ပြင်ထွက်ခဲ့တော့ မိုးက တဖွဲဖွဲ ရွာနေတာမို့ မောင်က မေလေးလက်ကိုဆွဲ၍ ရပ်စေသည်။

"ဖြစ်ပါ့မလား၊ မိုးစိုလို့ နေမကောင်းဖြစ်နေဦးမယ်"

"ဖြစ်ပါတယ်မောင်ရဲ့"

မောင့်လက်ကိုဆွဲကာ ခပ်လှမ်းလှမ်းတွင် ရပ်စောင့်နေသော ရန့်ကားရှိရာသို့ လျှောက်သွားလိုက်သည်။

"မောင် ခရီးက ပြန်ရောက်ရောက်ချင်း ဖုန်းဆက်လိုက်မယ်နော်"



ကားအနီးတွင်ရပ်၍ မောင်မှာကြားသည့် စကားကို ခေါင်းညိတ်ပြမိသည်။ မောင်က မေလေးမျက်နှာ နွမ်းနွမ်းကိုကြည့်၍ နှစ်သိမ့်သလိုပြုံးပြရင်း …

"မေလေးကို မောင် ဘယ်တော့မှ မခွဲတော့ဘူးဆိုတာ ယုံနော်"

မောင့်လက်ဖျားတို့ကို တင်းကျပ်စွာဆုပ်ကိုင် လိုက်မိရင်း ခေါင်းညိတ်ပြလိုက်သည်။ မေလေးဆံပင်တွင် ကပ်ငြိနေသော မိုးစက်မှုန်များကို လက်ညှိုးနှင့်တောက်ရင်း …

"အိမ်ရောက်ရင် ခြောက်အောင်သုတ်နော်၊ ကားပေါ်တက်တော့"

မောင်ကိုယ်တိုင် ဖွင့်ပေးသော တံခါးမှ ကားပေါ်တက်ထိုင်လိုက်ပြီး မောင့်ကို လက်တစ်ဖက်မြှောက်ပြ၍ နှုတ်ဆက်လိုက်သည်။ နောက်တစ်ကြိမ်ဆိုတာတော့ မရှိ ပါရစေနဲ့တော့ မောင်ရယ်။

တိတ်ဆိတ်နေသော ညအလှကို ငေးမောရင်း ခိုင်ထူး၏ ရွှေလည်တိုင်သီချင်းကို ခပ်တိုးတိုး ညည်းနေဖြစ်သည်။ မျက်လုံးအစုံမှိတ်၍ ငြိမ်သက်နေသော ကိုဇော့်ကို လှမ်းကြည့်မိရင်း …

"သတိရတယ်ကွာ"

"ပြောကြပေါ့ကွာ၊ မင်းတို့ကတော့ ပြောနိုင်သူတွေကိုး"

ကိုဇော်က မျက်လုံးမဖွင့်ဘဲ ရွတ်နောက်နောက် အော်ဟစ်နေတာမို့ ရယ်မောနေလိုက်မိသည်။ ယခုတစ်

www.burmeseclassic.com

www.burmeseclassic.com



ကြိမ်ပြန်ဆုံခွင့်ရပြီးနောက် ယခင်ကထက် မေလေးအပေါ် တိုးလို့ကြင်နာနေမိသည်။ အမြဲလိုလို သတိရနေတတ်သော စိတ်ကို ထိန်းချုပ်ဖို့ပဲ ပိုခက်၍လာသည်။

"တကယ်ပြောတာ"

ကိုဇော်က မျက်လုံးဖွင့်ပြီး သူ့ကို ဟားချင်ဟန် နှင့် ကြည့်လာသည်။ သူကလည်းသူပင်။ အရင်က တော်ရုံတန်ရုံ ကိစ္စမျိုးကို ထုတ်ပြောလေ့မရှိသော်လည်း အခုတော့ မေလေး နှင့် ပတ်သက်သမျှ အစစအရာရာ သတိတရ ပြောနေဖြစ် သည်လေ။

"သူ့ကို ငါ အဆုံးအရှုံးမခံနိုင်တော့ဘူး၊ အခုလို မသေမချာ အခြေအနေကြီးနဲ့လည်း ကြာရှည်ဆက်နေ နိုင်မယ် မထင်ဘူးကွာ"

"အဲဒါဆိုလည်း မြန်မြန်ယူလိုက်ကြပေါ့ကွာ"

ခပ်နောက်နောက်ပြောသော ကိုဇော့် စကားတို့ ကို မျက်မှောင်ကုတ်ကြည့်၍ ဟန့်တားဖြစ်သည်။

"ငါ သူနဲ့တွေ့ပြီးကတည်းက အမြဲတွေးနေမိတာ ရှိတယ်"

"ဘာလဲကွ"

ကိုဇော်က မှီလျှောထားသော ခန္ဓာကိုယ်ကို ပြန်မတ် ပြီး စိတ်ဝင်တစားမေးလာသည်။

"ငါ့ဘဝထဲကို သူဝင်လာဖို့ သူ့အတွက် ငါ အစွမ်း ကုန် ကြိုးစားရတော့မယ်ဆိုတာကိုပါ"

"ဘာကိုလဲ"



သိပ် နားမလည်ဟန်ဖြင့် မေးလာသော ကိုဇော့်ကို ကြည့်၍ မချိုစွာပြုံးလိုက်မိသည်။

"သူ့အမေက ငါ့ကို ကြည်ဖြူနိုင်မှာ မဟုတ်ဘူးကွ၊ ဒီကြားထဲက စွန့်စားပြီး ငါ့ဘဝထဲဝင်လာရမယ့် မိန်းကလေး ကို ငါ့အနေနဲ့ အကောင်းဆုံးမဟုတ်တောင် အတတ်နိုင်ဆုံး ပြည့်စုံအောင် ထားပေးရမှာပဲ"

"ဒါတော့ ဒါပေါ့ကွာ"

သက်ပြင်းတစ်ချက်ကို ရှည်ရှည်လျားလျားချ ဖြစ်ရင်း ...

"သူ့ အိမ်မှာ သူ့ကို လိုလေသေးမရှိ ပြည့်စုံအောင် ဖြည့်ဆည်းပေးထားတာ၊ ငါနဲ့နေတဲ့အခါ သူ့ကို စိတ်မချမ်း မသာမဖြစ်စေချင်ဘူး"

"မင်းနဲ့နေမှတော့ စိတ်ချမ်းသာမှာပေါ့ကွာ"

ကိုဇော်က ပေါ့ပေါ့ပါးပါး နှစ်သိမ့်သော်လည်း သူ မပျော်ရွှင်နိုင်။ မြတ်နိုးလွန်းရသော ချစ်သူလေးကို အကောင်း ဆုံးဘဝမှာပဲ ထားချင်သည်လေ။

"သူရှိလာမယ့် ငါ့ဘဝအတွက် ငါကြိုးစားရဦး မယ်"

ကိုဇော်က အလေးအနက်ပုံစံသို့ပြောင်း၍ သူ့ စကားကို ခေါင်းတညိတ်ညိတ်လုပ်နေသည်။ ပြီးမှ ...

"အဲဒီတော့ မင်းဘာလုပ်ချင်လဲ"

"ငါလည်း ဒါပဲအချိန်ပြည့်စဉ်းစားနေတာ

ကောင်းကင်ယံတွင် လင်းလက်နေသော ကြယ်လေး

www.burmeseclassic.com

www.burmeseclassic.com



များကို မော့ကြည့်ရင်း သက်ပြင်းတစ်ချက်ကို ခပ်ရှည်ရှည်ချဖြစ်သည်။

"သူ့ကို ငါအရမ်းချစ်တယ်၊ သူနဲ့အကွဲလည်းမခံနိုင်ဘူး။ ဒါပေမယ့် မသာယာတဲ့ဘဝမျိုးမှာတော့ သူ့ကို မထားချင်ဘူးကွာ"

ကိုဇော်က မှန်ချပ်များမှတစ်ဆင့် မြင်နေရသော ဓိမ်ခန်းတွင်းသို့ လှည့်ပြန်ကြည့်နေသည်။ သူတို့နှင့် ထိုင်စကားပြောနေရာမှ ကိစ္စရှိ၍ မှန်းသွားဆက်နေသော အဖေ့ကို ဓိမ်ခန်းတွင်းမှာ မြင်နေရသည်။

"မင်း အဖေကတောင် မင်းအကြောင်း မေးနေသေးတယ်"

"မင်းက ဘာပြောလိုက်လဲ"

"နည်းနည်းပါးပါးတော့ ပြောပြလိုက်တယ်ကွာ၊ ပြောသင့်တယ်ထင်တာပဲ"

"ငါပြောပြမှာပါ၊ မေလေးကို ငါ မခွဲနိုင်အောင် ချစ်မိနေပြီဆိုတာ ဝန်ခံချင်တယ်၊ သူ့လောက်ငါ့အပေါ် နားလည်နိုင်တဲ့ ချစ်သူရှာလို့ရတော့မှာ မဟုတ်ဘူးဆိုတာရော ပေါ့ကွာ"

ကိုဇော်က ဝမ်းသာအားရ လက်ဖျောက်တစ်ချက် တီး၍ ...

"ဟုတ်ပြီ၊ မင်းအဖေကို လိုက်တောင်းခိုင်းပေါ့ကွ၊ အဲဒါဆို အားလုံးပြေလည်သွားမှာ"

"ဒုက္ခမပေးချင်ပါဘူးကွာ၊ မေလေးအချစ်ကိုလည်း



ငါယုံပါတယ်"

"မဟုတ်သေးဘူးလေကွာ၊ လိုအပ်လာရင်တော့ အားကိုးရမှာပေါ့"

ကိုဇော်က တက်တက်ကြွကြွပြောနေ၍ သူခပ်လေလေးပင် ခေါင်းညိတ်ဖြစ်သည်။

"ဘာတွေပြောနေကြတာလဲကွ"

အဖေက သူတို့နှစ်ယောက်ကို ခပ်ပြုံးပြုံးကြည့်၍ မေးလာသည်။ အဖေ နေသားတကျ ထိုင်မိသည်အထိ ဘာမှ မပြောဖြစ်သော်လည်း ကိုဇော်ကတော့ စပ်ဖြဲဖြဲ လုပ်၍ ...

"သူ့ ကောင်မလေးအကြောင်း အန်ကယ်လ်"

"အဖေ မပြန်ခင် တွေ့ပေးပါဦးသားရဲ့"

အဖေ့ကို အရှက်ပြေပြုံး၍ ခေါင်းညိတ်လိုက်မိသည်။ မေလေးကိုတွေ့လျှင် အဖေသဘောကျလိမ့်မည် ဟုလည်း သူယုံကြည်နေမိသည်။

"သူ့ မိဘတွေနဲ့ အဖေတစ်ခါတည်း တွေ့သွားရရင် မကောင်းဘူးလား"

"ဟာ ...စောပါသေးတယ် အဖေ၊ မလိုသေးပါဘူး"

သူ ပျာပျာသလဲငြင်းဖြစ်တော့ ကိုဇော်က အဓိပ္ပါယ်ရှိစွာ လှမ်းကြည့်ပြီး ...

"ကောင်မလေးအမေနဲ့ ဗိုလ်နဲ့ သိပ်အဆင်မပြေဘူး အန်ကယ်လ်ရဲ့"

"ဟုတ်လား၊ ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



အဖေက စိတ်ဝင်တစားမေးလာပြီး ကိုဇော့်ကို မျက်ရိပ်ပြဖို့တား၍လည်း မရတော့။

"ဒီလိုပေါ့ အန်ကယ်လ်ရာ၊ ပတ်ဝန်းကျင်က ဟိုပြော ဒီပြော စကားတွေကိုယုံပြီး သူ့သမီးနဲ့ သဘောမတူဘူးဖြစ်နေတာ"

"ဟုတ်လား"

အဖေ့မျက်နှာ လေးနက်တည်ကြည်သွားပြီး စိတ်မကောင်းဟန်နှင့် သူ့ကိုလှမ်းကြည့်သည်။

ကိုဇော်က ဖြစ်ခဲ့သမျှအတိုချုပ်ပြောပြနေခိုက် သူ တိတ်တိတ်ဆိတ်ဆိတ်ပဲ နားထောင်နေလိုက်သည်။

"ကောင်မလေးကတော့ ဗိုလ့်ကို အရမ်းချစ်ပါတယ်"

"သား ဘာမှစိတ်မပူနဲ့၊ သားရဲ့ချစ်သူနဲ့ သား ဒီအကြောင်းကြောင့်တော့ မကွဲစေရပါဘူး၊ စိတ်ချပါ"

"စိတ်မပူပါဘူး အဖေ၊ အဖေလဲ စိတ်မကောင်းဖြစ်မနေပါနဲ့"

အဖေက ခေါင်းတညိတ်ညိတ်လုပ်ပြီး သူ့ကိုနားလည်သွားဟန်နှင့် ဘာမှ ထပ်မပြောတော့။ အတန်ကြာမှ ...

"အဖေပြောထားတဲ့ကိစ္စရော သား စဉ်းစားပြီးပြီလား"

"ဆုံးတော့ မဆုံးဖြတ်ရသေးဘူးအဖေ၊ ဒါပေမယ့် ကျွန်တော် သဘောတကျဖို့တော့ စိတ်ဝင်စားပါတယ်"

အဖေက သူ့ကို နိုင်ငံခြားထွက်၍ အလုပ်လုပ်လိုစိတ်



ရှိမရှိ မေးထားသည့်ကိစ္စကို သတိတရ ပြန်မေးနေသည်။

ကိုဇော်က ....

"အန်ကယ်လ်စီစဉ်ပေးမှာဆိုတော့ အဆင်ပြေသွားပဲ"

"အဖေ့ဘက်က လိုအပ်တဲ့အကူအညီတွေပေးမယ်။ သားဘက်ကလည်း ဒီမှာ လိုအပ်တာတွေပြည့်စုံအောင် လိုက်လုပ်ထားပေါ့၊ သဘောမလိုက်ချင်လည်း အဖေတို့နဲ့ ကုန်းပေါ်မှာနေလို့ရပါတယ်"

"လုပ်ဖြစ်ရင်တော့ သဘောပဲဖြစ်မှာပါ အဖေ"

အဖေ့ နောက်အိမ်ထောင်နှင့် နေလည်းမနေချင်။ နေလည်း နေတတ်မည်မဟုတ်၍ အဖေနှင့်နေဖို့ကိစ္စကို စောစောစီးစီးကတည်းက ခေါင်းထဲမှ ထုတ်ထားဖြစ်သည်။

"သား မြန်မြန်ဆုံးဖြတ်လေ၊ အဖေလဲ အချိန် သိပ်မရတော့ဘူး၊ လုပ်စရာရှိတာတွေ လုပ်ပေးခဲ့ရအောင်"

အဖေပြောကတည်းက ခေါင်းထဲမှာထည့်ထား ဖြစ်သောကိစ္စမို့ သိပ်တွေတွေဝေဝေတော့ မရှိလှပါ။ အမေ့ကို နောက်ဆံတင်းခြင်းနှင့် မေလေးနှင့် ခွဲခွာနေရမည့်အဖြစ်အတွက်ပဲ ရင်လေးနေရခြင်းဖြစ်သည်။

"ရန်ကုန်ပြန်ရောက်ရင်တော့ သား ဆုံးဖြတ်ပေါ့ ဟုတ်လား၊ အဖေကတော့ တတ်နိုင်သမျှ အစောနဲ့လုပ်ပေးမှာပဲ"

အဖေ့ကို ကျေးဇူးတင်စွာ ခေါင်းညိတ်ပြလိုက်ရင်း မေးခွန်းထုတ်နေဟန်ရှိသော ကိုဇော့် မျက်ဝန်းများကို အရိပ်ပြ

www.burmeseclassic.com

ဟန့်တားထားလိုက်သည်။ အဖေနှုတ်ဆက်၍ ပြန်ဝင်သွားမှ ကိုဇော်နှင့် မျက်နှာချင်းဆိုင် ထိုင်ပြောဖြစ်ကြသည်။

"ဘယ်လိုသဘောရလဲ ဗိုလ်"

"လုပ်ဖြစ်ဖို့များပါတယ်၊ ဒါပေမယ့် အမေက တစ်ယောက်တည်းကွ၊ ပြီးတော့ မေလေးနဲ့လဲ မခွဲချင်ဘူး"

ကိုဇော်က ခပ်ဖော့ဖော့ရယ်မောရင်း ...

"အခြေအနေအရတော့ ခဏခွဲနေရမှာပေါ့ကွာ၊ ဒါပေမယ့် ကောင်းသောအနာဂါတ်အတွက် အားပေးခွဲခွာခြင်းမျိုးပဲပေါ့၊ မင်း ခံနိုင်ရည်ရှိရမှာပေါ့"

ကိုဇော့် စကားကို ခေါင်းတညိတ်ညိတ်လုပ်၍ နားထောင်နေဖြစ်သည်။ ချစ်သူနှင့်ကွဲကွာနေရမည့် အရေးက လွဲလျှင် ဘာဘာကိုမှ မကြောက်ပါ။

"ငါ လုပ်ဖြစ်မှာပါ"

တိုတောင်းသော်လည်း လေးနက်သိပ်သည်းစွာ ပြောဖြစ်သော စကားအတွက် ကိုဇော်က ထောက်ခံအားပေးနေသည်။

"ညဉ့်နက်ပြီ၊ အိပ်ရအောင်ကွာ"

ကိုဇော်က ထိုင်ခုံတွေဘာတွေ ထသိမ်းနေတာမို့ သူလည်းနေရာမှ ထဖြစ်သည်။ အိပ်ရာထဲရောက်သည် အထိ ရှုပ်ထွေးနေသော အတွေးများနှင့် အိပ်မပျော်နိုင်။ မျှော်လင့်ချက်တစ်ခုတည်းနှင့် ချစ်သူကို ခွဲခွာနေဖို့ ခံနိုင်ရည်ရှိမရှိ မသေချာဘဲဖြစ်နေသည်။ အနာဂါတ်ကို မျှော်မှန်းကြည့်မိရင်း ရယူပိုင်ဆိုင်လိုသော အရာတစ်ခုအတွက် တစ်စုံတစ်ရာသော



အတိုင်းအတာအထိ ပေးဆပ်ရမည်ကိုတော့ နားလည်ထားမိသည်။

ရှိမြဲထက် ပိုမိုရှည်လျားနေပြီဖြစ်သော မောင့်ဆံပင်စလေးများကို မထိတထိ ဆွဲပူကြည့်နေမိရင်းက အနည်းငယ်ပင်ပန်းနွမ်းနယ်နေဟန်နှင့် သွေးရောင်လွှမ်းနေသော မောင့်မျက်နှာကို သတိပြုမိစွာ သနားကြင်နာနေမိသည်။ မေလေးမျက်နှာပေါ် ဝေ့ဝဲရောက်ရှိလာသော မောင့်အကြည့်များကို နူးညံ့စွာပြုံးပြဖြစ်ရင်း ...

"ဆံပင်တွေ ရှည်နေပြီ"

"ဟုတ်တယ်၊ အလုပ်များနေတာနဲ့ မညှပ်ဖြစ်တာ၊ နေတောင်မနေတတ်တော့ဘူး"

နောက် ဆံပင်များကို လက်နှင့်ပွတ်သပ်ကြည့်ရင်း စိတ်ပျက်ရယ်ချင်ဟန်နှင့် ခပ်ညည်းညည်းပြောနေသည်။ မောင့်ဖေဖေပြန်သွားပြီမို့ မောင် အလုပ်များရခြင်းအကြောင်းရင်းကို နားမလည်နိုင်သလို ဖြစ်ရသည်။

"မောင် ဘာတွေအလုပ်များနေတာလဲ"

မောင့်မျက်နှာက တစ်မျိုးဖြစ်သွားပြီး ... ရှက်စွာပြုံး

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



နေတာမို့ မေလေး စိတ်တွေ လှုပ်ရှားလာရသည်။

"ဘာတွေလဲမောင်"

မောင့်လက်ခုံပေါ်ကို အုပ်မိုးဆုပ်ကိုင်လိုက်မိရင်း ထိတ်လန့်စွာ မေးမိတော့ မောင်က ခပ်ဖွဖွပြုံးပြ နှစ်သိမ့်လာသည်။ ကြေကွဲရိပ်တွေ စွန်းထင်းနေသော မောင့်မျက်ဝန်းတွေကြောင့် မေလေး အသက်ရှူမှားလာသည်။

"မောင့်ကို ချစ်လား"

ဘာကြောင့်မေးမှန်း နားမလည်နိုင်သော်လည်း စိတ်အားထက်သန်နေသော မောင့်မျက်ဝန်းများကြောင့် လေးလေးနက်နက် ခေါင်းညိတ်ဖြစ်သည်။

"မောင်လဲ ချစ်တာပဲ"

မောင်က ခပ်တိုးတိုးပြောပြီး ရယ်မောနေတာမို့ မေလေး အံ့သြရယ်ချင်စွာနှင့် . . .

"အရူးကျနေတာပဲ"

"အတိအကျပဲ၊ အခု ရူးချင်နေတယ်"

ခပ်တည်တည်မျက်နှာထားနှင့် ပြောနေတာမို့ မေလေးမရယ်ရဲ။ အတန်ကြာ ငြိမ်သက်တိတ်ဆိတ်သွားသော မောင့်ဘေးတွင် နားလည်မှုနှင့် တိတ်ဆိတ်စွာ စောင့်စားနေဖြစ်သည်။ မောင့်အပေါ် နားလည်နိုင်ဆုံး ချစ်သူပဲမဟုတ်လားကွယ်။

"ကျုပ် ခင်ဗျားကို မခွဲနိုင်ဘူး၊ ခဏလဲ မခွဲချင်ဘူး"

မောင့် အခေါ်အဝေါ်တွေကို ကန့်ကွက်ဟန်ပြင်ပြီးမှ



ထိခိုက်နာကျင်ရိပ်တွေ စွန်းနေသော မောင့်မျက်ဝန်းတွေကြောင့် အလိုလို ဝမ်းနည်းလာရသည်။

"ဘာဖြစ်လို့ ခွဲရမှာလဲမောင်"

"အခြေအနေအရပေါ့"

"ဘာအခြေအနေလဲ"

အရေးတကြီး မေးနေမိသော မေလေးကို မကြည့်ဘဲ ပခုံးပေါ်မှ ဖြာကျနေသော ဆံနွယ်မျှင်မျှင်များကို တယုတယ ကိုင်တွယ်နေပြန်သည်။

"မောင့်ပတ်စ်ပို့ လျှောက်ထားတာ ကျတော့မယ်"

"ဘာရယ်"

ရုတ်တရက် နားမလည်လိုက်သော်လည်း နားလည်လိုက်သည့်အချိန်တွင် မေလေး အံ့သြတုန်လှုပ်သွားရသည်။ မောင် နိုင်ငံခြားထွက်ဖို့ ကြိုးစားနေသည် ဆိုတာလောက်တော့ အလွယ်တကူနားလည်နိုင်သည်ပဲ။ မေလေးကို အခုမှ သိခွင့်ပေးတာတော့ လျှို့ဝှက်တတ်လွန်းသော မောင့်အကျင့်ကြောင့်ပဲ ဖြစ်မည်ပေါ့။

"ဟုတ်တယ်၊ အဖေက သူ့ဆီလာပြီး အလုပ်လုပ်ချင်ရင် လုပ်ဖို့ပြောတယ်၊ အဲဒါမျိုးတော့ မလုပ်ချင်ဘူး၊ သင်္ဘောတက်ဖို့တော့ စိတ်ဝင်စားတယ်လို့ ပြောလိုက်တယ်၊ အဲဒါနဲ့ အဖေက ဒီမှာလုပ်စရာရှိတာတွေ လုပ်ထားဖို့ ပြောသွားတယ်"

"အဲဒီတော့ မောင်က သွားမယ်ပေါ့"

"အပျော်သွားတာမှ မဟုတ်ဘဲကွာ"

www.burmeseclassic.com

www.burmeseclassic.com



မောင့်မျက်နှာကို ငေးကြည့်နေရင်းက တစ်စုံတစ်ရာ ပြောလိုက်ဖို့ တုန့်ဆိုင်းစွာ ငြိမ်သက်နေမိသည်။

မေလေးနဲ့ အဝေးကြီးမှာခွဲပြီး အလုပ်သွားလုပ်မှာကို တားလိုက်ချင်ပေမယ့် မောင့်ကို နားလည်နေလို့ ပြောမထွက်ဘူးကွယ်။

"ရွေးစရာလမ်းကလဲ မရှိဘူး၊ ကျုပ်တည်သောက်ချင်တဲ့ ဘဝအတွက် ဒီလမ်းကိုပဲသွားရမှာပဲ၊ မတတ်နိုင်ဘူးလေ"

"ဒီမှာနေပြီး တစ်ခုခုလုပ်ရင်လဲ ရတာပါပဲ မောင်ရယ်"

မောင့်ကို လေပြေကလေးနှင့် ပြောမိသော်လည်း တင်းမာနေသော မောင့်မျက်နှာထားက သူဆုံးဖြတ်ချက်ကို ပြောင်းလဲတော့မည်မဟုတ်တာ သေချာနေသည်။

"မလွယ်ပါဘူးကွာ၊ သူများအကူအညီလဲ မယူချင်ဘူးကွ"

မောင့်စိတ်ဓါတ်ကို နားလည်နေတာမို့ မေလေး ထပ်မပြောရဲ။ မသွားပါနဲ့ဟု ပြောလိုက်ချင်သော်လည်း ပြောမထွက်။ မောင့်ကို နားလည်လွန်းလို့ ခက်သည်လေ။

"မောင် သိပ်သွားချင်လို့ သွားတာ မဟုတ်ဘူးဆိုတာတော့ နားလည်ပါကွာ၊ မောင်တို့နှစ်ယောက် ဘဝအတွက် မောင်ကြိုးစားချင်တယ်၊ ကြိုးစားတဲ့နေရာမှာလဲ မောင် စိတ်ဖြောင့်ချင်တယ်ကွာ"

မောင့်ကို မျက်ရည်အဝဲသားနှင့် ငေးမောကြည့်နေမိ



သည်။ တကယ်တမ်းခွဲရမည် မဟုတ်သေးသော်လည်း မေလေးကတော့ ကြိုတင် ရင်လေးနေမိပြီလေ။

"မေလေးကို မောင်မခွဲချင်ပါဘူး၊ ဒါပေမယ့် အချိန်အတိုင်းအတာ တစ်ခုအထိတော့ ခွဲရမှာပဲ၊ အဲဒါကို မေလေး နားလည်စေချင်တယ်"

"နားလည်ပါတယ်၊ နားလည်လို့ပဲ မသွားပါနဲ့လို့ မေလေး မပြောတာ၊ ဒါပေမယ့် မောင်ရယ်"

ဝမ်းနည်းထိခိုက်စွာနှင့် ခေါင်းငုံ့ချလိုက်မိတော့ မောင်က မေလေး ဆံစလေးများကို မထိတထိ နမ်းရှိုက်ကာ နှစ်သိမ့်ရှာသည်။ ရင်ထဲမှာ တင်းကျပ်ဆို့နင့်နေမှုတွေ ပြေပျောက်သွားအောင် မောင့်ပခုံးမှာ မျက်နှာအပ်ကာ ငိုချလိုက်ချင်သော်လည်း မောင် စိတ်မကောင်းဖြစ်မှာ စိုးရိမ်မိ၍ ထိန်းချုပ်ထားရသည်။

ခက်ခဲလိုက်တာ မောင်ရယ်။

"မေလေးကို မောင်က စိတ်မချတာ"

"စိတ်ချပါ၊ မောင်သာ အဝေးကြီးမှာ ပင်ပင်ပန်းပန်း သွားလုပ်ရမှာ"

"မောင်က ယောက်ျားပဲကွာ၊ ဂရုစိုက်စရာမလိုပါဘူး"

သက်ပြင်း ငွေ့ငွေ့ချမိရင်း မောင့်လက်ချောင်းလေးတွေကို ငေးစိုက်ကြည့်နေမိသည်။ ဒီလက်ချောင်းလေးတွေနဲ့ မေလေးတို့နှစ်ယောက်အတွက် ဘဝလမ်းကို ဦးဆောင်ခေါ်ယူသွားမယ်လို့ ယုံကြည်မိပါရဲ့မောင်။

www.burmeseclassic.com

www.burmeseclassic.com



"သွားကြရအောင်နော်"

မေလေးတို့နှစ်ယောက် ဆုံနေကျ မောင်တို့ အိမ် နားကဆိုင်မှ မှတ်မိနေပြီဖြစ်သော ဆိုင်ရှင် ဦးလေးကြီးကို နှုတ်ဆက်ကာ ထွက်ခဲ့ကြသည်။ ဗိုလ်က ထူးထူးခြားခြား စက်ဘီးယူလာတာမို့ စက်ဘီးကိုတွန်း၍ လျှောက်လာခဲ့ ကြရင်း ...

"မေလေး နောက်ကတက်ကွာ၊ မောင်နင်းမယ်"

"ဖြစ်ပါ့မလား"

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ"

ဗိုလ်က ပြောပြောဆိုဆို စက်ဘီးပေါ်တက်ကာ ဘီးလိမ့်ရုံနင်းသွားတာမို့ မေလေးနောက်မှ အပြေးလိုက်ရင်း ကယ်ရီယာပေါ် တက်ထိုင်လိုက်သည်။

"မေလေးကိုယ်က ပေါ့ပေါ့လေး"

ဗိုလ်က ခပ်မြန်မြန်ဖိနင်းကာ ပြောတော့ ဗိုလ့် ကျောပြင်ပေါ် မျက်နှာအပ်၍ ရယ်မောနေမိရင်း သောက တို့ကို မေ့လျော့နေမိပြန်သည်။

"မောင် တကယ်လို့ထွက်ဖြစ်ရင် ဘယ်တော့ လောက် ဖြစ်မလဲဟင်"

"မပြောတတ်သေးဘူးကွာ၊ ပတ်စ်ပို့ကျပြီးရင်တော့ သင်တန်းနှစ်ပတ်တက်ရဦးမယ်၊ နောက်ပိုင်း အလုပ်တွေကလည်း ရှုပ်နေတော့မှာ"

တွေ့ရသည့်အချိန်လေးတွေက နည်းပါးလွန်းရသည့် အထဲ မောင်က အလုပ်ရှုပ်ဦးမှာမို့ ပိုဆိုးတော့မည်ဟု တွေးကာ



သက်ပြင်းငွေ့ငွေ့ချဖြစ်ပြန်သည်။

လူရှင်းသော အလုံလမ်းဖက် လျှောက်နင်းလာရင်း နှစ်ယောက်သား စကားမပြောဖြစ်ဘဲ တိတ်ဆိတ်နေမိကြ သည်။ သီချင်းတစ်ပုဒ်ကို လေချွန်နေသော မောင့်အသံကို နားထောင်ရင်း ဒီလိုအချိန်လေးတွေ ကုန်ဆုံးသွားမှာ စိုးရိမ် နေမိသည်။

"မိုးဖွဲတွေ ကျလာပြီ၊ မေလေး ခေါင်းတွေ စိုကုန် တော့မှာပဲ"

လေနှင့်အတူ မိုးစက်များတဖွဲဖွဲကျလာတာမို့ ဗိုလ်က စက်ဘီးကို ဖိနင်းရင်း ပူပူပင်ပင်ပြောလာသည်။ မေလေးက တော့ တိုးဝှေ့နေသောလေကြောင့် ဆံပင်တွေ တလွင့်လွင့်နှင့် မျက်နှာပေါ် မိုးစက်မှုန်များ ထိမှန်နေမှုကို နှစ်သက်ပျော်မြူး နေမိသည်။

"ဖြည်းဖြည်းနင်းပါ မောင်ရဲ့"

"ဟာ ...မဖြစ်ဘူး၊ ခင်ဗျားလေး မိုးစိုပြီး ဖျားလိမ့် မယ်"

အနီးဆုံး လက်ဖက်ရည်ဆိုင် တစ်ဆိုင်သို့ ဝင်ထိုင်ဖြစ် ကြပြီး မောင်က သူ့ လက်ကိုင်ပဝါကို ထုတ်ပေး၍ ...

"ခေါင်းသုတ်ပစ်လိုက်"

"ရပါတယ် မောင်ရဲ့"

မောင် ကျေနပ်အောင် ဆံပင်ပေါ်မှ မိုးစက်တွေကို သုတ်ပစ်ရင်း မိုးတွေရွှဲနေသော မောင့်မျက်နှာကို ခပ်ငေးငေး ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မလွယ်ပါဘူးကွာ၊ ခင်ဗျားလေးကို ကျူပ် တစ်စက်မှ စိတ်မချဘူး"

မေလေးကို မကြည့်ဘဲ ခပ်ညည်းညည်း ရေရွတ်နေသော မောင့်ကိုကြည့်ကာ ကြည်ကြည်နူးနူး ပြုံးနေလိုက်မိသည်။ အပြင်ဘက်မှာ မိုးသည်းလာပြီမို့ မောင့်အနားသို့ တိုးကပ်ထိုင်လိုက်ရင်း ငုံ့ကြည့်လာသော အကြင်နာမျက်ဝန်းများကြောင့် ရင်ထဲမှာ နွေးထွေးလုံခြုံသွားရသည်။ မောင်မရှိဘဲ ရပ်တည်နေနိုင်ဖို့ကိုတော့ မေလေး မစဉ်းစားရဲပေမယ့် မောင် အမြဲရှိနေမယ့် အနာဂတ်အတွက် ရင်ဆိုင်နိုင်စွမ်းအားရှိအောင်တော့ ကြိုးစားရမှာပါပဲလေ။

အမေ အခန်းထဲသို့ ဝင်လာမှန်း သိလိုက်၍ မျက်လုံးဖွင့်ကြည့်လိုက်မိသည်။ စောစောပိုင်းက သည်းထန်နေခဲ့သော မိုးပင် တိတ်သွားပြီမို့ သူ တော်တော်အိပ်ပျော်သွားတာပဲဟု သတိပြုမိလိုက်သည်။

"သား ...နိုးပြီလား၊ အောက်မှာ သားသူငယ်ချင်းရောက်နေတယ်"

ခပ်စပ်စပ်ဖြစ်နေသော မျက်လုံးများကို ဖွင့်ချည်



ပိတ်ချည်လုပ်ရင်း မျက်မှောင်ကုတ်လိုက်မိသည်။

"ဘယ်သူလဲအမေ"

"မသိဘူး သား၊ ရန်စိုးမိုးလို့ပြောတယ်"

အမေ့စကားကြောင့် ဗိုလ် ကမန်းကတန်း ထ ထိုင်လိုက်မိပြီး စိတ်ထဲမှာလည်း ပူပူပင်ပင် ဖြစ်သွားမိသည်။ ရန်စိုးမိုးလာသည်ဆိုလျှင် မေလေးနှင့် ပတ်သက်နေ၍ပဲ ဖြစ်မည်ပေါ့။

"ဖြည်းဖြည်းဆင်းလေ၊ မတော်တဆ လိမ့်ကျနေဦးမယ်"

အခန်းထဲမှ အမြန်ဆုံးထွက်၍ လှေကားကို ပြေးဆင်းခဲ့တော့ အမေက စိတ်မချစွာ လှမ်းပြောနေသည်။ မျက်နှာဝင်သစ်ပြီး ရေမခြောက်တခြောက်နှင့်ပင် အိမ်ရှေ့သို့ ထွက်လာခဲ့မိသည်။

"မေလေး ပါလာတယ်"

သူ့ကိုမြင်သည်နှင့် ရန်စိုးမိုးက ထ ရပ်ပြီး တိုတိုတုတ်တုတ် အသိပေးသည်။ သူလည်း အရမ်းတွေ့ချင်နေသည့်အချိန်မှာ မေလေး လိုက်လာတာမို့ ကျေနပ်ပျော်ရွှင်သွားရမှုကို မဖုံးကွယ်နိုင်ဘဲ ပြုံးလိုက်မိသည်။ ရန်စိုးမိုးက ...

"ကျွန်တော် ကားပေါ်ကပဲ စောင့်မယ်နော်"

"ဘယ်မှာလဲ၊ လမ်းထိပ်မှာလား"

"ဟုတ်တယ်"

ရန်စိုးမိုး ပြန်ထွက်သွားသည်နှင့် ရေအမြန်ချိုးကာ အခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။ အင်္ကျီကွေ့ရှင်ဖွပ်းနေသော

www.burmeseclassic.com

www.burmeseclassic.com



အမေက မျက်လုံးပြူးကြည့်ပြီး …

"အဖျားက ပျောက်သေးလို့လား သားရယ်၊ သွားခါနီးလာခါနီး ပြန်ဖျားနေဦးမယ်"

"ပျောက်ပါပြီ အမေရာ၊ လူက နုံးနေလို့ လန်းသွားအောင်ပါ"

အဝတ်အစား မြန်မြန်ဆန်ဆန်လဲပြီး ဆိုင်ကယ်သော့ယူကာ အမြန်ဆုံး ထွက်လာခဲ့သည်။ အမေ့ကိုတော့ အပြင်သွားမည်ဟု ပြောထားခဲ့သည်။

လမ်းထိပ်တွင်ရပ်ထားသော ရန်နိုင်မိုး ကားဘေးတွင် အရှိန်လျှော့ရပ်လိုက်ပြီး ကားထဲမှ ချစ်သူ့မျက်နှာကို ရှာဖွေကြည့်လိုက်မိသည်။

"တက်လေ"

မေလေး ဆင်းလာပြီး သူ့ဘေးမှာလာရပ်သည်နှင့် ဆိုင်ကယ်ပေါ် တက်ခိုင်းလိုက်သည်။ ထွက်သွားသော ရန်နိုင်မိုးကားနောက်မှ မောင်းလာရင်း ပခုံးပေါ်တင်ထားသော ချစ်သူလက်များတို့မှ နွေးထွေးမှုကြောင့် ပင်ပန်းနွမ်းနယ်မှုတွေ ပြေလျော့ပျောက်ကွယ်သွားသလို ခံစားမိသည်။

"ဘာဖြစ်လို့ လိုက်လာတာလဲ"

"စိတ်ပူလို့ပေါ့၊ မောင်နေမကောင်းဘူးဆိုတော့ အရမ်းစိတ်ပူသွားတယ်"

ကျေနပ်စွာ ပြုံးလိုက်မိရင်းက ပြောစရာရှိသော စကားတို့အတွက် ကြိုတင်ရင်လေးနေမိသည်။

"အဝေးကြီးမသွားနဲ့နော်၊ မိုးပြန်မိနေဦးမယ်"



"အင်းပါ"

မေလေးနှင့် အေးအေးဆေးဆေး စကားပြောချင်တာမို့ ပြည်သူ့ဥယျာဉ်ထဲ သွားထိုင်ဖြစ်ကြသည်။

သစ်ရွက်ကြွေများ ဖုံးလွှမ်းထားသော မြေပြင်ကို ငေးမောကြည့်နေမိရင်း သူ နှုတ်ဆိတ်ငြိမ်သက်နေမိသည်။ ရင်ထဲမှာ လေးလံဖိစီးနေတဲ့ သောကတွေ ဝေမျှမခံစားစေချင်ဘူး မေလေးရယ်။

"မောင်နဲ့ မတွေ့ရတာလဲ ကြာနေပြီ၊ ပြီးတော့ မောင်ဖျားတယ်ဆိုလို့ မေလေး အရမ်းစိတ်ပူသွားတာပဲ၊ ဒီနေ့တော့ ရန် ရောက်လာတာနဲ့ ရန့်ကို လိုက်ပို့ခိုင်းရတာ"

မေလေးက သူ့မျက်နှာကို ငုံ့ကြည့်ရင်း တတွတ်တွတ် ပြောနေသမျှ သူ တိတ်တိတ်ဆိတ်ဆိတ် နားထောင်နေဖြစ်သည်။

"ဘယ်လိုနေသေးလဲဟင်"

သူ့လည်တိုင်ကို ယိုကပ်လာသော လက်ကလေးကို ဆွဲယူ၍ မေလေးမျက်နှာကို စူးစိုက်ကြည့်မိသည်။

"တွေ့ချင်နေတာနဲ့ အတော်ပဲကွာ"

အလုပ်တွေရှုပ်နေ၍ မေလေးနှင့်မတွေ့နိုင်တာမို့ သူ ဖုန်းပဲ လှမ်းဆက်ဖြစ်သည်။ မေလေးနှင့်တွေ့ဖို့ စီစဉ်ထားသော ရက်တွင်လည်း သူက ဖျားနေတာမို့ မလာနိုင်ကြောင်း [illegible] အကြောင်းကြားလိုက်၍ မေလေး စိတ်ပူပြီး လိုက်လာရခြင်း ဖြစ်သည်။

"မောင် နေကောင်းရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



သူမကို နှစ်သိမ့်သလို ပြုံးလိုက်ရင်း …

"ကောင်းသွားပါပြီ၊ မကောင်းလို့လဲ မရဘူးကွ၊ လုပ်စရာတွေရှိတယ်"

"မောင် ပင်ပန်းနေပြီလား"

"ခံနိုင်ပါတယ်ကွာ"

သူမ မျက်နှာကိုမကြည့်ဘဲ အဝေးသို့ ငေးစိုက်ကြည့်ရင်း အံကို မသိမသာ ကြိတ်လိုက်မိသည်။

"တက်ရမယ့်သင်္ဘော သိပြီ သိလား"

"အဲဒီတော့"

သူမကိုယ်လေး တောင့်ခနဲ ဖြစ်သွားမှုကို သူ ခံစားသိရှိလိုက်ရသည်။ အားငယ်ဝမ်းနည်းနေရှာမည့် သူမမျက်နှာကို မကြည့်ရက်စွာ မျက်နှာလွှဲထားဖြစ်သည်။ ကိုယ်တိုင်ခံစားရမယ့်အရေးကို မေ့လျော့ပြီး မင်းလေးအတွက်ပဲ ထည့်စဉ်းစားနေမိတာ မင်းကို သိပ်ချစ်လို့ပဲ မေလေးရယ်။

"သင်္ဘောရောက်မယ့်ရက်ကို စောင့်ရမှာပဲ၊ မြန်လိမ့်မယ်ပြောပါယ်"

"ဘယ်လောက်မြန်မှာလဲ"

စိုးရိမ်ပူပန်မှုနှင့် တုန်ခါနေသော သူမ အသံလေးက သနားကြင်နာစရာ ကောင်းလွန်းနေသည်။

"တစ်ပတ်၊ အလွန်ဆုံးနှစ်ပတ်ပေါ့"

"သိပ်နီးနေပြီပေါ့နော်"

သူမကို တစ်စုံတစ်ရာမပြောဖြစ်ဘဲ သက်ပြင်းတစ်ချက်သာ လေးလေးလံလံချဖြစ်သည်။ သူ့ပခုံးပေါ် ခေါင်း



လေးမှီကာ ဝမ်းနည်းငြိမ်သက်နေသော သူမ ဆံနွယ်လေးများကို မြတ်နိုးစွာ နမ်းရှိုက်လိုက်မိသည်။

"ကိုဇော်ကိုလည်း ဖုန်းဆက်ခေါ်လိုက်ပြီ၊ သူလာတော့ ပိုအဆင်ပြေတာပေါ့"

အခုတလော မျက်နှာမကောင်းရှာသော အမေ့ကိုလည်း သတိရမိပြီး …

"အမေတစ်ယောက်တည်း နေခဲ့ရမှာကိုလဲ စိတ်မချဘူးကွာ"

မေလေးထံမှ စကားတစ်စုံတစ်ရာ ထွက်မလာတာမို့ သူ ခေါင်းငုံ့ကြည့်လိုက်မိသည်။

"မေလေးရယ်"

အသံမထွက်ဘဲ တိတ်ဆိတ်စွာ မျက်ရည်ကျနေသော ချစ်သူလေးကို ထိခိုက်လွန်းစွာ ရေရွတ်ညည်းညူလိုက်မိသည်။

"ဘာဖြစ်လို့ ငိုရတာလဲကွာ"

မျက်ရည်စိုနေသော ပါးပြင်လေးကို လက်ချောင်းများဖြင့် တို့ထိမိရင်း ရင်မှာလည်း ထိန်းချုပ်မရအောင် တလှပ်လှပ်ခါလာရသည်။

"မင်းလေးကို မောင်ဘယ်လိုလုပ် စိတ်ချထားခဲ့ရမလဲကွာ"

"မောင် စိတ်ညစ်သွားပြီလား"

သူ့ မျက်နှာကို ခပ်မော့မော့လေးကြည့်ပြီး တိုးဖျော့စွာမေးလာသော သူမလေးကို ခေါင်းခါပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်တာမဟုတ်ဘူး မေလေးရယ်။ ချစ်သူတွေ ဝေးကွာဖို့ဖန်တီးလာတဲ့ အခြေအနေကြီးကိုပဲ စိတ်ပျက်နာကြည်းမိတာ။

"ရက်တရက်မို့ မေလေး ဝမ်းနည်းသွားလို့ပါ မေလေး နားလည်ပါတယ်၊ ခံနိုင်ရည်ရှိအောင်လဲ ကြိုးစားပါ့မယ်"

သူမကိုယ်သူမ အားတင်းထိန်းချုပ်ထားသည့် ပုံစံလေးနှင့်ပြောလာသော ချစ်သူကို ကြေကွဲစွာ စူးစိုက်ကြည့်နေမိသည်။ သူ့အပေါ် ချစ်နိုင်လွန်းပြီး အားငယ်တတ်သူလေးမို့လည်း တွေဝေလေ့မရှိသောသူ ဒီတစ်ခါတော့ စိတ်မပြတ်သားနိုင်ရဘဲ ဖြစ်နေရခြင်းဖြစ်သည်။

"မောင်လဲ ကျန်းမာရေးဂရုစိုက်နော်၊ အချိန်မှန်မှန်လဲစား၊ မောင့်ကို သတိပေးရုံကလွဲလို့ မေလေးက ဘာမှ တတ်နိုင်တာမဟုတ်ဘူး"

"မေလေးအချစ်တွေက မောင့်ကို ကူညီနေတာပေါ့"

သူ့စကားကြောင့် မေလေးက ပခုံးမှာမှီနွဲ့ရင်း ခပ်ဖွဖွပြုံးနေသည်။ အုံ့မှိုင်းလာသော မိုးသားတိမ်လိပ်များနှင့် လေခပ်ပြင်းပြင်း တိုက်ခတ်လာမှုကြောင့် မကြာမီ မိုးရွာတော့မည်ဟု နှစ်ယောက်စလုံး သတိထားမိလာသည်။

"ပြန်ကြရအောင်နော်၊ တော်ကြာ မိုးမိရင် မောင် ပြန်ဖျားနေလိမ့်မယ်"

အကြင်နာပါသော သူ့စကားကို မငြင်းရက်တာမို့



လေးလံတဲ့နှေးစွာ ပြန်ဖို့ပြင်မိသည်။

အပြန်လမ်းတစ်လျှောက်လုံး တိတ်ဆိတ်လာခဲ့ကြပြီး လမ်းထိပ်တွင် ရန်စိုးမိုး ကားမရောက်သေးတာမို့ ခဏစောင့်ရင်း ရပ်စကားပြောနေဖြစ်ကြသည်။

"မောင် ဖုန်းဆက်ဦးလေ"

"အကြောင်းထူးရင် ဆက်လိုက်မယ်လေ"

မေလေး မေမေကို ရှောင်ရှားရသေးတာမို့ မလွတ်လပ်သောဖုန်းကို သူမပြောချင်။

"ဖုန်းမဆက်ချင်ဘူးကွ၊ ဖုန်းဆက်လို့ အသံကြားရပြီး လူကို မတွေ့ရတော့ ပိုဆိုးတယ်"

သူ့ ခံစားချက်ကိုပြောတော့ မေလေးက အတင်းအကျပ်မတောင်းဆိုဘဲ နားလည်မှုရှိသော မျက်ဝန်းလေးများနှင့် ကြည့်နေသည်။ လှပလွန်းသော မျက်ဝန်းနက်နက်လေးများကို စူးစိုက်ကြည့်မိရင်း အထီးကျန်ဆန်မည့် နေ့ရက်များအတွက် ကြိုတွေးရင်နာနေမိသည်။ ကိုယ် လှမ်းကြည့်လိုက်တဲ့ နေရာတိုင်းမှာ ဒီမျက်ဝန်းလေးတွေက အားပေးစောင့်ကြည့်နေပါကွယ်။

ရန်စိုးမိုး ကားရောက်လာ၍ နှုတ်ဆက်လိုက်ပါသွားသော မေလေးကို အတန်ကြာ ရပ်တန့်ငေးမောနေမိပြီးမှ နွမ်းလျသော စိတ်အစဉ်နှင့်အိမ်ပြန်လာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အပြင်ဘက်မှာ သည်းသည်းထန်ထန် ရွာသွန်းနေသော မိုးကို ငေးကြည့်ရင်း ရင်မှာ စိုးရိမ်သောကတို့နှင့် ပူလောင်နေရသည်။ မိုးစက်မှုန်များ လာရောက်ထိမှန်နေမှန်း သိသော်လည်း နေရာကို မရွှေ့ဖြစ်။ မေလေး လာမည့်လမ်းကို အလွယ်တကူ မြင်ရသည့်နေရာပဲ စောင့်ကြည့်နေချင်သည်လေ။

မိုးတွေ သိပ်ရွာနေ၍ သူမ လာဖို့ အခက်ပြေပါ့မလား ဟု စိုးရိမ်စွာနှင့် မိုးတွေကြားမှ ရောက်ရှိလာမည့် သူမ ပုံရိပ်ကလေးကို မျှော်လင့်ရင်းရင်မောရသည်။ မလာဖြစ်လို့ကတော့ သူဘယ်လိုမှ နေလို့ထိုင်လို့ရမည် မဟုတ်တော့။ ခွဲခွာဖို့နောက်ဆုံးအချိန်တွင် ဒီတစ်ရက်ပဲ အေးအေးဆေးဆေးတွေ့နိုင်တော့မည်လေ။ သိပ်ကို နီးကပ်နေပြီဖြစ်သော ရက်တို့ကြားမှာ နောက်ထပ်ချိန်းဆိုဖို့ဆိုတာ မဖြစ်နိုင်တော့။ သက်ပြင်းတစ်ချက်ချမိရင်း စီးကရက်တစ်လိပ်ကို မီးညှိလိုက်မိပြန်သည်။ ဆေးလိပ်တွေ လျှော့သောက်ပါဟု သတိပေးထားမြဲထားသော ချစ်သူ့စကားကို အမှတ်ရမိသော်လည်း အခုတလောမှာတော့ ဆေးလိပ်တွေ ပိုသောက်ဖြစ်နေပြန်သည်။

စိတ်လှုပ်ရှားမှုကြောင့်လား မသိ။ မိုးရွာ၍ စွတ်



စိုထိုင်းမှိုင်းနေသည့်ကြားမှ အိုက်စပ်စပ်ဖြစ်လာသည်။ ပြောထားသည့်အချိန်ထက် နာရီဝက်ခန့်နောက်ကျနေသည့်မို့ ဖုန်းပဲထပ်ဆက်ရမလို ဖြစ်နေသည်။ ကောင်တာမှ ဖုန်းကို လှမ်းကြည့်လိုက်တော့ လူတစ်ယောက်ဆက်နေတာမို့ ဒီအတိုင်းပဲဆက်စောင့်နေရသည်။

အပြာနုရောင် ထီးလေးတစ်လက်နှင့် ဆိုင်ထဲသို့ လှမ်းဝင်လာသော ချစ်သူလေးကို မြင်လိုက်ရသည့်ခဏတွင် နှလုံးတွေ ဆောင့်ခုန်သွားပြီး ကြည်နူးခြင်းဝဝစက်နှင့်အတူ ရင်မှာ အတိုင်းမသိ ကြေကွဲလာရသည်။ ဒီတစ်ခါ နောက်ဆုံးတွေ့ဆုံပြီးရင် အချိန်အကြာကြီး ခွဲထားခဲ့ရတော့မှာလေ။ ရည်ရွယ်ချက်တွေနဲ့ ခံနိုင်စွမ်းရှိပေမယ့် ခံစားရတာတော့ အမှန်ပဲ မေလေးရယ်။

ချစ်သူလေးရှိရာကို လျှောက်သွားလိုက်ပြီး စားပွဲမှာ ပြန်ထိုင်မိကြသည်အထိ စကားမပြောဖြစ်ကြ။ မေလေး ပိတ်လိုက်သော ခေါက်ထီးလေးကို စားပွဲမှာ ထောင်ထားလိုက်သည်။

"မိုးတွေရွာနေလို့ လာနိုင်ပါ့မလားလို့"

"မိုးစဲအောင် စောင့်နေလို့ ဒီလောက်ကြာသွားတာ၊ မောင်စောင့်နေရတာ ကြာပြီလား"

"စောင့်နိုင်ပါတယ်ကွာ၊ မလာရင်သာ ဘာလုပ်ရမှန်းမသိမှာ"

"လာမှာပေါ့မောင်ရယ်"

သူ့လက်ခုံပေါ် အုပ်မိုးဆုပ်ကိုင်ထားသော လက်

www.burmeseclassic.com

www.burmeseclassic.com



ကလေးက အေးစက်နေတာမို့ သိသိသာသာ ပျက်ယွင်းနေသော သူမမျက်နှာလေးကို ကြင်နာစွာ ကြည့်မိသည်။

"မောင် သန်ဘက်ခါသွားဖြစ်တာ သေချာပြီပေါ့နော်"

"ဟုတ်တယ်၊ တဲလက်စ်ရတဲ့အချိန်နဲ့ သိပ်ကပ်နေတော့ အလုပ်က အရမ်းရှုပ်သွားတာပေါ့"

သူ့ကို စိုက်ကြည့်နေသော မေလေးမျက်ဝန်းလေးတွေ စိုလက်လာတာမို့ သူမလက်ကလေးကို အားပေးဆုပ်ကိုင်ထားလိုက်မိသည်။

"ဒါတောင် ကိုဇော်က လိုတဲ့ပစ္စည်းတွေ လိုက်ဝယ်ပေးလို့ တော်သေးတယ်"

"မောင် ပင်ပန်းမှာပဲနော်၊ ဟိုရောက်ရင်လဲ ပိုပင်ပန်းမှာ"

"လူပင်ပန်းတာ ခံနိုင်ပါတယ်ကွာ"

သူမဆံနွယ်လေးများပေါ် ကပ်ငြိနေသော မိုးမှုန်လေးများကို လက်နှင့်တောက်၍ ဖယ်ရှားပေးရင်း ခပ်တိုးတိုး ရေရွတ်လိုက်မိသည်။ ရုံးနှင့်ပတ်သက်သည့် အလုပ်ကိစ္စတွေကလည်း ပြီးပြတ်အောင် လုပ်ရဦးမှာမို့ ချစ်သူအနားမှာ အချိန်ပြည့်နေချင်၍လည်း မတတ်သာ။

"အဖေ့ဆီလဲ ဖုန်းဆက်ရဦးမယ်၊ ပြီးတော့ နည်းနည်းပါးပါး လိုက်နှုတ်ဆက်ရဦးမယ်ကွာ"

လုပ်စရာရှိသည်တို့ကို ပြောဆိုရေရွတ်နေမိတော့ ချစ်သူလေးက တိတ်တိတ်ဆိတ်ဆိတ် နားထောင်နေရှာသည်။



"မောင် ဘာတွေလိုလဲဟင်"

"မလိုပါဘူးကွာ၊ လိုမယ်ထင်တာတွေ ကိုဇော်နဲ့ အန်ကယ်လ် ဦးတင်ထွန်း လိုက်ဝယ်ပေးတယ်၊ သယ်ရမယ့် ပစ္စည်းတွေကတော့ နည်းနည်းများတယ်ကွ၊ လူကြုံပေးလိုက်တာတွေ"

ခါတိုင်းထက် ကြည်လင်လန်းဆန်းစွာ စကားတွေ ဆိုမနေဘဲ ငြိမ်သက်နေသော မေလေးကိုကြည့်ကာ ဘယ်လို ခံစားနေရမည်ကို နားလည်နေမိသည်။

"မေလေး မှတ်ပုံတင်နံပါတ် ပေးထားဦးလေ၊ လေဆိပ်လိုက်ပို့ရင် ဝင်ခွင့်လက်မှတ် လုပ်ဖို့လိုတယ်"

မေလေးက သူမ မှတ်ပုံတင်နံပါတ်ရွတ်ပြတာမို့ နှုတ်မှသုံးလေးခေါက်လိုက်ရွတ်ကြည့်ပြီး အလွတ်ကျက်မှတ်ထားလိုက်သည်။

"မေလေးလိုက်ပို့ဖို့ အဆင်ပြေပါ့မလား"

"မောင်က ပို့စေချင်လား"

သူ့အမေးကိုမဖြေဘဲ သူ့မျက်လုံးထဲ တည့်တည့် စိုက်ကြည့်၍ ပြန်မေးလာတော့ မျက်လုံးအစုံကို ဖိမှိတ်ပြလိုက်ရင်း ...

"ပို့စေချင်လို့မေးတာပေါ့ကွာ"

"ဒါဆို ပို့မှာပေါ့"

ချစ်သူ မျက်နှာကို မြင်ချင်၍သာ ပို့စေချင်ခြင်း ဖြစ်သော်လည်း သူမလေး သိပ်ခံစားရမှာတော့ စိုးရိမ်မိသည်။

"အမေရယ်၊ အန်ကယ်လ် ဦးတင်ထွန်းရယ်၊ ကိုဇော်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ မေလေးပဲရှိတာ၊ လိုက်တော့ ပို့စေချင်တယ်ကွာ၊ ဒါပေမယ့် အဆင်ပြေပါ့မလား"

မေလေးက သူ့ကိုနှစ်သိမ့်သလို ပြုံးပြလာပြီး …

"ပြေမှာပါ၊ ရန့်ကို လိုက်ပို့ခိုင်းရမှာပေါ့"

သူတတ်နိုင်သည့်ကိစ္စမဟုတ်၍ ဘာမှမပြောဖြစ်ဘဲ ခေါင်းညိတ်နေလိုက်သည်။ မေလေးက ကြိုးရှည်ရှည် ပိုက်ဆံအိတ်လေးကိုဖွင့်၍ အမျိုးစုံလင်လှသော ဆေးများကိုထုတ်ပြပြီး …

"မောင့်အတွက် လိုမယ်ထင်တဲ့ဆေးတွေ ယူလာပေးတာ၊ တိုင်းရင်းမြန်မာဆေးလဲပါတယ်"

"မေလေးရယ်"

သူ့အပေါ် ဂရုစိုက်ကြင်နာလွန်းသော ချစ်သူလေးကို ကြည်နူးစွာ ရေရွတ်လိုက်မိသည်။ သူ့လက်ထဲသို့ ထည့်ပေးလာသော ဒိုင်ယာရီစာအုပ်လေးတစ်အုပ်ကို လှန်လှောကြည့်မိရင်း မေလေးကို စူးစမ်းသလိုကြည့်ဖြစ်သည်။

"မောင့်ကို မှာချင်တာ၊ ပြောချင်တာတွေ စာနဲ့ ရေးထားတယ်။ မောင်နဲ့တွေ့ရင် ဘာမှ ပြောထွက်မှာ မဟုတ်ဘူးဆိုတာ သိတယ်"

ဒိုင်ယာရီထဲတွင် ညှပ်ထားသော စာအိတ်လှလှတစ်လုံးကို တယုတယကိုင်တွယ်ကြည့်မိရင်း ကျေနပ်စွာ ပြုံးမိသည်။ အတိုအစလေးမှအစ သူမ စာလေးများကို သူ မြတ်နိုးသည်လေ။

"ဓါတ်ပုံလဲထည့်ထားတယ်၊ ဒီ ဒိုင်ယာရီက မော



ရေးဖို့ ပြီးရင် ရေးထားတဲ့ စာရွက်တွေဖြဲပြီး မေလေးဆီပို့လိုက်ပေါ့၊ မောင်က စာရေးပျင်းလွန်းလို့ ပြောတာ"

သူ့ကို စိတ်မချစွာမှာကြားနေသော ချစ်သူလေးကိုကြည့်ကာ မခို့တရို့ပြုံးလိုက်ရင်း …

"ဒီတစ်ခါတော့ ပျင်းမနေနိုင်တော့ပါဘူးကွာ"

"စာမှန်မှန်ရေးနော်၊ ဖုန်းလဲဆက်၊ မောင့်ဆီက ဘာသတင်းမှ မကြားရင် မေလေး အရမ်းစိတ်ပူနေမှာ"

"စိတ်ချပါ"

ချစ်သူသောကတွေ သက်သာစေရန် အလေးအနက် ခေါင်းညိတ်ဖြစ်သည်။

"မေလေးကရော ရေးမှာလား"

"ရေးမှာပေါ့"

"စောင့်ရော စောင့်နေမှာလား"

သူက ပေါ့ပေါ့ပါးပါး နောက်ပြောင်သလို မေးမိသော်လည်း မေလေး မျက်နှာလေး တည်သွားပြီး …

"အသက်ရှုမရပ်သရွေ့ စောင့်နေမှာပါမောင်"

"မောင်ယုံပါတယ်ကွာ၊ မောင့်ကိုလဲ စိတ်ချပါ၊ မောင့်ရည်ရွယ်ချက်တွေကို ဘယ်တော့မှ မမေ့ဘူး၊ မေလေးဆီကို မောင်အတတ်နိုင်ဆုံး၊ အမြန်ဆုံးပြန်လာခဲ့မှာပဲ၊ မေလေးကိုသာ စိတ်မချတာ"

မျက်ရည်ပြည့်လျှံနေသော မျက်ဝန်းလေးများကိုကြည့်ကာ သူ့ရင်ထဲမှာ အဟိုင်းအဆာမရှိ ကြေကွဲလာရသည်။ ယောကျ်ားတန်မဲ့ ကိုယ်က မထိန်းချုပ်နိုင်လျှင် သူမလေးက

www.burmeseclassic.com

www.burmeseclassic.com



ပိုဆိုးတော့မှာမို့ အံတင်းထိန်းချုပ်ထားဖြစ် သည်။

"မေလေး လမ်းလျှောက်ချင်တယ်မောင်"

မေလေးဆန္ဒကို လိုက်လျောကာ ဆိုင်ထဲမှထွက်၍ ဦးတည်ရာမဲ့လျှောက်ဖြစ်ကြသည်။ သူ့လက်မောင်းကိုမှီတွယ်၍ လိုက်ပါလာသော ချစ်သူ၏ တိတ်ဆိတ်ခြင်းကို နားလည်စွာ ဆံစလေးများကို ပါးဖြင့် ပွတ်သပ်နှစ်သိမ့်နေမိသည်။

"မောင့်ကိုချစ်တယ်"

သူ့ မေးဖျားကို အမှတ်မထင် ထိနမ်းကာ တိုးသဲ့စွာ ရေရွတ်လိုက်သံလေးကို မိုးသံလေသံကြားမှာ မသဲမကွဲ ကြားလိုက်ရတာမို့ ရင်မှာ ကြည်နူးခြင်းဖြင့် တလှပ်လှပ်ခါ လာရသည်။

"မင်းကိုလဲ မောင်သိပ်ချစ်တာပဲ"

သူမ နဖူးလေးကို အမြတ်တနိုးငုံ့နမ်းရင်း နှလုံးသားမှ သစ္စာစကားကို လှိုက်လှဲစွာ ပြောဖြစ်သည်။ မိုးက သည်းနေဆဲမို့ သူတို့နှစ်ယောက်စလုံး ရွှဲစိုကာ အသားတွေအေးစက် ထုံကျင်လာသော်လည်း ရင်ထဲမှာတော့ ဝေဒနာတွေ မီးလိုလောင်ကျွမ်းနေကြဆဲပင်။

"ဆိုင်တစ်ဆိုင်မှာ ခဏဝင်ထိုင်ရအောင်နော်၊ တော်ကြာ မေလေး အအေးမိနေမယ်"

နီးရာ လက်ဖက်ရည်ဆိုင်လေး တစ်ဆိုင်တွင် ဝင်ထိုင်ဖြစ်ကြပြီး လူရှင်းတိတ်ဆိတ်သော ဆိုင်လေးတွင် မိုးတိတ်သည်အထိစောင့်ရန် ဆုံးဖြတ်လိုက်သည်။

"ခေါင်းတွေ သုတ်ပစ်လိုက်ဦး"



မွှေးပွလက်ကိုင်ပဝါအဖြူလေးနှင့် ဆံပင်တွေကို တတ်နိုင်သမျှ ခြောက်သွေ့စေပြီး ရေနွေးကြမ်းတစ်ခွက်ငှဲ့ကာ သူမကို သောက်ခိုင်းလိုက်သည်။ တဖြည်းဖြည်း စဲသွားသော မိုးကို ငေးမောစောင့်ကြည့်နေမိကြရင်း ပြောမထွက်သော စကားတို့နှင့် ရင်ထဲမှာ တင်းကျပ်လို့နေသည်။ ခွဲရမယ့် အချိန်တွေက ကြာရှည်လွန်းပေမယ့် တို့တွေ ပြန်ဆုံတွေ့ရဖို့ ရှိတာပဲလေ။

"ပြန်ကြရအောင်နော်"

ပြန်ချိန်တန်ပြီဟု နှစ်ဦးသား နားလည်ကြတာမို့ အင်အားမဲ့သော ခြေလှမ်းများနှင့် အပြန်လမ်းသို့ ဦးတည်ခဲ့ကြသည်။ တဖြည်းဖြည်း ငိုမယောင်သန်းလာသော ချစ်သူ့ မျက်နှာလေးကို မကြည့်ရက်စွာ အံကြိတ်၍ မျက်နှာလွှဲထားဖြစ်သည်။

ပြန်ခေါ်ရန် ချိန်းဆိုထားသည့်နေရာတွင် ရန်စိုးမိုးရောက်ရှိနေပြီး လက်ဖက်ရည်ဆိုင်တွင် ထိုင်စောင့်နေတာမို့ ရန်စိုးမိုး ထ,အလာကို ကားဘေးတွင် ရပ်စောင့် နေဖြစ်ရင်း တဖြည်းဖြည်း မဲ့ကျလာသော ချစ်သူ့နှုတ်ခမ်းလေးကို ကြည့်ကာ "မငိုပါနဲ့"ဟု ပြောမထွက်။

ရွှံ့စက်စွန်းထင်နေသည့် ဖိနပ်ဦးကို ထီးထိပ်နှင့် ဖယ်ရှားပေးမိစဉ်မှာပဲ သူမရှိုက်သံတစ်ချက်ကို နာကျင်စွာ ကြားလိုက်ရသည်။ ဝေ့ဝဲလာသော မျက်ရည်စတို့ကို မျက်တောင်ဖိခတ်၍ ထိန်းသိမ်းရင်း ...

"မငိုပါနဲ့ကွာ၊ မောင် စိတ်မဖြောင့်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူမ ကိုယ်လေးကို နှလုံးသားနှင့် အနီးကပ်ဆုံးနေရာသို့ ဆွဲယူသိမ်းဆည်း ထားလိုက်ချင်စိတ်က ရူးသွပ်စွာဖြစ်ပေါ်လာသည်။ ရန်စိုးမိုးရောက်လာ၍ သူမတက်ရန် ကားတံခါးကို ကိုယ်တိုင်ဖွင့်ပေးပြီး အသံမထွက်ဘဲ ငိုနေသော မျက်နှာလေးကို စိတ်ထိခိုက်စွာ ငေးစိုက်ကြည့်နေမိသည်။

ကားဘီးကိုလှိမ့်၍ ထွက်သွားစဉ် 'မောင်'ဟု ခေါ်လိုက်သံက သူ့အပါးတွင် လွင့်ကျကျန်ခဲ့သည်။ တဖြည်းဖြည်း ဝေးကွာသွားသော သူမပုံရိပ်လေးကို မျက်တောင်မခတ်ငေးမောရင်း မျက်ဝန်းအိမ်ထဲတွင် မျက်ရည်တို့နှင့်ပြည့်လျှံလာရသည်။ အံကို တင်းတင်းကြိတ်၍ လှည့်အထွက်တွင် မျက်ရည်စက်တို့က မျက်ဝန်းအိမ်မှ လွင့်စင်သွားကြသည်။ မောင် အမြတ်နိုးရဆုံး မင်းလေးအတွက် ရင်နှင့်အမျှ ခံစားရလွန်းတဲ့ ဝေဒနာတွေပါ ချစ်သူရယ်။

ရန့်လေးရေ"

အခန်းအပြင်ဘက်မှ မမမြတ်ခေါ်သံကြောင့် ဂစ်တာကိုချထားချ၍ တံခါးဝသို့ လျှောက်သွားဖြစ်လိုက်သည်။ တံခါးကို အသာဆွဲဖွင့်ရင်း ...

"ဘာလဲ မမမြတ်"

"မေလေး ရောက်နေတယ်"

"ရန့် အခုလာခဲ့မယ်လို့ ပြောပေးပါ"

မမမြတ်အပြုံးကို မသိဟန်ဆောင်ကာ ချိတ်ထားသော အင်္ကျီတစ်ထည်ကို ကောက်စွပ်လိုက်သည်။ မေလေးရောက်နေသည်ဆို၍ သူတစ်ခုခုတော့ ကူညီ ရမည်ဟုသိသော်လည်း ညိုငြင်ခြင်းကင်းစွာ ဝမ်းသာမိတာအမှန်ပဲဖြစ်သည်။

မေလေးဟာ သူ့ သံယောဇဉ်အကြီးရဆုံး သူငယ်ချင်းလေးပဲ မဟုတ်လားလေ။ သူ့ သူငယ်ချင်းလေးအတွက် သူ အစွမ်းကုန်ကူညီဖို့ ဆုံးဖြတ်ချက်ချထားခဲ့သည်ပဲ။

သူ့ အခန်းမှဆင်းလာခဲ့ပြီး ထမင်းစားခန်းကိုဖြတ်ကာ ဧည့်ခန်းထဲရောက်လာသည်အထိ မေလေးကို မတွေ့ရတာမို့ ခြံထဲသို့ မျက်လုံးဝေ့ကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အုတ်ကန့်ကိုမှီကာ ခပ်ငေးငေးရပ်နေသော မေလေးကို အလွယ်တကူ တွေ့ရှိလိုက်ရတာမို့ လှေကားမှခပ်သွက်သွက် သွားလိုက်သည်။

သူ့ ကိုမြင်တော့ မေလေးက ခပ်ဖျော့ဖျော့ပြုံးပြပြီး ရေထဲသို့ လက်နှစ်ကာ ဆော့ကစားနေသည်။ မေလေးကို အလန်းဆန်းဆုံး ပြန်ပြုံးပြလိုက်ပြီး ...

"နင် တစ်ယောက်တည်းလား"

"ဟုတ်တယ်ရှန်၊ ဒီဘက်ကို လမ်းကြုံတာနဲ့ ငါ ခဏဆင်းနေခဲ့တာ"

ကန်ဘောင်ပေါ် တက်ထိုင်လိုက်ပြီး အပေါ်စီးမှ မြင်နေရသော သူမ မျက်နှာလေးကို ငေးမောကြည့်နေလိုက်မိသည်။ သွေးရောင်ဖျော့နေသော မျက်နှာလေးက နာကျင်ဆွေးမြည့်နေဟန်နှင့် ငြိမ်သက်လွန်းနေသည်။ မေလေး ဘယ်လိုခံစားရမည်ကို သူ ကိုယ်ချင်းစာ နားလည်နိုင်ပါသည်လေ။

ချစ်မြတ်နိုးရလွန်းသူနှင့် ဆုံစည်းခွင့် မရခဲ့သော်လည်း လောကကြီးကို စိတ်ပျက်နာကြည်းမနေဖြစ်ပါ။ မေလေး အပေါ်ထားရှိသော သူ့ အချစ်က ပေးဆပ်လိုမှု သက်သက်သာဖြစ်ပြီး အခိုင်မြဲဆုံးသော သံယောဇဉ်နှင့် မေလေး ကျေနပ်ပျော်ရွှင်နေအောင်ပဲ ဖြည့်ဆွမ်းပေးချင်သည်လေ။

မေလေးက သူ့ အကူအညီကို မလိုအပ်သည့် အချိန်မှာလည်း အဝေးကသာ ကျေနပ်နေနိုင်သည့် စိတ်မျိုး



သူ့မှာ ရှိနေခဲ့ပြီဖြစ်သည်။ အံ့ဩစရာကောင်းလောက်အောင် ပင် ဖြူစင်အေးမြသော သံယောဇဉ်တွေ မေလေးအပေါ် သူပြောင်းလဲထားနိုင်ခဲ့သည်ပဲ။

"မနက်ဖြန်သွားမှာနော်"

ဗိုလ် မနက်ဖြန်သွားဖြစ်သည်ကို သေချာအောင် ထပ်မေးလိုက်တော့ မေလေးမျက်နှာလေး ပိုလို့ညှိုးလျှသွားရပြီး

"ဟုတ်တယ်၊ ငါ အဲဒါလာပြောတာ"

လေဆိပ်လိုက်ပို့ဖို့ကိစ္စက ကြိုတင်သိထားပြီးသားမို့ ပေါ့ပေါ့ပါးပါး ရယ်မောမိရင်း ...

"ဒါများဟာ၊ ဘယ်အချိန်လာလို့ ဖုန်းဆက်လိုက်ပြီးရော"

"ဖုန်းဆက်ရတာ မလွတ်လပ်ဘူးဟာ၊ ပြီးတော့ နင်နဲ့လဲ စကားပြောချင်လို့"

အဝေးသို့ ငေးနေရာမှ သူမ မျက်ဝန်းလေးတွေ သူ့ထံ ရောက်ရှိလို့လာသည်။

"နင် အဆင်ပြေရဲ့လားဟင်၊ နင့်ကို ငါ အရမ်း အားနာတယ်ဟာ"

"ဘာလို့အားနာရမှာလဲ၊ အဆင်ပြေပါတယ်"

ငေးမှိုင်နေသော သူမ မျက်နှာလေး ရွှင်ပြကြည်သာလာစေရန် ရည်ရွယ်ချက်နှင့် ...

"နင်က မျက်ရည်တွေ ဘာတွေ ကျဦးမှလား၊ အဲဒါ ဆိုရင်တော့ ဒုက္ခပဲနော်၊ ငါကလည်း ချော့တတ်တွေ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



“ရန်နော်”

မေလေး ရှက်ပြုံးလေးပြုံးလာသည်ကို ကျေနပ်စွာကြည့်ပြီး မေလေးမျက်နှာကို ရေစက်တို့နှင့် တောက်ရင်း နောက်ပြောင်နေလိုက်မိသည်။

“မနက်ဖြန် ရာသီဥတု ကောင်းပါစေ ဆုတောင်းရမှာပဲ”

“ကောင်းမှာပါ၊ နင်တို့အတွက် မနက်ဖြန်တိုင်းဟာ အမြဲကောင်းနေမှာပါဟာ”

မေလေး မျက်နှာပေါ်တွင် အပြုံးရိပ်တို့ ထင်ဟပ်လာပြီး …

“အကောင်းဆုံးဖြစ်အောင်တော့ မျှော်လင့်တာပဲဟာ၊ ဖြစ်မလာရင်တော့ ကံပဲပေါ့”

“ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ ဖြစ်လာမှာပေါ့၊ ဒါနဲ့ မိုလ်က ဘယ်လောက်ကြာမှာလဲ”

မေလေးက သူ့ဖက်သို့ မျက်နှာလှည့်လာပြီး ကန်ဘောင်ပေါ်တွင် လက်ထောက်ကာ ရေထဲသို့ ငုံ့ကြည့်ရင်း သက်ပြင်းရှည်ရှည်လျှားလျှားချသည်။

“ဆားဗစ်ရအောင် ကြာကြာနေမယ်ပြောတာပဲ၊ သုံးနှစ်ကျော်လောက်နေပြီး ပြန်လာရင် စာမေးပွဲဖြေရမယ် ပြောတယ်”

“သနားတယ်ကွာ”

နောက်ပြောင် ရယ်မောပြောလိုက်သော်လည်း အကြာကြီးခွဲနေရမည့် သူတို့အတွက် စာနာတွေးတောနေဖြစ်



သည်။

“အေးဟာ တမေ့တမောကြီးပဲ တစ်နှစ်ခွဲလောက်နေပြီး ပြန်လာလို့တော့ ရပါတယ်၊ ဒါပေမယ့် နောက်တစ်ခေါက်ပြန်တက်ဖို့ ခက်တယ်တဲ့”

“သူလည်း အကောင်းဆုံးဖြစ်အောင် လုပ်မှာပေါ့ဟာ”

ရည်ရွယ်ချက်တွေနှင့် တက်ကြွပျော်ရွှင်ဖွယ်ကောင်းသော မေလေးတို့ဘဝကိုကြည့်ကာ ရည်ရွယ်စရာ လူ မရှိသေးသည့် ကိုယ့်အဖြစ်ကို ကိုယ် မချင့်မရဲဖြစ်မိသလိုပင်။ တစ်ယောက်ယောက်တော့ ရှိလာရမှာပေါ့ဟု ကိုယ့်ကိုယ်ကိုတော့ ပြန်နှစ်သိမ့်ထားလိုက်မိသည်။

“ငါတော့ နေနိုင်ပါ့မလားမသိဘူးဟာ”

မေလေးက ဟက်ဟက်ပက်ပက် ရယ်မောပြီး ခပ်နောက်နောက် ပြောနေတာမို့ သူ သဘောကျပြီး ရယ်မောနေ လိုက်မိသည်။ မေလေးက အနည်းငယ် ရှက်ရွံ့ဟန်နှင့် ခေါင်းငုံ့ချလိုက်ပြီး …

“သူပြန်လာရင်လဲ ဘာတွေဖြစ်ဦးမလဲ မသိပါဘူးဟာ၊ သူကတော့ ပြန်လာတာနဲ့လက်ထပ်ချင်ပြီတဲ့”

“ကောင်းတာပေါ့”

သူမ မျက်နှာကို ရဲရဲကြည့်၍ ဖြောင့်ဖြောင့်တန်းတန်းပြောနိုင်လိုက်ခြင်းအတွက် ကျေနပ်သွားမိသည်။

“အိမ်နဲ့ ဘာတွေပြဿနာတက်ဦးမလဲ မသိဘူးဟာ”

www.burmeseclassic.com

www.burmeseclassic.com



"ပူမနေပါနဲ့ဟာ၊ အားလုံးကောင်းသွားမှာပါ"

"အဲလိုဖြစ်ချင်တာပဲ"

ရွှင်ပြကြည်သာနေရာမှ သူမမျက်နှာလေး ပြန်လည်မှိုင်းညို့လာရပြီး ...

"မနက်ဖြန်အတွက် ငါ အရမ်းစိတ်ပူတာပဲ ရန်"

"ဘာမှမပူနဲ့၊ ငါလာခေါ်မယ်၊ နင့်ကိုပို့ပေးမယ်၊ နင့်ကို ထိုင်စောင့်နေမယ်၊ ပြန်ပို့ပေးမယ်၊ ဒါပဲပေါ့ဟာ"

ဘာမှ အခက်အခဲမရှိနိုင်ဟု သူယုံကြည်တာမို့ မေလေး အားတက်စေရန် ပိုင်ပိုင်နိုင်နိုင်ပင် ပြောဖြစ်သည်။

"နင့်ကို ငါ ဒုက္ခပေးတာများနေပြီ ရန်၊ မမမြတ်တို့ကိုလည်း အားနာတယ်"

ဗိုလ်နှင့် ပတ်သက်နေမှုကို သူတို့ နှစ်ယောက်သာသိတာမို့ အတူသွား အတူလာရှိနေသော သူတို့နှစ်ယောက်ကို မမမြတ်တို့က မသိမသာ စ,တတ်လာသည်ကို ပြန်လည်ငြင်းဆိုပိုင်ခွင့်လည်း မရှိဘဲ မသိဟန်ဆောင်နေရခြင်းအတွက် ရည်ရွယ်ပြောခြင်းဟု နားလည်လိုက်သည်။

"ငါအလှည့်လဲ ရှိဦးမှာပေါ့ဟာ"

"စိတ်ချ၊ နင့်အလှည့်ကျ ငါ အစွမ်းကုန်ကူညီမယ်"

တက်တက်ကြွကြွ ပြောနေသော မေလေးကို မချိပြုံးဖြင့်သာ နှုတ်ဆိတ်နေလိုက်မိသည်။ အပြင်ဘက်မှ ကားသံကြားတာမို့ မေလေးက အုတ်ကန်ကိုမှီထားသော ကိုယ်ကိုခွာမတ်ကာ သူ့ကိုနှုတ်ဆက်သည်။



"နင် နေရောကောင်းရဲ့လား"

သူမကို ခြံဝအထိ လိုက်ပို့ပေးရင်း အနည်းငယ် ချောင်နေသော မျက်နှာလေးကို သတိထားမိစွာ မေးဖြစ်သည်။

"ဒီလိုပါပဲဟာ၊ ဒီနေ့တော့ နည်းနည်းဖျားချင်နေတယ်"

"နေကောင်းအောင်လဲ ဂရုစိုက်နေမှပေါ့ဟာ"

သူ့ သံယောဇဉ်စကားကို မေလေးက သဘောပေါက်စွာ ခေါင်းညိတ်သည်။ ကားပေါ်တက်၍ ကားအထွက်တွင် လက်ပြသွားပြီး ဖုန်းဆက်လိုက်မည်ဟု သင်္ကေတနှင့်ပြသွားသည်ကို သူ နှစ်နှစ်ခြိုက်ခြိုက်ပြုံး နေလိုက်မိသည်။

"နင့်ရဲ့ သံယောဇဉ်အရှိဆုံး သူငယ်ချင်းတစ်ယောက်ဖြစ်ခွင့်ရတာကိုပဲ ငါ ကျေနပ်နိုင်ပါတယ် မေလေး"

❀ ❀

မျက်ဝန်းအစုံကို ဖျတ်ခနဲဖွင့်ကြည့်လိုက်မိစဉ် တစ်ကိုယ်လုံးခြစ်ခြစ်တောက် ပူလောင်နေမှုနှင့်အတူ ချွေးစေးများ မောပန်းနေသည်ကို ချက်ချင်း သတိပြုမိလိုက်သည်။ အကြီးအကျယ်ဖျားနေပြီဟု ကိုယ့်ကိုယ်ကို သိရှိလိုက်ချိန်တွင်ရင်း ဖိုးရိမ်ပူပန်မှုက တစ်ရိပ်ရိပ်တက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအခြေအနေနဲ့ မောင့်ကိုလိုက်ပို့နိုင်ပါ့မလားဟု သံသယဖြစ်မိခြင်းနှင့်အတူ ဝမ်းနည်းလာမိသည်။

မောင် မျှော်နေမှာဟူသော အတွေးနှင့် အားတင်း၍ထထိုင်ဖို့ ကြိုးစားဖြစ်တော့ ပူလောင်ကိုက်ခဲ နာကျင်နေသော ခန္ဓာကိုယ်က လှုပ်ရှားဖို့ကို ငြင်းဆန်နေကြသော်လည်း အားတင်း၍ထထိုင်ဖြစ်သည်။

ခန်းထဲမှထွက်ဖို့ ခဲခဲယဉ်းယဉ်းကြိုးစားရင်း တံခါးဝမှအထွက်တွင် ရင်ထဲ၌ တလှပ်လှပ်နှင့် မူးဝေလာမှုကို မခံနိုင်စွာ နံရံကို အားကိုးတကြီး မှီတွယ်ထားလိုက်ရသည်။

"သမီး ဘာဖြစ်တာလဲ"

အန်တီကြီးက မေလေးကိုမြင်တွေ့သွားပြီး စိုးရိမ်တကြီးရောက်လာကာ အလန့်တကြား မေးသည်။ မေလေး မဖြေနိုင်ခင်မှာဘဲ အန်တီကြီးက မေမေ့ကို အော်ဟစ်ခေါ်ပြီးသား ဖြစ်သွားတော့တာမို့ မေလေး ဘာမှမတတ်နိုင်။

"ကြည့်စမ်း၊ ကိုယ်တွေခြစ်ခြစ်တောက်ပူနေတာပဲ၊ ညက မေမေ့ကို ဘာဖြစ်လို့ မပြောတာလဲ"

မေမေက မေလေး ကိုယ်ကို စမ်းကြည့်ပြီး အရေးတကြီးပြောကာ မေလေးကို ခုတင်ပေါ်ပြန်ပို့ပေးကြသည်။

"ထွေးလေး ...ခဏလာဦး"

မေမေက ထွေးလေးကိုခေါ်ကာ မေလေးမျက်နှာသစ်နိုင်ဖို့ စီစဉ်ခိုင်းကာ ဆရာဝန်ဆီ ဖုန်းဆက်ဖို့ ထွက်သွားတော့သည်။ ဒီပုံမျိုးနှင့်မေမေ ဘယ်နည်းနှင့်မှ အပြင်ပေးထွက်မှာမဟုတ်ဟု သိထားတာမို့ မေလေး အလိုလိုငိုချင်လာရ



သည်။ ကိုယ့်ကိုယ်ကိုလည်း ဘယ်လိုမှ ခေါင်းမထူနိုင်တာမို့ မေလေး ဘာမှမတတ်နိုင်။ ဆရာဝန်ရောက်လာ၍ ဆေးထိုးပေးလျှင် သက်သာသွားနိုင်မည်ဟု မျှော်လင့်ချင်သေးသည်။

"ခဏနေရင် မောင်အောင် ရောက်လာလိမ့်မယ်၊ သမီး အခုလောလောဆယ် အရည်လေးဝ[illegible]ခွက်လောက် သောက်ထားလိုက်နော်"

"အန်တီကြီး ဟောလစ်သွားဖျော်လိုက်မယ်"

အန်တီကြီးက ပြောပြောဆိုဆို ထွက်သွားပြီး မေမေက မေလေးဘေးမှာထိုင်ကာ အဖျားစမ်းကြည့်နေသည်။ သည်လိုပုံမျိုးနှင့် မောင့်ကို လိုက်ပို့ဖို့ မဖြစ်နိုင်တော့ဟု နားလည်လိုက်တာမို့ ရင်ထဲမှာ တစ်ဆို့လာရသည်။ ပြည့်လျှံလာသော မျက်ရည်စများကို မေမေ မမြင်အောင် မျက်လွှာချထားလိုက်ရသည်။

အခုလို ဖျားမည်စိုး၍ ညကတည်းက မေလေး ဆေးတွေကြိုသောက်ထားခဲ့သော်လည်း မရခဲ့။ ညနေပိုင်းက ဖျားချင်သလိုဖြစ်နေမှုက ညပိုင်းတွင် ပိုဆိုးလာကာ ချမ်းစိမ့်စိမ့်နှင့်မို့ မေလေး အဖျားကျဆေးတွေ ဆက်တိုက်သောက်ပြီး အစောကြီးအိပ်နေလိုက်သည်။ မနက်ကျလျှင် သက်သာလိမ့်မည်ဟု မျှော်လင့်သော်လည်း မျှော်လင့်သလိုဖြစ်မလာခဲ့။

"ဟော ...မောင်အောင်လာပြီ"

ဖေဖေ့ ဆေးခန်းတွင်ထိုင်ပေးနေသည့် ဖေဖေ့တူက ချက်ချင်း ရောက်လာတာမို့ မေမေထွက်[illegible]ကြိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်က မေလေးကို အဖျားတိုင်း၍ စမ်းသပ်ကြည့်ရှုပြီး

"အဖျားက တစ်ရာ့သုံးလောက်ရှိတာပဲ၊ ဒါကြောင့် ခေါင်းမထူနိုင်တာ"

မေလေးက ဝမ်းအမည်းတွေပါသွားသည်ဟု ပြောပြတာမို့ ကိုအောင်က တိုက်ဖွိုက်ဆန်ဆန်ဖြစ်တာဟု ပြောပြီး ဆေးထိုးဖို့ပြင်သည်။

"ဒီဆေးက နည်းနည်းတော့နာမယ်"

ပထမတစ်လုံးထိုးပြီး နောက်တစ်လုံးထိုးမည်အပြုတွင် ကိုအောင်က သတိပေးသလိုပြောသည်။ ထိန်းထားသည့်ကြားမှ မေလေး မျက်ရည်ကျဖြစ်တော့ မေမေတို့က ဆေးကြောင့်ဟုထင်ကာ ချော့မော့နှစ်သိမ့်ကြသည်။

"အစား လုံးဝမစားနဲ့ဦး၊ အရည်ပဲသောက်ရမယ်"

သောက်ဆေးတွေပေးပြီး လိုအပ်သည်တို့ကို ညွှန်ကြားကာ ကိုအောင် ပြန်သွားတော့ မေလေးရင်မှာ မောပန်းကျန်ခဲ့ရသည်။ မေလေးတို့ ကံဆိုးပြန်ပြီ မောင် ရယ်။ မောင့်ဆီ လာနှုတ်ဆက်ဖို့ ကိုယ်တိုင် မစွမ်းသာသလို အခြေအနေကလည်း မပေးတော့။ ဘာမှမသိသည့် မောင်ကတော့ စိတ်ပူနေရှာတော့မည်ဟု တွေးကာ မေလေး နေလို့မရ။ ရန့်ကိုလည်း အားကိုးတကြီး တမ်းတလိုက်မိရင်း တစ်စထက်တစ်စ ကုန်လွန်လာသော အချိန်များကို ချောက်ချားစွာ စောင့်ကြည့်နေမိသည်။

"သမီး ...ဟောလစ် သောက်လိုက်ဦး၊ ဆေးလဲသောက်ရမယ်၊ ပြီးရင် အိပ်လိုက်၊ ဟုတ်လား"



အန်တီကြီးတိုက်သည့် ဟောလစ်ကို မျက်စိမှိတ်မျိုချလိုက်ပြီး ဆေးတွေကိုလည်း ပြီးပြီးရော သောက်ပစ်လိုက်သည်။ ဆေးသောက်ဖို့ ကိုယ်ကို ထူမတ်ရုံလေးပင် မတတ်နိုင်တာမို့ မောင့်ဆီ ဘယ်လိုမှ သွားနိုင်မှာမဟုတ်တာ လက်ခံလိုက်ရပြီး ကိုယ့်ကိုယ်ကို မကျေမနပ်နှင့်ယူကျုံးမရ ဖြစ်နေမိသည်။ နောက်ဆုံး တွေ့ဆုံနှုတ်ဆက်ဖို့လေးတောင် ကံကြမ္မာက မျက်နှာသာ မပေးခဲ့ပါလားကွယ်။

ရန် လာခေါ်ဖို့အချိန် နီးကပ်လာတာမို့ မေလေး အားတင်းထ,ထိုင်ပြီး အခန်းထဲမှ ထွက်လာဖြစ်သည်။ ထမင်းစားခန်းအရောက်တွင် ဆက်လက်ရပ်တည်နိုင်စွမ်း မရှိတော့ဘဲ ကြမ်းတွင် ထိုင်ချရလိုက်ကာ သောက်ထားသော အရည်နှင့် ဆေးများ ပြန်အန်ထွက်ကုန်တော့သည်။

"သမီး နေသာရဲ့လား"

အန်တီကြီးက မေလေးကျောကို လာဖိပေးရင်း ပျာပျာသလဲ မေးသည်။ အန်တီကြီး အကူအညီနှင့် ဆေးကြောသုတ်သင်ပြီး ဧည့်ခန်းထဲမှ ဒရင်းဘက်ပေါ်တွင် လှဲနေဖြစ်သည်။

"ဟော ...ရန်လေး လာတယ်၊ အတော်ပဲ၊ ဒီမှာ မေလေး ဖျားနေလို့"

ဧည့်ခန်းထဲသို့ ဝင်လာသော ရန့်ကိုတွေ့တော့ အန်တီကြီးက ဝမ်းသာအားရ ခေါ်နေစဉ် မေလေး ငိုချလိုက်မိတော့သည်။

"မေလေး ဘာဖြစ်လို့ ငိုတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ရန်က မေလေးဘေးသို့ ချက်ချင်း ရောက်လာပြီး စိုးရိမ်ရိပ်လွှမ်းသော မျက်ဝန်းများနှင့်ကြည့်၍ မေးလာသည်။ အန်တီကြီးက မျက်နှာမကောင်းလှစွာဘဲ ...

"အခုန ဆေးနဲ့ဟောလစ်လေး သောက်တာ ပြန်အန်ထွက်တယ်လေ၊ သားပဲ ကြည့်ချော့ပါဦးကွယ်"

အန်တီကြီးထ,သွားမှ ရန်က မေလေးအနားသို့ ခုံဆွဲ၍ ထိုင်လိုက်ပြီး ...

"ဘယ်လိုဖြစ်တာလဲ"

"ညကတည်းက ဖျားချင်နေတာ၊ ဆေးသောက် ပေမယ့်မရဘူး၊ အခုမနက်တော့ အဖျားက တစ်ရှူးသုံးတောင်ရှိ နေတာ"

"ပြသနာပဲ"

မျက်ရည်မခြောက်သေးသော မေလေးကိုကြည့်ကာ ရန် ခပ်ညည်းညည်းရေရွတ်သည်။

"ငါ ဘာလုပ်ရမလဲ ရန်"

ရန့်ကို အားကိုးတကြီးကြည့်ကာ မေးမိတော့ ရန်က သက်ပြင်းတစ်ချက်ချပြီး ...

"ဘယ်တတ်နိုင်မှာလဲဟာ၊ နင်မှ နေမကောင်းတာ"

"ငါ သေချင်တယ်ဟာ"

ကိုယ့်ကိုယ်ကို မကျေမနပ်နှင့် ဝမ်းပန်းတနည်း ရှိုက်ငိုမိတော့ ရန်က မျက်နှာမကောင်းစွာနှင့်ခေါင်းခါသည်။

"ဖြစ်လာမှတော့ ဘယ်တတ်နိုင်မလဲဟာ၊ နင်တို့ မှာ လိုက်ပို့နှုတ်ဆက်ရုံကလွဲလို့ ဘာမှ မှာစရာမရှိဘူး မဟုတ်



လား၊ ရှိရင်ပြောလေ၊ ငါသွားပြောပေးမယ်"

ရန်ပြောသလိုပင် ဘာမှ မှာကြားစရာမရှိတော့သလို ရန့်ကိုလည်း ဒုက္ခမပေးချင်တော့တာမို့ မေလေး အားမတန် မာန်လျှော့လိုက်ရတော့သည်။

"နေပါစေတော့၊ ငါကံပဲပေါ့"

"သိပ်မငိုပါနဲ့ဟာ၊ ခေါင်းတွေပိုကိုက်နေဦးမယ်၊ အန်တီတွေ့သွားရင်လဲ မကောင်းဘူး"

ရန်က သူ့ လက်ကိုင်ပဝါနှင့် မျက်ရည်စတို့ကို သုတ်ပယ်ရှားပေးရင်း ဖျောင်းဖျောင်းဖျဖျပြောသည်။ မေလေး ရောက်လာမည်ဟု ပြောထားသောအချိန်ကို ရောက်ပြီမို့ မောင် မျှော်နေရှာတော့မည်ဟု တွေးရင်း မေလေး ကြေကွဲလာမိသည်။ ဘာကြောင့်များလဲလို့ အမျိုးမျိုးတွေးပြီး မောင် စိတ်ပူနေတော့မလား။ မေလေး မျက်နှာကို မတွေ့ရလို့ စိတ် မဖြောင့်နိုင်ဘဲ မောင် ထွက်သွားရတော့မှာ။ မေလေးကို ခွင့်လွှတ်ပါမောင်ရယ်။

နှုတ်ခမ်းလေးကို ဖိကိုက်ရင်း အသံမထွက်ဘဲ မျက်ရည်ကျနေမိတော့ ရန်က နားလည်စွာနှင့် စကားတစ်ခွန်းမှမဆိုဘဲ မျက်လွှာချထားသည်။ တရွေ့ရွေ့ကုန်ဆုံးနေသော အချိန်တို့က မေလေးကိုခြိမ်းခြောက်နေကြသလိုပင်။

မေမေက ဆေးလာတိုက်တာမို့ စိတ်မပါသော်လည်း ယူသောက်လိုက်ရသည်။ မေလေးအနားမှာ ထိုင်ပြီး ရန်နှင့် စကားပြောနေသော မေမေမရိပ်မိအောင် ဟန်ဆောင်နေ ရခြင်းကလည်း ခက်ခဲပင်ပန်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာတော့ လေယာဉ်ထွက်မည်ဟု ပြောထားသည့်အချိန်ကို ရောက်ရှိလာရတော့တာမို့ မေလေးရင်မှာ နာကျင်ထိခိုက်လွန်းရသည်။ ဝေးကွာလွန်းတဲ့ အရပ်ဒေသတစ်ခုကို မောင် ဦးတည်သွားနေပြီပဲ။ မေလေးအနားမှာ မောင်ရှိမနေနိုင်တော့ ဟူသော အသိနှင့် အားငယ်ဝမ်းနည်းလာရသည်။

“မေလေး အခန်းထဲပြန်ချင်တယ်”

ကြေကွဲခြင်းတို့ကို ဟန်ဆောင်ထိန်းချုပ်နိုင်စွမ်း မရှိပြီမို့ ခိုလှုံရာ ကမ္ဘာငယ်ထဲသို့ ပြေးဝင်လိုစိတ်နှင့် မေလေး တောင်းဆိုလိုက်မိသည်။ ရန်ကပါ မေလေးကို အခန်းထဲသို့ လိုက်ပို့ပေးပြီး ...

“ကိုယ့်ကိုယ်ကို နေကောင်းအောင်နေနော်”

မျက်ရည်ပြည့်လျှံနေသော မျက်လုံးများနှင့် နားလည်ကြောင်းပြောတော့ ရန်က သက်ပြင်းတစ်ရှိုက်နှင့် မကြည့်ရက်သလို မျက်နှာလွှဲသည်။

“ငါ ပြန်မယ်နော်၊ မနက်ဖြန်မှ လာခဲ့မယ်”

ရန်နှင့် မေမေ ပြန်ထွက်သွားမှ ခေါင်းအုံးတွင် မျက်နှာအပ်ကာ အားရပါးရ ငိုကြွေးလိုက်မိတော့သည်။ မေလေး အကြောက်ရွံ့ဆုံးအချိန်ကို ကျော်ဖြတ်ပြီး မေလေး အနားက မောင် တကယ်ခွဲခွာသွားပြီပဲ။

မျက်ရည်များနှင့် ခဏ အိပ်ပျော်သွားခဲ့ပြီး ပြန်နိုးလာတော့ ညှို့ခန်းထဲသို့ အားတင်းလျှောက်လာဖြစ်သည်။ မောင် အဆင်ပြေရဲ့လားဟု သိချင်လွန်းသော်လည်း ဘယ်သူ



ကို မေးမြန်းရမှန်းမသိ။ ကိုဇော့်ထံ ဖုန်းဆက်လျှင် ကောင်းမှာပဲဟု တောင့်တနေမိချိန်မှာပဲ ကိုဇော့်ထံမှ ဖုန်းလာသည်။

“မေဦးမိုး ဘာဖြစ်လို့ မလာတာလဲ”

ကိုဇော် အမေးမှာပဲ ထိန်းချုပ်နိုင်စွမ်းအားတွေ ပျက်စီးကာ ရှိုက်သံအရောရော အထွေးထွေးနှင့် ကိုဇော့်ကိုပြောပြဖြစ်သည်။

“ကျွန်တော်လဲ စိတ်မကောင်းပါဘူးဗျာ”

“မောင် အဆင်မှပြေရဲ့လားဟင်”

“ပြေပါတယ်၊ လေယာဉ်နည်းနည်းနောက်ကျတာတစ်ခုပဲ၊ ဗိုလ် ကျွန်တော့်ကိုအပြင်မှာ စောင့်ခိုင်းထားတာ၊ ဝင်ခွင့်လက်မှတ် မပေးရသေးဘူးတဲ့၊ ကျွန်တော်လဲ စောင့်ရင်းစောင့်ရင်း မလာတာနဲ့ သူ့ကိုသွားပြန်ပြောရတယ်၊ သူ့မျက်နှာမကောင်းပေမယ့် ဘာမှတော့ မပြောပါဘူး”

မောင် ဘယ်လိုခံစားရမည်ကို နားလည်စွာနှင့် မေလေးရင်မှာ အတိုင်းအဆမရှိ ကြေကွဲရသည်။

“နောက်ကျလို့များလားလို့ ကျွန်တော် နောက်တစ်ခေါက်တောင် ထွက်စောင့်သေးတယ်”

ကိုဇော့် အသံက နားထဲမှာ ကြားတစ်ချက်၊ မကြားတစ်ချက်ပင်။

“ညကတောင် မေဦးမိုးပေးတဲ့ ဒိုင်ယာရီကိုပြပြီး သူ့အမေကို နောက်နေသေးတယ်၊ ကျွန်တော်လဲ မနက်ဖြန်ကစပြီး ရေးရမယ်လို့ ပြောနေသေးတာ”

မေလေးရှိုက်သံတွေ ပြင်းထန်နေတာကို ကိုဇော်

www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းဟန်နှင့် ဆက်မပြောတော့ဘဲ ဖုန်းချသွားသည်။ ကိုဇော်ကို "ကျေးဇူးပဲ" ဟု မနည်းအားတင်း ပြောဖြစ်လိုက်သည်။

မောင့်ကို တွေ့ချင်လွန်းသည့်စိတ်နှင့် ဆုံတွေ့ဖို့ မဖြစ်နိုင်တော့ ဟူသော အသိက မေလေးကို နှိပ်စက်နေကြသည်။ ခံစားချက်ဖြင့် တင်းမာနေမည့် မောင့်မျက်နှာကိုလည်း မြင်ယောင်လာမိသည်။ စိတ်ခံစားမှုကို ထိန်းချုပ်ကာ ကျုံ့ထား မည့်မျက်ခုံးများ၊ ကြေကွဲနေမည့် မျက်ဝန်းရှုးရှူးများနှင့် တင်းတင်းစေ့ထားမည့် နှုတ်ခမ်းတို့နောက်ကွယ်မှာ ငိုကြွေးနေသော နှလုံးသားရှိနေသည်ဟု မေလေးကတော့ နားလည်နိုင်သည်လေ။

မည့်ခန်းတံခါးမှ ဝင်လိုတ်စဉ် တစ်အိမ်လုံး တိတ်ဆိတ်နေသောအဖြစ်ကို သတိပြုမိပြီး သက်ပြင်းတစ်ချက်ကို လေးလေးလံလံ ချဖြစ်လိုက်သည်။

"ထွေးလေးရေ"

သူ အသံပြုလိုက်တော့ နောက်ဖေးမှ ထွေးလေး ထွက်လာပြီး သူ့ ကိုမြင်တော့ ဝမ်းသာအားရပြုံးသည်။



လက်ထဲမှ စပျစ်သီးထုပ်ကို ကမ်းပေးပြီး ...

"ရေဆေးပြီး ရေခဲသေတ္တာထဲ ထည့်ထားလိုက်နော်"

"ဟုတ်ကဲ့ ကိုလေး"

"မေလေးရော"

"မမလေး အခန်းထဲမှာ ကိုလေးရဲ့၊ ထွေးလေး သွားပြောပေးရမလား"

"အန်တီတို့ရော"

"အန်တီကြီးက ဒီနေ့ ဥပုသ်စောင့်တယ်လေ၊ ဘုရားခန်းထဲမှာ ပုတီးစိပ်နေတယ်၊ အန်တီကတော့ အပြင်ခဏသွားတယ်၊ ချက်ချင်း ပြန်လာခဲ့မယ်တဲ့၊ ထွေးလေးကို မမလေး အနားမှာပဲနေလို့ မှာသွားတယ်၊ ကိုလေး ရောက်လာတာ အတော်ပဲ၊ ကိုလေးရှိနေရင် ထွေးလေး နောက်ဖေးမှာ လုပ်စရာရှိတာတွေ သွားလုပ်လိုက်ဦးမယ်နော်"

တတွတ်တွတ်ပြောနေသော ထွေးလေးကို ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး ထွေးလေးနှင့်အတူ မေလေး အခန်းသို့ လိုက်သွားလိုက်သည်။ အခန်းဝ ရောက်ခါနီးတွင် ထွေးလေးက အသံခပ်အုပ်အုပ်လေသံနှင့် ...

"မမလေး သနားပါတယ် ကိုလေးရာ၊ ခုနက မျက်ရည်တွေ ကျနေတယ်"

ထွေးလေးကို တစ်စုံတစ်ရာ ပြန်မပြောဖြစ်ဘဲ ပင့်သက်တစ်ရှိုက်နှင့် အနည်းငယ် ဟ,ထားသော အခန်းတံခါးဝတွင် ခဏရပ်နေဖြစ်သည်။ ညှိုးနေမည့် ချစ်သူ့မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဘာမှမဖြစ်လေဟန် ပြုပြင်ပြီးမှ အခန်းတံခါးကို အဆုံးထိဆွဲဖွင့်ထားလိုက်ပြီး ...

"အန်တီကြီး ဘုရားခန်းက ထွက်လာရင် ကိုလေး ဒီမှာရှိတယ်လို့ ပြောလိုက်နော်"

"ဟုတ်ကဲ့ ကိုလေး"

သူတို့ စကားသံများကြောင့် မေလေးက စားပွဲထိုင် စာရေးနေရာမှ လှည့်ကြည့်လာသည်။ သူ့ကိုမြင်တော့ ဝမ်းပမ်းတသာ ပြုံးပြလာပြီး ..

"လာလေ ရန်"

မေလေးဘေးရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ရင်း သူမမျက်နှာလေးကို စူးစိုက်ကြည့်လိုက်မိသည်။ အနက်ရောင် စပို့ရှပ်လက်ရှည်အောက်မှ သူမ ကိုယ်လေးက ပိုမို သွယ်လျှနေကာ အခြယ်အသကင်းသော မျက်နှာနုနုလေးကလည်း သွေးရောင်ဖျော့လွန်းလှသည်။

"မေလေး နေကောင်းရဲ့လား"

"ကောင်းပါတယ်"

မှိန်ဖျော့သွားသော မျက်ဝန်းလေးများက အပြင်ဘက်သို့ ရွှေ့ပြောင်းရောက်ရှိသွားပြီး ခပ်တိုးတိုးဖြေသည်။ စားပွဲပေါ်မှ ဆေးပုလင်းများကို ဝေ့ကြည့်မိရင်း ...

"ဆေးသောက်ချိန်ရော ရောက်ပြီလား"

"နာရီဝက်လောက်နေရင် သောက်ရမယ်"

မေလေး မသိအောင် သက်ပြင်းတစ်ချက် ခိုးချလိုက်မိရင်း သူမ အခန်းထဲသို့ မျက်လုံး ဝေ့ကြည့်လိုက်မိ



သည်။ သပ်ရပ်လှပသော်လည်း အရောင်တွေက ဖျော့လွန်းလှသည်။ မျှော်လင့်ချက်မဲ့တဲ့ သဘောတွေလား မေလေးရယ်။

စားပွဲပေါ်မှာ သူမ ရေးနေကျစာအုပ်နှင့် ဘောလ်ပင်ကိုတွေ့ရ၍ ဗိုလ်ဆီ စာရေးနေခြင်းဟု နားလည်လိုက်မိသည်။ သူမလက်ထဲမှ မချတက်သော အယ်လ်ဘမ်လေးကိုလည်း တွေ့ရတာမို့ သူမ ခံစားချက်ကို နားလည်စာနာနေမိသည်။

"နင့်အတွက် စပျစ်သီးဝယ်လာတယ်၊ တော်ကြာ စားလိုက်ဦးနော်"

"ရပါတယ် ရန်ရယ်"

မေလေး နှုတ်ခမ်းထက်မှ အပြုံးဖျော့ဖျော့ကို ငေးကြည့်မိရင်း ရင်ထဲမှာ ကြေကွဲလို့လာသည်။ အရင်လို ဟက်ဟက်ပက်ပက် ရယ်မောလိုက်စမ်းပါ မေလေးရယ်၊ နင့်ရယ်သံကို မကြားရတာ ကြာနေပြီပဲ။

ခိုင်မြဲများပြားလှသော သံယောဇဉ်တို့ကြောင့် သူ့ရင်မှာ မီးလိုလောင်ကျွမ်းနေရသည်။ ဖြစ်နိုင်ရင် မင်း ရယ်မောပျော်ရွှင်တာပဲ ငါ အမြဲမြင်ချင်တယ်၊ သူငယ်ချင်းလေးရယ်၊ မင်း ပျော်ရွှင်နိုင်ဖို့ ငါ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးချင်ပါတယ်၊ ဒါ နင့်အပေါ်ထားတဲ့ စေတနာသက်သက်ပါပဲ။

စုချည်ထားသော ဆံပင်များမှ ပါးပြင်ပေါ်ဝဲကျနေသော ဆံနွယ်လေးများကို ဆွဲကိုင်နေရင်းက သူ့မျက်နှာကို

www.burmeseclassic.com

www.burmeseclassic.com



မေလေးလှမ်းကြည့်လာသည်။ မျက်ရည်ရစ်ပဲနေသော မျက်ဝန်းများကြောင့် သူ့ရင်ထဲ ဆို့နင့်သွားရသည်။

"ငါ စာရေးနေတာ ရှန်"

"မှားနားနေနေရေးပေါ့ဟာ၊ နင် တည့်ချင်ရင် ပေးလိုက်လေ၊ ငါ အပြန် ဝင်ထည့်ပေးမယ်"

"အေးဟာ အတော်ပဲ၊ နင့်ကိုပေးလိုက်မယ်"

မေလေးက သူမ အံဆွဲထဲမှ ဖိုင်ကို ဆွဲထုတ်၍ တရိုတသေသိမ်းဆည်းထားသော ဗိုလ့်ထံမှ စာများကို ထုတ်ယူကြည့်နေသည်။ ဒီစာတွေထဲမှာပါသော အကြောင်းအရာတွေ အားလုံးလိုလို သူ သိရှိထားပြီးသား ဖြစ်နေတာမို့ ပိုလို့ ရင်မောရသည်။ အပြန်အလှန် ကူး လူးဆက်သွယ်နေကြသော စာလေးများက နူးညံ့လှပပြီး အင်အားကြီးမားသော အချစ်ကို ဖော်ကျူးနေကြသည်လေ။

ဗိုလ်နှင့် မေလေးတို့နှစ်ယောက်၏ ဖစ်မှန်ခိုင်မာသောအချစ်ကို သိရှိခံစားရပြီးကတည်းက သူ့ကိုယ်သူ မကျေနပ်ခြင်းများ လုံးဝမရှိတော့၊ ကိုယ်နဲ့မဆိုက်တန်လို့ အချစ်နှင့်မဆုံစည်းခဲ့ခြင်းမို့ သူကျေနပ်နိုင်ပါသည်။ ပြီးတော့လည်း မေလေးတို့နှစ်ယောက်အတွက် အစွမ်းကုန် ကူညီဆောင်ရွက်ပေးဖို့ သူ ဆုံးဖြတ်ထားခဲ့သည်ပဲ။

အယ်လ်ဘမ်လေးကို လှမ်းယူပြီး ဗိုလ့် ဓာတ်ပုံများကို လှန်လှောကြည့်နေလိုက်မိသည်။ ဒီဓါတ်ပုံတွေကို ကြည့်မိတိုင်း သူ သတိထားမိသည်က မျှော်လင့်ချက်နှင့် တောက်ပနေသော မျက်လုံးများကိုပင်။



သူက မေလေးတို့မိသားစုတွင် အရင်းနှီးဆုံး ဆက်ဆံခွင့်ရသည့် တစ်ဦးတည်းသော သူ့စိမ်းယောကျ်ားလေး တစ်ယောက်ဖြစ်ပြီး မေလေး၏ အရင်းနှီးဆုံး တိုင်ပင်ဖော်တိုင်ပင်ဖက် သူငယ်ချင်းတစ်ယောက် ဖြစ်နေခြင်းကြောင့်လည်း မေလေးနှင့် ပတ်သက်သမျှအားလုံးကို သူ သိနေခြင်းပဲပေါ့။

မေလေးက ဗိုလ့် အကြောင်းပြောပြနေလျှင် သူ စိတ်ပါလက်ပါ နားထောင်ပေးနေဖြစ်ပြီး မေလေးစိတ်ခါတ်ကျပြီး မပြောလျှင်တောင်မှ သူကပဲ အစဖော်ပေးရတတ်သည်။ နှစ်ဘက်မိဘ သဘောတူ ကြည်ဖြူနေကြမှန်း ရိပ်မိသော်လည်း သူတို့နှစ်ယောက်စလုံး နှုတ်လုံ့စွာ ဟန်ဆောင်ကောင်းခဲ့ကြသည်။ သူကတော့ သူမအတွက် အားပေးနှစ်သိမ့်ဖော်အဖြစ်နေခဲ့ပြီး အခုလို အချိန်မျိုးမှာတော့ ပို၍ဂရုစိုက်နေမိသည်။

မေလေးက စာအိတ်ပေါ်တွင် လိပ်စာတပ်၍ ရေးထားပြီးသားစာကို သေသေသပ်သပ်ခေါက်ကာ စာအိတ်ထဲထည့်ပိတ်ပြီး သူ့လက်ထဲသို့ အပ်သည်။ မေလေးစာကို ရှပ်အင်္ကျီအိတ်ထဲသို့ တရိုတသေထည့်လိုက်ပြီး အယ်လ်ဘမ်လေးကို စားပွဲပေါ် ပြန်တင်ထားလိုက်သည်။

"သူ့ အလုပ်က နည်းနည်းပင်ပန်းပေမယ့် အဆင်ပြေတယ်လို့ ပြောတယ်ဟာ၊ ငါ သူ့ကို ငါ နေမကောင်းတဲ့ အကြောင်း ထည့်မရေးဘူး၊ သူသိရင် အရမ်းစိတ်ပူပြီး သူ စိတ်မဖြောင့်လက်မဖြောင့်နဲ့ အလုပ်မှာ တစ်ခုခုထိခိုက်သွားမှာ ငါ စိုးရိမ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



မေလေးက အယ်လ်လေးကို တယုတယ ရင်မှာ အပ်ထားရင်း မျက်ရည်စိုလက်သော မျက်ဝန်းလေးများဖြင့် တိုးတိတ်စွာ ပြောပြနေသည်။ သူ့ ချစ်သူအပေါ်ထားသော စေတနာကို နားလည်စွာနှင့် သူ ဘာမှမပြောဖြစ်။ ငါ သိပ်ကိုယ်ချင်းစာပါတယ် မေလေးရယ်၊ ဖြစ်နိုင်ရင် နင် ခံစားနေရတဲ့ ဝေဒနာတွေကို ငါ လွှဲပြောင်းယူလိုက်ချင်ပါရဲ့။

"ငါ အခွေ ငှားလာတယ်၊ နင် ကြည့်မလား"

မေလေး စိတ်ပြောင်းစေရန် ပြောတော့ မေလေးက ခေါင်းညိတ်တာမို့ သူတို့ အခန်းထဲမှထွက်လာဖြစ် သည်။ တစ်ခါတည်း ယူလာခဲ့သော ဆေးများကို သောက်စေပြီး မေလေးအတွက် ဒရင်းဘတ်ချပေးကာ သက်တောင့်သက်သာ ထိုင်နေစေလိုက်သည်။

ယူလာသော အခွေကို ဖွင့်ထားပေးခဲ့ပြီး ရေခဲသေတ္တာထဲမှ စပျစ်သီးတို့ကိုထုတ်၍ ပန်းကန်တစ်ချပ်နှင့် မေလေးဆီယူသွားပေးလိုက်သည်။ မေလေးဘေးမှာ ထိုင်မိချိန်မှာပဲ အန်တီပြန်ရောက်လာကာ မေလေး ဧည့်ခန်းထဲရောက်နေခြင်းအတွက် ကျေနပ်စွာပြုံးနေသည်။ မေလေး မေမေက မေလေးအခန်းထဲ အောင်းနေတတ်ခြင်းကို မနှစ်သက်ဘဲ သူ့ကိုလည်း မေလေးနှင့် မကြာခဏလာစကားပြောဖို့ မှာတတ်သည်။

"သမီး ဆေးသောက်ပြီးပြီလား"

"ဟုတ်ကဲ့ မေမေ"

"အေး ...အေး၊ အဲဒါဆို ကြည့်နေကြဦးနော်၊



အန်တီ ခဏနားလိုက်ဦးမယ်"

မေလေး မေမေထွက်သွားတော့ သူတို့နှစ်ယောက် စကားပြောရင်း အခွေဆက်ကြည့်နေဖြစ်ကြသည်။ အခွေပြီးသွား၍ စက်ထဲမှ အခွေကိုသွားပြန်ထုတ်ရင်း ကိုယ့်ကိုယ်ကို နောင်တရနေမိသည်။ မေလေးဘေးမှာ ဘေးတိုက်အနေအထားနှင့် ဝင်ထိုင်ဖြစ်တော့ မျှော်လင့်ထားသည့်အတိုင်းပင် မေလေး မျက်ရည်ကျနေတာ တွေ့ရှိလိုက်ရတာမို့ စိတ်ထိခိုက်ရလွန်းသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် စိတ်ပြေလက်ပျောက်ကြည့်ဖို့ သူယူလာမိသည့် အခွေက ကြေကွဲစရာ အချစ်ဇာတ်လမ်းတစ်ပုဒ် ဖြစ်လို့နေသည်။ အဆုံးမှာ ကောင်လေးက အလုပ်နှင့်အဝေးသို့ရောက်နေခိုက် ကောင်မလေး သေသွားသည့် ဇာတ်လမ်းမို့ ကိုယ့်ကိုယ်ပဲ. အပြစ်တင်နေမိသည်။

"သူ့ကို သတိရလိုက်တာ"

သူမကို တားမြစ်ဟန့်တားမနေတော့ဘဲ နားထင်တစ်ဖက်တစ်ချက်မှ စီးကျလာသော မျက်ရည်စတို့ကိုသာ လက်ကိုင်ပဝါနှင့် တို့သုတ်ပေးလိုက်မိသည်။ မင်း မငိုပါနဲ့ သူငယ်ချင်းရယ်၊ ငါမကြည့်ရက်လို့ပါဟု စိတ်ထဲမှ ညည်းညူရေရွတ်နေမိသည်။

"သူသွားတာ တစ်နှစ်ပြည့်တော့မယ်၊ သူပြန်လာတဲ့အထိ ငါစောင့်နိုင်ပါ့မလားမသိဘူး"

"အဓိပ္ပါယ်မရှိတာ မေလေးရာ"

ဒီတစ်ခါတော့ ခပ်ပြုတ်ပြုတ်ဟန်[illegible]ဖြစ်ရင်း အဖျား

www.burmeseclassic.com

www.burmeseclassic.com



ခတ်တုန်ခါသွားမိသည့် ကိုယ့်အသံကိုယ် ချောက်ချားနေမိသည်။ မေလေးက မျက်ရည်စတို့ကိုသိမ်း၍ တည်တည်ငြိမ်ငြိမ် ဖြစ်အောင် ကြိုးစားထိန်းချုပ်လိုက်ပြီးမှ ...

"ငါတို့ ကံမကောင်းကြဘူးဟာ"

ငါလဲ ကံမကောင်းခဲ့ပါဘူးဟု ရင်ထဲမှ ပြောနေဖြစ်ပြီး သူမကိုတော့ နှစ်သိမ့်ပြုံးတစ်ခု ဖန်တီးဖြစ်သည်။

"နင် ပြန်အနားယူလိုက်တော့နော်၊ ငါ ပြန်လိုက်ဦးမယ်၊ မနက်ဖြန်လာခဲ့မယ်"

"ကျေးဇူးပါပဲဟာ"

မေလေးအပါးမှခွာ၍ လေးလံသော ခြေလှမ်းများနှင့် အိမ်ထဲမှထွက်လာခဲ့သည်။ ကြည်လင်သာယာနေသော ကောင်းကင်ကြီးကို မော့ကြည့်မိရင်း ရင်မှာ နာကြည်းနေမိသည်။ နှလုံးရောဂါတဲ့လေ၊ ကံကြမ္မာရယ်၊ ပန်းလေးတစ်ပွင့်လိုအပြစ်ကင်းတဲ့ မေလေး ဘဝလေးကို ဘာဖြစ်လို့ မသာယာစေခဲ့တာလဲ။

* *

"သား ပြန်လာပြီလား"

အိမ်ထဲလှမ်းဝင်လိုက်သည်နှင့် မေမေက ဆီးကြိုနှုတ်ဆက်ပြီး မျက်နှာမကောင်းလှစွာနှင့် ...

"သား ညနေလောက်ကျရင် မေလေးဆီသွားလိုက်ပါဦးကွယ်"

"မေလေး ဘာဖြစ်လို့လဲ မေမေ"

ထိုင်ပင် မထိုင်နိုင်သေးဘဲ အလောတကြီး မေးမိတော့ မေမေက သက်ပြင်းချ၍ ...

"ရောဂါပြန်ထနေတယ်ပြောတယ်၊ မေလေးက သားကို တွေ့ချင်လို့တဲ့"

စိုးရိမ်ပူပန်မှုက ရိုပ်ခနဲတက်လာပြီး ညနေထိ စောင့်မနေတော့ဘဲ အခုပဲသွားလိုက်ဖို့ စိတ်ကူးကာ အခန်းထဲသို့ အလောတကြီး တက်သွားလိုက်သည်။ မောပန်းနွမ်းနယ်နေပြီမို့ ရေချိုးလိုက်ဖို့တော့ အချိန်ယူရသေးသည်။ ရေမချောက် တခြောက် ဆံပင်တို့ကို ဖြီးစလွယ် လှန်ဖြီးချလိုက်ရင်းက ပုံမှန်ထက် ရှည်လျားနေပြီကို သတိပြုလိုက်မိသည်။ အခုတလော ကိုယ့်ကိုယ်ကိုပင် ဂရုမစိုက်မိတော့ပြီပဲ။

ရောက်ပြီးခဏ ချက်ချင်းပြန်ထွက်လာသော သူ့ ကို

www.burmeseclassic.com

www.burmeseclassic.com



မေမေက အံ့သြသလို ကြည့်သော်လည်း ကန့်ကွက်တားမြစ်ခြင်းတော့မရှိ။ ကားကို ခပ်မြန်မြန် မောင်းလာဖြစ်ရင်းက မေလေးဝေဒနာ သက်သာပါစေဟု ဆုတောင်းနေမိသည်။

မေလေးတို့အိမ်ရောက်၍ ဧည့်ခန်းထဲလှမ်းဝင်လိုက်တော့ ပုတီးထိုင်စိတ်နေသော အန်တီကြီးကို တွေ့ရသည်။ သူ့ကို တွေ့တော့ အန်တီကြီးက ပုတီးကိုခဏချ၍ ...

"သားလာတာ အတော်ပဲ၊ သားလေးကို တစ်ချိန်လုံး မေးနေတာ၊ သားအိမ်ကိုတောင် ဖုန်းဆက်သေးတယ်"

"ကျွန်တော် အပြင်ခဏသွားနေလို့ အန်တီကြီး၊ ပြန်ရောက်ရောက်ချင်း မေမေပြောလို့ လာခဲ့တာ"

"ဪ ...ဟုတ်လား၊ သမီးလေး အခန်းထဲမှာ ရှိတယ်၊ သူ့ အမေလဲရှိတယ်၊ အခုပဲ မောင်အောင်ပြန်သွားတာ"

အန်တီကြီးရှေ့မှပင် ကိုယ်ကိုယို့၍ ဖြတ်ခဲ့ပြီး မေလေးအခန်းရှိရာသို့ ဦးတည်လျှောက်လာခဲ့ရင်း သူ့ရင်ထဲမှာ လေးလံနေမိသည်။

"သမီးရေ ...ဒီမှာ ရန်လေး ရောက်လာပြီ"

မေလေး မေမေက သူ့ကိုတွေ့သွားပြီး မေလေးဘက်သို့လှည့်၍ ပြောလိုက်တာမို့ သူ့အခန်းထဲ လှမ်းဝင်လိုက်သည်။ မေလေး မေမေက သောကကို ဟန်ဆောင် ဖုံးဖိထားရဟန်နှင့်

"အခုပဲ မောင်အောင်ပြန်သွားလို့ အန်တီ ဆေးတိုက်ထားတာ"

မေလေး ခုတင်ဘေးမှခုံတွင် ဝင်ထိုင်မိတော့ မေလေး



က သူ့ကို အမိပွါယ်ပါစွာ လှမ်းကြည့်သည်။

"သမီးတို့စကားပြောနေကြဦးလေ၊ မေမေသမီးတို့စားဖို့ တစ်ခုခုသွားစီစဉ်လိုက်ဦးမယ်"

မေလေး မေမေထွက်သွားမှ မေလေးအနီးသို့ ရွှေ့ထိုင်လိုက်ရင်း ပိုမိုဖြူဖျော့နေသော မျက်နှာလေးကို သနားကြင်နာစွာ ငေးစိုက်ကြည့်နေမိသည်။ ဖြူပြာပြာ နှုတ်ခမ်းလေးများက သူ့ကို တစ်ခုခု ပြောချင်ဟန်နှင့် တလှုပ်လှုပ်ဖြစ်နေသည်။

ခေါင်းအုံးဖြူဖြူပေါ်တွင် ဖြန့်ထားသော ဆံပင်များကို ဖယ်ရှားပေးရင်း သူမနဖူးလေးကို လက်ခုံနှင့် ထိစမ်းကြည့်တော့ အပူငွေ့ကိုခံစားရသည်။ မှိန်ပျော့နေသော မျက်ဝန်းလေးများကို မကြည့်ရက်စွာနှင့်ရင်ထဲမှာ နာကျင်ဆွေးမြည့်လို့လာသည်။

"ရန်"

သူမခေါ်သံတိုးတိုးက နားထဲမှာ ဆူညံစွာ မြည်ဟည်းသွားသလိုပင်၊ နင်တစ်ခုခု ဖြစ်သွားမှာကို ငါ အသည်းအသန်ကြောက်လန့်နေမိပြီ မေလေးရယ်။

"ပြောလေ မေလေး၊ နင်ဘာလုပ်ချင်လဲ"

"မောင့်ဆီက စာမလာတာကြာပြီ၊ ဖုန်းလဲ မလာဘူး"

သူမကို ဘယ်လိုနှစ်သိမ့်ရပါ့မလဲဟု အပြေးအလွှားစဉ်းစားလိုက်မိသည်။ အကြောင်းကြောင်းကြောင့် အနည်းငယ် အဆက်အသွယ် ပြတ်နေခြင်းကို အားငယ်နေသူ [illegible]တော့ ခံနိုင်ရည်ရှိမှာ မဟုတ်တာ သေချာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုခု အဆင်မပြေလို့နေမှာပါ၊ လာမှာပါဟာ"

"နင် ငါ့ကို တစ်ခု ကူညီပါလားရှန်"

"ပြောလေ၊ ငါ ဘာကူညီရမလဲ"

မလေး မျက်နှာလေးကို ကြင်နာစွာ စူးစိုက်ကြည့်မိရင်း လှိုက်လှိုက်လှဲလှဲ မေးဖြစ်သည်။ မလေးက အားယူဟန်ဖြင့် အသက်ပြင်းပြင်းတစ်ချက် ရှုသွင်းလိုက်ပြီး ...

"သူ့ အဖေဆီ ဖုန်းဆက်ပေးပါလားဟယ်၊ သူ့အဖေနဲ့သူ အမြဲအဆက်အသွယ်ရှိတယ်လို့ ပြောတယ်"

"ဖုန်းဆက်ပြီး ဘာပြောပေးရမှာလဲ"

သူနားမလည်လိုက်တာမို့ အနည်းငယ် အံ့သြစွာ မေးဖြစ်သည်။ မလေးက ရုတ်တရက် မဖြေနိုင်ဘဲ ပြင်းပြင်းထန်ထန် ချောင်းဆိုးနေတာမို့ သူ ဘာလုပ်ရမှန်း မသိဘဲပျာယာခတ်သွားရသည်။ မောပန်းစွာ အသက်ရှူနေသော သူမလေးကိုကြည့်ပြီး သူ့ရင်မှာ နာကျင်လာရသည်။

"နင် မောနေမယ်ဟာ၊ အိပ်လိုက်ပါလား၊ ငါ ထိုင်စောင့်နေမယ်လေ"

"ရပါတယ်"

အမောပြေအောင် အတန်ကြာ ငြိမ်သက်နေပြီးမှ သူ့ဘက်သို့ လှည့်လာသော သူမ မျက်ဝန်းလေးတွေမှာ မျက်ရည်ကြည်တို့ ပြည့်လျှံနေကြသည်။

"မောင့်ကို ပြန်လာခဲ့ဖို့ ပြောပေးပါ ရှန်"

မလေးမျက်နှာကို အံ့သြစွာငေးကြည့်နေမိရင်းက သူမ ခံစားချက်ကို နားလည်စာနာလာမိသည်။ အစကတော့



ဗိုလ်သိမှာ စိုးရိမ်ပင် ဖုံးကွယ်၍ထားခဲ့ပြီး အခုတော့ ပြန်လာခိုင်းတာမို့ အံ့သြမိတာတော့အမှန်။

"နင် ပြောပေးစေချင်ရင် ပြောပေးမှာပေါ့"

"အမြန်ဆုံး ပြန်လာပါလို့ ပြောလိုက်ပါဟယ်"

တစ်စုံတစ်ခု မေးမည့်ဟန်ပြင်ပြီးမှ မမေးဘဲ တိတ်ဆိတ်နေလိုက်သည်။ သူမ အားငယ်နေမှုကို သူမ ချစ်သူကသာ အပြည့်အဝ အားပေးနှစ်သိမ့်နိုင်မည်ပေါ့။

"ငါ သူ့ကို မတွေ့လိုက်ရမှာစိုးလို့"

"မလေး"

အထိတ်တလန့် တားဆီးရေရွတ်လိုက်သံက အနည်းငယ် ကျယ်လောင်သွားရသည်။ ဘာဖြစ်လို့ ဒီလောက်အားငယ်နေရတာလဲ မလေးရယ်။

"ဘာဖြစ်လို့ မတွေ့ရမှာလဲ မလေး၊ နင်က ဘာဖြစ်နိုင်မှာမို့လဲ"

ကရုဏာဒေါသောနှင့် ခပ်မာမာပြောမိတော့လည်း အသံမထွက်ဘဲငိုရှိုက်နေပြန်သည်။ သူကိုယ်တိုင်လဲ မျက်ရည်တို့ စို့စွတ်လာရတာမို့ အံကြိတ်တင်းထားလိုက်မိသည်။

"သူနဲ့ ပြန်မတွေ့လိုက်ရမှာ ငါ အကြောက်ဆုံးပဲ ရှန်၊ ငါ့စိတ်တွေ အရမ်းလေးနေတယ်၊ ငါ သူနဲ့ခွဲရမှာ ကြောက်တယ်"

သူ့ကို အားကိုးတကြီး တိုင်တည်ပြောသော သူမလေးကို ကြည့်ကာ ရင်မှာ ဆို့နင့်ကြေကွဲလာရသည်။ ဒီလောကကြီးထဲမှာ မင်းရှိနေမယ်ဆိုရင်ပဲ ကျေနပ်နေနိုင်မယ့်

www.burmeseclassic.com

www.burmeseclassic.com



ငါ့အတွက် ဒီအခွင့်အရေးလေးကိုတော့ မဆုံးရှုံးပါရစေနဲ့တော့။

"မငိုနဲ့တော့ မေလေး"

သူမမျက်ရည်တွေကို တို့သုတ်ဖယ်ရှားပေးပြီး အားပေးနှစ်သိမ့်သည့် အပြုံးတစ်ခု ဖန်တီးဖြစ်သည်။

"ဗိုလ့် အဖေ ဖုန်းနံပါတ်ပေးလိုက်၊ ငါ အမြန်ဆုံးဆက်သွယ်ပေးမယ်၊ အမြန်ဆုံးပြန်လာဖို့လဲ ပြောပေးမယ်၊ ဟုတ်ပြီလား"

နာခံတတ်သော ကလေးတစ်ယောက်ကို မေလေး ခေါင်းညိတ်တော့ သူ ကြည်နူးစွာပြုံးလိုက်မိသည်။

"နင်လဲ ငါ့စကားကိုနားထောင်ရမယ်၊ အဓိပ္ပါယ်မရှိတာတွေ မတွေးနဲ့၊ နေကောင်းအောင်နေ၊ ဒီရောဂါမျိုးက ဆေးမှန်မှန်သောက်ဖို့ပဲ လိုတာပါဟာ"

ကိုယ်တိုင်လည်း သေသေချာချာ မသိသော်လည်း မေလေး စိတ်ခါတ်မကျအောင်တော့ အတတ်နိုင်ဆုံး အားပေးစကားပြောလိုက်သည်။

"သူ အနားမှာရှိရင် ငါ နေကောင်းလာမှာပါ"

မျှော်လင့်ချက် အရိပ်အယောင်တို့ဖြင့် အနည်းငယ်လက်သွားသော မျက်ဝန်းလေးကို ကြင်နာစွာ ပြုံးကြည့်နေလိုက်မိသည်။ မင်း စိတ်ချမ်းသာမယ်ဆိုရင် မင်းရဲ့ချစ်သူကို ငါကိုယ်တိုင် မင်းရှေ့အရောက် ဆောင်ကြဉ်းပေးချင်ပါရဲ့ကွာ။

"အခု အိပ်ပျော်အောင်အိပ်တော့နော်"

မေလေးက ခေါင်းညိတ်ပြပြီး ဆေးရှိန်နှင့် မျက်



လုံးလေးမှေးစင်းကျသွားသည်။ သူမလေး အသက်ရှူမှန်မှန်နှင့် အိပ်ပျော်သွားသည်အထိ သူ မလှုပ်မယှက် ထိုင်စောင့်ပေးနေမိသည်။ နွမ်းပျော့နေသော မျက်နှာလေးတွင် သွေးရောင်ပြန်လွှမ်းလာစေဖို့ သူမကို အင်အားဖြည့်ပေး နိုင်မည့် သူမချစ်သူကို သူ ဆက်သွယ်ပြောကြားပေးရမည်ပေါ့။

သူမ အိပ်ပျော်သွားမှန်း သေချာမှ အသံမမြည် အောင် ညင်သာစွာ ထ,ရပ်ကာ အခန်းထဲမှ ထွက်လာခဲ့မိ သည်။ အသက်ရှူမဝသလို ခံစားနေရမှု၊ သက်သာလို သက်သာငြား ပြတင်းပေါက်တွင်ရပ်၍ အသက်ပြင်းပြင်း ရှူသွင်းလိုက်မိသည်။ သူ့နောက်မှ ခြေသံကြောင့် လှည့်ကြည့်လိုက်စဉ် မေလေးမေမေကို တွေ့ရပြီး ...

"သားကို အန်တီမေးစရာရှိတယ်"

"ကျွန်တော်လဲ ပြောစရာတွေရှိတယ် အန်တီ"

သက်ပြင်းတရှိက်နှင့်အတူ မေလေးနှင့်ပတ်သက်၍ အကောင်းဆုံးဖြစ်အောင် ဆုံးဖြတ်ကာ တည်တည်ငြိမ်ငြိမ် ပြောလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

မေလေးထံမှ ကူးယူလာခဲ့သော ဖုန်းနံပါတ်ပါသည့် စာရွက်ကလေးကို ကိုင်ကာ ဖုန်းရှိရာသို့ စိတ်လက်ပေါ့ပါးစွာ လျှောက်လာခဲ့မိသည်။ မေလေး မေမေက မေလေး တစ်ခုခု ခံစားနေရသည်ဟု ရိပ်မိကာ သူ့ကို အကြောင်းစုံဖွင့်မေးလာချိန်မှာ သူကလည်း မေလေးအတွက် အကောင်းဆုံးဖြစ်အောင် ဆုံးဖြတ်ကာ အားလုံးကို အမှန်အတိုင်းဖွင့်ပြောဖြစ်လိုက်သည်။

ဗိုလ့် မိဘအကြောင်းများ အမှန်အတိုင်း သိရသည့်အပြင် ဆေးရုံတစ်ခေါက်တက်ထားရပြီး ဖြစ်သော သမီးဖြစ်သူ၏ ကျန်းမာရေးအခြေအနေကို ငဲ့ညှာကာ မေလေးမေမေက မေလေးစိတ်ချမ်းသာမှုကို ဦးစားပေးလိုက်လျှော့မည်ဟု ခွင့်ပြုလိုက်ပြီမို့ မေလေးကိုယ်စား သူ ဝမ်းသာပျော်ရွှင်ရလွန်းသည်။

ဗိုလ့်ကို အမြန်ဆုံးပြန်လာဖို့ အကြောင်းကြားပြီး ဗိုလ်ပြန်လာလျှင် မေလေးတို့နှစ်ယောက်ကို စိတ်ချမ်းမြေ့စွာ မြင်တွေ့ရလိမ့်မည်ဟု သူ မျှော်လင့်ထားသည်။

ကိုယ့်အတွက် ကိုယ်မေ့လျော့ကာ မေလေးအတွက် ကြည်နူးနေနိုင်စွမ်းရှိသည့် ကိုယ့်ကိုယ်ကိုလည်း အံ့သြနေမိသည်။ ဒီလောကကြီးထဲမှာ နင် စိတ်ချမ်းသာပျော်ရွှင်စွာ



နေနိုင်မယ်ဆိုရင်ပဲ ကျေနပ်နေပါ့မယ် မေလေးရယ်။

အော်ပရေတာကိုခေါ်၍ စက်ာပူရှိ ဗိုလ့်ဖေဖေ၏ ဖုန်းနံပါတ်ကို ဘွတ်ကင်လုပ်ထားလိုက်သည်။ အော်ပရေတာ ပြန်ခေါ်မည့်အချိန်ကို စောင့်ရဦးမှာမို့ ကိုယ်ကို မှီလျှောကာ သက်တောင့်သက်သာ ထိုင်နေဖြစ်သည်။ မမမြတ်က သူ့အနားတွင် လာထိုင်ပြီး …

"နင့်ကို ငါ အရမ်းအံ့သြတာပဲ ရန်လေး"

မမမြတ်ကို လှမ်းကြည့်လိုက်မိစဉ် ရင်ထဲမှာတော့ ဆစ်ခနဲ နာကျင်သွားမိသည်။

"ငါတို့ကတော့ နင်တို့ကို အဆင်ပြေနေပြီ ထင်နေတာ၊ နင် အရမ်းဟန်ဆောင်ကောင်းခဲ့ပါလား ရန်လေးရယ်"

မေလေးမေမေက မေမေ့ကို အကြောင်းစုံ ပြောပြလိုက်ပြီမို့ မမမြတ်တို့အားလုံးလည်း သိရှိသွားကာ သူ့အတွက် မချင့်မရဲ ဖြစ်နေကြမှန်း သူနားလည်သည်။ သို့ပေမယ့် မေလေးအပေါ် ချစ်မြဲချစ်နေကြသည့် အတွက်တော့ သူကျေနပ်မိသည်။

"သူ ကျွန်တော်ကို မချစ်တာနဲ့ သူနဲ့ ကျွန်တော် စိမ်းသွားရမှာလား မမမြတ်ရာ၊ သူ့အတွက် ကူညီနိုင်တာ ကူညီရမှာပေါ့၊ သူက ကျွန်တော်ရဲ့ သံယောဇဉ်အရှိဆုံး သူငယ်ချင်းပဲဟာ"

မမမြတ်က တစ်စုံတစ်ရာ ထပ်မပြောတော့ဘဲ သူ့ကို ကြည့်၍ သက်ပြင်းတစ်ချက်ချကာ ထ,သွားတော့သည်။ သူတစ်ယောက်တည်း ခပ်လဲ့လဲ့ ပြုံးကျန်ခဲ့ရင်း မေလေး

www.burmeseclassic.com

www.burmeseclassic.com



အတွက် အရင်းနှီး၊ အတွယ်တာဆုံး သူငယ်ချင်းတစ်ယောက် ဖြစ်ခဲ့ခြင်းအတွက် နာကြည်းခြင်းကင်းစွာ ကျေနပ်နေမိသည်။

မေလေး အခြေအနေကိုသိချင်၍ ဖုန်းဆက်မိတော့ အန်တီကြီးနှင့်တွေ့ပြီး မေလေး အိပ်ပျော်နေပြီဟု သိရတာမို့ စိတ်ချမ်းသာစွာ ပြုံးနေလိုက်မိသည်။ မင်း ကြည်လင်လန်းဆန်းနေတဲ့ သတင်းမျိုးပဲ အမြဲကြားချင်ပါတယ် သူငယ်ချင်းရယ်။

အော်ပရေတာ ပြန်ခေါ်မည့်ဖုန်းကို စောင့်ရင်း ကက်ဆက်ထဲသို့ အခွေတစ်ခွေ ကောက်ထည့်ကာ နားထောင်နေဖြစ်သည်။

အိမ်နံဘေးက …သစ်ပင်မှာ …ငှက်ဆိုးထိုးသံ‌တွေ …ကြားရတဲ့ အချိန်တိုင်းဝယ် …ရင်မှာလေ …ထိတ်တယ် …စိတ်မှာလေ …ကြောက်တယ် …ကိုယ်တစ်ယောက်တည်း …ပစ်မသွားနဲ့ …အချစ်လေးရယ် …ပျော်ရို့အားမရခင်မှာ …ကြမ္မာဆိုး အငြိုးတွေဆင် …တို့ဘဝထဲဝင်ခဲ့တယ် …ကြင်နာသူမရှိမယ့် …မနက်ဖြန်ရဲ့ ငရဲအလယ် …ဟိုတစ်ဘက်ကမ်း …အရင်မကူးနဲ့ …အချစ်လေးရယ်…

လွမ်းမောဖွယ်ရာ ပျံ့လွင့်လာသော စိုင်းထီးဆိုင်းသီချင်းလေးကို နားထောင်ရင်း သူ့ရင်မှာ တစ်မျိုးကြီး ခံစားလာရသည်။

ရင်ခွင်မှာထား …ကြားကလေပြည်သွေးတောင်မယုံတယ် …ညအမှောင်တွေထဲ …ပျောက်သွားမှာကို …စိုးလှပါတယ် …



မခေါ်ရဲဘူး ချစ်သူရယ် …ပြန်မထူးတော့မှာလို့ …ခြိမ်းခြောက်တဲ့ဒီအသိရယ် …ပိုင်ဆိုင်ချင်သေးတယ် …ခွဲခွာဖို့စောမယ် …ကိုယ်တစ်ယောက်တည်း …ချန်မထားနဲ့ …အချစ်လေးရယ် …

စောစောက ကြည်လင်နေသောစိတ်များ ဇနေရာတွင် စိုးရိမ်ပူပန်မှုများနှင့် ကြောက်ရွံ့စိတ်က အစားထိုး ဝင်ရောက်လို့လာသည်။ မျက်လုံးလေးမှိတ်၍ အိပ်ပျော်နေသော မေလေးမျက်နှာကိုပြန်လည် မြင်ယောင်လာသည့် အခိုက်တွင် ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရပြီး အံကို တင်းတင်းကြိတ်၍ မျက်လုံးအစုံကို ဖိမှိတ်ပစ်လိုက်မိသည်။'

သွယ်လျဖြူဖျော့သော မျက်နှာလေးပေါ်မှ မျှော်လင့်ချက်ရောင်ခြည် ယှက်သန်းနေသော မျက်ဝန်းနက်နက်လေးများ၊ အနည်းငယ် ပြာနှမ်းနေသော နှုတ်ခမ်းပါးလေး၏ အားတင်းပြုံးထားမှုလေးများကို သတိရမိသည့် အခိုက်တွင် ပြင်းပြင်းထန်ထန် တုန်လှုပ်သွားမိသည်။

သည်လောကကြီးမှာ စိတ်ချမ်းသာပျော်ရွှင်စွာနဲ့ မင်း ရှင်သန်နေထိုင်တာကို မြင်ရရင်ပဲ ကျေနပ်နေနိုင်မယ့် ငါ့အတွက် သည်အခွင့်အရေးလေးတော့ မဆုံးရှုံးပါရစေနဲ့ မေလေးရယ်။

နင် တစ်ခုခုဖြစ်မသွားနိုင်ပါဘူးလို့ ခိုင်မာတဲ့ အာမခံချက်မျိုး ငါ ရယူထားပါရစေ။ နင် သည်လောကကြီးက ထွက်ခွာသွားရမယ့် အဖြစ်ဆိုးမျိုးကို ငါ ရင်မဆိုင်ချင်သလို ရင်ဆိုင်နိုင်စွမ်း မရှိပါဘူး။ နင်ဟာ ငါ့အတွက် ဖြစ်ခဲ့ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



လည်း ငါ အလိုလားအတောင့်တဆုံးအရာက သည်လောက ကြီးထဲမှာ နှင် အသက်ရှင်နေထိုင်နိုင်ဖို့ပါပဲ။

နှင့် ချစ်သူ၊ ခင်သူတွေကို တစ်သက်လုံး ရင်နာရအောင် ခွဲခွာသွားမှာကိုတော့ ငါ အကြောက်ဆုံးပါပဲ၊ ခွဲမသွားပါနဲ့ မေလေးရယ်။

ဝေ့ဝဲနေသော မျက်ရည်စများကို မဖယ်ရှားဖြစ်ဘဲ ပူပင်သောကများနှင့်အတူ သက်ပြင်းမောတစ်ချက်ချမိသည်။ ဘယ်လို ကံကြမ္မာဆိုးတွေကများ တို့ဘဝထဲကို ဝင်လာခဲ့တာလဲ။ ဘယ်သူ့ကိုမှ ဖွင့်မပြောဖြစ်သော်လည်း သူ့ရင်ထဲမှာ ကြောက်ရွံ့နေခဲ့မိတာ အမှန်ပင်။

မေလေးအကြောင်း ရင်မောစွာ စဉ်းစားနေမိရင်း အချိန်ကုန်သွားကာ အော်ပရေတာ ပြန်ခေါ်သော ဖုန်းဝင်လာသည်။,

"ပြောလို့ရပါပြီ"

"ဟဲလို ...အန်ကယ်လ် ဦးမင်းနိုင်ပါလား"

"ဟုတ်ကဲ့ ...ပြောနေပါတယ်"

အန်ကယ်လ်နှင့် တိုက်ရိုက်တွေ့တာမို့ သူ ဝမ်းသာသွားမိသည်။

"ကျွန်တော် မေဦးမိုးရဲ့ သူငယ်ချင်းပါ၊ ရန်ကုန်က ဆက်တာပါ၊ သူ ဆက်ခိုင်းလို့ပါ"

"ဪ ...အေး၊ ဟုတ်ပြီ"

"အန်ကယ်လ်နဲ့ဗိုလ် အမြဲတမ်း အဆက်အသွယ် ရှိတယ်လို့ သိရပါတယ်၊ အဲဒါ မေဦးမိုးက ဗိုလ့်ဆီက အဆက်



အသွယ်မရတာကြာလို့ စိုးရိမ်ပူပြီး အန်ကယ်လ့်ဆီ မေးခိုင်းတာပါ"

ဗိုလ့်ကို ပြန်ခေါ်ခိုင်းဖို့ တိုက်ရိုက်ကြီးပြောလို့ မကောင်းတာမို့ စကားလှအောင် ပြောနေရသည်။

"ပြောရမှာ ခက်တယ်ကွာ"

ထိထိခိုက်ခိုက် ရေရွတ်လိုက်သံကြောင့် သူ နားမလည်နိုင်သလို ဖြစ်သွားရရင်း ကျောထဲမှ အလိုလိုစိုးရိမ်လာမိသည်။

"ဘာဖြစ်လို့လဲ အန်ကယ်လ်"

"သမီးကိုလဲ အန်ကယ်လ် မပြောရက်ဘူး၊ သားအမေကိုလဲ မပြောရက်ဘူး၊ အန်ကယ်လ် ကိုယ်တိုင်လဲ သိပ်ခံစားရပါတယ်ကွာ"

"ဘာဖြစ်လို့လဲ အန်ကယ်လ်၊ ဗိုလ် ဘာဖြစ်လို့လဲ"

အလောတကြီး မေးလိုက်မိသော သူ့အသံက ကျယ်လောင်သွားရကာ မမမြတ်တို့က လှမ်းကြည့်နေသည်။

"အန်ကယ်လ်လဲ အဲဒီကို အကြောင်းကြားမလို့ပါပဲ၊ အခုသား ဆက်လာတာနဲ့ အန်ကယ်လ် မပြောလို့ မဖြစ်တော့ဘူးပေါ့ကွာ"

"ဗိုလ် တစ်ခုခု ဖြစ်လို့လားဗျာ"

သူ့အသံတွေ တုန်ယင်ထစ်ငေါ့လာသော အန်ကယ်လ်မှ ငိုညည်းသံသဲ့သဲ့နှင့်အတူ ...

"ဗိုလ် ဆုံးပြီ သားရယ်၊ သား သူငယ်ချင်း မရှိတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

အံ့ဩထိတ်လန့်စွာ ရေရွတ်လိုက်သံက ကျယ်လောင်စွာ လွင့်ထွက်သွားရပြီး သူ့လက်တွေ တဆတ်ဆတ် တုန်လာရသည်။

"ဗိုလ် ဆုံးပြီ၊ ဟုတ်လား အန်ကယ်လ်"

"ဟုတ်ပါတယ်ကွာ၊ အလုပ်လုပ်ရင်း အက်ဆီးဒင့်ဖြစ်သွားတာ"

ဗိုလ့် ဖေဖေစကားတွေကို နားထဲမှ ပီသစွာကြားပါလျက် မယုံနိုင်အောင် ဖြစ်နေရပြီး ခေါင်းကို တွင်တွင်ခါနေမိသည်။

"မယုံနိုင်စရာကောင်းလိုက်တာဗျာ"

"အန်ကယ်လ်ကိုယ်တိုင်လဲ မယုံချင်ပါဘူး၊ ဒါပေမယ့် ဒါ တကယ်ပါကွာ၊ သား မရှိတော့ဘူး"

တုန်ခါလှိုက်မောနေသော အသံကို သတိပြုချိန်တွင် ဒီစကားတွေကို အမှန်တကယ် ကြားနေရခြင်းဟု လက်ခံလာရသည်။ ရုတ်တရက်မို့ ဘာပြောရမှန်းပင် မသိအောင် ဖြစ်နေရပြီး မေလေးက ခေါင်းထဲသို့ ဦးစွာဝင်လာသည်။ ဒီသတင်းသာ မေလေးကြားခဲ့ရင် ...

"သူ့အမေဆီလဲ အန်ကယ်လ်ကိုယ်တိုင် အကြောင်းကြားရမယ်၊ သမီးလေးကိုလဲ ပြောလိုက်ပါကွာ၊ အန်ကယ်လ့်သားအတွက် သမီးနဲ့ထပ်တူ ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ခံစားနေရပါတယ်လို့"

"ဟုတ်ကဲ့ အန်ကယ်လ်"



ဖုန်းခွက်ကို အသိတရားမဲ့စွာ ခပ်ကြမ်းကြမ်း ပြန်ချလိုက်မိပြီး အသက်ရှုဖို့ မေ့လျော့စွာ ငူငူကြီး ထိုင်နေမိသည်။ ဗိုလ် မရှိတော့ဘူးဆိုတာ မဖြစ်နိုင်ဘူးဟု စိတ်ထဲမှ ပြင်းပြင်းထန်ထန် ငြင်းဆန်နေမိသည်။

"ဘာဖြစ်တာလဲ ရန်လေး"

မမမြတ်အမေးကို ထိခိုက်နာကျင်စွာ ခေါင်းတစ်ချက် ခါပြလိုက်မိပြီး အံကြိတ်၍ ပြောလိုက်မိသည်။

"ဗိုလ် ဆုံးပြီတဲ့"

"ဘုရား၊ အဲဒါဆို ဘယ်လိုလုပ်မလဲ"

မမမြတ် အလန့်တကြား ရေရွတ်လိုက်သံအဆုံးတွင် မမမြတ်ကို ခပ်ကြောင်ကြောင် ပြန်ငေးကြည့်နေမိသည်။ ငါ ဘာလုပ်ရတော့မလဲ မေလေးရယ်။

✽ ✽

သူမတို့ အိမ်ရှေ့ရောက်နေပြီဖြစ်ပါလျက် ခြံထဲ လှမ်းဝင်လိုက်ဖို့ တုန့်ဆိုင်းဝန်လေးလွန်းကာ တွေဝေငေးမောနေမိသည်။

သူမတို့ အိမ်ကို အကြိမ်ပေါင်းများစွာ ရောက်ဖူးသောလည်း ဤတစ်ကြိမ်လောက် စိတ်လေးလံခြင်းမျိုး မဖြစ်ခဲ့စဘူး။

ဖြစ်နိုင်လျှင် သူမနှင့်တွေ့ဆုံဖို့ကို ပယ်ဖျက်ပြီး ဤ

www.burmeseclassic.com

www.burmeseclassic.com



နေရာမှပဲ ပြန်လှည့်သွားလိုက်ချင်သော်လည်း ခိုင်မာစွာ ချည်နှောင်မိနေသော သံယောဇဉ်ကြိုးများက သူ့ကို မလှုပ်ရှားနိုင်အောင် ရစ်ပတ်ငြိတွယ်ထားကြသည်။ သူ သိပ်တုန်လှုပ်နေရခြင်းကလည်း သူမအတွက်ပါပဲလေ။

သူ သယ်ဆောင်လာသည့် သတင်းဆိုးကြီးကို သူမ သိအောင် ဘယ်လိုပြောရမည်လဲ။

သူမလေး သိပ်ခံစားရမှာ သူ သိနေတာမို့ သူ မကြည့်ရက်နိုင်ခြင်းဖြစ်သည်။ ဖြစ်နိုင်လျှင် မေလေးကို ဘယ်လိုဝေဒနာမျိုးမှ မခံစားစေချင်ပါ။ သို့ပေမယ့် ဘာတစ်ခုမှလည်း သူမတတ်နိုင်ခဲ့။

ကံကြမ္မာ၏ ဆိုးဝါးရက်စက်မှုကိုသာ တုန်လှုပ်အံ့သြစွာ အပြစ်တင်နေနိုင်တော့သည်လေ။ အဖြစ်အပျက်တွေက မယုံနိုင်စရာ ကောင်းလောက်အောင် အပြောင်းအလဲ မြန်ဆန်လွန်းသည်။ သူကိုယ်တိုင်ပင် မယုံနိုင်လောက်အောင် တုန်လှုပ် အံ့သြခဲ့ရတာမို့ မေလေးဆိုလျှင် တွေးရက်စရာမရှိ။ သူမဘဝ၏ တစ်ခုတည်းသော မျှော်လင့်ချက်ကလေး ကွယ်ပျောက်ရပြီဟု သိလျှင် ဘယ်လိုအင်အားမျိုးနှင့် ရပ်တည်နေနိုင်မည်တဲ့လဲ။

လေးလံသော သက်ပြင်းတစ်ချက်ကိုချမိပြီး ခြံဝင်းထဲသို့ တစ်လှမ်းချင်း လှမ်းဝင်လာခဲ့မိသည်။ ဧည့်ခန်းတံခါးဝတွင် ရပ်မိစဉ် မေလေး၏ အရိပ်အယောင်ကိုမျှ မတွေ့တာမို့ စိတ်ပူသွားရသည်။

အိမ်ထဲသို့ လှမ်းဝင်လိုက်ပြီး အသံပြုလိုက်တော့



အန်တီကြီးက အနောက်ဘက်မှ ထွက်လာပြီး ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်ရှာသည်။

"မေလေးက သားကိုမျှော်နေတာ"

ဘာကြောင့်မျှော်နေမှန်း သိတာမို့ မချိပြုံးတစ်ခုကို တပ်ဆင်၍ နှုတ်ခမ်းဖျားလေးကို ဖိကိုက်ထားမိသည်။

"ခုနပဲ ဆေးတိုက်ပြီး အိပ်ရာထဲ ပို့လိုက်တာ၊ သား သွားကြည့်လိုက်ပါဦး"

"ဟုတ်ကဲ့ အန်တီကြီး"

အန်တီကြီးရှေ့မှဖြတ်၍ မေလေးအခန်းရှိရာသို့ တိတ်ဆိတ်စွာ လျှောက်သွားလိုက်မိသည်။ အခန်းဝတွင် ရပ်၍ ရုတ်တရက် မဝင်ဖြစ်သေးဘဲ မေလေးကို ရင်နာစွာ စောင့်ကြည့်နေမိသည်။ ဆွယ်တာအင်္ကျီအနက်က အသားအရေကို ပိုမိုဖြူဖျော့စေသည်လား၊ ခေါင်းအုံးဖြူဖြူပေါ် ပြန့်ကြဲနေသော ဆံနွယ်များက စိတ္တဇဆန်နေသည်။ မေးမှိတ်ထားသော မျက်လွှာအောက်မှ မျက်ဝန်းနက်နက်တို့က 'သူမချစ်သူအတွက် အလွမ်းတို့ကို သိမ်းဆည်းထားလိမ့်မည်။

သက်ပြင်း တစ်ချက်ရှိုက်၍ ကိုယ့်ကိုယ်ကို အားပေးသည့်အနေနှင့် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိသည်။ ခန်းဆီးစကို တွန်းတိုက်၍ အခန်းထဲ လှမ်းဝင်လိုက်တော့ အခန်းထောင့်တွင် ကာတွန်းစာအုပ်နှင့်စောင့်နေသော ထွေးလေးက ဝမ်းသာအားရနှုတ်ဆက်ဖို့ ပြင်သည်။ ထွေးလေးကို အသာနေဟု အချက်ပြလိုက်ပြီး မေလေးခုတင်ဘေးတွင် အသံမထွက်အောင် ဝင်ထိုင်လိုက်ကာ

www.burmeseclassic.com

www.burmeseclassic.com



မှေးနေဟန်ရှိသော မေလေး မျက်နှာလေးကို ကြေကွဲစွာ စူးစိုက်ကြည့်နေလိုက်မိသည်။

ပိတ်ထားတဲ့ မျက်လွှာလေးပွင့်လာပြီး မျက်ဝန်း နက်ကလေးတွေ မျှော်လင့်တကြီး ကြည့်လာမယ့်အချိန်၊ ဖြူပျော့ပျော့ နှုတ်ခမ်းလေး ပွင့်ဟလာပြီး စူးစမ်းမေးမြန်း လာမယ့် အချိန်ကို ငါရင်မဆိုင်ချင်ဘူး သူငယ်ချင်းလေးရယ်၊ နင့်အပေါ်မှာ အမြဲရိုးသားခဲ့တဲ့ လူတစ်ယောက်အနေနဲ့ နင့် မျက်ဝန်းတွေကို ကြည့်ပြီး ငါဘယ်လိုလိမ် ညာဟန်ဆောင် နေနိုင်မှာလဲ ခက်ခဲလွန်းပါတယ်။

နင့်မှာ နှလုံးအားနည်းတယ်လို့ သိခွင့်ရတဲ့ အချိန် တုန်းကတောင် နင့်ကို ဖွင့်မပြောပေမယ့် နင့် စိတ်ချမ်းသာမှုကို အစွမ်းကုန် ဖြည့်ဆည်းပေးမယ်လို့ ဆုံးဖြတ်ခဲ့တဲ့ငါ အခု အချိန်မှာ ဘယ်လိုဆုံးဖြတ်ရမလဲ။ ငါ့ရင်ထဲမှာ နင့်အတွက် ပြင်းပြင်းထန်ထန် ကြေကွဲနေရတယ် ဆိုတာ နင် သိရဲ့လား သူငယ်ချင်း။

"ရန်"

သူမမျက်လုံးလေးတွေ ဖျတ်ခနဲပွင့်လာပြီး သူ့ကို မြင်တော့ ကြည့်လှဲတောက်ပသွားကာ ရင်းနှီးနွေးထွေး သော ခေါ်သံက သူမနှုတ်ဖျားမှ တိုးဖွဖွပျံ့လွင့်လာသည်။

"ရန် ရောက်နေတာ ဘာဖြစ်လို့ အသိမပေးတာ လဲဟင်"

"မေလေး အိပ်ပျော်နေတယ် မှတ်လို့"

"မအိပ်သေးပါဘူး၊ ရန့်ကိုစောင့်ရင်း မှိန်းနေတာ"



မေလေးက မပွင့်တပွင့်လေးပြုံး၍ ပြောတော့ သူ့ မျက်လုံးတွေ အဝေးသို့ ပို့ထားလိုက်ရသည်။ နင့်ရဲ့ ရွှင်လန်း မှုလေးတွေကို ငါ ဘယ်လို ညှိုးနွမ်းစေရက်မှာလည်း ... လေးရယ်။

ထွေးလေးကို ပန်းအိုးမှ ရေသွားလဲရန် ပြောလိုက်ပြီး မေလေးအတွက် သူယူလာခဲ့သော နှင်းဆီဖြူ တစ်ပွင့်ကို လှည့်ပတ် ကိုင်တွယ်ကြည့်နေလိုက်မိသည်။ ဖြူ...သော အဆင်းနှင့် နူးညံ့လှပသော နှင်းဆီပွင့်လေးက အပြစ်ကင်းမဲ့ စွာ လှပလန်းဆန်း မွှေးပျံ့လို့နေသည်။ နင့်ဘဝလေးရော ဘာဖြစ်လို့ မလန်းဆန်းနိုင်တာလဲ သူငယ်ချင်းလေးရယ်။

"နောက်ဆို ငါ့ဖို့ ပန်းယူလာရင် နှစ်ပွင့်ယူလာနော် ရန်"

ထွေးလေးယူလာသော ပန်းအိုးတွင် နှင်းဆီဖြူ လေး ထိုး၍ စားပွဲပေါ် တင်ပေးလိုက်ပြီး သူမကို ကြည့်မိတော့ ရှိဝေသော မျက်ဝန်းလှလှများနှင့် မှာကြားပြောဆို နေသည်။

"ဗိုလ့် ဖေဖေဆီ ဖုန်းဆက်ပြီးပြီလားရန်"

သူမမျက်ဝန်းတွေကို ရှောင်လွှဲကာ လက်နှစ်ဖက်ကို ပွတ်သပ်နေမိရင်း ...

"ဆက်ပြီးပြီ"

"ပြောလိုက်လားဟင်၊ အန်ကယ်လ်က ဘာပြော လဲ"

မေလေးရယ်ဟု စိတ်ထဲမှ မချိတင်ကဲ ညည်းညူ မိရင်းက ဟက်ခနဲ တစ်ချက်ရယ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ မတွေ့ဘူးဟ၊ ခရီးသွားနေတယ်တဲ့၊ သူ့မိန်းမကိုလဲ မပြောချင်တာနဲ့ မပြောခဲ့ဘူး"

ချက်ချင်းမှိန်ဖျော့သွားသော မျက်ဝန်းလေးများက စိတ်ပျက်အားငယ်သွားမှုကို သိသိသာသာ ဖော်ပြ နေသည်။

"ခရီးသွားတာဆိုတော့ ကြာမှာလားဟင်"

"ကြာမယ်မထင်ပါဘူးဟာ၊ ငါ နောက်တစ်ကြိမ် ထပ်ဆက်ပေးပါ့မယ်"

"အေးလေ၊ ဘယ်တတ်နိုင်ပါ့မလဲ"

မေလေးမျက်နှာကို ခိုးကြည့်လိုက်မိတော့ အဝေးသို့ ငေးမောနေသော မျက်ဝန်းလေးများက မျက်ရည်စတို့ တွဲခိုနေကြကြောင်းတွေ့ရသည်။

"သူက ငါ့လို ရောဂါသည်ဆီ ပြန်လာချင်ပါ့ မလားဟင်"

"အဓိပ္ပါယ်မရှိတာဟာ၊ ဗိုလ်က နင့်ကို သိပ်ချစ်တာပဲ"

အဖျားခတ်တုန်ယင်ချင်သော သူ့အသံကို မေလေး သတိမပြုမိဘဲ သူ့စကားကြောင့် မျက်ဝန်းထဲတွင် အရောင်တစ်ချက်လက်သွားပြီး ချက်ချင်း ပြန်မှိန်ဖျော့သွားကာ ...

"သူ ပြန်လာတဲ့အထိ ငါ မစောင့်နိုင်ခဲ့ရင်ကော"

"နင် အဲဒီလိုမပြောပါနဲ့ မေလေးရယ်၊ ငါမကြားပါရစေနဲ့"

နာကျင်ထိခိုက်စွာ တားမြစ်ဟန့်တားမိရင်း မျက်ဝန်းတို့စွတ်စိုမှုန်ဝါးလာရသည်။ ခံစားချက်ကို ထိန်းချုပ်ထားရ



လွန်း၍ သူ့ အာရုံကြောတွေ တင်းမာနေပြီး ပေါက်ကွဲထွက်ချင်နေသည်။

သူမ ချစ်သူမရှိတော့သည့်အဖြစ်ကို အသိပေးလိုက်လျှင်လည်း သူမ ဘယ်လိုမှ ခံနိုင်ရည်ရှိနိုင်မည် မဟုတ်တာ သေချာလွန်းသည်။ သူမချစ်သူ အချိန်မီ ရောက်မလာမှာကို စိုးရိမ်ပူပန်စွာ အားငယ်စကားတွေ ပြောတတ်သူက သူမ ချစ်သူလုံးဝရောက်မလာနိုင်တော့ သည့်အဖြစ်ကို ဘယ်လို ခံစားနိုင်မည်တဲ့လဲ။ သူမ နှ လုံးသားတွေ ရပ်တန့်အေးခဲပြီး အသက်ပိဉာဉ်ကို နှုတ်ယူ သွားစေနိုင်သည့် သတင်းဆိုးကို သူဘယ်လိုမှ မပြော ပြရဲ။

အသိမပေးဘဲ ဖုံးကွယ်ထားဖို့ကိုလည်း သူ ဘယ်အချိန်အထိ တတ်နိုင်မှာတဲ့လဲ။ မျှော်လင့်ရင်း စောင့်စားရင်းနှင့် ရည်ရှည်ကြာလာသည့်အခါ သူမ အားငယ်ဝမ်းနည်းစွာနှင့် သံသယဝင်လာတော့မည်။ ချစ်သူထံမှ စာမလာ၊ သတင်းမကြားသည့် ရက်၊ လတွေကို ဘယ်လို ကျော်ဖြတ်နိုင်မည်တဲ့လဲ။ သူမဆီ ပြန်မလာလိုခြင်းဟု မှားယွင်း သံသယရှိမိသွားလျှင်တော့ သူမအတွက် ရှင် သန်နေတိုင်လို စိတ်တွေ ကင်းမဲ့သွားတော့မည်။ သူမချစ် သူကို သူမ သိပ်ချစ်မှန်း သူသိရှိထားသည်ပဲ။

"နင် အနားယူလိုက်တော့လေ၊ အိပ်လိုက်ပါ လား"

မေလေးက သူ့ စကားကို မငြင်းပယ်ဘဲ မျက်လုံး မှိတ်၍ အိပ်ဖို့ကြိုးစားနေရှာသည်။ မေလေး မျက်နှာလေးကို စောင့်ကြည့်ရင်း သူ့ရင်ထဲမှာ လှိုက်တက်လာ ပြီး နှုတ်ခမ်းတို့

www.burmeseclassic.com

www.burmeseclassic.com



တဆတ်ဆတ်တုန်လာရသည်။ ဖြစ်နိုင်ရင် နင့်အနားက ထွက်ပြေးပြီး အော်ဟစ် ငိုယိုပစ်လိုက် ချင်ပါရဲ့ သူငယ်ချင်းလေးရယ်။ နင်ရော ငါရော ဗိုလ် ရော သုံးယောက်စလုံး ကံဆိုးကြတယ်ကွာ။

မေလေး အိပ်ပျော်သွားသည်အထိ စောင့်ကြည့်နေမိရင်း ပါးပြင်ပေါ်စီးကျလာသော မျက်ရည်စတို့ကို လက်ညှိုးနှင့် တို့သုတ်ဖယ်ရှားပစ်လိုက်မိသည်။ မရေ ရာသော မေလေး၏ အနာဂါတ်အတွက် သူ့ရင်မှာ ခံစားရလွန်းသည်လေ။

မှေးမှိတ်ထားသော မျက်တောင်စင်းလေးကို မျက်တောင်မခတ် ငေးမောစူးစိုက်ကြည့်နေမိသည်။

မျက်လွှာလေးပင့်လို့ ပြန်လည်နိုးထလာတဲ့ အခါတိုင်းမှာ မင်းချစ်သူအကြောင်းမေးလာတဲ့အခါ ရောက်မလာနိုင်တော့တဲ့ သူ့အကြောင်းကို ငါ ဘယ်လို ပြောပြရမလဲ။

တကယ်လို့များ မင်း မျက်လုံးလေးတွေ ပြန်လည်ဖွင့်မကြည့်နိုင်တော့ဘဲ ထာဝရ အိပ်စက်အနားယူသွား တဲ့အခါ ငါ ဘယ်လိုနေခဲ့ရမလဲ သူငယ်ချင်းလေးရယ်။ ကြေကွဲစရာကောင်းလွန်းတဲ့ အဖြစ်အတွက် မပြေတဲ့ အလွမ်းတွေနဲ့ ငါ ဘယ်လိုဖြေရမှာလဲ။

အခုတော့ အပြစ်ကင်းစွာနဲ့ မင်း အိပ်ပျော်နေ ဆဲပါပဲ။

မိုမို(အော

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com